
www.burmeseclassic.com

# တောညို



## ပြန်လာသူရဲ့ခြေရာခံ

www.burmeseclassic.com

www.burmeseclassic.com

# တောညို

## ပြန်လာသူရဲ့ ခြေရာခံ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၃၁၀၅၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၉၇၀၅၀၆

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/ကားမလီခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

စီစဉ်သူ

မောင်ကျော်လှိုင်

# တောညို

## ပြန်လာသူရဲ့ ခြေရာခံ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



## စာတ်လမ်းစဉ်(၁)

ဂျက်စနေ ကြားဖူးသည်။

စာအုပ်တချို့တွေထဲမှာ ပါသောအကြောင်းအရာတွေကို ဖတ်ဖူးမှတ်ဖူးသည်။

အဲဒီအကြောင်းအရာတွေက ငရဲပြည်ကိုရောက်ခဲ့သူတွေ၏ ကိုယ်တွေ့အကြောင်းအရာများ။

သူတို့က သူတို့မြောမေ့သွားစဉ် ကြုံခဲ့ ဆုံခဲ့ရသော ငရဲကိုရောက်ခဲ့ပုံတွေကို စကားအားဖြင့်လည်းကောင်း၊ စာအားဖြင့်လည်းကောင်း ဖောက်သည်ပြန်ချထားသောအဖြစ်တွေ။

စနေ လုံးဝမယုံပါ။

လူတွေမြောမေ့သွားစဉ် ငရဲနှင့် ပတ်သက်သောအကြောင်းအရာတို့ကို စဉ်းစားရင်း အိပ်မက်ပမာတွေ့ထိမက်သော စိတ်ကူးအိပ်မက်တစ်ခုသာဖြစ်လိမ့်မည်ဟု ယူဆသည်။

ခေတ်အတွေးအခေါ်များကိုသာ ဦးစားပေးသောသူကတာမလွန်အကြောင်း၊ ဝိညာဉ်အကြောင်း၊ သရဲတစ္ဆေအကြောင်းတွေကို လုံးဝယုံကြည်သူမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို လက်ခံထားတတ်သောသူတွေကိုစနေက ဟားတတ်၊ ဝေဖန်တတ်သည်။ ရှုံ့ချတတ်သည်။

ဒါပေမဲ့ ...

သူကိုယ်နှိုက်က တာမွေမြို့နယ်လမ်းမကြီးတစ်ခုမှ တိုက်ခန်းကြီးတစ်ခုကို နှစ်ချုပ်နှင့်ငှားပြီး နေထိုင်လိုက်ခဲ့ချိန်မှစပြီး ပြဿနာတွေ ပေါက်ပွားလာခဲ့ရသည်။

အဲသည်တိုက်ခန်းမှာ မြို့လယ်နီးပါးမှာရှိသော်လည်း ပတ်ဝန်းကျင်မှ လူပြောသူပြောများသော အိမ်ခန်းကြီးပဲဖြစ်သည်။

အကျယ်ပေနှစ်ဆယ်၊ အလျားပေခြောက်ဆယ်နီးပါး ရှိသော ထိုတိုက်ခန်းကို တစ်လလျှင် သုံးသောင်းကျပ်နှင့်ဆိုတော့ ရုတ်တရက် မက်မောစရာပဲကောင်းသည်။

တိုက်ခန်းမှာ အောက်ဆုံးထပ်ဖြစ်သည်။

သားနားပါသည်။ သပ်ရပ်မှုလည်း ရှိ၏။

စနေက တိုက်ခန်းကိုငှားရမ်းပြီး နေထိုင်မည်လုပ်သော် ထိုတိုက်ခန်းနှင့်ပတ်သက်၍ တစ်စွန်းတစ်စကြားထားသူတွေက စနေကို ယင်းတိုက်ခန်းကို မငှားရမ်းဖို့၊ မနေထိုင်ဖို့ တားမြစ်ကြသည်။

အဲဒီလူတွေက စနေ၏ မိတ်ဆွေအချို့။

ယင်းတိုက်ခန်းနှင့် ဆက်နွှယ်နေသောပတ်ဝန်းကျင်မှ လူအချို့ပဲဖြစ်သည်။

ထိုတိုက်ခန်းကြီးမှာ သုံးခန်းခြောက်လွှာဖြစ်သည်။ စနေ၏အခန်းမှာ လမ်းမကြီးနှင့်လည်းကောင်း၊ လမ်းသွယ်တစ်ခုနှင့်လည်းကောင်း ထောင့်ဆုံးကျသောအခန်းဖြစ်၏။



ယင်းတိုက်ခန်းကို ပထမဆုံးဝယ်ယူသူမှာ တိုက်ခန်းဝယ်ပြီး တစ်ပတ်အကြာမှာ ရထားတိုက်၍ ခြေထောက်ပြတ်သွားရ၏။

ယင်းသည်နောက် ငှားမိသားစုနေထိုင်သော ထိုအခန်းတွင် လျှပ်စစ်မီးကြိုးများပြတ်တောက်နေရာ လျှပ်စစ်ကြိုးအလုပ်သမားတစ်ဦးက လာရောက်ပြင်ဆင်ပေးရာမှ လျှပ်စစ်ဓာတ်လိုက်ပြီး သေဆုံးခဲ့ရသည်။

ထိုတိုက်ခန်းတွင်မနေလိုသောမိသားစုတို့ကတခြားနေရာသို့ပြောင်းရွှေ့သွားကြသော်လည်း အခန်းကိုမရောင်းကြ။

ငှားရမ်းလိုသူများကို သူတို့မိသားစုကပင် နှစ်ချုပ်နှင့်ဆက်လက်ငှားသည်။

သူတို့အခန်းကို ဆံပင်အလှပြင်ပိုင်ရှင်တစ်ဦးက လာရောက် ငှားရမ်းသည်။

ပိုင်ရှင်မှာ တရုတ်အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သူမက ဆိုင်ကိုခမ်းခမ်းနားနားလေးဖွင့်လှစ်လိုက်သည်။ သူမအမြင်က ထိုဆိုင်ခန်းသည် စီးပွားရေးအချက်အချာကျသောနေရာတစ်ခုဟု ယူဆသော်လည်း ထင်သလောက်တွက်သားမကိုက်။

လူလာနည်းသည်။

တစ်နေ့ အမျိုးသမီးခများ စိတ်မသက်သာစရာနှင့်ကြုံရ၏။

သူမ၏တိုက်ခန်းသို့ မိတ်ဆွေအမျိုးသမီး တစ်ယောက်ရောက်လာသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ ရင်းနှီးနေသည်မို့ သူမဖာသာ သူမဆံပင်ပေါင်းမတင်မီ ခေါင်းကိုလျှော်သည်။

ဆိုင်ရှင်နှင့် အလုပ်သမားအမျိုးသမီးကလေးသုံးယောက်က ရင်းနှီးနေသော သူမကိုဂရုမစိုက်မိ။

သူမကလည်း ယခင်ကကိုယ်လုပ်နေကျအလုပ်တစ်ခုဆိုပြီး စိတ်ထဲတွင် ထူးထူးထွေထွေ သဘောထားဟန်မရှိပါ။

သည်စဉ်က လျှပ်စစ်မီးပျက်နေသဖြင့် မီးပေးအင်ဂျင်စက်ကို ဖွင့်ပေးထားရာမှ လျှပ်စစ်မီးနှင့် မီးပေးအင်ဂျင်စက်တို့ ခွဲခြားထားသောချာကျာကိုချထားဖို့ ဆိုင်ရှင် သို့မဟုတ် အလုပ်သမားတွေက မေ့နေဟန်တူသည်။

ဆံပင်လျှော်ထားသောသူမက ဒါကိုမသိဘဲဆံပင်ရေစက်လက်နှင့် ရပ်မြင်သံကြားကို သွားဖွင့်ရာ ကြမ္မာငင်ချင်တော့ ပျက်ရာမှ လွတ်လိုက်သောလျှပ်စစ်မီးအားနှင့် အင်ဂျင်စက်အားတို့ တွေ့ဆုံပြီး ရုပ်မြင်သံကြားစက်ကြီး ပေါက်ကွဲထွက်သွားသည်။

ခလုပ်သွားကိုင်သောသူမမှာလည်း ပေါက်ကွဲထွက်သွားသော ရုပ်မြင်သံကြားစက်ထဲ လက်ဝင်သွား၍ ဓာတ်လိုက်သွားကာ သေဆုံးသွားသည်ဟု စနေအား တချို့က ပြောကြသည်။

ဆိုင်ရှင်မှာလည်း အမှုဖြစ်သည်။

နောက်ဆုံး မတော်တဆမှုနှင့်ပဲ အမှုပိတ်လိုက်သည်။ ဆိုင်ရှင်မှာ သူမ၏ဗြူတီပါလာဆိုင်ကို ထိုအခန်းမှာဆက်မဖွင့်တော့ဘဲ ပြောင်းရွှေ့သွားသည်။

သည်လိုနှင့် ထိုတိုက်ခန်း၏ရာဇဝင်က ရပ်သည်မဟုတ်ပါ။



မိသားစုတစ်ခုက တိုက်ခန်းကိုဈေးအချောင်ရသည်ဆိုပြီး ငှားရမ်းကာ ထီဆိုင်ဖွင့်သည်။

သူတို့တွင် နာမည်ကြီး တခြားထီဆိုင်ခွဲတစ်ခုလည်းရှိသည်။ ယင်းဆိုင်မှာ ထီဖွင့်ကာ စီးပွားရေးကောင်းမွန်လာကြသူတွေ။

လျှပ်စစ်ဓာတ်လိုက်ပြီး သေဆုံးသောလူတွေ၏အခန်းကို သူတို့မိသားစုဝယ်လိုက်သည့်အချိန်ကစပြီး ဖျားသူဖျား၊ နာသူနာတွေဖြစ်ကာ နောက်ဆုံးစီးပွားလျောကျသည့်အဖြစ်ကို ရောက်ရှိသွားကြ၏။

ဤမိသားစုလည်း ပြောင်းပြေးတော့၏။

စနေ သည်တိုက်ခန်းကို မငှားမီ သုံးလခန့်က စတိုးဆိုင်တစ်ဆိုင်ကို လာဖွင့်သည်။

ဆိုင်ပိုင်ရှင်က လင်မယားနှစ်ယောက်။

သူမတို့လင်မယားသည် ယင်းတိုက်ခန်း၏ 'ခိုက်သည်'ဟူသောဖြစ်စဉ်တွေကို ကြားမိသော်လည်း ခေတ်အမြင်ခေတ်အတွေးနှင့် လက်ခံခဲ့ခြင်း မပြုပါ။

ယင်းတိုက်ခန်းကို စတိုးဆိုင်လုပ်တော့ ပထမတွင် ဝယ်သူတွေအတော်များသည်၊ ယင်းစတိုးဆိုင်တွင် လာဝယ်ကြ၏။ နောက်တော့ ဘာကြောင့်မှန်းမသိ။

လာဝယ်သူတွေ တစ်စတစ်စ လှုပါးသွားသည်။

သူတို့တွင် ဆိုင်ဝန်ထမ်းအမျိုးသမီးနှစ်ယောက်ရှိသည်။ ထိုဝန်ထမ်းအမျိုးသမီးနှစ်ယောက်သည် ညီမဝမ်းကွဲတော်စပ်ကြသည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆိုင်တွင် လုပ်သောဝန်ထမ်းအမျိုးသမီးနှစ်ယောက်မှာ အကြောင်းကိစ္စတစ်ခုနှင့် တက္ကစီစီးသွားရာ ပြည်လမ်းတွင် တက္ကစီကားနှင့်လူစီးဘတ်(စ်)ကားတိုက်မိ၍ နှစ်ယောက်စလုံး ရှောသွားကြသည်ဟု စနေ၏မိတ်ဆွေတချို့က စနေကိုပြောပြပြန်၏။

စနေစုံစမ်းတော့ ဟုတ်နေသည်။

စတိုးဆိုင်လည်း ရောင်းမကောင်းတော့သည့်အပြင် ဝန်ထမ်းတွေပါ သေတာကြောင့် နောင်တွင် ထို'ခိုက်'နေသော တိုက်အိမ်ခန်းကို လာရောက်လုပ်ကိုင်သောဝန်ထမ်းမရှိ။

စတိုးဆိုင်လည်း ပိတ်သွား၏။

ယင်းတိုက်ခန်းသည် လူပြောသူပြောနှင့် နာမည်ကြီးနေ၏။ စနေက ယင်းအခန်းကိုလာကြည့်ပြီး သဘောကျသည်။

သူတွင် ပြည်ပသို့သွားရောက်လုပ်ကိုင်ပြီး နှစ်နှစ်ကြာမှ ပြန်ရောက်တော့ လက်ထဲတွင် ငွေသိန်းသုံးဆယ်ကျော်လောက် ပိုက်မိထား၏။

ထိုငွေနှင့် ဘီယာပတ်တစ်ခုကိုဖွင့်လျှင် လုံလောက်ကောင်း လုံလောက်မည်ဖြစ်သော်လည်း ဆိုင်ကိုသာမန်ထက် ခမ်းခမ်းနားနားပြင်ဆင်မည်ဆိုလျှင် သိန်းသုံးဆယ်နှင့် မလုံလောက်ပါချေ။

သည်တော့ သူက ရှယ်ယာခေါ်ဖို့လို၏။

ရှယ်ယာရှင်ကိုစဉ်းစားသောအခါ နီးနီးနားနားဆိုလို့ 'သော်တာဆုရွှေ'တစ်ယောက်ပဲရှိမည်။

သော်တာဆုရွှေနှင့် သူ ချစ်သူတွေဖြစ်ခဲ့ကြတာ



တက္ကသိုလ်မှမထွက်ကြပြီးကတည်းက ဖြစ်သည်။

သော်တာဆုရွှေက အီကိုမေဂျာ၊ သူက ဓာတုမေဂျာနှင့် မေဂျာချင်းမတူကြသော်လည်း အဓိပတိလမ်းကလိုင်ဘရေရီစာကြည့်တိုက်ရှေ့မှာ ပေါင်းဆုံမိခဲ့ကြ၏။

လှပသော ကြယ်စင်နှစ်ခုတို့၏ ထိတိုက်တွေ့မှုက ဝန်းကျင်ကို သာယာစေခဲ့သည်။

နယ်မြေမှာတုန်းက ကင်းတွေ၊ ကွင်းတွေအပါအဝင်ဖြစ်ခဲ့သော သူတို့နှစ်ယောက်၏နှလုံးသားပေါင်းစည်းမှုက ယနေ့အထိနိုင်မာဆဲ။

ပြည်ပသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ရန် အကြံပေးခဲ့တာလည်း ဆုရွှေ၏အကြံပဲ။

အီကိုဘွဲ့ကို အပျင်းပြေယူခဲ့သည်မဟုတ်သော ဆုရွှေသည် မိဘမဲ့တစ်ကောင်ကြွက်ဖြစ်နေသော စနေကိုစီးပွားရေးအရ တည့်မတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့၏။

ကုမ္ပဏီပိုင်ရှင်ကြီး၏သမီးတစ်ယောက်ဖြစ်သော ဆုရွှေသည် လှပကြည်တောက်သလို စီးပွားရေးဦးနှောက်လည်းပြေးသူ။

သူမကပဲ သူမ၏ဖခင်အား ပြည်ပဈေးကွက်တွင် သစ်သီးဝလံများနှင့် ရေထွက်ပစ္စည်းတွေကို စတော့ဈေးကွက်ထားပြီးကိုင်ရန် အကြံဉာဏ်ပေးခဲ့၏။

ဒစ်ဂျစ်တယ်နှင့် အင်တာနက်လုပ်ငန်းတွေကို စုစည်းလုပ်ကိုင်ပြီး ပြည်ပနိုင်ငံအချို့နှင့် ဒစ်ဂျစ်တယ်ကိရိယာများ အင်တာနက်ပစ္စည်းကိရိယာတွေကို ပြည်တွင်းသို့တင်သွင်းရာမှ ဆက်

www.burmeseclassic.com

www.burmeseclassic.com



သွယ်နိုင်ရန် လမ်းစတွေဖွင့်ပေးခဲ့သည်။

ထို့ပြင် ပြည်တွင်းမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးအတွက် ပြည်ပနိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် စုစည်းပေါင်းစပ်ဖို့ အကြံဉာဏ်ပေးခဲ့၏။

ဆုချွေသည် အသက်ငယ်သည်။ ဖျတ်လတ်သည်။ လှပသည်။

တည်ငြိမ်သော၊ ချောမောသော၊ ဖွဲ့ရှိသော၊ ခိုင်မာသော စနေထွန်းနှင့် ဆုချွေတို့ပေါင်းဖက်မိပါက ရေပေါ်ပြေးသည့် ရှပ်ပြေးယာဉ် (HOVERCRAFT)ထက်ပင် သူတို့ဘဝ ပေါ့ပါးသွက်လက်မည်ဟု ဆိုကြပါသည်။

ဒါက ဝန်းကျင်ကလူတွေအဆို။

သမီးကို အဖေဖြစ်သူ ဦးနန္ဒာမိုးက အားကိုးသည်။ ဆုချွေနှင့် စနေချစ်နေကြတာကိုလည်း သိသည်။

သို့သော် ...

ဦးနန္ဒာမိုးက စနေကို အထင်မကြီးပါ။ စနေသည် မိဘသေဆုံးခဲ့ပြီမို့ ဆွေမရှိ၊ မျိုးမရှိတစ်ကောင်ကြွက်။

အနာဂတ်တွင် မက်မောလောက်သည့် ရှပ်ပစ္စည်းဆိုလို့ သူပိုင် ယာမဟာမော်တော်ဆိုင်ကယ်တစ်စီးမှလွဲ၍ မက်မောလောက်သည့်ပိုင်ဆိုင်မှု ပစ္စည်းမရှိ။

သမီးလေးဆုချွေကို သူချစ်တာဟာ စီးပွားရေးတွက်ကိန်းအရ မိမိကုမ္ပဏီနှင့် လုပ်ငန်းတွေကို အပိုင်စီးနိုင်ဖို့၊ ချမ်းသာမှု စည်းစိမ်ပြည့်စုံစေမှုအတွက် ချစ်တာလို့ပဲ ယူဆသည်။

ထိုနည်းတူ ဆုချွေမေမေ ဒေါ်သင်းသင်းလှိုင်က



လည်း ရုပ်ရည်နှင့် ပညာတတ်တစ်ယောက်အဖြစ် စနေကိုလက်ညှိုးထိုးပြစရာရှိသော်လည်း ကျန်လေးချောင်းသောလက်များက ဂုဏ်ရှိ၊ ဒြပ်ရှိအဖြစ်ကို ထိုးပြနိုင်စရာအကြောင်းမရှိသဖြင့် စနေကို ဂုဏ်မဲ့၊ ဒြပ်မဲ့အဖြစ်ပဲ မြင်ဆိုက်တော့၏။

စနေ့အပေါ် အမြင်မကျယ်။ အထင်မရှိ။

လူသေးလူမွှားတစ်ယောက်ရယ်လို့ ...

ဒါတွေကို ဆုချွေကော စနေကပါ သိသည်။ သူတို့နှစ်ဦး၏ တွေ့ဆုံရာနေရာသည် ဝါးတန်းလမ်းရှိ ဒိုရင်းစားသောက်ဆိုင်နှင့် ယုဇနပလာဇာရှိ စားသောက်ဆိုင်တစ်ခုမှာသာ ရှိ၏။

ဂျက်စနေနေတာက မြို့တွင်းရှိ စပတ်လမ်းခေါ် ဗိုလ်အောင်ကျော်လမ်းမှ တိုက်ခန်းတစ်ခုမှာပါ။

သည်နေ့တော့ စနေက သူငှားထားသော တိုက်ခန်းကိုသွားကြည့်သည်။ တိုက်တံခါးသော့ကို အိမ်ရှင်သော့နှင့်လဲလှယ်ခတ်ခဲ့ပြီးဖြစ်သည်။

ရှေ့တွင် တာမွေနှင့် တောင်ဒဂုံ၊ မြောက်ဒဂုံပြေးနေသော လူစီးခရီးသည်တင်ကားများနှင့်အခြားကားတွေပြေးနေသော လမ်းမကြီးဖြစ်သည်။

မနီးမဝေးတွင် ခုံးကြီးတစ်ခုရှိသည်။

တိုက်ခန်းမှာ လမ်းမကြီးနှင့် လမ်းသွယ်ထောင့်တွင်ရှိ၏။ လေဝင်လေထွက်ကောင်းသည်။ လမ်းသွယ်ထဲတွင် ကားများထားလို့လည်း ရသည်။

တိုက်ခန်းမှာ အပြစ်မဲ့သယောင် ထိုက်ဆိတ်ငြိမ်သက်လှသည်။ စားပွဲ၊ ကုလားထိုင်တွေကို သူ့ဆောင်နှင့်သူ သီးသန့်

www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်သည်။ စင်နောက်ဘက်ကိုကာလိုက်လျှင် ချက်ပြုတ်ကြော်လှော်ခန်းနှင့် ဘီယာစတိုခန်းထားနိုင်၏။

စင်၏ ဒက်ကရေးရှင်း(DECORATION)အပြင်အဆင်၊ အခန်း၏ အပြင်အဆင်များသည် ဘီယာလာရောက်သောက်သုံးသူများ၏ စိတ်ကိုဖမ်းဆီးညှို့ငယ်နိုင်စွမ်းရှိမည့် အပြင်အဆင်တွေဖြစ်ရမည်ကိုလည်း သူထည့်တွက်ထားသည်။

သူရောက်လာချိန်မှာ ညနေချိန်။

နွေနေက အနောက်ဘက်ကိုလျှောကျနေချိန်… ။

အခန်းထဲတွင် သူတစ်ယောက်သာပဲရှိသည်။

သူက လေကလေးတစ်ချွန်ချွန်နှင့် ဂျော်ဒန်းနိုးဂျင်းဘောင်းဘီအိတ်များထဲ လက်နှိုက်၍ အခန်းကိုကြည့်ကာ စဉ်းစားနေစဉ် မျက်မှောင်က အလိုလိုကုတ်သွားသည်။

ငိုရှိုက်သံလေးတစ်သံကို သဲ့သဲ့ကြားလိုက်ရသည်။

ထိုအသံသည် သူရပ်နေရာအရှေ့ခန်းမှမဟုတ်ဘဲ နောက်ဖေးခန်းမှ လွင့်လာသော အသံဟုထင်မိသည်။

သူကြားရချိန်တွင် ငိုရှိုက်သံသဲ့သဲ့ ဆက်လက်ကြားနေရသောအသံသာဖြစ်သည်။

ကားတစ်စီးက အိမ်ရှေ့မှ ဖြတ်မောင်းသွားသည်။

ကား၏စက်သံကြောင့် ငိုသံက နားထဲတွင် ပျောက်သွား၏။ နောက်ထပ် ကားတစ်စီး၏ မောင်းနှင်သံ။

ဂျက်စနေသည် တိုက်နောက်ဖေးခန်းကို ကူးလာ၏။ ကားစက်သံတွေ ဝေးသွား၏။

ငိုရှိုက်သံမှာ ဟင့်ခနဲ ဟင့်ခနဲနှင့် မိန်းမသားတစ်ဦး



၏ ဝမ်းနည်းစွာ ငိုလိုက်သောအသံဖြစ်သည်ကိုတော့ စနေနားလည်၏။

ဂျက်စနေက မီးခလုတ်ကို ဖွင့်လိုက်သည်။

မှောင်နေသော မီးဖိုချောင်တွင် ခြောက်ဆယ်ဝပ်အား မီးလုံးကြောင့် အရာရာကိုပြတ်ပြတ်ထင်ထင်မြင်နိုင်သည်။

မီးဖိုတင်ဖို့ရာ အုတ်ခုံတစ်ခုံ၊

SINK ခေါ် ပန်းကန်ဆေးကန်တပ်ဖို့ရာ ဘုံဘိုင်နှုတ်သီးခေါင်းတစ်ခု။

စနေက ပိတ်ထားသောအိမ်သာတံခါးဂျက်ကို ဖွင့်သည်။ တံခါးဂျက်မှာ အနည်းငယ်ကျပ်နေသည်။ အနည်းငယ်အားစိုက်ဖွင့်နေစဉ် ရှိုက်သံမှာ ပျောက်သွားသည်။

တံခါးဂျက်ကို ချောက်ခနဲဆွဲသည်။ အိမ်သာတံခါးရွက်ကို ဖွင့်လိုက်သည်။ တံခါးရွက်က ပတ္တာအနည်းငယ်ကျပ်နေဟန်ဖြင့် တကျွိကျွိမြည်သံပေးကာ ညည်းညူမှုနှင့် ပွင့်သွားသည်။

ငုပ်တုတ်ထိုင်နေသော ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်ကို တွေ့ထားဖို့ မျှော်လင့်သော်လည်း ဘာမှမတွေ့ရဘဲ အိမ်သာမိလ္လာနှင့် အုတ်နံရံတွေ။

ပြီးတော့ တစ်စုတစ်ဝေးတည်းနံရံများတွင် တက်နေသော ပိုးဟပ်တွေ။

ဟင်းခနဲ စနေ နှာခေါင်းရှုံ့လိုက်၏။

“ဟင့် … အဟင့် … ”

သည်တစ်ခါ ငိုရှိုက်ကံက အိမ်သာ၏တစ်ဖက်ရေချိုးခန်းမှ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ဦး၏ ငိုရှိုက်သံ။

ဂျက်စနေက တွေတွေထူးထူးတွေးမနေဘဲ ရေချိုးခန်း၏ပိတ်ထားသော တံခါးရွက်ကို ဖွင့်လိုက်သည်။

ရေချိုးခန်းတံခါးမှာ ဂျက်ထိုးမထားဘဲ တံခါးရွက်ကို စေ့ရုံပဲ စေ့ထားသည်။

ငိုရှိုက်သံကော အသံရှင်ကိုပါ မတွေ့ရ။

ရေချိုးခန်းထဲမှာ ခြောက်သွေ့နေသည်။ ဂျက်စနေက ခေါင်းကိုယမ်းလိုက်သည်။

သူ့စိတ်ထဲ ထူးဆန်းသွားတာကလွဲလို့ တခြားခံစားမှုများ မရှိပါ။

အသံလည်း ပျောက်သွားသည်။

စိတ်ထင်မဟုတ်ဘဲ တကယ်ကြားရသောအသံ။

ဝုန်း ...

အိမ်ရှေ့မှ လဲပြိုသံတစ်ခု။

ဂျက်လေယာဉ်လို၊ လျှပ်စစ်ပြက်သလို မြန်ဆန်လှနိုးပါးအရှိန်နှင့် စနေက ရှေ့ခန်းသို့ ထွက်လိုက်၏။

သူစီးလာသော ဒီတီမော်တော်ဆိုင်ကယ်ကို အိမ်ရှေ့တွင် ဒေါက်ချရပ်ထားခဲ့၏။ ထိုယာမဟာဒီတီဆိုင်ကယ်ကြီးမှာ ချဒေါက်ပြုတ်ပြီး လဲနေသည်။

ဘေးမှာက ခြောက်နှစ် ခုနစ်နှစ်ကလေးငယ်တစ်ယောက်။

"ဟာ ... ကလေး ... မင်းဘယ်လိုလုပ်လိုက်တာလဲ ... ပြဿနာပဲ ..."



သူ့ဆိုင်ကယ်တစ်ခုခုဖြစ်မှာကို စိုးရိမ်သည်။

အတွေးတစ်ခုဝင်လာသည်။ ဆိုင်ကယ်ထက် ကလေးတစ်ခုခုဖြစ်သွားမှာလည်း စိုးရိမ်သည်။

ကြောင်စီစီရပ်နေသော ကလေးနားတွင် ခါးကိုကုန်းကာ ကလေး၏ကိုယ်ကိုကြည့်သည်။

"မင်း ... ဘာဖြစ်သွားသေးလဲ ..."

"မဖြစ်ပါဘူး ... ဆိုင်ကယ်ကြီးက လှလို့ ... သားသားကြည့်တာ ... ပြီးတော့ တွန်းကြည့်တာ ..."

ကလေးငယ်ကို ကြည့်ကာ စိတ်မသက်မသာဖြစ်မိ၏။ အတော်ဆော့တဲ့ ကလေးပဲ။

"ဦးလေး ... ဒီအခန်းကို လာတာလား ..."

"ဟုတ်တယ် ... မင်းက ..."

"သားသားက ဟိုးအပေါ်ထပ်မှာ ..."

အထက်က အထပ်တစ်ထပ်ကိုလက်ညှိုးထိုးပြပြောသည်။ ပြီးတော့ စနေကို ရယ်ကျဲကျဲကလေးနှင့် ကြည့်၍ ...

"အဲဒီအခန်းက သရဲချောက်တယ် ..."

"ဟေ ..."

"မမက ပြောတယ် ... သားသား မမရှိတယ်လေ ... ဦးဦးကိုကော သရဲမကြောက်ဘူးလား ..."

"သရဲကို မင်းမြင်လား ..."

"မမက ပြောတယ် ... သားသားတော့ မမြင်ရဘူး ..."

"အလကားပါကွာ ... ဘာမှ မရှိပါဘူး ... လူတွေက ဦးနှောက်မရှိဘဲ ... စကားတွေ ကားပြီးပြောနေကြတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့် ... "

သူ့နောက်မှ အသံကလေးတစ်သံ။

စနေ လှည့်ကြည့်လိုက်သည်။

ကြယ်ကလေးတစ်ပွင့် နေ့ခင်းကြောင်တောင်ကြီးမှာ ထွက်နေပါကလား။

လှပပါသည်။ တောက်ပပါသည်။

အရွယ်အစားကလည်း တင့်တယ်ငယ်ရွယ်သည်။ အသက်နှစ်ဆယ့်လေးရှိသော စနေထက် သုံးလေးနှစ်တော့ ငယ်ပေလိမ့်မည်။

စကတ်ထမီနှင့် စပို့ရှပ်ကြည်ပြာရောင်လက်တိုကလေးကို ဝတ်ထားသည်။

"ဗျာ ... "

"ရှင်က ဦးနှောက်မရှိဘူးပြောတာ ... ဘာသဘောလဲ ..."

"နေပါဦး ... မင်းနဲ့ ဘာဆိုင်သလဲကွာ ... "

"ဆိုင်ပြီလားရှင့် ... အဲဒါ ကျွန်မမောင် ... "

သူမက မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ကောင်လေးလက်ကိုဆွဲ၍ ...

"နင်ဟာ ဘယ်သူနဲ့ ညှော်တောင့်ခံစကားပြောနေရတာလဲ"

"မမ ... ကျွန်တော် မော်တော်ဆိုင်ကယ်နဲ့ တိုက်မိတယ် ဆိုင်ကယ်ကြီး လဲသွားတယ် ... "

"ဟယ် ... ဘာပြောတယ် ... "

မိန်းမချောလေး မျက်လုံးကလေးများ ပြူးသွား၏။ စနေက မိန်းကလေးကိုကြည့်ကာ စိတ်ထိပြုံးမိ၏။



ကောင်လေး၏ မအူမလည်ပြောလိုက်ပုံက သူမစိတ်အား အစိုးရိမ်ပွားသွားစေခြင်းကိုသဘောကျမိ၏။

"ဟုတ်တယ် ... ဆိုင်ကယ်ကိုတိုက်မိတာ သူ့ကိုယ်များ ပွန်းပဲ့သွားသလား ... ပဲ့သွားသလား ... ကြည့်စမ်းပါဦး ... "

"ဟင် ... ကျွန်မမောင်လေး တစ်ခုခုဖြစ်ရင် ... ရှင်တော့ လား ... "

သူမလက်ထဲတွင် ဟင်းရည်တစ်ထုပ်၊ မုန့်တစ်ထုပ်ပါသော မုန့်ဟင်းခါးထုပ်ပါသွား၏။ ပျာပျာသလဲနှင့် ကောင်လေးကိုယ်ကို ဒဏ်ရာတွေတွေ့လိုတွေ့ငြား ရှာကြည့်၏။

စနေက မျက်နှာမဲ့၍ ...

"မင်း တို့စကားပြောတာလည်း နားထောင်ပါဦးကွာ ... ဆိုင်ကယ်ကို တိုက်မိတယ်ဆိုကတည်းက ဆိုင်ကယ်က သူ့ကို တိုက်တာမဟုတ်ဘူး ... ဆိုင်ကယ်ကို သူကဝင်တိုက်တာ ... သူက ဆိုင်ကယ်ကိုဝင်တိုက်တာ ... ဒီမှာတွေ့လား ငါ့ဆိုင်ကယ်ကြီး လဲနေပြီ ... "

လဲနေသော ဆိုင်ကယ်ကြီးကို မေးငေါ့ပြ၏။ ကောင်ငယ်လေးက သူ့အစ်မကို ပြုံးဖြဲဖြဲလေးနှင့် ...

"ဟုတ်တယ် ... မမရ ... ကျွန်တော်က ဆိုင်ကယ်ကြီးကို တွန်းကြည့်မိတာ ဝုန်းဆိုလဲသွားတယ် ... "

"ဟယ် ... "

ကောင်မလေး အသံထွက်သွား၏။ သူမ၏ မောင်ငယ်လေးကို မျက်လုံးပြူးကြည့်မိသည်။ စနေက ခပ်တည်တည်နှင့်။

"ဒါပဲနော် ... ငါ့ဆိုင်ကယ်တစ်ခုခုဖြစ်သွားရင် ... မင်းတို့

www.burmeseclassic.com



ပျော်ရမှာ ... ”

“ဒါလောက်ကလေးနဲ့ ဘာမှ မဖြစ်နိုင်ပါဘူး ... ”

“ဒါ ... စက်ပစ္စည်းကွ ... ”

“လာ မရှိုးနဲ့ ကိုဟတ္တာ ... ကျွန်မလည်း စက်ပစ္စည်းလောက်တော့ နားလည်တယ် ... ရှင့်လို ယာမဟာမစီးနိုင်ပေမဲ့ ဟွန်ဒါလောက်တော့ စီးခဲ့ဖူးတာပဲ ... ယာမဟာဒီတီဆိုင်ကယ်ဆိုတာ အကြမ်းခံ ရေစိမ်ခံပဲ ... ခုနစ်နှစ်သားလေးက တွန်းလှဲလိုက်ရုံနဲ့ ဘာမှမဖြစ်နိုင်ပါဘူး ... ”

“အေး ... ဒါဆို စလောင်းထဲမှာ ကြော်ငြာသွားထည့်လိုက်ပါလား ... မင်းကို ကြော်ငြာခအဖြစ် နှစ်ပြားတစ်ပဲပေးနိုင်အောင် ... ”

“ဟင်း ... ”

ကောင်မလေး၏ ဟင်းသံနှင့် မျက်စောင်းက စနေကို ပွန်းပဲ့သွားမတတ်ပါဘဲ။

စနေက ပြုံးကာ မျက်ခုံးတွေမြှင့်ပြ၏။

ကောင်မလေး ရုပ်ရည်ကို သူသတိပြုလာသည်။သူမ၏ရုပ်ရည်သည် သူ့ချစ်ချစ်ကလေး ဆုရွှေရုပ်နှင့် ဆင်သလိုလို။

“ရန်တွေ့လို့ ဝပြီလား ... သွားတော့ ... ”

သူက အနိုင်ပိုင်းသည့်သဘောနှင့်ပြောကာ လဲကျနေခဲ့သော မော်တော်ဆိုင်ကယ်ကြီးကို သွားထူမတ်လိုက်သည်။

မိန်းကလေးသည် သူ့အားနှုတ်မှ ပွစိပွစိနှင့် ဘာတွေပြောမှန်းမသိပြောကာ နောက်ထပ်ပဲ့ပါမတတ်သော မျက်စောင်းကို ထိုးသည်။



ခြေကလေးမသိမသာဆောင့်ထွက်သွား၏။

ကောင်လေးက နောက်မှလိုက်သွားသည်။ စနေကို မျက်စိမှိတ်၊ လျှာထုတ်ပြသွားသည်။

“အေး ... မင်းနဲ့ ငါတစ်နေ့ ဖအွမျိုးတော်တဲ့အခါ သိမယ်”

နှုတ်မှ မဟုတ်ပါ။

ဂျက်စနေ၏ စိတ်ထဲမှ စကားပြောသည်။ မျက်လုံးတွေက ကောင်မလေးနောက်ကျောဘက် ငြိပါသွားသည်။

ဆုရွှေနှင့် မသိမသာကလေးတူနေတာကို သဘောကျသွားမိ၏။

“တကယ့် သရဲမနဲ့ မတွေ့ဘဲ ... လူသရဲမလေးနဲ့ လာတွေ့နေတာကိုး ... ဆုရွှေနဲ့တော့ ဆင်တင်တင်ပဲဟေ့ ... ”

သည်သို့ပဲ စိတ်ထဲမှ ဆက်ပြောပြီး ထူလက်စဆိုင်ကယ်ကို ဒေါက်ပြန်ချသည်။

အိမ်ထဲကိုပြန်ကြည့်သည်။

ပြန့်ဝင်ကာ ပြတင်းတံခါးတွေကိုပိတ်သည်။အမှောင်သန်းလာချေပြီ။

ငှက်ရှိက်သံကို မကြားရတော့။

ဂျက်စနေက ဒါတွေကို အရေးမထားပါ။ စိတ်ကူးထဲသည်း မထည့်ပါ။ သူ့စိတ်ထဲ အရေးထားနေတာက ဘီယာဆိုင်ကိုဘယ်လိုဖွင့်ရမလဲဟူသော စိတ်ကူးပဲ ပွင့်နေသည်။

အိမ်တံခါးကို သော့ခတ်သည်။

စိတ်က အလိုလိုနေရင်း အထက်သို့မော့ကြည့်လိုသောဆန္ဒကြောင့် မော့ကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ရီသန်းစ လမ်းမီးများ လင်းလာချိန်၊ အိမ်မီးများလင်းလာချိန်တွင် မျက်နှာကလေးတစ်ခုက သူ့အားငုံ့ကြည့်နေတာကို မြင်ရသည်။

ပန်းတွေကို မသိမသာတွန့်လိုက်၏။

ဆိုင်ကယ်ဆောင်းဦးထုပ်ကို ဆောင်းလိုက်၏။

ယာမဟာဒီတီကို မောင်းနှင်ရာတွင် ယာမဟာစက်သည် ပတ်ဝန်းကျင်ကို တော်တော်နိုးဆွသော စက်ဖြစ်၏။

သည်စက်သံကို ငုံ့ကြည့်နေခဲ့သော မျက်နှာရှင်ကလေး၏ နားထဲတွင် စွဲထင်ကျန်ရစ်ခဲ့ပါလိမ့်မည်။

◈◈◈



## အတိတ်လမ်းဆုံ(၂)

အိမ်သို့ရောက်သည်။

သူ့အိမ်ခန်းကိုတော့ ကြိမ်ဆက်တီတွေ၊ အောက်စက်တွေ၊ အပေါ်စက်တွေနှင့် ကြည့်ကောင်းအောင်တော့ ပြင်ဆင်ထားသည်။

အိမ်ရောက်တော့ ရေချိုးမည်ပြုစဉ် စားပွဲပေါ်တွင် တင်ထားသော ဂျီအက်(စ်)အမ်(မ်)တယ်လီဖုန်းမှ လူခေါ်သံထွက်လာသည်။

ဂျီအက်(စ်)အမ်(မ်)မှာ သူဝယ်ထားတာမဟုတ်ပါ။ ဆုချွေက သူ့အားချစ်သက်လက်ဆောင်တစ်ခုအဖြစ် သုံးဆယ့်ငါးသိန်းနှင့် ဝယ်ပေးထားခြင်းဖြစ်သည်။

"ဟဲလို ... "

"ကိုဂျက်လား ... "

"ဆုချွေပါလား ... ပြောပါ ဆု ... "

"ဆု ... ကိုဂျက်နဲ့ မနက်ဖြန်ချိန်းထားတာရှိတယ် ... ဒါပေမဲ့ ပြောစရာရှိလို့ ... ခုပြောတာ ... "

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... ချစ်ကလေးရယ် ... "

ဆုရွှေအသံမှာ ညင်သာသည်။ တိုးသည်။ သိမ်မွေ့သည်။

"ဒက်ဒီက ကိုဂျက်အပေါ်မှာ ပုံစံအမြင်တစ်မျိုးသက်ရောက်နေသလား မသိဘူး ... "

"ဘယ်လိုလဲ ... "

"ဒီနေ့ခင်းမှာ ကုမ္ပဏီကို ဆုရွှေကသွားတယ် ... ဒီဂျစ်တယ်မင်နီဖက်(စ်)တွေကို ဒက်ဒီကို ဆုရွှေက ပြရတယ်လေ ... ရန်ကုန်ထဲမှာပဲ ... မင်နီဖက်ပရိုဂျူ(စ်)လုပ်တာ ဒီမန်း (DEMAND)အတော်ကလေးရတယ် ... ဂျပန်မဟုတ်ဘဲ တောင်ကိုရီးယားလုပ်ဆိုတော့ ... ဈေးလည်းအတော်ကလေး သက်သာတယ် ... ကိုရီးယားနဲ့ ကိုနက်ရှင်း (CONETION)ရအောင် 'ဆု'ကလုပ်ပေးခဲ့ပြီး ... ဒီအကြံတွေဟာ ကိုဂျက်ပေးတာပါလို့ ပြောခဲ့တာ ... "

"ဟာ ... ဆုကလည်းကွာ ... "

"ဒက်ဒီတို့က ကိုဂျက်ကို အထင်မကြီးဘူးလေ ... "

"အထင်မကြီးရင်နေပါစေ ... အထင်မသေးရင်ပြီးတာပဲ"

"မဟုတ်ဘူးလေ ... ကိုဂျက်ရဲ့ စီးပွားရေးသမားတွေဟာ လူတစ်ယောက်ကို အထင်မကြီးရင် သိပ်ပြီးပေါင်းသင်းဆက်ဆံရေးမှာ ... တွက်သားမကိုက်ကြဘူး ... အထင်မကြီးရင် ဒီလူဟာ သူတို့အကျိုးစီးပွားအတွက် အလားအလာမရှိဘူးလို့ ထင်မှတ်ကြတယ် ... ဒီလိုအမှတ်မျိုး သူတို့ပေးလာရင် တစ်ဖက်လူမှာ နစ်နာတယ် ... ကိုဂျက်က အေးတယ် ...



လောဘမရှိဘူး ... ရတာနဲ့စားမယ်ဆိုတဲ့ လူစားဆိုတော့ ဒက်ဒီနဲ့ မကိုက်ဘူး ... ဒက်ဒီနဲ့ မကိုက်တော့ 'ဆု'ကို ကိုဂျက်နဲ့ မပေးစားချင်ဘူး ... "

"ဒါတွေ သိပြီးသားပါ ... ဆုရာ ... "

တစ်ဖက်က စကားပြောနေသော 'ဆု'သည် သူမ၏ အိပ်ခန်းထဲမှ ပြောကောင်းပြောမည်။

အိမ်တွင်းတစ်နေရာရာမှ ပြောကောင်းပြောမည်။

ပန်းခြံတွင်းမှ ပြောကောင်းပြောမည်။

မိမိမှာတော့ အိမ်၏ဆက်တီနေရာနားတွင်ရပ်ကာ ဆက်တီပေါ်ခြေတင်ရင်း စကားပြောနေ၏။

ပြောရာမှ အနေအထားပြင်ကာ လမ်းလျှောက်လိုက်၏။ ကီးအက်(စ်)အမ်(မ်)ကို နားနားတွင် တေ့ထားဆဲ။

"သိပြီးပြီဆိုပြီး အေးအေးဆေးဆေးလုပ်မနေနဲ့ ကိုဂျက် ... ဆုကတော့ ကိုဂျက်နဲ့မပေါင်းရမှာကိုဘဲ စိတ်ပူနေတယ် ..."

"ကောက်ညှင်းပေါင်းသည်ဆီရောက်ရင် ... ပေါင်းရမှာပဲ ... ဆုရာ ... "

"နောက်မနေနဲ့ ကိုဂျက် ... "

"ရှေ့မှာပါ ... နောက်မှာ မနေပါဘူး ... ဆုကလေးအတွက်ဆိုရင် ရှေ့မှာပါ ... "

"ဟာကွာ ... စိတ်ဝင်လာပြီနော် ... ဆယ်လူလာကို လွှင့်ပစ်လိုက်မယ် ... "

"အလကားပါ ချစ်ကလေးရာ ... ချစ်ကလေးပျော်အောင် ကိုယ်စတာပါ ... ကဲ ... ကဲ ပြော ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ... ဆုကို ဒက်ဒီကမေးတယ် ... နင့်ကောင်သတ္တိရှိလားတဲ့ ... "

"ဆုက ဘယ်လိုဖြေလဲ ... ပုရွက်ဆိတ်နဲ့ နပမ်းလုံးရဲတယ်လို့ မဖြေလိုက်ဘူးလား ... "

"သတ္တိရှိလို့ ထမီတောင်ဝတ်ထားချင်တဲ့လူလို့ ပြောလိုက်တယ် ... "

"အယ် ... ဆု ... ဆုလေးက ဒီလိုပဲပြောလိုက်လား ... တို့တော့ အခြောက်ဖြစ်ပါပြီကွာ ... "

"ယူ့ကို အမြင်ကပ်လို့ ပြောနေတာ ... ချစ်သူတွေ စကားပြောတာ ... ကောင်းကောင်းပြောပါလား ... အတည်ပြောပါလား ... ဒါလောက် ရွှတ်နောက်နောက်ပြောချင်ရင် အငြိမ့်ဇာတ်ခုံပေါ်မှာသွားတက်ပြော ... ခဲပေါက်ခံရအောင်"

"ကဲ ... ကဲ ... ပြောပါ ... အန်ကယ်(လ်)ကမေးတော့ ဆုက ဘယ်လိုဖြေသလဲ ... "

"လူကြောက်ကြီးလို့ ... "

"ဆုကလည်း ကောင်းကောင်းပြောပါကွာ ... "

"ဆု ကောင်းကောင်းပြောရင်...ကိုဂျက်ကကောင်းကောင်းမှ မပြောဘဲ ... "

"ကောင်းကောင်းပြောပါ့မယ် ... ဆုရာ ဆုဒက်ဒီကြီးက ဒါလောက်ကြာအောင် တွေ့နေတာတောင် မမေးစဖူးမေးနေလိုက်တာ ... ဝါးလုံးခေါင်းထဲ ဂြိုဟ်တုပြုတ်ကျသလို တော်တော်ထူးဆန်းတာပဲ ... ဆုရာ ... "

ကိုယ်တစ်ယောက်တည်းဆိုတော့ အခန်းထဲမှာ



လွတ်လွတ်လပ်လပ်ပြောနိုင်သည်။ အခန်းထဲမှာ စန္ဒေအသံက အထိန်းအကွပ်မဲ့စွာ ကျယ်လောင်၊ ကျယ်လောင်။

"ပထမတော့ ဆုလည်း ကြောင်သွားတာပေါ့ ... ဒက်ဒီက ထပ်မေးတယ် ... နင့်အကောင် သတ္တိဘယ်လိုလဲတဲ့ ... ဆုက ဒက်ဒီဘာလို့မေးတာလဲ မေးတော့ ... သူက နင်က နင့်အကောင်အကြောင်း နင်အသိဆုံးပဲ ... ဒီကောင်သရဲဘောကြောင်တတ်လားတဲ့ ... ဒီတော့ ဆုက မခံချင်စိတ်ဖြစ်သွားပြီး ကိုဂျက်က ယောကျ်ားပီသတဲ့လူ ... သတ္တိဆိုရင် သူ့မှန်တာ လုပ်ရဲတယ် ... မဟုတ်မခံ သတ္တိရှိတယ် ... ရမ်ဘိုလို လူဆယ်ယောက်နဲ့သူတစ်ယောက်တည်းနဲ့ဖောင်ချရဲတဲ့သတ္တိရှိတယ်လို့ ပြောလိုက်တယ်လေ ... "

"ဟာ ... ဆု ကွာ ... အပြောများသွားပြီ ... ရမ်ဘိုလိုလူဆယ်ယောက်ဆို ကိုယ်ပြားချပ်သွားမှာပေါ့ ... ဟိုဒင်း ... ဟိုဟာတောင် ရှိတော့မှာမဟုတ်ဘူး ... "

"ဘာ ... ဟိုဒင်း ... ဟိုဟာလဲ ... "

"ဘောင်းဘီ ... ဘောင်းဘီကို ပြောတာပါ ... အစ်မရယ်"

"ဒီတော့ ... ဒက်ဒီကရယ်တယ် ... ဖြစ်နိုင်ပါ့မလားတဲ့ ... ဆုက ကိုယ့်ချစ်သူသတ္တိကို မသိရပေမဲ့ ဘယ်အညှို့ခံမလဲ ဒက်ဒီမယုံရင် စမ်းကြည့်လို့ ပြောလိုက်တယ် ... ကိုဂျက် သတ္တိရှိတယ် မဟုတ်လား ... "

"ပြေးပေါက်ရှိရင်တော့ ... သတ္တိရှိတာပေါ့ ... "

"သွားစမ်းပါ ... "

"ကိုယ်ရပ် စကားပြောနေတာပါ အချစ်ရယ် ... သွားလို့

www.burmeseclassic.com

www.burmeseclassic.com



လည်း မရဘူး ... မှောင်နေပြီ ... တံခါးလည်း ပိတ်ထားပြီး ပြီ ... ”

“သေလိုက် ... ”

“ကိုသေရင် ဆုငိုမှာပဲ မဟုတ်လား ... ”

“အပိုတွေ ပြောမနေနဲ့ ... မနက်ဖြန်မှာ သားမက်လောင်းနဲ့ ယောက္ခမလောင်းချိန်းပွဲရှိတယ် ... မနက်ဆယ်နာရီမှာ သံလွင်လမ်းက သူ့ကုမ္ပဏီကို ကိုဂျက်လာခဲ့ဖို့ ... ဒက်ဒီကမှာလိုက်တယ် ... ”

“ဘာကိစ္စ ... ”

“ဘာကိစ္စဆိုတာတော့ မပြောဘူး ... နင့်အကောင်ကို ဒီအတိုင်းချိန်းလိုက်လို့ မှာလိုက်တယ် ... ဒီတော့ အဘိုးကြီးအလိုကျ ကိုဂျက်လုပ်ပေးရမယ် ... သူ့အလိုကျ ကိုဂျက်က အောင်အောင်မြင်မြင်လုပ်ပေးလိုက်ရင် ကိုဂျက်ကို သူ့ရွှေဘောတော်ကျ သားမက်လောင်းရသွားမှာပဲပေါ့ ... ”

“ဘာဆိုတာ မသိရဘူးလား ... ”

“ဆုက မေးပါတယ် ... သူက ဘာမှမပြောဘူး ... တစ်ခုထပ်ပြောတယ် ... ဒီကောင် ရိုးသားမှုလည်း ရှိမှတဲ့ ... ”

“ဘာမှန်းလဲ မသိရဘဲနဲ့ ဆုရာ ... ”

“ဆုလည်း မသိဘူးလေ ... သိချင်ရင်တော့ မနက်ဖြန်ဆယ်နာရီကိုသွား ... ”

“အမိန့်အာဏာသံမပါတဲ့ အမိန့်တစ်ခုပါပဲလား ... ချစ်သူစကားနားဝယ်ထားလို့ ... ဝက်သားစားပြီး သွားပါ့မယ် ခင်ဗျာ ... ”



“ဒက်ဒီနဲ့တွေ့ရင် ... သူခိုင်းသလိုလုပ်ပေးလိုက် ... ဒါမှ ဆုနဲ့ ကိုဂျက်နဲ့ ပေါင်းရမှာ ... သူကြည့်ရတာ တစ်ခုခုခိုင်းမယ့်ပုံပါပဲ ... ”

“အိုစမာဘင်လာဒင်ကိုများ ဖမ်းခိုင်းမလား မသိဘူး ... ”

“ဒါတော့ ... ဘုရားမှ သိမှာပဲ ... ”

“သြော် ... ဒုက္ခ ... ”

သူ့ရင်ထဲတွင် ညဦးပိုင်းက ကောင်မလေးတစ်ယောက်အကြောင်းကို ပြောချင်နေသည်။

“ကိုဂျက် ဘာပြောချင်လဲ ... ”

“ညနေကလေ ... ထူးထူးခြားခြား ကောင်မလေးတစ်ယောက်ကို တွေ့ခဲ့တယ် ... ”

“ကောင်မလေးပဲ ... ထူးဆန်းတာလိုက်လို့ ... ”

“အဲဒီကောင်မလေးကလေ ... ကိုယ်အခု ငှားလိုက်တဲ့တိုက်ရဲ့အပေါ်ထပ် တစ်ထပ်မှာနေတယ် ... ဒီညနေက သူနဲ့တို့နဲ့ စကားချပွဲတစ်ပွဲဖြစ်သွားတယ် ... ”

“ဒါဆန်းသလား ... ကိုဂျက်က စိတ်ဝင်စားလို့လား ... ”

“စိတ်ဝင်စားတာပေါ့ ... ”

“အလဲ့ ... တောင်ညာစံတောင်ထားမယ် မကြံသေးဘူး ... မြောက်ညာစံကိုပါ မှန်းနေပလား ... အတော်တော်တဲ့ လူပဲနော် ... ကမ္ဘာ့နာမည်ပုလင်းကြီး ... ”

“ရိုးရိုးပါ ... စိတ်ဝင်စားတယ် ဒီလိုပါ ... ဖြစ်ပုံက ... ”

မနေက ညမိုးမချုပ်မီလေးတွင် တိုက်ခန်းသို့ရောက်သွားပုံ၊ ဆိုင်ကယ်လဲကျပုံ၊ ကောင်မလေးနှင့် တွေ့ပုံများကို ပြော

www.burmeseclassic.com

www.burmeseclassic.com



ဖြသည်။ သရဲအချောက်ခံရတာကိုတော့ ထည့်မပြောတော့ပါ။

ထိုတိုက်ခန်းကို ဂျက်စနေဝယ်ယူစဉ်က ခိုက်နေသော တိုက်ခန်းကြီးဆိုပြီး တိုက်ခန်းဝယ်ရာတွင် မိန်းမသားပီပီ ဆုချွေက သဘောမတူခဲ့ပါ။

ယခု မိမိကြုံခဲ့ရတာကို ပြောပြလိုက်လျှင် ကောင်မလေးရင်ထဲ ဆူးပြောင့်ခလုတ်တွေ ဝင်နှောင့်နေလိမ့်ဦးမည်။

"ကိုဂျက်တော့ ဝိုင်းကဗျာနဲ့ တွေ့ခဲ့ပြီထင်တယ် ... ဟုတ်ပါတယ် ... ကဗျာနဲ့ပဲ တွေ့ခဲ့မှာပါ ... "

"သူ့ကို သိလားဟင် ... "

"သူက ဆုချွေရဲ့ညီမပဲလေ ... ဆုချွေနဲ့ ရုပ်ချင်းတူတယ် အဲဒီမှာနေတယ်ဆိုတော့ သူတို့မိသားစုနဲ့ပဲ ဖြစ်မယ် ... မောင်လေးပြည့်မှူးလည်း ရှိနေတော့ ... ကိုဂျက်မော်တော်ဆိုင်ကယ်ကို လဲကျအောင်တွန်းကြည့်တာ ပြည့်မှူးပဲရှိမယ် ပြည့်မှူးက ငယ်သာငယ်တယ် ... သိပ်ဆော့တာ ... "

"အစကတည်းက ဒီမှာ သူတို့နေကြောင်း ဆုချွေက ပြောပြထားဖို့ ကောင်းတယ် ... ဆုချွေနဲ့ ညီအစ်မဝမ်းကွဲသာပြောတယ် ... အဲဒီဟာမလေးနဲ့ ဆုချွေက အမှတ်တမဲ့ကြည့်ရင် ရုပ်ဆင်တယ် ... "

"သူလည်း ရုပ်က ဖအေ့ဘက်ပါတယ် ... ဒက်ဒီ့ရုပ်နဲ့ ဆုချွေကလည်း တူတယ် ... ဘာကြောင့်လဲဆိုတော့ ဒက်ဒီနဲ့ ဝိုင်းကဗျာရဲ့အဖေ ဦးနန္ဒာဖြိုးက အမွှာလေ ... ရုပ်တူတာကိုး ဒီတော့ ဖအေ့ဘက်လိုက်တဲ့ သမီးတွေလည်း ... ရုပ်ချင်းဆင်ကြမှာပေါ့ ... "



"ဝိုင်းကဗျာကြည့်ရတာ ဆိုးလို မဟုတ်ဘူး ... ဘဝင်နည်းနည်းမြင့်သလိုပဲ ... "

"လူတွေကသာ ဘာမှမဟုတ်တာယ် ... ဘဝင်ရောဂါဆိုတာ ပိုက်ဆံနဲ့ဝယ်ယူရတာမှ မဟုတ်ဘဲ ... ကဗျာက ဆုချွေထက် လပဲငယ်တယ် ... အသက်ချင်းကတော့ အတူတူပါပဲ ... "

ဝိုင်းကဗျာနှင့် ပတ်သက်ပြီး ဆုချွေက အနည်းငယ်မကျေမနပ်ဖြစ်နေပုံရသည်ဟု စနေထင်သည်။

"အေးလေ ... တွေ့မှပဲ ဆွေမျိုးစပ်ကြည့်လိုက်ဦးမယ် ... "

"အစ်မတွင်မကလို့ ခယ်မကိုပါ စိတ်ဝင်စားနေပလား ... "

"ဆုချွေ ... ဒီစကားကို ဒီတစ်ခါပဲ ပြော ... တို့က ဒီလိုယုတ်ကန်းတဲ့ အောက်တန်းကျအစားထဲက မဟုတ်ဘူး ... "

သည်စကားကိုတော့ ကိုဂျက်က စိတ်လိုက်မာန်ပါ ပြောလိုက်မိသည်။ မိန်းမနှင့် ပတ်သက်၍ သူ့သိက္ခာကို အပွန်းအပဲ့ခံသူမဟုတ်ပါပေ။

"စတာပါ ကိုဂျက်ရယ် ... သိပ်လည်း မတင်းလိုက်ပါနဲ့ ... မနက်ဖြန်သာ ဒက်ဒီနဲ့သွားတွေ့လိုက်ပါ ... "

"သွားတွေ့မယ် ... ပြီးတော့ ကိုယ့်လုပ်ငန်းလေးအတွက်လည်း ဆုချွေနဲ့ တိုင်ပင်စရာရှိတယ် ... "

"ဘာလုပ်ငန်းလဲ ... "

"ဆုချွေကို ကိုယ်ပြောသားပဲ ... ဘီယာဆိုင်ဖွင့်မယ်လို့"

"အင်းလေ ... တိုင်ပင်ပေါ့ ... ဒက်ဒီ့အလုပ်ပြီးရင် ဆုချွေနဲ့ ကိုဂျက်ကိစ္စပေါ့ ... "

"အိပ်မက်ထဲမှာ ဆုချွေနဲ့တွေ့တဲ့ အိပ်မက်ကလေးပဲဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



စေ ဆုရယ် ... ကဲ ... ဝမ်းကစ်(စ်) ... "

"တူးကစ်(စ်) ... ကိုဂျက် ... "

"ချစ်တယ် ... "

"သိပ်ချစ် ... ကိုဂျက် ... "

အပြုံးကလေးကိုယ်စီနှင့် လက်ကိုင်ဖုန်းတွေကို ချမိကြမှာ အမှန်ပါပဲ။

ဂျက်စနေ၏ ရင်ထဲတွင် ဦးနန္ဒာမိုးနှင့် တွေ့ရမည့် အရေးကိုတွေးကာ ဒီလူကြီး ဘာတွေပြောမလဲဟု တွေးနေသည်။

ဦးနန္ဒာမိုးနှင့် သူ မကြာခဏစကားပြောဖူးပါသည်။

ဒါပေမဲ့ ဦးနန္ဒာမိုးက သူ့ကိုသိပ်အရေးအရာထားပြီး စကားပြောသည်တော့ မဟုတ်ပါ။

နေဝင်ပြီး ညမိုးချုပ်သည်။

နောက်တစ်နေ့ ဂူးသည်။ နေထွက်လာပြီ။

အဲဒီနေ့ မနက်ဆယ်နာရီအရောက် ဂျက်စနေသည် သူ၏မော်တော်ဆိုင်ကယ်နှင့် သံလွင်လမ်းရှိ ကုမ္ပဏီသို့သွားသည်။

ဦးနန္ဒာမိုး၏ (TOP BUSINESS)ကုမ္ပဏီမှာ ခြံဝင်းနှင့် တစ်ထပ်တိုက်ကစ်လုံးရှိသော ကုမ္ပဏီဖြစ်၏။

ခြံဝင်းတံခါးတွင် အစောင့်တစ်ယောက် အမြဲတမ်းရှိ၏။ ထိုအစောင့်နှင့် ကိုဂျက်က ဦးစွာတွေ့ဆုံရသည်။

အစောင့်က ဆယ်လူလာနှင့် အတွင်းကိုပြောကြားပြီးမှ သံတံခါးကိုဖွင့်ပေးလိုက်သည်။

ဘေးဘက်တွင် သကြားသီးပင်များ စိုက်ထားသည်။ မှည့်ရွှန်းသောအသီးများ၊ စိမ်းလျက်ပင်ရှိသော အသီး



တွေက မည်သူကမှ မခူးရပါ။ မဆွတ်ရပါ။

ခူးဆွတ်ခြင်းသိခဲ့ မိခဲ့ပါက အလုပ်ထုတ်ခြင်းခံရလိမ့်မည်။

ဂျက်က မော်တော်ဆိုင်ကယ်ကို ကွန်ကရစ်လမ်းအတိုင်း မောင်းသွားပြီး ကုမ္ပဏီအဆောက်အဦရှိသောနေရာနှင့် မနီးမဝေးမှာ ရပ်လိုက်၏။

ကားနှစ်စီး သုံးစီးကလည်းရှိ၏။

ကားများမှာ သစ်လွင်တောက်ပသည်။

ကိုဂျက်က ဆိုင်ကယ်ဦးထုပ်ကို ချွတ်ခဲ့သည်။ သူသည် ဂျော်ဒန်းနီးစပို့ရှပ်နှင့် ဘလူးစကိုင်းရိုက်ဒါဂျင်းဝတ်ထားသည်။

သူ့ဆံပင်တွေက အဆိုတော် ဂရေဟမ်ဆံပင်ပုံစံလို တိုတိုကလေးနှင့် လှလှပပလေးပေါ်လွင်စေသည်။ သူ၏ဘဲဥပုံလို သွယ်ကျလုံးသွားသော မျက်နှာနုနုချောချောလေးနှင့် လိုက်ဖက်၏။

စပို့ရှပ်အတွင်းမှ ခန္ဓာကိုယ်ကလည်း ကျစ်ကျစ်လျစ်လျစ်နှင့်လှပအောင် တောင့်တင်းအချိုးကျကာ မာဆယ်(လ်)ခေါ် ကြွက်သားကြောတွေက အဖောင်းအမို့အဖြစ် ထနေ၏။

မျက်နှာတွင် ဓိုက်(စ်)နေကာမျက်မှန်တပ်ကာ လက်တစ်ဖက်မှာ ချည်လက်အိတ်စွပ်ထားသည်။ ခြေထောက်တွင် မလေးရှားလုပ် အက်တလတ်(စ်)ရှူးဖိနပ်ဦးချွန်ကိုစီးထားရာ ဘယ်လိုပဲကြည့်ကြည့်၊ ကြည့်လို့တင့်တယ်ပါပေသည်။

သူဝင်လာတာနှင့်ပဲ ကုမ္ပဏီမှ ဝန်ထမ်းအမျိုးသားအမျိုးသမီးတွေ ငေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူက တော့(ပ်)ဘစ်ဇနက် ကုမ္ပဏီသို့ အကြောင်းမဲ့ လာတတ်သည် မဟုတ်။

ဒါ ပထမအကြိမ်ရောက်ဖူးခြင်းဖြစ်၏။

"အစ်ကို ... ဦးနန္ဒမိုးရဲ့ ရုံးခန်းဟာ ဘယ်မှာလဲ ... "

သူက အနီးကပ်ဆုံးစားပွဲမှ လူတစ်ယောက်ကိုစုံစမ်းလိုက်သည်။

ဝန်ထမ်းတွေကို သူ့အခန်း၊ သူ့စက်ရှင်၊ သူ့စီးပွားရေးကဏ္ဍအလိုက် သတ်မှတ်ပေးထားရာ စက်ရှင်ငါးခုရှိပြီး တစ်စက်ရှင်တွင် ကုမ္ပဏီဝန်ထမ်းသုံးယောက်စီရှိသည်။

ဒစ်ဂျစ်တယ်၊ အင်တာနက်နှင့်ကွန်ပျူတာကိုင်သော စက်ရှင်တစ်ခုကို အခန်းတစ်ခန်းအဖြစ် သတ်သတ်ပေးထား၏။

စနေကို အမေးခံရသူဝန်ထမ်းက ခေါင်းညိတ်ပြ၍ လူသွားလမ်းတစ်ခုကို လက်ညှိုးထိုးပြ၏။

စက်ရှင်တွေမှာ အခန်းသီးသန့်မထားဘဲ သူ့စားပွဲနှင့်သူထားသဖြင့် ဝန်ထမ်းအားလုံးကပဲ စနေကိုကြည့်နေကြ၏။

ဝန်ထမ်းအမျိုးသမီးများရှိသောစားပွဲကို ကျော်ဖြတ်သွားတော့ သူ့နောက်တွင်ကျန်ခဲ့သော စားပွဲမှအမျိုးသမီးကလေးတစ်ဦး၏ 'မိုက်တယ်ကွာ ... 'ဟူသော မချင့်မရဲပြောလိုက်သံလေးကိုတော့ ကြားလိုက်ရသည်။

ဒါတွေက ရိုးနေပြီ။

သည်လိုပဲ အမျိုးသမီးထု၊ အမျိုးသားထုနှင့် တွေ့တိုင်း အချို့ကနှစ်သက်မှုနှင့် ပေါ်လစ်တိုက်သောစကားတွေပြောသလို အချို့က မစွေရိယာစိတ်နှင့် မလိုတမာ ချေးတုတ်ခနောင်းစကားမျိုးနှင့် ဝေဖန်ကဲ့ရဲ့တာတွေ ခံခဲ့ရဖူး၏။



စနေက ဒါတွေကို ဥပေက္ခာထားသည်။

လမ်းကလေးမှာ မီးလင်းနေသည်။ တိုက်မှာ ပေခြောက်ဆယ်ကျော်လောက် ရှည်မည်။

အတွင်းသို့ဝင်လိုက်သည်။ ညာဘက်ကို ကွေ့၏။

ဟော ... စားပွဲနှင့် ကုလားထိုင်နှင့် လူတစ်ယောက်ထိုင်လို့။

သူက စနေကိုမြင်လျှင် မတ်တပ်ရပ်လိုက်သည်။ ဝန်ထမ်းအကူအညီခေါ်သည့် ရုံးစေပဲဖြစ်ပါလိမ့်မည်။

အပြင်မှလူတွေမှာ အကျီအဖြူနှင့် အပြာရောင်ယူနီဖောင်းဝတ်ထားပေမဲ့ ဒီဝန်ထမ်းကတော့ အနီနှင့် အတွင်းကအဖြူယူနီဖောင်းဝတ်ထား၏။ လျှာထိုးဦးထုပ်တစ်လုံးကိုတော့ စားပွဲပေါ်မှာ ချတ်တင်ထား၏။

"ဆရာ ... သူဌေးနဲ့ တွေ့ချင်ပါသလား ခင်ဗျာ ... "

သူသည် စနေထက် အသက်ကြီးကောင်း ကြီးမည်ဖြစ်စေကာမူ မေးလိုက်သောစကားက ယဉ်ကျေးကိုင်းရှိုင်းသောအမူအရာပါနေသည်။

"ဦးနန္ဒာမိုးက ... ကျွန်တော့်ကို ချိန်းထားလို့ပါ ... "

"အထဲမှာ နိုင်ငံခြားဧည့်သည်တွေရောက်နေလို့ ... ခဏစောင့်ပေးပါ ... ဒီမှာထိုင်ပါ ... "

ကြိမ်ဆက်တီခုံနှစ်လုံးရှိ၏။ စနေက အေးအေးဆေးဆေးပဲ ဝင်ထိုင်လိုက်သည်။

အတွင်းမှ စကားပြောသံတွေ ကြားရသည်။

အင်္ဂလိပ်ဘာသာနှင့် ပြောကြသံတွေ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စကားကျွမ်းသော စနေက သူတို့ဘာတွေ ပြောဆိုနေကြသည်ကို တစ်စွန်းတစ်စကြားရသော အင်္ဂလိပ်စကား ကြောင့် နားလည်လိုက်သည်။

ခဏောပါပဲ ... ။

ရုံးခန်းတံခါးပွင့်သွားသည်။

မြန်မာအမျိုးသမီးတစ်ဦး ...

တရုတ်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး... ။

မြန်မာမှာ ဝိုက်ခေါ် လမ်းပြသူဖြစ်မည်။ တရုတ်တွေကတော့ စက်ာပူမှ တရုတ်တွေဖြစ်မည်။

သူတို့နောက်မှတွဲပြီးလိုက်လာသူက ဦးနန္ဒာမိုး။

လူက ဝဝ ...

ဆံပင်တွေက ခေါင်းတွင် ဖြူတစ်ဝက် မည်းတစ်ဝက်နှင့်ဖြစ်ကာ ယင်းဆံပင်တွေကို သပ်ရပ်စွာဖြီးထားသည်။

မျက်နှာပြပြလေးထောင့်ဖြစ်စေကာမူ ချောမောခန့်ထည်သော ရုပ်ရည်ရှိ၏။

မျက်မှန်တပ်ထားတာမို့ မျက်မှန်နှင့် ပိုကြည့်ကောင်း၏။

သူ့အသက်က ငါးဆယ်အတွင်းမှာပဲ။

သူက စနေကို မြင်သည်။ တည်ငြိမ်မာကြောသော မျက်နှာရှင်မို့ စနေကိုရယ်မပြပါ။

သူတို့ထွက်လာတာကြောင့် ဝန်ထမ်းအကူက ထရပ်သည်။

ညှိသည်တွေနှင့် သူတို့သူဌေးကို ခါးကိုင်းနှုတ်ဆက်



ဂါရဝပြု၏။

စနေကတော့ တည်တည်နှင့် ထိုင်မြဲထိုင်ဆဲ။

ဟုတ်တယ်လေ ... ကိုယ်က သူတို့ဝန်ထမ်းမှ မဟုတ်တာ။

ပြီးတော့ နိုင်ငံခြားသားတွေနှင့် တွေ့ဆုံဖူးသည့် သူသည် ဘယ်နိုင်ငံခြားသားကိုမှ အထင်မကြီးပါ။

သူတို့နိုင်ငံမှာ သူတို့တံမြက်စီးလှည်း၊ ဖိနပ်တိုက်နေတဲ့ အကောင်တွေကတောင် ဒီနိုင်ငံမှာ ဒေါ်လာတန်ခိုးကြီးလို့ ဒေါ်လာအားကိုးနှင့် လာချွာနေတာဖြစ်မှာ ... ။

လက်ထဲ ဒေါ်လာရှိ အလုပ်ဖြစ်တာပဲ။

သည်တော့ နိုင်ငံခြားသားကို အထင်ကြီးရမှာတဲ့လဲ။

စနေကို မမြင်သလိုပြုပြီး နိုင်ငံခြားသားတွေထွက်သွားသည်နှင့် ဦးနန္ဒာမိုးက သူ့အခန်းထဲ သူပြန်ဝင်သွား၏။

စနေက စိတ်မဆိုးပါ။

ငွေရှင်ကြေးရှင်လုပ်ငန်းရှင်ကြီးတွေမှာသည်သဘောတော့ ရှိရမယ်ပေါ့။

စားပွဲပေါ်မှ အင်တာကွမ်းက မြည်လာ၏။

"မင်း လာခဲ့ဦး ... "

အင်တာကွမ်းထဲမှ အသံ ... ။

"ဟုတ်ကဲ့ ... သူဌေး ... "

ရုံးအကူလူက အင်တာကွမ်းထဲပြန်ပြောပြီးတော့ ရုံးခန်းထဲ ဝင်သွား၏။

စနေ ဒေါကန်သလိုဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိကို မြင်လျက်သားနှင့် ဒီလူကြီး မမြင်ဟန်ဆောင်ပြီး ခေါ်မတွေ့တာ ဘာသဘောလဲ။

မိမိကို နှိမ်ချင်လို့လား။

သူဆက်စောင့်သင့် မစောင့်သင့်တွေးနေစဉ် ရုံးခန်းတံခါးပြန်ပွင့်သွား၏။

ရုံးအကူ ပြန်ထွက်လာ၏။

"ခင်ဗျားကို အခန်းထဲမှာ သူဌေးစောင့်နေတယ် ... လွှတ်လိုက်ပါတဲ့ ... "



ဇာတ်လမ်းစဉ်(၃)

သူသည် မျက်လုံးတွေကို စုံမှိတ်ထား၏။

ဖြူသောအသားနှင့် ဖြိုးသောကိုယ်ပေါ်တွင်ရှိသော ဝတ်စုံက တန်ဖိုးရှိပြီး အနောက်တိုင်းဝတ်စုံပဲဖြစ်သည်။

သူ့ရုပ်သည် မျက်မှန်တွင်းမှ မျက်စိမှိတ်ထားစဉ်မှာ ဆုရွှေနှင့် တူတာကိုတော့ တွေ့ရ၏။

ကျယ်ပြန့်သောနဖူးပြင်နှင့် ဆံပင်တွေ၏ရှေ့တွင် ချွန်းထွက်နေသော ဦးစွန်းရှိသည်။ လည်တိုင်တွင် အရစ်တွေရှိ၏။

ဆံပင်ဦးချွန်းရှိသူနှင့် လည်တိုင်တွင် ဘယက်ရစ်ရှိသော်ယောက်ျား၊ မိန်းမတို့သည် ကြီးပွားချမ်းသာပြီး လုပ်ရည်ကိုင်ရည်ရှိတတ်သည်ဟု ကိုဂျက်၏မေမေပြောတာ ကြားဖူးသည်။

ကိုဂျက်ကကြည့်နေစဉ် ဦးနန္ဒာမိုး၏ ပိတ်နေသော မျက်ခွံတွေ ပွင့်လာသည်။

သူက စနေကို စူးစူးစိုက်စိုက်ကြည့်၏။

သူ့သမက်လောင်းကို သူဘယ်သို့သုံးသပ်နေသည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဂျက်ကတော့ ဒီယောကျာ်းမလောင်းကြီးကို ဘာမို့ ကြောက်ရမှာလဲဟူသော အာခံစိတ်ရှိသော မျက်လုံးတို့နှင့် မျက်မှန်တွင်းမှ ကြည့်သည်။

ဒါပေမဲ့ ဂျရဝတ္တရားအနေအထားနှင့်တော့ လက်နှစ်ဘက်နောက်ပစ်ထား၏။

ဦးနန္ဒာမိုးလိုလူမျိုးလူစားရှေ့တွင် သိပ်ပြီးအရိုအသေပေး၊ သိပ်ရိုကျိုးနေပါက တုံးအောက်က ဖားဖြစ်သွားလိမ့်မည်ကိုတော့ သိသည်။

"ထိုင် ... "

ဦးနန္ဒာမိုး၏ အသံ ... ။

အသံမှာ အမိန့်အာဏာသံလည်း မဟုတ်။

ရင်းနှီးသောအသံလည်း မဟုတ်။

"အန်ကယ်(လ်)ခေါ်တယ်ဆိုလို့ ... "

စနေကလည်းကြောက်သောအသံရိုကျိုးသောအသံ မဟုတ်။

သူက ရှေ့မှတစ်ယောက်ထိုင် ဆိုဖာတွင် ဝင်ထိုင်ပြီးဖြစ်၏။ ဦးနန္ဒာမိုးက စကားမပြောသေးဘဲ ရှေ့မှပြာခွက်ထဲရှိ ပလက်တီနမ်ကေ့(စ်)စီးကရက်ဘူးထဲမှ ငါးသုံးလုံးစီးကရက်ကို ဆွဲယူကာ နှုတ်ခမ်းတေ့လိုက်၏။

ဒီတစ်ခါတော့ စနေက အလိုက်သိပါသည်။

စတီး(လ်)ငွေရောင်ပြာခွက်ထဲတွင် တွဲပြီးထားရှိသော ဇစ်ပိုမီးခြစ်ကိုယူကာ မီးခြစ်ပေးသည်။ ထိုမီးခြစ်မှ မီးတောက်ကလေးတွင် ဦးနန္ဒာမိုးက မီးညှိသည်။



ယောကျာ်းမလောင်းဆိုတော့ ... ဒါလောက်တော့ အလိုက်သိရမှာပေါ့လေ။

စီးကရက်ငွေ့တွေကို အဆုပ်ထဲရှူသွင်း၏။ ပြီးမှ နှာခေါင်းမှ မီးခိုးတွေထုတ်ပစ်လိုက်သည်။

ဆေးလိပ်သောက်လေ့သောက်ထမရှိသော စနေက ဒါတွေကိုကြည့်ကာ မျက်နှာမသိမသာကလေး ရှုံ့မိ၏။

စီးကရက်ငွေ့တွေကို ရှူသွင်းတိုင်း၊ ရှူသွင်းတိုင်း ဦးနန္ဒာမိုး စက္ကန့်နှင့်အမျှ ဘယ်လောက်အသက်တိုတိုသွားမည်ကို ခန့်မှန်းမိ၏။

"မင်းကိုခေါ်တာက တိုင်ပင်စရာရှိလို့ပါ ... မင်းက ငါ့သမီးနဲ့ ရည်ငံနေကြတော့လည်း မင်းဟာတစ်နေ့နေ့မှာ ... ငါ့သားမက်ဖြစ်ကောင်း ဖြစ်လိမ့်မယ် ... ပြီးတော့ မင်းဟာ လူငယ်တစ်ယောက်လည်းဖြစ်တယ် ... မင်းကို ယုံကြည်ရလိမ့်မယ်လည်း ထင်တယ် ... မင်းက ငါ့မျက်စိအောက်မှာရှိနေတာ နှစ်ပေါင်းအရေအတွက်တော့ ရှိမယ် ... "

"ပြောပါ ... ကျွန်တော် ဘာကူညီရမလဲ ... "

"ဒီလိုကွာ ... အန်ကယ်(လ်)က မှောင်ခိုပစ္စည်းတစ်ခုကို ဝယ်ချင်တယ် ... ပစ္စည်းက နိုင်ငံခြားထုတ်မဲ့ပစ္စည်းပဲ... "

"ဘာပစ္စည်းလဲ ... "

"ဆောရီး ကိုဂျက် ... ဒါတော့ မသိချင်နဲ့ ... မှောင်ခိုပစ္စည်းဆိုတော့လည်း မှောင်ခိုပစ္စည်းပဲ ထားလိုက်ပါ ... အဲဒီပစ္စည်းကို လူတစ်ယောက်က ကြားကဖြောင်လိုက်ပြီး ... အန်ကယ့်(လ်)ကို လှည့်ရောင်းဖို့ ကြံတယ် ... သိန်းနှစ်ဆယ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်မှာတော့ ဒီငွေဟာ အရေးအတွက်နည်းပါလိမ့်မယ် ဒါပေမဲ့ အဲဒီပစ္စည်းဟာ အန်ကယ်(လ်)လက်ထဲရောက်ပြီး ရင် … အန်ကယ်(လ်)အတွက် သန်းချီပြီးရမဲ့အနေအထား ရှိနေတယ် … ကိုဂျက် … ”

ကိုဂျက်က နားစိုက်ထောင်နေစေကာမူ နှုတ်ကတော့ ဘာမှပြန်မပြောပါ။

“အန်ကယ်(လ်)က ဒီပစ္စည်းကို သွားယူရမှာဆိုတော့ … အန်ကယ်(လ်)တစ်ယောက်တည်း မသွားချင်ဘူး … ”

“မသွားချင်ဘူးဆိုတာထက် … မသွားရဲဘူးဆိုပါဗျာ … ”

ဂျက်စနေ၏ စိတ်ထဲမှ ပြောမိသည်။

“ဒီတော့ … အန်ကယ်(လ်)မှာ အကူအညီပေးနိုင်မဲ့အဖေါ် လိုတယ် … ”

“နီးနီးနားနားစဉ်းစားကြည့်တော့ … မင်းပဲရှိတယ် … ”

“ကျွန်တော် … ဘာလုပ်ပေးရမလဲ … ”

“မင်းက အန်ကယ်(လ်)ရဲ့ ဘော်ဒီဂတ်အဖြစ် လိုက်ခဲ့ပါ … ငွေသေတ္တာကို မင်းပဲကိုင်ရမယ် … ရန်သူရှိကောင်း ရှိလိမ့်မယ်လို့ အန်ကယ်(လ်)ထင်တယ် … အဲဒီရန်သူဟာ အန်ကယ်(လ်)ငွေသိန်းနှစ်ဆယ်ကို လုကောင်းလုမယ် … ဒါမှမဟုတ် ဟိုပစ္စည်းကို အန်ကယ်(လ်)လက်ထဲက လုကောင်းလုမယ် … မင်းက ဒီအတွက်အန်ကယ်(လ်)နဲ့ ငွေ … ဒါမှမဟုတ် အဲဒီပစ္စည်းအတွက် ကာကွယ်ပေးရုံပဲ … ”

“ကျွန်တော့်အသက်နဲ့ ရင်းရမှာပေါ့ … ”

“မင်းအတွက် အကျိုးအမြတ်ရစေမယ် … မင်း အခုဘီယာ



ဆိုင်ဖွင့်မလို့ဆို … ”

“အန်ကယ့်(လ်)ကို ဆုချွေပြောလိုက်ပြီ ထင်တယ် … ”

“သူမပြောလည်း … ငါ့မှာ နားတွေမျက်စိတွေရှိပါတယ်… မင်း မှာရှိတဲ့ငွေကလေးနဲ့ ဘီယာဆိုင်ဖွင့်ဖို့ လုံလောက်ပါ့မလား … မင်း အခုအခန်းငှားရမ်းခငွေတွေ ကုန်သွားပြီ မင်းမှာ အခန်းပြင်ဆင်စရိတ် … ကုမ္ပဏီကိုလျှောက်တဲ့အခါ ကုန်ကျစရိတ် … စပေါ်ငွေတွေတင်ရမဲ့ စရိတ် … ဝယ်ယူရမဲ့ စရိတ် … အလုပ်သမားစရိတ် … မင်းအတွက် နေ့တိုင်းစားသောက်စရိတ် … မင်းရှိတဲ့ ငွေလေးနဲ့ ဘယ်လိုရှင်းမလဲ ခုချိန်မှာ … မင်းငွေလိုနေမှာပဲလေ … ”

ရှေ့မှ ငွေရှင်ကြေးရှင်ကြီးပြောတာကို ကိုဂျက်က စဉ်းစားသည်။

လုပ်ငန်းတစ်ခုအလယ်အလတ်လုပ်လျှင်တောင် ဆယ်ဂဏန်းနှင့်မလောက်သောငွေ၏ပမာဏကသိန်းရာချီရှိကောင်း ရှိလိမ့်မည်။

ဘီယာဆိုင်ဆိုတာ အသေးစားလုပ်ငန်းတစ်ခုပါပဲ။

“မင်း စီးပွားရေးကိုတော့ ငါမပြောပါဘူး … အေး … မင်း ငါ့ကို စောင့်ရှောက်ပေးတဲ့အတွက် စောင့်ရှောက်ခက မင်းကို ဆယ်သိန်းပေးမယ် … ”

“ဆယ်သိန်း … ”

“ဘာလဲကွ … နည်းတယ် ထင်သလား … ”

စနေက နေကာမျက်မှန်ကို ခေါင်းတွင်ပင့်တင်လိုက်သည်။ ဦးနန္ဒာမိုး၏ မျက်လုံးတွေထဲ သူ့စိတ်မှ စိတ်တွေကို လွှတ်၍

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်၏။

ဦးနန္ဒာမိုးကလည်း စိမ်းစိမ်းရှုရှုကြည့်၏။

မျက်လုံးနှစ်လုံး၏အရှိန်သည် ကိုယ့်မာန် ကိုယ့်မာနနှင့် တိုက်မိခိုက်မိကြတော့မလိုဘဲ။

တခြားသူစိမ်းဆို စနေက သူ့အကြည့်ကို အလျှော့ပေးမည် မဟုတ်။

ယခုတော့ ယောက္ခမလောင်းဟူသော အသိနှင့် ဆုချွေး၏ မျက်နှာကလေး၊ ဆုချွေး၏အချစ်က ရှိနေသည်လေ။

သူကပဲ ဦးစွာမျက်လွှာချလိုက်သည်။ ပခုံးတွေကို တွန့်ပင့်လိုက်သည်။

"ကျွန်တော် ဆုချွေးကို ချစ်တာ ဆယ်သိန်းမကတန်ပါတယ် ယောက္ခမလောင်းအတွက် လုပ်ပေးဖို့ကလည်း … ငွေဆယ်သိန်းနဲ့ မနှိုင်းယှဉ်အပ်ပါဘူး … "

စိတ်ဆိုးချင် ဆိုးတော့ … ။

ပြောချပစ်သည်။

ဦးနန္ဒာမိုးက တည်တည်ပဲ။

"ခုချိန်မှာ … ဆုချွေးကို ထည့်မပြောပါနဲ့ကွာ … မင်းနဲ့ ငါ စေတနာကြေးပါ … မင်း ငါ့ကိုစောင့်စောင့်ရှောက်ရှောက် လုပ်ပေးခဲ့ရင် … အဲဒီအတွက် ငါက ကျေးဇူးတင်တဲ့သဘောနဲ့ ပေးမှာပါ … လုပ်ခမဟုတ်ပါဘူး … "

"ဒါဆိုရင်တော့ … ကျွန်တော် လက်ခံပါတယ် … "

"စာချုပ်လိုသေးလား … "

"အန်ကယ်(လ်)ဟာ လူကြီးလူကောင်းပဲ … စကားရှိပါတယ် … အန်ကယ်(လ်) ခေတ်စကားနဲ့ပြောရရင် (GENTLEMAN'S AGREEMENT IS WITHOUT BOND)တဲ့ … လူကြီးလူကောင်းတွေရဲ့ ကတိကဝတ်မှာ စာချုပ်မပါလည်း ဖြစ်ပါတယ် … "



ဒီစကားက ဦးနန္ဒာမိုးကို လေးစားရာလည်းရောက်သည်။ ပင့်ပေးရာလည်း ရောက်သည်။

လူကြီးက သဲ့သဲ့ကလေးပြုံးလိုက်၏။

ကိုဂျက်တစ်ယောက် သူ့ကိုစတွေ့ချိန်မှ ပထမဆုံးမြင်ရသော အပြုံးကလေး။

"မင်းစကားပြောတာ ခေတ်မီပါတယ် … လူကြီးလူကောင်းဆန်ပါတယ် … ကောင်းပြီ … ဒါဆို ဒီညမှာပဲ အလုပ်စလုပ်ကြစို့ရဲ့ … "

"ဟုတ်ကဲ့ … "

"မင်း … လှိုင်သာယာက ညောင်တုန်းဘက်သွားတဲ့လမ်းကို ရောက်ဖူးလား … "

"ရောက်ဖူးပါတယ် … "

"ဘယ်နှစ်ခါရောက်ဖူးလဲ … "

"တစ်ခါပါပဲ … "

"ဘာတွေ ထူးခြားလဲ … "

"အန်ကယ်(လ်)ရယ် … ဘာတွေထူးခြားမလဲ … လှိုင်သာယာမြို့ကနေ ညောင်တုန်းအထိ လမ်းသိပ်ကောင်းတယ် … လမ်းကျဉ်းပေမဲ့ ကတ္တရာလမ်းက ဖြူးနေတော့ ကားမောင်းလို့ ကောင်းတယ် … ဘေးတစ်ဖက်တစ်ချက်မှာ သစ်ပင်

www.burmeseclassic.com



တွေ စိုက်ထားတာ သိပ်လှတာ ... ထိန်ပင်သုသာန်ကို သွားတဲ့လမ်းခွဲရှိတယ် ... ဒါတွေ ထူးခြားတာမှမဟုတ်ဘဲ"

"ဘာမှ မထူးခြားဘူးဆိုလည်း ... ပြီးရောကွာ ... "

မိမိအား သက်သက်စကားနိုင်လှသည်ထင်ကာ ဂျက်စနေမှာ အောင့်သက်သက်ဖြစ်သွား၏။

အေးလေ ... ယောက္ခမလောင်းဆိုတော့ ခံလိုက်ဦးပေါ့။

"ငါပြောမယ် ... လှိုင်သာယာကနေ ဆယ်မိုင်လောက်မှာ ပန်းတိုင်ဆိုတဲ့ ရွာကလေးရှိတယ် ... အဲဒီရွာကလေးနားက ချောင်းထိပ်မှာ လက်ဖက်ရည်ဆိုင်နှစ်ဆိုင်ရှိတယ် ... အဲဒီ လက်ဖက်ရည်ဆိုင်ကို မင်းနဲ့ငါ ညဘက်သွားရမယ် ... "

"ဆိုင်က ဖွင့်ဦးမလား ... "

"ဆိုင်ဖွင့်တာ မဖွင့်တာ ငါနဲ့မဆိုင်ဘူး ... ဒီနားမှာ လူတစ်ယောက်က ငါနဲ့ချိန်းထားတယ် ... အဲဒီလူဆီက မှောင်ခိုပစ္စည်းတစ်ခုကို ငါက သိန်းနှစ်ဆယ်ပေးပြီး ယူရမှာကွ"

"ဒါဆို ... ကျွန်တော်က လိုက်စောင့်ရှောက်ပေးရုံပေါ့"

"ကားကို ... မင်းကိုယ်တိုင်မောင်းရမယ် ... "

"ခင်ဗျာ ... "

"မင်း ကားမောင်းတတ်တာကို ... ဆုရွှေက ငါ့ကိုပြောပြီးသားပဲ ... မင်းနဲ့ ငါ နှစ်ယောက်တည်းသွားရမှာ ... "

"ကောင်းပါပြီ ... အန်ကယ်(လ်)ရယ် ... "

ယောက္ခမလောင်းဆိုတော့ ... မတော်ခင်မှာ ရှင်လောင်းမယ်တော်လို ဖျာလိပ်ပြီးခေါင်းပေါ်တင်။



သူ့သမီးရပြီးရင်တော့ ကြက်တောင်နဲ့ ဘက်တံလို ရိုက်ခါပစ်လိုက်ရုံပဲပေါ့။

"မင်း ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောနဲ့ ... ငါ့သမီးဆုရွှေကိုတောင် မပြောနဲ့ ... "

"ဟုတ်ကဲ့ ... "

"မင်း သွားလို့ရပြီ ... "

"ဟုတ်ကဲ့ ... "

သူက ခေါင်းညိတ်ကာ ထလိုက်သည်။

ဦးနန္ဒာမိုးသည် ပြောခဲ့ပြီးသော စကားများကိုရော၊ ရှိနေဆဲ ဂျက်စနေကိုပါ စိတ်မဝင်စားတော့သလို တယ်လီဖုန်းက ရက်ဒယ်(လ်)ရှိရာသို့ လက်လှမ်းလိုက်၏။

"နေပါဦး ခင်ဗျ ... ရှိပါသေးတယ် ... "

တယ်လီဖုန်းစကားပြောခွက်ကို ကိုင်လျက် တန်းလန်းမှ ဦးနန္ဒာမိုးက မျက်မှောင်ကုတ်၍ လှည့်ကြည့်၏။

"ဘာပြောမလို့လဲ ... "

"အန်ကယ်(လ်)နဲ့ ကျွန်တော်နဲ့ သွားကြတာတော့ ဟုတ်ပါပြီ... ဒါပေမဲ့ချိန်းဖို့လိုတယ် ... ကျွန်တော်က အန်ကယ့်(လ်)ဆီကို လာရမလား ... အန်ကယ်(လ်)က ကျွန်တော့်ဆီကို လာမှာလား ... အန်ကယ့်(လ်)ဆီ ကျွန်တော်လာရင် ဘယ်ကိုလာရမလဲ ... ဓမ္မစေတီလမ်းက အန်ကယ့်(လ်)အိမ်ကို လာရမလား ... ဒီကုမ္ပဏီကိုပဲ လာရမလား ... "

"ဩော် ... ဟုတ်ပေသားပဲ ... ဆောရီးကွာ ... ငါမေ့သွားတယ် ... မင်းဆီကို ငါညနေခြောက်နာရီအရောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



မယ် … မင်းကို ဘယ်မှာတွေ့ရမလဲ … ”

“ကျွန်တော် … ”

သူက စဉ်းစားနေပြီးမှ လိပ်စာကတ်တစ်ခုကို စားပွဲပေါ်ရှိ ဘောလ်ပင်မင်ချောင်းထည့်သော ခွက်ကလေးတစ်ခုထဲမှ ဘောလ်ပင်ချောင်းနှင့် စာရွက်ကလေးတစ်ခုတွင် ရေးခြစ်ပြသည်။

“ဒါ … အခု ကျွန်တော်ဝယ်ထားတဲ့ တိုက်ခန်းပါပဲ … အဲဒီမှာ ကျွန်တော်စောင့်နေမယ် … ”

လိပ်စာပါစာရွက်ကလေးကို ဦးနန္ဒာမိုးက ကောက်ယူသည်။ ဖတ်လို့တောင်မကြည့်။

“အိုကေ … မင်းနဲ့ ငါ အဲဒီမှာ တွေ့မယ် … ငါ့ကားကို မင်းသိတယ်နော် … ”

“ပါကွဲရိုးပဲ … ”

ခေါင်းကိုပဲ ညိတ်သည်။ ခရက်ဒယ်(လ်)ရှိ ဖုန်းခေါ်နံပါတ်တွေကို ဦးနန္ဒာမိုးက လှည့်သည်။

တစ်ချက်မျှစိုက်ကြည့်ပြီးမှဂျက်စနေကရုံးခန်းအပြင်ထွက်လာသည်။

ရုံးအကူသည် စနေထွက်လာတာကို ထပြီးအလေးလည်း မပြုပါ။ ဂရုလည်း မစိုက်ပါ။ ဝတ္ထုစာအုပ်တစ်အုပ်ကိုသာ အာရုံသွင်းဖတ်နေသည်။

ဂျက်စနေကုမ္ပဏီပြင်ဘက်ရောက်သည်အထိ မိန်းကလေးတစ်ယောက် နှစ်ယောက်က ရဲရဲတင်းတင်းလိုက်ကြည့်ကြသည်။

ပြီးတော့ … တစ်ယောက်ကို တစ်ယောက်ဘာတွေ



ပြောသည် မသိ။

ပြောပြီး ရယ်ကြသည်။

ဂျက်စနေက သူ့ဒီတိတ်ကြီး၏အသံကို လူတွေ မကြားစေလိုသောကြောင့် ဝင်းဝအထိ တွန်းသွားသည်။

ဝင်းဝတွင်ရှိနေသော ခြံစောင့်က သံတံခါးကို ထဖွင့်ပေးသည်။

သည်စဉ် ကားလေးတစ်စီးက ခြံရှေ့ပလက်ဖောင်းတွင် ထိုးဆိုက်လာသည်။

ကားမှာ တိုယိုတာ ကိုရိုလာအယ်စတစ်(TOYOTA COROLA ALTIS)ကားဖြစ်သည်။ အရောင်က တောက်ပသော အနက်ရောင်ကလေး။

ကားကိုယ်ထည်က မာကျောလှပပါသည်။

မလေးရှားမှ ဦးနန္ဒာမိုးက သူ့သမီးအတွက် သက်ဆိုင်ရာမှ ခွင့်ပြုချက်နှင့် မှာယူတင်သွင်းပေးလိုက်သော အသစ်စက်စက်ကားလေးဖြစ်သည်။

ထိုကားကို သော်တာဆုချွေကပဲ မောင်းလာ၏။

“ကိုဂျက် … ”

“ဆုချွေ … ”

“အက်ဒီနဲ့ တွေ့ပြီးပလား … ”

“တွေ့ပြီးပြီ … ”

ကားတံခါးကို ဖွင့်ကာ ဆုချွေဆင်းလာသည်။ သူမသည် မိန်းကလေးများထဲတွင် ရှာမှရှားသော အရပ်ဖြစ်သည်။ အရပ်ငါးပေကိုးလက်မခွဲရှိသော စနေထက် နှစ်လက်မပဲနိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ကောင်းသည်။

ကိုယ်လုံးကိုယ်ထည်အချိုးအဆစ်ကျနပြေပြစ်သည်။

သူမ၏အင်္ကျီအဝတ်အစားများကို တိုင်းတွာချုပ်လုပ်သော အပ်ချုပ်ဆိုင်က သူမ၏ခြုံထည်ကို တိုင်းမည်ဆိုလျှင် ရင်သုံးဆယ့်ရှစ်လက်မ၊ ခါးနှစ်ဆယ့်လေးလက်မ၊ တင်လေးဆယ်လက်မ လို့ တိုင်းရပေမည့် အမျိုးအစား။

လည်ကုတ်အထိ ဝဲကျနေသော စတက်ပေါင်းများ ရှာပါသည့် ဆံနွယ်ခွေတို့အောက်တွင် ဒိုလိုနစ်နေကာမျက်မှန်တပ် ထားသည်။

အထက်တွင် ပုလဲပေါက်များပါသော အင်္ကျီလှလှ ကလေးနှင့် ရွှေဓာချည်ပါတိတ်ထမီအဆင်လှလှလေး ဝတ်ထား၏။

လှပသော မျက်နှာ ...

ကောင်းမွန်တောင့်တင်းသောအရပ်နှင့်ကိုယ်ထည်။

အချိုးအဆစ်ကျသော ခန္ဓာကိုယ်၏ပြယုဂ်သည် ယောကျ်ားတကာတွင် သက်ကြီးရွယ်အိုများကိုပင် ဆွဲဆောင်နိုင်စွမ်း ရှိ၏။

အကြင်သူမနှင့် အကြင်ဤယောကျ်ားသည် မြစ်နှင့် သောင်၊ ဟိမဝန္တာနှင့် ရွှေဟင်္သာလို လိုက်လျောညီထွေလှပါပေ၏။

ခြိစောင့်ပင် ငေးသွားသည်။

"ဘယ်ကလာတာလဲ ဆုရှေ ... "

"ဟာကွာ ... မာမီပေါ့ ... ဒီမနက်မှ စင်္ကာပူသွားပြီး ရှော့ ပင်(SHOPPING)လုပ်ရင် နှင်လိုက်သွားဆိုပြီး ပြောလို့ ... မလိုက်ချင်ဘဲ လိုက်ရဦးမယ် ... အဲဒါ ဖလိုက်တိကက်



(FILGHT TICKET)ဝယ်ဖို့ ငွေနည်းနည်းထပ်လိုနေတာရယ် ဆုရှေမှာလည်း ပေါ့ကတ်မန်းနီး(POCKET MONEY)နည်း နေတယ် ... လက်ထဲမုန့်ဖိုးငွေက သုံးသောင်းပဲကျန်တော့ တယ် ... မာမီက ဒီကပလတ်စတာတွေ ... မော(လ်)တွေမှာ ပစ္စည်းဝယ်ရရက်နဲ့ စိတ်ကြိုက်မတွေ့လို့ စင်္ကာပူမှာ သွား ဝယ်မယ်တဲ့ ... "

စနေ သက်ပြင်းချလိုက်၏။

ချမ်းသာတဲ့လူတွေကျတော့ ပြည်ပမှာကိုတောင် စိတ်ကြိုက်ဈေးဝယ်နေကြပါလား။

စင်္ကာပူတို့ ထိုင်းတို့ဆိုတာ သူတို့အတွက် ဒီကသွား လာနေတာ အိမ်နောက်ဖေးနှင့် လမ်းကြားလိုဖြစ်နေပြီပဲ။

ဆုရှေသာ မိမိနှင့်ရလျှင် သူမ ယခုလိုသွားလာသုံး ဖြုန်းနေတာကို လိုက်လျောနိုင်ပါ့မလား။

စနေ ကြိတ်သက်ပြင်းချလိုက်သည်။

"ကိုဂျက် ခဏစောင့်နော် ... ဆု အခုပဲပြန်လာမယ် ... "

စနေ ခေါင်းကိုပင် မညိတ်နိုင်မီ မချောလေးက ငှက် တောင်ပံဖြန့်ခြေဆန့်သွားသည့်နှယ် ပေါ့ပေါ့ကလေး ကားထဲဝင်ကာ အက်တလာကားကို ခြံထဲချိုးဝင်မောင်းသွားသည်။

ဆယ်မိနစ်နီးပါးပဲ။

သူမပြန်ထွက်လာသည်။

"ကိုဂျက် ... ဒိုရင်း(DORREN)ကို လိုက်ခဲ့ ... "

ပြောသွားသည်။ ဒိုရင်းက ဝါးတန်းလမ်းက ဗဟိုသည် အိမ်ရာတွေနားမှာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မော်တော်ဆိုင်ကယ်နှင့် လိုက်သွား၏။ မြန်ဆန်သော သူ့မော်တော်ဆိုင်ကယ်က မချောလေး၏ကားကို အလျင်ဦးအောင် ကျော်ဖြတ်ပြီး ဒိုရင်းစားသောက်ဆိုင်၏ မျက်နှာစာရှေ့က လှပသော သစ်ပင်များကြားမှ စောင့်နေလိုက်၏။

အဲသည်မှာ ထူးဆန်းလှပသော သစ်ပင်တစ်ပင်ရှိ၏။ အပင်၏ ပင်စည်က ကွမ်းသီးပင်လိုဖြစ်ကာ ၎င်းမှထွက်သော အကိုင်းအခက်အလက်အရွက်တို့က စိမ်းစိမ်းစိုစိုနှင့် အုန်းလက် အုန်းရွက်တွေလို ပြွတ်သိပ်စွာ ထိုးထွက်ဖြာကျနေသည်။

ဒိုရင်းသည် ခမ်းနားလှပသော နိုင်ငံခြားညှိခံခန်းမလို ခန်းမမျိုးဖြစ်သည်။

အပေါ်ထပ်အောက်ထပ် နှစ်ထပ်လုံးကိုမီးဆိုင်းများ ဂျပန်မှန်ချပ်တံခါးများလို လှလှပပပြင်ဆင်ထားသည်။

ဝင်လိုက်လျှင် အေးစိမ့်ကြည်နူးသော ခံစားမှုများကို ခံစားရသည်။

သူတို့နှစ်ယောက် လာနေကြ။

စားနေကြဖြစ်သော ကြက်မြေအိုးထမင်းပေါင်းတစ်အိုးကို မှာသည်။

ဝဲဘက်ရှိ အခန်းတွင် ဆိုဖာများနှင့် စားပွဲများကို အကန့်လိုက် ခင်းထားသည်။

သူတို့က တစ်နေရာတွင် ဝင်ထိုင်သည်။

ကြက်မြေအိုးထမင်းပေါင်းအိုးကို ပန်းကန်တစ်ခုစီတွင် ဆုချွေက ထည့်ပေး၏။ ကြက်မြေအိုးထမင်းပေါင်းဆိုတာက အလောတော်မြေအိုးထဲတွင် ထမင်းကို အောက်မှခံပြီး အထက်မှ



ကြက်သား၊ ကြက်အသည်းအမြစ်များနှင့် ပေါင်းထားသော ထမင်းဖြစ်၏။

ထိုင်းအစားအစာတစ်ခုထဲမှ ဖြစ်သည်။

စားလို့ ချိုစိမ့်သည်။ သူတို့ ဒီကိုရောက်လျှင် ဒါပဲစားကြသည်။ ကြိုက်တာကိုး။

"ဒက်ဒီ ... ဘာပြောသလဲ ... "

"အထူးအထွေတော့ မဟုတ်ပါဘူး ဆုရာ ... သူ ထိုင်းကို မြဝတီဘက်က လှည့်သွားချင်တယ်တဲ့ ... အတိတ်တုန်းက သူသွားဖူးတဲ့နေရာတွေတဲ့ ... အဲဒီကိုသွားရင် ကိုယ်က သူ့ကို အစောင့်အရှောက်အဖြစ် လိုက်ရမှာတဲ့ ... "

တင်ကူးပြီး ကြံစီရင်းစွဲရှိတာကြောင့် တင်ကူးသော အတွေးများနှင့် ကိုဂျက်က ဆိုသည်။

"ထိုင်းကို သူ့ဖလိုက်နဲ့ သွားနေကျပဲ ... ဘာသွားလုပ်မှာလဲ ... "

"အဲဒါတော့ ... မပြောဘူး ... "

ဆုချွေက ဇွန်းခရင်းနှင့် ထမင်းကို သိမ်မွေ့စွာငုံ့စားနေသည်။ သူမပန်းကန်ထဲကို စနေက အသည်းတွေ၊ အမြစ်တွေ ထည့်ပေး၍ ...

"ဆုချွေ ... စင်္ကာပူမှာ ဘယ်လောက်ကြာမှာလဲ ... "

"လေးဆယ့်ရှစ်နာရီထဲပါ ... "

"ကိုယ့်နိုင်ငံကဒေါ်လာတွေ ... သွားသွားဖြုန်းတာတော့ မကောင်းဘူး ထင်တယ်ကွယ် ... "

"မာမီ့ကို ပြောလေ ... မာ့မီက တစ်နိုင်ငံမှာဝယ်တဲ့ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



မှ အကောင်းထင်နေတာ ... ဆုကတော့ နိုင်ငံခြားမှာ ပိုက်ဆံဖြုန်းတာ ဝါသနာမပါပါဘူး ... ”

“ယောက္ခမကြီးတွေက ငွေကြေးသိပ်ချမ်းသာနေတော့ ... သားမက်လောင်းငမွဲပြောတာကို ဘယ်နားဝင်ပါ့မလဲ ... နိုင်ငံခြားကို ရှေ့ပြင်ထွက်တယ်ဆိုတာကိုက ကိုယ့်နိုင်ငံရဲ့ နိုင်ငံခြားဝင်ငွေတွေကို သွားဖြုန်းလိုက်တာနဲ့ အတူတူပဲ ...”

“လူတိုင်း မဟုတ်ပါဘူး ... ကိုဂျက်ရာ ... တချို့ချမ်းသာတဲ့ လူတွေထဲကပါ ... ဒါတောင် သိပ်လိုချင်မှ သွားတာ ... မာမီကသာ ... ပြောရရင် သိပ်မကောင်းဘူး ... ငရဲကြီးမယ် ... ”

“ချမ်းသာတဲ့ လူတိုင်းဟာ ... ကိုယ့်နိုင်ငံ ... ကိုယ့်လူမျိုးရဲ့ အဆင့်ကို မျှဝေခံစားနိုင်ရင် သိပ်ကောင်းမှာပဲနော် ... ”

“ဆုနားလည်ပါတယ် ကိုဂျက် ... ကိုဂျက်နဲ့ ဆု လက်တွဲတဲ့ အခါ ... ဆု ဒါမျိုးတွေ ... အဲ ... မာမီ့လို မဖြစ်စေရပါဘူး ကိုယ့်နိုင်ငံထွက်ပစ္စည်း ... ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုကိုပဲ အားပေးမှာပါ ... ”

“တို့က ဆုရဲ့အဆင့်ကို မမီဘူးနော် ... ”

“ဒါတွေ စိုးရိမ်မနေပါနဲ့ ကိုဂျက် ... ”

“ဘာကို စိုးရိမ်ရမှာလဲ ... ”

“ဒက်ဒီနဲ့ မာမီ ... ကိုဂျက်ကို ဆုနဲ့ သဘောမတူမှာကိုပဲ စိုးရိမ်ပါ ... ကိုဂျက် ... ”

“အဲဒီ့ စိုးရိမ်ချက်ကြီးကို ကိုယ်တိုင်ဖျက်ပစ်မှာပါ ... ဆုရှာ တစ်နေ့သောအခါမှာပေါ့ ... ”



သူတို့က ချစ်သူတို့ထုံးစံအတိုင်း စားသောက်ရင်း ဟိုစကား သည်စကားပြောကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၄)

ရုပ်ရှင်အကြောင်းလည်း ပါ၏။

ချစ်သူတို့ဘာဝ ရုပ်ရှင်ရုံမှာ နှစ်ယောက်သား ပူးပူးကပ်ကပ်နှင့် အမှောင်ထဲမှာ ရုပ်ရှင်ထိုင်ကြည့်နေရတာကိုပဲ ခိမ်ယူရသည်။

သူတို့ပြောသော စကားများထဲတွင် ... ဝိုင်းကဗျာအကြောင်းကိုပြောဖို့တော့ မေ့သွားကြသည်။

ရုပ်ရှင်ကြည့်ဖို့ အချိန်မရတော့ပါ။

စက်ဘပွဲသွားဖို့ ပြင်ဆင်ရဦးမည်။ အဲယားဆစ်(ခ်)လေကြောင်းတွင် ဖုန်းနှင့် လက်မှတ်နှစ်စောင်ကို ကြိုတင်မှာထားခဲ့ပြီးဖြစ်သည်။

ဦးနန္ဒာမိုးလို ချမ်းသာကြွယ်ဝသော လူတစ်ယောက်အတွက် ပြည်ဝင်ပြည်ထွက်ဗီဇာနှင့် ပတ်(စ်)ပို့ဆိုတာ မခဲယဉ်းပါ။

သူ့ကိုမှီပြီး မယားရေး သမီးပါ ကုန်ထိတ်နှင့် ပြည့်စုံကြပါပေ၏။



လောကတွင် ငွေကြေးနှင့် ပေါင်းသင်းဆက်ဆံရေးပဲ အဓိကဖြစ်ခလရဲ့ ... ။

ဆုရွှေနှင့် ခွဲလိုက်သည်။

သူတို့သွားကြလာကြတာကိုတော့ ဦးနန္ဒာမိုးတို့က ခေတ်နှင့် ပြေးနေသော မိဘများပီပီ သဘောမတူသည့်တိုင် မကန့်ကွက်ပါ။ ဘာဘာညာညာမဖြစ်ဖို့သာ မိဘများက ဆုရွှေကိုပြောထားသည်။

ဒါပေမဲ့ တစ်နေ့နေ့မှာသူတို့အနေနှင့် ရုပ်တန်းက ရုပ်ဖို့ရာ သေချာသည်။

အဲသည်လိုဆိုလျှင် ...

ဆုရွှေနှင့် လူချင်းခွဲလာရသော စနေက တွေးသည်။ သက်ပြင်းကြိတ်ချသည်။

ဆုရွှေနှင့် ရှယ်ယာအကြောင်းကို မပြောဖြစ်ခဲ့။

ဦးနန္ဒာမိုးကိစ္စကို သူလိုက်ကူညီလိုက်လျှင် ငွေဆယ်သိန်းရဦးမည်ဆိုတော့ ထိုငွေလောက်နှင့်ပဲ လုံလောက်လိမ့်မည်ထင်ရဲ့။

ဘီယာကုမ္ပဏီကို သူသွားသည်။

မန္တလေးဘီယာကောင်းမလား၊ မြန်မာစည်ဘီယာကောင်းမလား။

မန္တလေးဘီယာက စျေးသက်သာသည်။ မြန်မာစည်ဘီယာကို သောက်ခံသူက များလာသည်။ ဒါပေမဲ့ ဘီယာစျေးတွေကြီးလာတော့ မြန်မာစည်ဘီယာသောက်သုံးသူတွေ ဦးရေလျော့လာသည်ဟု သူငယ်ချင်းတစ်ယောက်က ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးရော၊ မြန်မာပါ ကြော်ငြာရန် မလိုပါ။

တခြား ဘီယာတွေတော့ ရှိပါရဲ့။ ဘီယာ၏ ထက်မြက်သော အာနိသင်နည်းတာကြောင့် ဂျက်စနေ မတင်ဝံ့ပါ။

သူ့အလုပ်ကိစ္စနှင့် သွားလိုက်တာ ညနေငါးနာရီထိုးကာနီးရော။

သူ့မော်တော်ဆိုင်ကယ်အတွက် သတ်မှတ်ထားသော ဆီဆိုင်တွင် ဓာတ်ဆီဖြည့်ပြီးတော့ ငါးနာရီထိုးပြီးစ။

ထမင်းကို နှစ်ဆယ့်ခုနစ်လမ်းမှ ဒေါ်စောရီထမင်းဆိုင်မှာ ဝင်စားလိုက်၏။

ဝယ်ထားသော တိုက်ခန်းရှေ့သို့ရောက်သော် ခြောက် နာရီထိုးရန် မိနစ်နှစ်ဆယ်ပဲလိုတော့၏။

ဆိုင်ကယ်ကို ဒေါက်ချလိုက်သည်။

စက်သော့ကို ပိတ်ကာ သော့ကို သူ့ခါးကြားထဲမှာ ထိုးသည့် ပိုက်ဆံအိတ်ထဲ ထိုးထည့်လိုက်သည်။

ဆိုင်ကယ်ဦးထုပ်ကို ချွတ်လိုက်သည်။ တိုတိုပါးပါး ညှပ်ထားသော ဆံပင်များရှိသည့် ဦးခေါင်းကို တစ်စုံတစ်ခုက လာရောက်ထိမှန်သည်။

မနာပေမဲ့ ဘာပါလိမ့်ဟူသော သဘောနှင့် ရူးစမ်းလိုက်သည်။

လူတွေက တိုင်ဝမ်ဆီးသီးဟု တင်စားခေါ်သည့် နွားမျက်လုံးလောက်ရှိသည့် ဆီးသီးစိမ်းတစ်ခြမ်း။

အပေါ်ထပ်ကို မော့ကြည့်လိုက်သည်။

တည့်တည့်သုံးလွှာလောက်ရှိသည့်အခန်းမှ မိန်း



ကလေးတစ်ယောက် ... ။

ဝရန်တာမှ ထွက်ရပ်ရင်း ဆီးသီးစားနေသည်။ ကားလမ်းမဘက် ကြည့်နေသည်။

"ဟေ့ ... ဟေ့ ... "

ဂျက်စနေက အောက်မှခေါ်သည်။ သည်တော့မှ ငုံ့ကြည့်၏။

"မင်းဆီးသီးစားပြီး ... စည်းမဲ့ကမ်းမဲ့ မပစ်နဲ့ကွာ ... လူကို လာထိတယ် ... "

"မတော်လို့ လွတ်ကျသွားတာ ... ပေါက်ပြဲမသွားပါဘူး"

ကောင်မလေးက ဝိုင်းကဗျာဖြစ်သည်။ ဝိုင်းကဗျာ၏ မျက်နှာလှလှကလေးက မထေမဲ့မြင်။

"လူမပေါက်ပြဲပေမဲ့ စိတ်ကပေါက်ပြဲတယ်ကွ ... နောက်ဒါမျိုးမလုပ်နဲ့ ... "

ပြောလည်း ပြော အထဲသို့လည်း ဝင်မည်အလုပ် သူ့ပခုံးကို ဆီးသီးတစ်လုံးက လာမှန်ပြန်သည်။ သည်တစ်ခါ မသိမသာနာသွား၏။

"မင်း ရိုင်းလှချည်လား ... ရန်စနေတာလား ... "

ကောင်မလေးကို မော့ကြည့်သည်။ ဂျက်စနေအသံက ဒေါသသံပါသွားသည်။

"လက်ထဲဆီးသီးတွေ ကိုင်ရတာ မဆံ့လို့ လွတ်ကျသွားတာဖြစ်ပါလိမ့်မယ် ... အစ်ကို ဘဲရီးဆောရီး တောကြီးမြိုင်သယ်ပါရှင် ... "

တောင်းပန်သံက လှောင်သံ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက အရေးမစိုက်သလို ပြောင်စပ်စပ်။

ပြောပြီး ကားလမ်းဘက်ကြည့်ကာ ဆီးသီးတွေကို တဂျွတ်ဂျွတ်ကိုက်စားနေ၏။

"ဆီးသီးတွေ ဒါလောက်များတာ ... ဒါလောက်စားနေတာ နွားကျနေတာပဲ ... နွားစား စားလိုက်တာ ... "

ဂျက်စနေက ဒေါသနှင့် အော်ပြောလိုက်သည်။ သူ့အသံကို ကောင်မလေးက ပြည့်ပြည့်ဝဝကြားလိုက်ရသည်။ ငုံ့ကြည့်၏။

သည်တစ်ခါတော့ မျက်နှာက တည်တည်ကလေး။

"ရှင် ခွေးလိုမအော်နဲ့ ... "

"မင်းလည်း နွားစားစားပြီး ... နွားလိုမနန့်နဲ့ ... "

"ဘာရှင့် ... "

"နွားအဖြီးလို မနန့်နဲ့လို့ ... "

"ရှင် ... ခွေး ... "

"မင်း နွား ... နွားမ ... နွားမတောင် လယ်ထွန်နွားထက် စုတ်ပြတ်နေတဲ့ နွားမ ... "

ကောင်မလေး ဝရန်တာမှ ပျောက်သွားသည်။

ကြောက်လို့ ပြေးပြီထင်ရဲ့။

ဘယ်ဟုတ်မလဲ။ အောက်ကို ပြေးဆင်းလာသည်။ သူမသည် ဂျင်းဘောင်းဘီတိုကလေးနှင့် စပို့ရှပ်လက်တိုအင်္ကျီလေးကို ဝတ်ထားသည်။

ဖြူဖြူဖွေးဖွေးချစ်စရာလေးဖြစ်၏။

ဒါပေမဲ့ ဆုရွှေကိုတော့ အလှက မမီပါ။



"ရှင် ... ဘာ လုပ်ါးဝတာလဲ ... "

"မင်းကော ဆီးသီးစားပြီး ... ဘာဆီးသီးပါးဝတာလဲ"

"ရှင့်လိုလူကို ကျွန်မက အရေးအရာလုပ်တာ ... မဟုတ်ဘူး"

"အေး ... ငါကလည်း မင်းလို မိန်းကလေးကို မိန်းမစာရင်း ထဲထည့်တာ မဟုတ်ဘူး ... "

"ရှင်စကားပြောတာ ... သိပ်မမိုက်ဘူး ... "

"ငါစကားပြောတာ မမိုက်ရင် ... ငါလူလိမ္မာဖြစ်သွားတာ ပေါ့ကွာ ... မင်းကတော့ ... "

ပြောကာ စနေက လှည့်ဝင်မည်အပြု ဝိုင်းကဗျာက သူ့ကို ပန်းချင်းပြေးတိုက်လိုက်သည်။ နှုတ်မှလည်း ...

"ရှင် ဘယ်လောက်မိုက်လို့လဲ ... သတ္တိရှိ ချမလား ... "

"အမယ်လေးဗျာ ... "

သည်အော်သံတစ်သံက ဂျက်စနေ၏ နှလုံးထဲ၊ စိတ်ထဲမှ အော်ပြောလိုက်သံဖြစ်ပါသည်။

သည်မျှမိုက်ရူးရဲသော မိန်းကလေးမျိုးကို ဂျက်စနေ မတွေ့ဖူးပါ။ ဣန္ဒြေပဲမဲ့သလား။ ရူးပဲ ရူးနေသလား။

ကောင်မလေးမျက်နှာက ဂျက်စနေကို မထေလေးစားအမြင်နှင့် စိမ်ခေါ်နေသည့် မျက်နှာကလေး။

တကယ်တော့ ဂျက်စနေ၏ အေးဆေးသောမျက်နှာ၊ သိမ်မွေ့နူးညံ့သည့် သဘောထားကြောင့် သက်သက်အရွဲ့တိုက်လိုက်ခြင်းသာ ဖြစ်သည်။

ဂျက်စနေမှာ မိန်းကလေးများနှင့် အော်ကြီးဟစ်ကျယ်စိတ်လိုက်မာန်ပါ အောက်တန်းကျကျရန်ဖြစ်ရသည့် သတ္တိမရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါ။

သူက ကောင်မလေးကို မျက်မှောင်တစ်ချက်ကုတ်ကြည့်လိုက်သည်။ ချိုးမွမ်းဖို့ထက် ရှုံ့ချသည့်သဘော။

ကောင်မလေး မျက်စောင်းကလည်း သူ့တွင်မက ကမ္ဘာမြေတစ်ခြမ်းပါ ပွဲပါလောက်သည့် မျက်စောင်း။

ဂျက်စနေက သူ့မူအတိုင်း ပခုံးတွေတွန့်၊ လက်ဝါးများကို ဖြန့်ပြပြီး တိုက်အိမ်ထဲဝင်ရန် လှည့်ထွက်လိုက်သည်။

"တို့ကို ကြောက်လို့ ထွက်ပြေးသူ တစ္ဆေအိမ်က ချေးစားခွေး ... တို့ကိုကြောက်လို့ထွက်ပြေးသူ တစ္ဆေအိမ်ကချေးစားခွေး ... "

မိန်းကလေးတန်မဲ့ သက်သက်မဲ့ရန်စလိုက်ခြင်းပဲ။

ဂျက်စနေ ဆတ်ခနဲလှည့်လိုက်သည်။ သည်တစ်ကြိမ်မှာတော့ စနေရဲ့မျက်နှာကြီးက ကြောက်စရာကောင်းလောက်အောင် တင်းမာနေ၏။ ကောင်မလေး ပါးစပ်ပိတ်သွားသည်။

"မင်းကို ငါသည်းညည်းမခံနိုင်တော့ဘူးနော် ... ဒီမှာဘာလဲ ... တွေ့လား ... "

ဒေါသသံနှင့် ကိုဂျက်ကပြောပြီး သူ့လက်သီးဆုပ်ကို ထောင်ပြသည်။

"ငါစိတ်တိုစိတ်ဆိုးလာရင် ဘယ်သူ့ကိုမှ ဂရုစိုက်တာမဟုတ်ဘူး ... မင်းကို ငါရန်မဖြစ်ချင်လို့ အောင့်နေတာ ... "

ပြောပြီး တောက်ခေါက်လိုက်၏။

"ကျွန်မ ပါးစပ်နဲ့ ကျွန်မပြောတာ ဘာဖြစ်လဲ ... ရှင့်ပါးစပ်နဲ့ဆိုတာ မဟုတ်ဘူး ... "



"မင်းဟာ ... မင်းအစ်မနဲ့ တခြားစီပဲ ... ဆုချွေဆိုရင် မင်းနဲ့လုံးဝမတူဘူး ... သိပ်သိမ်မွေ့တာပဲ ... "

ဆုချွေ၏အမည်လည်းကြားရော ကောင်မလေးမျက်နှာမှာ တည်ငြိမ်သွားသည်။ ပြီးတော့မှ သူမက နှာခေါင်းလေးရှုံ့၍ ...

"မဆုချွေကို ရှင်သိလို့လား ... "

"သိလား ... မသိလား သူ့ကိုမေးကြည့်ပေါ့ ... မင်းနဲ့ တခြားစီပါပဲကွာ ... ညီအစ်မတောင် တစ်ဝမ်းကွဲညီမပေမို့ပဲ ... အရင်းဆိုရင်တော့ မင်းလိုပုံမျိုးနဲ့ ဆုချွေသွားပြီ ... "

သူတို့ပြောနေစဉ်မှာပဲ ပယ်လက်ဖောင်းနား ကားတစ်စီးလာဆိုက်သည်။ ဦးနန္ဒာမိုး၏ ပါဂျဲရိုးကား။

ဂျက်စနေ အာရုံပြောင်းသွားသည်။ ကားတံခါးကိုဖွင့်ကာ အင်္ကျီလက်ကို ကြည်ပြာနုရောင်နှင့် ဘက်ကီဘောင်းဘီတစ်ထည်ဝတ်ထားသော ဦးနန္ဒာမိုးဆင်းလာသည်။

"ဟာ ... ဘဘ ... "

ဦးနန္ဒာမိုးကိုတွေ့လျှင်တွေ့ချင်း ဝိုင်းကဗျာမျက်လုံးကလေးတွေ ကျယ်သွားသည်။

"နင်နဲ့ကိုဂျက်နဲ့ စကားပြောနေကြလား ... ကိုဂျက်က နင်တို့ အိမ်အောက်ထပ်က အခန်းကိုလာဝယ်ထားတာကိုး..."

ကိုဂျက်နှင့် ဝိုင်းကဗျာသိသွားကြပြီလို့ပဲ ဦးနန္ဒာမိုးက ထင်သည်။ ကောင်မလေးက မျက်နှာပြောင်းသွား၏။

အမူအရာက ရယ်ကျဲကျဲအမူအရာ။

"အဘ ... ဘာလုပ်တာလဲ ... လာလည်တာလား ... အဖေ

www.burmeseclassic.com

www.burmeseclassic.com



အခုအထိ အပြင်က ပြန်မရောက်သေးဘူး ... ”

“ငါ ... နင်တို့ဆီလာတာ မဟုတ်ဘူး ... ကိုဂျက်ဆီလာတာ”

ဘာကြောင့်ရယ်မသိ။

ဝိုင်းကဗျာကို ဦးနန္ဒာမိုးက ခပ်ပြတ်ပြတ်ပဲဆိုသည်။

ဝိုင်းကဗျာက ဘာမှမပြောဘဲ ကိုဂျက်ကို နှာခေါင်းလေးရှုံ့၊ နှုတ်ခမ်းလေးစူပြကာ လှေကားပေါ်ပြန်တက်သွားသည်။

“ဒါ အန်ကယ့်(လ်)တူမလား ... ”

“ဟုတ်တယ် ... အချိုးမပြေလို့ ... ”

ဒါပဲ ဦးနန္ဒာမိုးပြောကာ စီးကရက်တစ်လိပ်ကို ပလက်တီနမ်ကွက်·ရွှေစီးကရက်ကေ့(စ်)ဘူးကလေးထဲမှ တစ်လိပ်ထုတ်သောက်သည်။

“အန်ကယ်(လ်) ... အထဲဝင်ပါဦး ... ”

တိုက်ခန်းတွင်းကို သံတံခါးတွေကို ဖောက်ပြီး အကြည့်နှင့် ဦးနန္ဒာမိုးက ကြည့်သည်။

တိုက်ခန်းထဲမှာ ဟင်းလင်းပြင်။ ထိုင်စရာ မရှိ။

“မင်းက ထိုင်စရာမရှိဘဲနဲ့ ခေါ်သလား ... ”

စနေဟ မဲ့ပြုံးကလေး ပြုံးကာ ...

“အထဲမှာတော့ ထိုင်စရာ မရှိပါဘူး ... ညေ့ဝတ်စကားအရ ခေါ်တာပါ ... ”

“ငါ့ကားပေါ်မှာပဲ ငါထိုင်မယ် ... ”

“ဒါဆို ... ခဏလေး ... ”

“ဆယ့်မိနစ်ပဲနော် ... ခြောက်နာရီထိုးဖို့ ဆယ်မိနစ်ပဲလိုတော့တယ် ... ”



စီးပွားရေးသမားများသည် အချိန်ကို အတိအကျသုံးတတ်ကြသည်။

စနေက ဆယ်မိနစ်အတွင်း မျက်နှာသစ်၊ ခြေလက်ဆေးကာ အဝတ်အစားလဲလိုက်သည်။ ပေါ့ပေါ့ပါးပါးအဝတ်အစားလေးတွေပဲ လဲလိုက်သည်။

သူက မသိမသာအထပ်ထပ်ကို မော့ကြည့်လိုက်၏။

တိုက်ခန်း ဝရန်တာတွင် ဝိုင်းကဗျာကို မတွေ့ရ။

ကားပေါ်တွင် ထိုင်စောင့်နေသော ဦးနန္ဒာမိုးက သူ့ကို ကျေနပ်သောအသံနှင့် ...

“မင်း အချိန်တော့ တိကျတယ် ... အဲဒီလိုမှပေါ့ကွ ... ‘ဓ’

ဂျက်စနေက ဘာတစ်ခွန်းမှ ပြန်မပြောပါ။ ကားတံခါးကို မပိတ်မီ သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

“မင်းမှာ လက်နက်တွေ ဘာတွေ ပါလား ... ”

“ကျွန်တော့်မှာ အမေမွေးကတည်းက ပါလာတဲ့ ... လက်နှစ်ဖက် ... ခြေနှစ်ဖက်ပဲရှိတယ် အန်ကယ်(လ်) ... ဒါပေမဲ့ ဒီလက်တွေ ခြေတွေက ဓားလို သေနတ်လိုထက်မြက်ပါတယ် ... ”

ဒါပဲပြောသည်။ ဒါပေမဲ့ သူ့မှာ တစ်ခုတော့ပါလာသည်။

တံခါးကို ပိတ်သည်။ ဦးနန္ဒာမိုးက အက်တက်ချီကေ့(စ်)ကို ကိုဂျက်အား ပေးလိုက်သည်။

“အထဲမှာ သိန်းနှစ်ဆယ်ပါတယ် ... မင်းကြည့်လိုက်ဦး”

ဂျက်စနေက သူပြောသည့်အတိုင်း အက်တက်ချီ

www.burmeseclassic.com

www.burmeseclassic.com



ကေ့(စ်)ကို ဖွင့်ကြည့်သည်။

အတွင်းတွင် သပ်ရပ်ညီညာစွာ ထုပ်ပိုးထားသည့် တစ်ထောင်တန်အသစ်ချပ်ချွတ်ငွေစက္ကူများနှင့် တစ်ထောင်တန် တစ်ပတ်နွမ်းငွေစက္ကူတွေ ရှိနေဘာကို စမ်းသပ်ကြည့်ရှုခြင်းဖြင့် သိလိုက်၏။

"အန်ကယ့်(လ်)ငွေတွေပဲ ... အန်ကယ်(လ်)ပြီးရင် ပြီးတာပါပဲ ... "

အက်တက်ချီကေ့(စ်)ကို နောက်ကခုံတန်းပေါ် ချလိုက်သည်။

"ငါ ... လှိုင်သာယာအထိပဲ မောင်းမယ် ... ဟိုဘက်ရောက်ရင် မင်းမောင်း ... "

ဒါပဲပြောသည်။

နေက အလင်းရောင်အားရော၊ အပူရှိန်အားပါ လျော့နည်းလာပြီ။

ရန်ကုန်ထဲ စက်ငွေ့များနှင့် ပူလောင်နေသောလမ်းများမှ လွတ်ကင်းပြီး လှိုင်သာယာအရောက်မှာတော့ အပူခတ် လျော့ကျမှု၏ထိတွေ့ခြင်းကို ခံလိုက်ရသည်။

ဘာကြောင့်လဲဆိုတော့ ကားကိုစမောင်းလျှင် မောင်းချင်း ဦးနန္ဒာမိုးက ကားလေအေးစက်တွေကိုပိတ်၍ ပါဝါနှင့် ကားမှန်တွေကို ဖွင့်ထားလိုက်ခြင်းကြောင့်ဖြစ်သည်။

ဘာသဘောနှင့် လုပ်သည်ကို မသိ။

လှိုင်သာယာကိုရောက်သည်။ အိမ်ရာတစ်ခုရှေ့တွင် ကားထိုးရပ်လိုက်၏။



"မင်း ... ခဏ ဒီမှာစောင့် ... ငါမိတ်ဆွေတစ်ယောက်နဲ့ ငါတွေ့မယ် ... "

ပြောပြီး ဦးနန္ဒာမိုးက အိမ်ရာတိုက်ခန်းတွေရှိသော အဆောက်အဦတွေဘက် လျှောက်သွားသည်။

အိမ်ရာဝင်းကြီးက ကျယ်ပြန့်သည်။

လူတချို့ ဝင်းကြီးထဲမှာပဲ သွားလာနေကြသည်။ စနေသည် ဒရိုင်ဘာမဟုတ်ပါ။

ကားပြင်သို့ထွက်ကာ ဦးနန္ဒာမိုးထွက်သွားရာကို လိုက်ကြည့်နေသည်။

တိုက်တစ်တိုက်၏ လှေကားသို့ သူတက်သွား၏။ သည်ထက်ပိုပြီး ကိုဂျက် စိတ်မဝင်စားနိုင်ပါ။

ကားကိုယ်ထည်ကြီးကိုမှီပြီး လမ်းမဘက်ကို ကြည့်နေသည်။

အိမ်ရာနှင့် မနီးမဝေးတွင် လမ်းမကြီးမှ ဖြတ်သန်းသွားရသည့် ဘုရင့်နောင်တံတားကြီးက ရှိနေသည်။

ဆယ့်ငါးမိနစ်လောက်ပဲ စောင့်ရမည်။

"သိပ်တော့ မကြာပါဘူးကွာ ... "

သူက လှည့်ကြည့်သည်။ ဦးနန္ဒာမိုးက သူ့ကိုပြုံးကြည့်နေသည်။

"မင်းပဲ ငါပြောတဲ့နေရာကိုမောင်း ... "

"ပန်းတိုင်ကိုလား ... "

"ဟုတ်တယ် ... "

"ဘယ်နေရာမှန်းတောင် မသိဘူး ... "

www.burmeseclassic.com

"လမ်းကြီးအတိုင်း မောင်းသာသွားပါကွာ ... "

သည်တစ်ခါတော့ ဦးနန္ဒာမိုးက ဖော်ဖော်ရွှေရွှေ
နေသည်။

ဂျက်စနေက အတူးအထွေမေးမနေတော့ဘဲ ပါဂျဲရိ
ကို မောင်းထွက်လာသည်။

"မင်း ပါဂျဲရိုးမောင်းဘူးလား ... "

"သုံးလေးခါလောက်တော့ မောင်းဖူးပါတယ် ... ကျွန်တေ
အပေါင်းအသင်းတွေထဲမှာဒီကားကိုင်ခဲ့ဘူးတဲ့လူတွေရှိတ
လေ ... ကျွန်တော် ပြည်ပမသွားခင်က ဒီကားမျိုးကို မော
ခဲ့ဖူးပါတယ် ... ဘာလဲ ... စိတ်မချလို့လား ... "

"ကားဆိုတာ အကြီးအသေးကွာတယ်လေ ... ဆလ
မောင်းတဲ့လူက မစ်ကပ်ဝင်မောင်းတော့ တစ်မျိုး ... ဝ
ဝွန်မောင်းတော့တစ်မျိုး ... ထရပ်မောင်းတော့ တစ်မျိုး

သည်တစ်ခါတော့ ဦးနန္ဒာမိုးက ဖော်ဖော်ရွှေရွှေ
ပြန်သည်။

ကားက အဝိုင်းကြီးကိုကျော်သည်။ လှိုင်သာယာ
လွတ်လာသည်။ ထိန်ပင်သွားသောလမ်းကိုကျော်၊ အဲဒီနောက် ထ
တစ်ပင်ကိုသွားသည့် လမ်းခွဲကိုကျော်။

နာရီဝက်လောက်နှင့် ပန်းတိုင်ကိုရောက်လာ
ခုနစ်နာရီထိုးတော့မည်။
နေလည်း ဝင်တော့မည်။

◈ ◈ ◈



ဇာတ်လမ်းစဉ်(၅)

ပန်းတိုင်ရောက်လာသည်။
ရှေ့တွင် ပန်းတိုင်တံတားရှိသည်။
ပန်းတိုင်မှာ ရွာကလေးတစ်ရွာဖြစ်သည်။
လမ်းပေါ်မှကြည့်လျှင် ရွာပျောက်နေသည်။

ကားလမ်းဘေးတောင်ဘက်ကိုသွားမှ ရွာကိုတွေ့နိုင်မည်။

ဦးနန္ဒာမိုးက ဒီအထိတော့ မသွားခဲ့ပါ။ ကားလမ်းပေါ်တွင် ကားရပ်နေသည်။

ကားလမ်းဘေးမှာ ကားလမ်းကို မျက်နှာစာပြုထားသော လက်ဖက်ရည်ဆိုင်နှစ်ဆိုင်ရှိ၏။

ကားကို တစ်ဖက်တွင်ရပ်လိုက်ကတည်းက ဂျက်စ၏ မျက်လုံးတွေက အရာရာကို သတိထားပြီးဖြစ်သည်။

ညအမှောင်သည် ကားလမ်းတစ်လျှောက်ကိုလည်းကောင်း၊ ဟိုအဝေးတွေရော၊ ဘေးဘီကိုပါ လွှမ်းခြုံလာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တင်ကားတွေတောင် ပြတ်လတ်နေပြီဖြစ်၏။ လေပြေလေနုကလေးများက လမ်းဘေးဝဲယာသစ်ပင်တွေကြားမှ ဖြတ်တိုက်နေသည်။

ကားတစ်စီးသည်သာ လက်ဖက်ရည်ဆိုင်များရှေ့က လမ်းဘေးမှာ ရပ်နေသည်။ တစ်ဖက်မှလာပြီး လမ်း၏ယာဘက်တွင် ရပ်လိုက်သော မိမိတို့ကားနှင့် တစ်ဖက်ဝဲဘက်မှ ရပ်ထားသည့် ထိုကားသည် ဆလွန်းကားတစ်စီးဖြစ်သည်ကိုတော့ စနေသိလိုက်မိသည်။

"ကားမီးကို နှစ်ချက်ဖွင့်ချည် မိတ်ချည်လုပ်ပြလိုက် ... မောင်ဂျက်ရေ ... "

ဘေးမှ ဦးနန္ဒာမိုးအသံ ... ။

ဂျက်က မိမိတို့ကား၏ရှေ့မီးကို ဖွင့်လိုက်ပိတ်လိုက် နှစ်ကြိမ်လုပ်ပြလိုက်၏။

မိမိတို့၏ ဝဲဘက်ရှေ့မလှမ်းမကမ်းမှ ကားဆီမှ ဘာကိုမှ တုံ့ပြန်မလာပါ။

"ကားနံ့ပါကွ ... သူတို့က သူတို့ကားနဲ့လာမယ်ပြောတယ် ဒါပေမဲ့ ... ဘာကားရယ်လို့ မပြောဘူး ... "

တိကျသော ချိန်းဆိုမှုတစ်ခုမဟုတ်မှန်း ကိုဂျက်သဘောပေါက်လိုက်သည်။ စိတ်ဝင်စားသမျှ သူကမရှိတာမို့ ဆက်လက်၍မပြောပါ။

"မောင်ဂျက် ... မင်း အဲဟိုကားဆီသွားစမ်း ... ဘာကိစ္စရပ်ထားသလဲဆိုတာ သွားကြည့်စမ်း ... "

သူ့ကိုခိုင်းလိုက်သော ဦးနန္ဒာမိုးကို ကိုဂျက်က ဘာမှ



ပြန်မပြောဘဲ ကားတွင်းမှထွက်လိုက်၏။ လမ်း၏ ကားသွားရာ ဝဲယာကိုကြည့်သည်။

မည်သည့်ကား၏ မီးရောင်ကိုမှ မတွေ့ရပါ။

လင်းထိန်နေသော မိမိတို့၏ ကားမီးရောင်များနှင့် တစ်ဖက်မှ ကားကိုသာ မြင်နေရ၏။

လမ်းကို ကူးလိုက်သည်။

သူက ကားရှိရာသို့ လျှင်လျှင်မြန်မြန်လျှောက်သွားသည်။ ကားမှာ မီးတွေငြိမ်းနေသည်။

မီးငြိမ်းနေသော ကားမှာ မိမိတို့ကားမီးရောင်ထဲတွင် မထင်မရှားသာ ရှိနေသည်။

ကားထဲမှာ လူသူကင်းမဲ့နေ၏။

အနားသို့ရောက်သွား၏။ ကားမှာ အနည်းငယ်အိုဟောင်းနေသော ကိုရိုနာ(CORONA)ကားဖြစ်သည်။

အဖြူရောင်ဖြစ်သည်။

မှန်တံခါးတွေကိုလည်း ပိတ်ထားသည်။ သူသည် ကားမှန်အတွင်းတွင် လူရှိလိုရှိငြား ကုန်းပြီးကြည့်၏။

ရုတ်တရက်သော် ဘာမှမမြင်ရ။

နောက် ... ကားတံခါးကို ဆွဲဖွင့်၏။ ကားကိုယ်ထည်ရှေ့ခန်းမှာ ပိတ်ထားသဖြင့် ဆွဲဖွင့်လို့မလွယ်။

စိတ်ထဲ အထူးအဆန်းလို ခံစားမိသည်။ သိချင်စိတ်လည်း ရှိသည်။

ဒါကြောင့် နောက်ဘက်မှ ကားကိုယ်ထည်တံခါးရွက်တစ်ခုကို ဆွဲဖွင့်ရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြာလှချည်လား ... ဘာဖြစ်နေတာလဲ ... "

ဦးနန္ဒာမိုးက လှမ်းအော်လိုက်သံ။

"အထဲမှာ လူသူရှိမရှိ ကြည့်နေတာ ... အန်ကယ်(လ်) ..."

သူက စိတ်မရှည်သံနှင့် လှမ်းပြောသည်။ သူတို့ အဲဒီလိုဖြစ်နေတာကို မလှမ်းမကမ်းတွင် ရှိသောလက်ဖက်ရည်ဆိုင်များမှ သိပုံမရ။

ဂျက်စနေသည် ကားအတွင်းမှ တုံ့ပြန်သံမကြားရသဖြင့် လူမရှိဟု ထင်သည်။

သူ့တွင် လက်နက်မပါ၊ လက်များသာပါသည်ဟု ဦးနန္ဒာမိုးကို ဖြေလိုက်ချိန်မှာ တစ်ခုတော့ပါလာသည်။

အဲဒီတစ်ခုက ခရီးဆောင်တရုတ်ပြည်ဖြစ် ပလတ်စတစ်လက်နှိပ်ဓာတ်မီးငယ်ကလေးပါပဲ။

ဒီလက်နှိပ်ဓာတ်မီးကလေးကို ဆွဲထုတ်၍ ကားမှန်အတွင်း ထိုးကြည့်၏။ အတွင်းသို့ အလင်းရောင်ဖောက်ဝင်သွား၏။

အတွင်းမှာ ပိုးတိုးဝါးတားမြင်ရ၏။ လှုပ်လှုပ်ရှားရှားတွေလည်း တွေ့လိုက်၏။

ဘာရယ်လို့မသိ။

သူ့အာရုံက ကားတွင်းသို့ရောက်နေချိန်တွင် ဦးနန္ဒာမိုးက သူ့ဆီသို့ဆင်းလာရမည့်အစား ကားကို ရန်ကုန်ဘက်သို့ ပြန်လည်ဦးတည်ကွေ့နေ၏။ ရုတ်တရက်သော် ကိုဂျက်က မရိပ်မိ။

မှန်တံခါးကို သူကဆွဲဖွင့်လိုက်၏။ သည်တစ်ခါတော့ မှန်လုံပိတ်ထားသော တံခါးမှာ ကျွတ်ကျွတ်လွတ်လွတ်ကြီး ပွင့်ပါလာသည်။



"ဟာ ... "

သူအသံထွက်သွားသည်။ မြင်ကွင်းကြောင့် ထိတ်ထန့်သွားသလို သွေးသွားသွေးလာတို့ ရပ်တန့်တုံ့ဆိုင်းသလို ခံစားလိုက်ရသည်။

ကားထဲတွင် မိန်းမငယ်တစ်ယောက်မှအပ အခြားသည်သူတစ်ဦးတစ်ယောက်မှ မရှိပါ။

ထိုမိန်းမငယ်သည် နောက်ထိုင်ခုံတွင် လဲကျနေတာ မျက်လုံးကလေးတွေ ပြူး၊ လျှာတန်းလန်းထွက်နေသည်။

မီးရောင်တွင် မျက်နှာတစ်ခြမ်းကမည်း၍ မသေမီကြောက်ရွံ့ထိတ်လန့်သော၊ ပြင်းပြသော ဝေဒနာကိုခံစားခဲ့ရဟန်တူ၏။

ပိုပြီးတုန်လှုပ်စရာကောင်းတာက သေနေပြီဖြစ်သော မိန်းမပျိုနားတွင် မြွေဟောက်ကြီးသုံးလေးကောင်က ရစ်ပတ်နေသည်။

မီးရောင်ကိုတွေ့မြင်တာနှင့် မြွေတွေက ဆတ်ခနဲခေါင်းထောင်လာသည်။ တစ်ကောင်ကဆို ရှူးခနဲအသံပေးကာ ပါးပျဉ်းကိုပါ ထောင်လိုက်သည်။ မည်းနက်၍ အဝါကွင်းတွေပါသော ပါးပျဉ်းကားကားသည် ကျယ်ပြန့်သည်နှင့်အမျှ မြွေခေါင်းကကား မျက်နှာကြက်အမိုးထိလှနီးပါးလောက် ရောက်သည်။

"ဟာ ... အိုး ... "

ယောင်ယမ်းအော်သံသည် မတိုးမကျယ်လှပါ။ သတိဝင်လာတာမို့ ဂျက်စနေက ကားတံခါးကို ဂျိုင်းခနဲပိတ်လိုက်၏။

သူ့ကိုယ်က မြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဘက်သို့ ဦးတည်စပြုနေသော ပါဂျဲရိုးကားဆီသို့ အပြေးအလွှားရောက်သွားပြီဖြစ်၏။

"ဘယ်လိုလဲဟေ့ ... "

ဦးနန္ဒာမိုးက မေးသည်။

ဂျက်စနေကမျက်နှာအပျက်ပျက်နှင့်ကားပေါ်တက်လိုက်သည်။

"မဟုတ်ဘူး ... အန်ကယ်(လ်) ထင်တစ်လုံးစီပဲ ... "

"ဘာစကားလဲကွယ် ... "

"အန်ကယ်(လ်)ပဲမောင်းပါ ... ကျွန်တော်ပြောပြမယ်... "

ဦးနန္ဒာမိုးက ဂျက်ကို နားမလည်သလို တစ်ချက်ကြည့်ကာ ...

"ကားမောင်းတာက နောက်မှမောင်းရင်လည်း ရပါတယ် ဟိုမှာတွေ့ခဲ့လား ... ဘယ်သူတွေလဲ ... "

"မသာပဲ ... "

"ဘာ ... "

"မသာ ခင်ဗျ ... မသာ ... ကားပေါ်မှာ မိန်းကလေးတစ်ယောက်သေနေတယ် ... သူ့အနားမှာလည်း မြွေဟောက်တွေနဲ့ ... အန်ကယ့်(လ်)လူတော့ သေပြီထင်တာပဲ ... "

"ငါချိန်းတာက ယောက်ျားပါ ... မိန်းမ မဟုတ်ပါဘူး... "

"အခုသေတာ မိန်းမဗျ ... မလွယ်ဘူးနော် ... အသေဆိုးနဲ့သေရတာဗျ ... ကားထဲမှာလည်း သူကလွဲပြီး ဘယ်သူမှ မရှိဘူး ... "

ဂျက်စနေမှာ အနေအထားပြန်မှန်လာသည်။ လက်ကျောက်ညီဆိုင်ကို မျှော်ကြည့်သည်။ ဆိုင်ဘက်မှ ကက်ဆက်သံလွင့်လာ၏။

ဦးနန္ဒာမိုးသည် ဘာကိုမှမပြောဘဲကားကိုလိမ့်ထွက်လာ၏။

"ဒါ လူသတ်မှုပဲ ... "

ဂျက်စနေ၏ ကားစက်ကိုထွင်းဖောက်လာသံ။

"လူသတ်မှုလို့ မင်းက ဘယ်လိုပြောနိုင်မှာလဲ ... "

"ဘယ်သူမှ မရှိဘဲ ... မိန်းကလေးတစ်ယောက်တည်း ကားထဲမှာ မြွေပေါက်ခံသေနေတာဟာ လူသတ်မှုဖြစ်မှာပေါ့ ... ပြီးတော့ မြွေတွေက တစ်ကောင်တည်းမဟုတ်ဘူး ... ညိုးလေးကောင် ... "

"ငါ့ကို ချိန်းတဲ့လူက အဲဒီနေရာမှာ ချိန်းတာပဲ ... ဘယ်လိုက ဘယ်လိုမြွေပေါက်ခံသေနေတဲ့လူက ကားထဲရောက်နေရတာလဲ ... "

"အန်ကယ့်(လ်)ကို ချိန်းတဲ့လူက ဒီကားတော့ဟုတ်ဟန်မတူဘူး ... "

"မင်း ဘယ့်နှယ်ပြောနိုင်သလဲ ... "

သူတို့ပြောနေစဉ် ရန်ကုန်ဘက်မှ ကားတစ်စီးဝင်လာသည်။ ညောင်တုန်းသို့သွားနေသော နောက်ဆုံးပိတ်ခရီးသည်တင်ကားဖြစ်၏။

"ဟာ ... အန်ကယ့်(လ်)ကိုချိန်းတဲ့လူက ဒီကားနဲ့ လာပါမလား ... ဂျာသအလောင်းတစ်ခုကို တင်လာပါ့မလား သူ့ကားက နောက်ကျချင်လည်း နောက်ကျမယ် ... စော



www.burmeseclassic.com

www.burmeseclassic.com



ချင်လည်း စောမယ် ... သူသာရောက်ခဲ့လို့ ဒီအဖြစ်ကိုမြင်ရင် အန်ကယ့်(လ်)ကို တစ်နေရာကဆီးတားပြီး ပြောတော့မှာပေါ့ ... ခုဟာက တကယ်ထူးဆန်းတာပဲ ... "

"အချိန်းအချက်တွေ လွဲကုန်ပြီကွာ ... တော်တော်စိတ်ပျက်စရာ မောင်ဂျက် ... ဒါထက် မင်းကားနားရောက်တာ ဘယ်သူမြင်သလဲ ... "

"ဘယ်သူမှ မသိကြသေးဘူးနဲ့ တူတယ် ... ကျွန်တော့်ကို ဘယ်သူမှမြင်ပုံမရပါဘူး ... "

ဦးနန္ဒာမိုးက ကားကိုလှိုင်သာယာထဲ ပြန်မောင်းလာသည်။ လမ်းကျယ်ကြီး၏ တစ်နေရာတွင် ရပ်သည်။

စက်ရုံဥယျာဉ်တစ်ခု၏ အဝင်အထွက်လမ်းမနှင့် မနီးမဝေးမှာဖြစ်သည်။

ပိတ်ထားသော ကားမီးတွေကိုဖွင့်လိုက်၏။

ဦးနန္ဒာမိုးက ဂျက်ကို မကြည့်ဘဲ ကားရှေ့တည့်တည့်ကိုကြည့်ကာ ...

"မင်းကို ပြောရမှာတော့ အားနာစရာပဲ ... မောင်ဂျက်"

"ဘာပြောမှာလဲ ... အန်ကယ်(လ်) ... "

"မင်းနဲ့ငါ လူချင်းခွဲမှ ဖြစ်တော့မယ် ... မင်းတွေ့ခဲ့ရတဲ့အတိုင်းဆို ... တို့အတူတူသွားလို့မဖြစ်တော့ဘူး ... "

"မဟုတ်တာဘဲ အန်ကယ်(လ်) ... ရန်ကုန်ထဲရောက်မှ ခွဲလိုက်ပါ ... အခု ဒီမှာခွဲရင် ကျွန်တော် ဘယ်လိုလုပ်ပြီး ရန်ကုန်ထဲကို ပြန်သွားရမှာလဲ ... "

"ရန်ကုန်ပါကွာ ... တောမဟုတ်ပါဘူး ... မင်းရှေ့ကို ဆက်



လျှောက်သွား ... တစ်မိုင်လောက်လျှောက်လိုက်ရင် မီးခွက်ဈေးဘက်ရောက်သွားမယ် ... အဲဒီမှာ ရန်ကုန်ထဲသွားတဲ့ ဘတ်(စ်)ကားတွေ ရှိတယ် ... အဲဒီ့မှာလည်း တက္ကစီရှိချင်ရှိမယ် ... မိုးသိပ်မချုပ်သေးတော့ မင်းစီးလို့ ဖြစ်ပါဦးမှာပါ ... "

ပြောပြီးဒတ်ရှ်ဘုတ်ထဲမှ သူ့ပိုက်ဆံအိတ်ကိုဖွင့်သည်။ ငွေနှစ်ထောင် ထုတ်ပေးလိုက်သည်။

"ဒီငွေလောက်နဲ့တော့ မင်းတက္ကစီစီးလို့ ဖြစ်မှာပါတယ် ... မင်းကို ခုလိုလမ်းခုလတ်မှာ ချခဲ့ရတာ စိတ်တော့မကောင်းဘူး မင်းတွေ့ခဲ့ရတဲ့အတိုင်းဆိုရင် ... သိပ်တော့မကောင်းဘူး... အမှုက မင်းကိုပတ်လာနိုင်စရာ အကြောင်းရှိတယ် ... မင်းနဲ့ ငါနဲ့နှစ်ယောက်တွဲသွား တွဲလာကို လူတွေ ရဲတွေတွေ့သွားရင် ငါ့ဂုဏ်သိက္ခာကို ထိခိုက်လာနိုင်တယ် ... "

အပြောက ရက်စက်ပါပေ့။

ဦးနန္ဒာမိုးသည် တစ်ကိုယ်ကောင်းဆန်မှန်း ယခုမှ ပိုသိလာရသည်။

ယောက္ခမလောင်းဟူသော အသိကြောင့်သာ ဆက်ဆံလက်ခံနေရသည်။ ရင်ထဲမှာတော့ ဒေါသအစို့အပြောင့်ကလေးတွေ ပေါက်လာသည်။

"ကျွန်တော့်မှာ ပိုက်ဆံရှိပါတယ် ... "

ဒါပဲပြောပြီး ကားတံခါးကိုဖွင့်လိုက်သည်။

"နေဦး ... "

ဟန့်သံနှင့်အတူ ဦးနန္ဒာမိုးက ကိုယ်ကိုတုန်းကာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးထိုင်ခုံမှ အက်တက်ချီကေ့(စ်)ကို ဆွဲယူလိုက်၏။

"သော့ ... "

သူ့တွင်ရှိသော အက်တက်ချီကေ့(စ်)သော့ကို ... ကိုဂျက်ကပေးသည်။

"အလုပ်ဆိုတာ ခုရှင်းမှ နောက်မရှုပ်မှာ ... မင်းကို လာတုန်းက သေတ္တာကိုဖွင့်ပြခဲ့တယ် ... ခု မင်းပြန်တော့လည်း သေတ္တာထဲက ငွေတွေကို ဖွင့်ပြပြီးမှ မင်းပြန်တာကောင်းပါတယ် ... "

"ဘာလဲ ... အန်ကယ်(လ်)က ကျွန်တော့်ကို မယုံလို့လား"

သည်တစ်ကြိမ်တော့ ဂျက်၏အသံက ခပ်ဆတ်ဆတ်ဖြစ်သွားသည်။ အထင်သေးတာကို မခံနိုင်။

"မယုံလို့ မဟုတ်ပါဘူး ... ဒါပေမဲ့ နောက်မှမဟုတ်တရုတ် ပြဿနာဖြစ်လာရင် ငါလည်း မကောင်းဘူး ... မင်းလည်း မကောင်းဘူး ... "

"ကျွန်တော်သည်းခံနေတာ ... အန်ကယ်(လ်)လွန်လွန်းပြီ ထင်တယ် ... ကျွန်တော့်အပေါ် ဒီလောက်မယုံမကြည်ဖြစ်နေရင်လည်း အစကတည်းက အန်ကယ်(လ်) ကျွန်တော့်ကို မခေါ်လာသင့်ဘူး ... "

ဂျက်က ပြော၍ ကားပေါ်မှဆင်းလိုက်၏။ သူတစ်လှမ်းနှစ်လှမ်းသာ ကားဆီမှ လှမ်းလိုက်ရသည်ရှိသေး ...

"ဟေ့ ... ဟေ့ ... နေဦး ... "

ဦးနန္ဒာမိုး၏ ကပျာကယာတားမြစ်လိုက်သံ ... ။

ကားမီးရောင်နှင့် လမ်းမီးရောင်အောက်တွင် ဦးနန္ဒာ



မိုး မျက်နှာပျက်နေသည်။

"ရော့ ... မင်းဖာသာ မင်းကြည့်ဦး ... "

ဖွင့်ထားဆဲ အက်တက်ချီကေ့(စ်)ကို လက်နှစ်ဖက်နှင့် ထိုးပေးသည်။ သူ့မျက်နှာမှာ အံ့မှိုင်းညိုပုတ်နေသည်။ အံ့အားသင့်ပုံလည်း ရသည်။

သူသာ မဟုတ်။

အက်တက်ချီကေ့(စ်)သေတ္တာထဲကြည့်နေမိသည့် ဂျက်စနေမှာလည်း အံ့အားသင့်ကာ မျက်နှာပျက်နေသည်။

အထဲမှာ တွေ့နေရတာက ငွေစက္ကူတွေ မဟုတ်ပါ။ ကတ်ပြားချပ်များကို အထပ်လိုက်ထုပ်ပိုးစည်းနှောင်ပြီး ထည့်ထားသည့် ကတ်ပြားထုပ်များပါတည်း။

"ဒါ ... ဒါ ... ဘာလဲ ... "

ဂျက်က အယောင်အယောင်အမှားမှား နှုတ်မှထွက်သွားမိသည်။

"မေးနေရသေးလား ... မင်းဘယ်လိုလုပ်လိုက်တာလဲ"

တကယ့်ကို မယုံနိုင်စရာဘဲလေ။

ရန်ကုန်မှာ မထွက်ခင်က သေသေချာချာတွေ့ခဲ့သော ငွေစက္ကူတစ်ထောင်တန်များသည် ယခုစက္ကူကတ်ပြားတွေ ဖြစ်နေပေါ့။

"ဟာ ... စက္ကူကတ်ပြားတွေ မဟုတ်နိုင်ပါဘူး ... ငွေစက္ကူတွေပဲ ... အန်ကယ်(လ်) ကျွန်တော့်ကိုပေးစဉ်က ငွေစက္ကူ တစ်ထောင်တန်တွေပဲလေ ... ခု ... ဟာ ... "

ရင်ထဲတုန်လှုပ်ချောက်ချားမိတာက ပြဿနာကြီးပြီပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြားလိုက်ရလို့ တုန်လှုပ်ချောက်ချားတာထက် ပိုလိမ့်မည်ထ
ပါရဲ့။

မြွေတွေနှင့် မိန်းမတစ်ယောက်၏အလောင်းက
တွေ့လို့ တုန်လှုပ်ချောက်ချားတာထက်တောင် ပိုနေပြီပေါ့။

လှမ်းတော့မည့်ခြေတွေ ဆက်မလှမ်းဖြစ်တော့ပ
အက်တက်ချီကေ့(စ်)ကို တုန်တုန်ယင်ယင်နှင့် ကို
လိုက်သည်။

လေးလံနေခဲ့သော အက်တက်ချီကေ့(စ်)နည်း
သူ့ရင်မှာလေးလံသွားသည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ ... "

"မင်းမြင်တဲ့အတိုင်းပဲ ... မောင်ဂျက် ... "

"အန်ကယ်(လ်) မျက်လှည့်မပြတတ်ပါဘူးနော် ... "

သည်စကားသည် ဦးနန္ဒာမိုး၏စိတ်ကို ဒေါသရော
လူးသွားစေသည့် စကားပဲ။

"မင်း ဘာပြောတာလဲ ... ဒီငွေတွေဟာ မင်းပဲကိုင်တာ
လေ ... ငါက ဘာမျက်လှည့်ပြရမှာလဲ ... "

"တစ်ချိန်လုံးမှ ကျွန်တော်မကိုင်ဘဲ ... အက်တက်ချီကေ့(စ်)
ကို ကားနောက်ထိုင်ခုံမှာထည့်ထားတာ ... အန်ကယ်(လ်)
အမြင်ပဲ ... "

"သော့က မင်းကိုင်တာလေ ... "

"ဟာ ... အန်ကယ်(လ်)ရာ ... "

သူသည် ဘယ်ကဲ့သို့စကားဆက်ပြောရမည် မသိဖြ
သွားသည်။ ဘာပဲပြောပြော သော့ကို သူကယူထားမိတော့ တာဝ



က မိမိတာဝန် ... ။

"ပြဿနာပါပဲ အန်ကယ်(လ်)ရာ ... ဒီငွေတွေကို ကျွန်
တော်ယူမထားပါဘူး ... ဘယ်လိုက ဘယ်လိုဖြစ်တာလဲ"

သူသည် မကျေနပ်သလို ထုတ်ထုတ်ပွပွပြောကာ မျက်
နှာအပျက်ပျက်နှင့် ကားနောက်ခန်းတံခါးကို ဆွဲဖွင့်သည်။ ကားတံ
ခါးမှာ ပါဝါဖွင့်ထားသဖြင့် အလိုက်သင့်ပွင့်သွား၏။

ကားအတွင်းမီးရောင်က ဘက်ထရီအားကောင်း
သဖြင့် လင်းသည်။ မီးရောင်အောက်တွင် ထိုင်ခုံအရှည်တွေမှာ ရှင်း
လင်းနေသည်။ ထိုင်ခုံအောက်တွေကို ကြည့်၏။

ဘာကိုမှ မတွေ့။

ခက်ချေပြီပဲ။ ဘာလုပ်ရမလဲ။

သည်ညသည် သူ့အတွက် ဂြိုလ်ဆိုးဝင်သောညပါပဲ
လေ။

"မင်းက ငါ့ကိုလူလည်လုပ်တာများ ထင်သလား ... မောင်
ဂျက် ... "

"အား ... မဟုတ်ပါဘူး ... ကျွန်တော် ... ကျွန်တော်"

"ငွေသိန်းနှစ်ဆယ်ဆိုတာ မနည်းဘူးနော် ... မင်းမှာလည်း
ငွေလိုနေတဲ့အချိန်ဆိုတော့ ... "

သည်ပြဿနာကို အပြတ်ရှင်းမှရမည်ကို သူသိသည်။
မိမိက ရိုးရိုးသားသားဆိုတော့ ဦးနန္ဒာမိုးကို ဘာကြောက်စရာရှိ
သလဲ။

"ကျွန်တော် မယူဘူး အန်ကယ်(လ်) ... ကျွန်တော့်ကို မရှိ
ခိုးနိုး ... မရိုး စွန်းမျိုးဆိုပြီး မစွပ်စွဲပါနဲ့ဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



"ခုကိစ္စမှာ မင်းနဲ့ငါပဲ့ ဒီငွေကို ယူလာကြတာ မဟုတ်လား မျက်လှည့်ပြတယ်ဆိုတာ ငါက မင်းကိုပြောရမှာ … "

"အန်ကယ့်(လ်)မျက်စိအောက်တွင်ပဲ ကျွန်တော်ရှိနေတာ"

"ဒီလို မပြောနဲ့လေ … အက်(ဖ်)အမ်(မ်)အိုင် အိမ်ရာကို ငါရောက်တော့ မင်းကိုထားခဲ့ပြီး … ငါ့မိတ်ဆွေနဲ့ သွားတွေ့တယ်လေ … ဒီအချိန်မှာ မင်းလုပ်ချင်တာ လုပ်နိုင်တယ်"

သူပြောတာ ဖြစ်နိုင်သော စကားလုံးတွေ။

ဂျက်စနေကတော့ အကြောက်အကန်ပြောသည်။

"ကျွန်တော် မဟုတ်တာ မလုပ်ဘူး အန်ကယ်(လ်) … အန်ကယ်(လ်) ကျွန်တော့်အပေါ် သက်သက်အထင်လွဲတာပါ ကျွန်တော် ဒါမျိုးဘယ်တော့မှ မလုပ်ဘူး … "

"ဪ … မလုပ်လို့ ငွေစက္ကူတွေက ကတ်ပြားတွေဖြစ်သွားတာပေါ့ … "

ငေါ့တော့တော့ပြောပြီးမှ ဦးနန္ဒာမိုးက စိတ်မရှည်ဘဲ …

"စကားပြောရတာ ကြာတယ်ကွာ … မင်းဒီကိစ္စကိုဘယ်လိုဖြေရှင်းမလဲ … "

"ကျွန်တော်မလုပ်တဲ့ကိစ္စကို ကျွန်တော် ဘာတတ်နိုင်မှာလဲ အခုဟာက … ကျွန်တော်နဲ့ အန်ကယ့်(လ်)ရှေ့မှာ ထူးထူးဆန်းဆန်းဖြစ်သွားတဲ့ ကိစ္စပဲ … ပြီးတော့ မြွေပေါက်သေတဲ့အမျိုးသမီးကကော … ဒါကလည်း ဘယ်လိုပြဿနာနဲ့ ကျွန်တော့်ကိုကော အန်ကယ့်(လ်)ကိုကော … ဘယ်လိုစတေးဦးမလဲ မသိဘူး … "



ဦးနန္ဒာမိုး တစ်ချက်ငြိမ်သွားသည်။

ဂျက်စနေက ဆက်ကာပြောပြန်သည်။

"အခု ငွေစက္ကူတွေက ကတ်ပြားဖြစ်သွားတဲ့အမှုကို အန်ကယ်(လ်)ရဲတိုင်ရင်လည်း ရတယ် … ကျွန်တော်ကတော့ အမှန်အတိုင်းအစစ်ခံရမှာပဲ … မောင်နိုပစ္စည်းတစ်ခုခုကို အချောင်ရလိုဇောနဲ့ အားထုတ်ခဲ့တဲ့ အန်ကယ်(လ်)လည်း အထိုက်အလျောက်တော့ အရေးယူခံရမှာပဲ … ကျောက်ခဲနဲ့ ရွှေတုံး မလဲပါနဲ့ အန်ကယ်ရယ် … ကျွန်တော်မလုပ်တဲ့ အလုပ်မှာ ကျွန်တော် လည်စင်းမခံပါရစေနဲ့… "

ပြောပြီး ဂျက်စနေ လှည့်ထွက်လာ၏။

ဦးနန္ဒာမိုးက ဘာမှမပြောဘဲ ကားပေါ်မှာ ငိုင်ကျန်ရစ်ခဲ့သည်။ ဂျက်စနေမှာ ထူထူပူပူဖြစ်သွားသော်လည်း တစ်စတစ်စ သွေးအေးလာသည်။

လမ်းပေါ်မှာ သူတစ်ယောက်တည်း ရှိသည်။

ငွေစက္ကူတွေက ဘယ်နည်းဘယ်ပုံ စက္ကူကတ်ပြားဖြစ်ရတာကို စဉ်းစားနေသည်။

အက်တက်ချီကေ့(စ်)အရောင်မှာ မီးခိုးရောင်ဖြစ်ပြီး သေတ္တာကလည်း ထိုသေတ္တာပဲ။

သော့က မိမိဆီမှာ … ။

ဦးနန္ဒာမိုးက ထိုငွေတွေကို စက္ကူကတ်ပြားအဖြစ် လဲလိုက်တာကတော့ သူ့အတွက် ဘာအကျိုးအမြတ်မှရှိမည်မဟုတ်။

ငွေနှင့် ကတ်ပြားလဲရအောင်ကလည်း သေတ္တာသော့က မိမိဆီမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ သည်အမှုကိုလက်ညှိုးထိုးပြစရာဆိုလျှင် မိမိကိုပဲ လက်ညှိုးထိုးပြစရာရှိ၏။

သူ့တွင် လိုရမည်ရ ငွေလေးငါးထောင်လောက်တော့ပါလာသည်။ လှိုင်သာယာမှ ရန်ကုန်သွားမည့် ခရီးတို တက္ကစီခမျှာ မဆန့်မပြဲဖြစ်၍ ခရီးရှည်ထွက်သည့် ခရီးစရိတ်နီးပါးသို့မဟုတ် ခရီးရှည်စရိတ်လောက်ကို ပေးရဦးမည်။

မပေးလို့ ခြေကျင်လျှောက်မလား။

သည်အချိန်တွင် ဘတ်(စ်)ကားလည်း တိုးမစီးနိုင်။ အသွားအပြန်ကျပ်ညပ်ပြီးလောကငရဲပေးသော ကားတွေဖြစ်သည်။

တက္ကစီတစ်စီးကိုတွေ့သည်။

ရန်ကုန်မြို့လယ်အထိ တက္ကစီခကိုဘယ်လောက်လဲ မေးတော့ သုံးထောင်လို့ ပြောသည်။

ညဦးကလည်း-နက်စပြုလာပြီ။

သူတို့အတွက် ဒီလောက်တော့ သည်အချိန်ကာလမှာ ဒီလောက်တော့ တောင်းမှာပေါ့။ သူတို့က ဓာတ်ဆီဈေး၊ အုံနာဈေးတွေကိုကြည့်ကာ တောင်းနေတတ်၏။

အုံနာဆိုသည့်သတ္တဝါတွေကလည်း ... ။

အတွေးတွေကိုဖြတ်သည်။ နှစ်ထောင့်ငါးရာနှင့် တည့်သွားသည်။

◈◈◈



ဇာတ်လမ်းစဉ်(၆)

မြို့လယ်က တိုက်ခန်းကို ပြန်ပြီပေါ့။

သည်အမှုသည် ဤမျှနှင့် ရပ်လိမ့်မည်ဟု စနေထင်ခဲ့သည်။

မချောင်ပါ။

နောက်တစ်နေ့ မိုးလင်းတွင် အိပ်ရာဘေးတွင်ရှိသော စားပွဲခုံကလေးပေါ်မှာ ဖွင့်ထားသော ဂျီအက်(စ်)အမ်(မ်)လူ ခေါ်ဖုန်းမှ လူခေါ်သံလေး ထွက်လာသည်။

စနေမျက်လုံးတွေ ပွင့်လာသည်။ ဟဲလိုဟု ဖုန်းကိုကိုင်ကာ စ၏။

"ကိုဂျက်လား ... "

ရှေးဦးစွာ ဝင်လာတာက ဆုချွေအသံ။

"ဟုတ်တယ် ... ဆု ... ကိုယ်ပဲလေ ... စောစောစီးစီး"

"ဘယ်လို စောစောစီးစီးရမှာလဲ ကိုဂျက်ရယ် ... နာရီလေး များကြည့်ပါဦးတော့လား... ရှစ်နာရီပဲ ထိုးတော့မယ်... "

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်မှ စနေငုပ်တုတ်ထထိုင်၏။

ဟုတ်ပါရဲ့။

နေတောင် အနည်းငယ်ရင့်စပြုကာ အလင်းရောင်က တိုက်အိမ်ရှေ့ဝရန်တာမှ အတွင်းသို့ တိုးဝင်နေသည်။

"ဆု ... ကိုယ့်ကို ဘာပြောမလဲ ... "

"ညကဘာယ်လိုဖြစ်တာလဲ ကိုဂျက် ... ဒက်ဒီ အကြီးအကျယ် စိတ်ဆိုးဒေါပွနေတယ် ... ကိုဂျက်ကို သူက သူခိုးလို့စွပ်စွဲနေတယ် ... "

"ဆု ... အကြောင်းစုံ သိပြီးရောပေါ့ ... "

"သိတယ် ... "

"မလွယ်ပါဘူး ... ဒီအဘိုးကြီးဟာ တကယ့်ကို မလွယ်တာပါ ... ညက သူ့ငွေတွေကို ကိုယ်မယူဘဲ ... စွပ်စွဲနေတာတော့ ကိုယ်လည်း ခံပြင်းလှတယ် ... ဆု ... "

"ဆု ... စိတ်မကောင်းပါဘူး ကိုဂျက် ... ဒက်ဒီနဲ့ ကိုဂျက် အဆင်ပြေအောင် ဆုက ကြားကညှိပေးလိုက်တာ ... "

"လူတစ်ယောက်အပေါ် အထင်သေးနေသမျှ ဒီလူကို ဘယ်လိုလုပ်ပြီး ... အဆင်ပြေအောင် ပေါင်းရမှာလဲ ... ဆု သူက ကိုယ့်ကို အပေါ်စီးနဲ့ ကြည့်နေတယ် ... ငွေတွေဟာလည်း ကိုယ်သေတ္တာကို ကားနောက်ပိုင်းမှာ ထားခဲ့ပြီးကတည်းက လုံးဝလက်ဖျားနဲ့တို့တာ မဟုတ်ဘူး ... "

"ဒါဆို ... ငွေစက္ကူတွေကနေ ဘယ်လိုကတ်ပြားတွေ ဖြစ်လာသလဲ ... "

"ဒါကတော့ ... သူ့ကလိန်ကျချင်လို့လုပ်တာဖြစ်ချင်ဖြစ်မယ်



သူက ကိုယ်နဲ့ ဆုကို သဘောမတူဘူး မဟုတ်လား ... ဆုက ကိုယ့်ကိုအထင်သေးအောင် ... ဆုနဲ့ ကိုယ်နဲ့ မညားအောင် အန်ကယ်(လ်)က လုပ်ကြံလိုက်တယ်လို့ပဲ ထင်တယ် ... "

"အိမ်မှာတော့ ဒက်ဒီရော မာမီရော ဒေါကန်နေကြတယ် ကိုဂျက်ကို အဖမ်းခံရအောင် ရဲတိုင်မယ်တဲ့ ... "

"တိုင်လေ ... တိုင်ပေါ့ ... ကိုယ်မှ မလုပ်ဘဲ ... ရဲနဲ့တွေ့တော့လည်း အဖြစ်မှန်တွေကို ကိုဂျက်ရှင်း ... "

သူက စကားဆုံးအောင်တောင် မပြောရသေးပါ။ ယောက်ျားကြီးတစ်ယောက်၏အသံက သူ့နားထဲရိုက်ခတ်လာ၏။

"ဟေ့ကောင် ... သူခိုး ... ကလိန် ... မင်း ငါ့သမီးနဲ့ ဘာအကြောင်းမှ စကားပြောစရာမလိုဘူး ... "

ဒေါသနှင့် ပြောဆိုလိုက်သူမှာ ဦးနန္ဒာမိုးပါပဲ။

သူ့သမီးဆီက ဖုန်းကိုသူက ဆွဲလုပြီး ဝင်ပြောပုံပေါ်၏။

"အန်ကယ်(လ်) စကားပြောရင် ကြည့်ပြောပါ ... လူတစ်ယောက်ကို တစ်ဖက်စီးနင်းစွပ်စွဲပြောတာ မကောင်းပါဘူး"

"ပြောတယ်ကွာ ... မင်း ငါ့ငွေတွေကို ခိုးယူထားလို့ ... သူခိုးလို့ ပြောတာ ဘာဖြစ်သလဲ ... မင်း ဘာလုပ်ချင်သလဲ"

"ဟာ ... အန်ကယ်(လ်)ကလည်း ကျွန်တော့်ယောက္ခမလောင်းကြီးတွေကို ဘာလုပ်စရာရှိလဲ ... သူ့သမီးလေးရှင် သူ့ကို ကန်တော့ရတော့မှာပဲပေါ့ ... "

"မင်း ... မင်း ... "

www.burmeseclassic.com

www.burmeseclassic.com



ခဏတော့ ရပ်သွား၏။ ပြီးမှ ဒေါသသံကြီးနှင့် ...

"မင်းလိုကလေကချေသူခိုး ... ကလိမ်ချုံတစ်ယောက်နဲ့ ငါ့သမီးကို မပေးစားနိုင်ဘူး ... မင်း ငါ့သမီးကို လုံးဝအဆက်အသွယ်မလုပ်ပါနဲ့ ... "

"ကျွန်တော် ... "

"မင်းနဲ့ ရှည်ရှည်ဝေးဝေး မပြောနိုင်ဘူး ... ခုကတည်းက အကျင့်စာရိတ္တပျက်နေတဲ့သူခိုးတစ်ကောင်နဲ့ ငါ့သမီးကို မပေးစားနိုင်ဘူး ... "

"မပေးစားလည်းနေဗျာ ... ကျွန်တော်က ရအောင်ယူမှာပဲ ... "

ထိုစကားကို ဖုန်းထဲတွင် လွှတ်ခနဲပြောမိမလိုဖြစ်ပြီးမှ ကိုဂျက်က သူ့စိတ်နှင့် သူ့လျှာကို ထိန်းလိုက်သည်။

"အန်ကယ်(လ်)ဟာ လူကြီးပဲ စဉ်းစားပါ ... ကျွန်တော်နဲ့ ဆုရွှေချစ်ခဲ့ကြတဲ့ နှစ်တွေကလည်း မနည်းတော့ပါဘူး ... ဝင်ရှုလိုက်နေပါဦးမယ် ... "

"အံမယ် ... မင်းက လူကြီးကိုမလေးမစားနဲ့ ခွေးသူခိုး"

"အန်ကယ်(လ်) ကျွန်တော့်ကို စော်ကားတာ နှစ်ကြိမ်ရှိပြီ နော် ... "

"ခွေးသူခိုး... ××× သူခိုး ... ငါ့ငွေတွေကို ခိုးထားတဲ့ကောင် မင်း ဒီသိန်းနှစ်ဆယ်ကို ပြန်မပေးရင် ... ထောင်ထဲဝင်ဖို့သာ ပြင် ... "

ဒေါသတရားသည် သိက္ခာတရားကို ပျက်စီးစေသည်။ ဦးနန္ဒာမိုးက လူကုံတံတို့၏ သိက္ခာ၊ သူချမ်းသာသည့် သိက္ခာ



သူ့အလုပ်ကြီး အကိုင်ကြီးလုပ်နေသည့် သိက္ခာကိုတောင် မစောင့်စည်းဘဲ အဆဲအဆိုလေးတွေနှင့် ပြောလာသည်။

"သတိထားနော် အန်ကယ်(လ်) ... ငါးကိုခုတ်တဲ့လက်ဟာ ငါးကိုခုတ်ပေမဲ့ ... လက်ကို့တော့ အညှီနံ့နံဦးမှာလဲ ... ကျွန်တော့်ပါးစပ်ကလည်း အငြိမ်နေမယ် မထင်နဲ့ ... "

"ကြည့်သေးတာပေါ့ကွာ ... "

အဘိုးကြီး၏ စကားသံပျောက်သွားသည်။ အမျိုးသမီးတစ်ယောက်အသံ ပေါ်လာသည်။

ဆုရွှေမဟုတ်ပါ။

"ဂျက်စနေ ... မင်း တို့နဲ့ဘယ်နည်းနဲ့မှ မပတ်သက်ပါနဲ့ ... ငါ့သမီးနဲ့ မင်းနဲ့မတန်ဘူး ... လုံးဝ မင်း သူနဲ့အဆက်အသွယ် မလုပ်ပါနဲ့ ... လုပ်ရင်တော့ တို့သည်းခံမှာ မဟုတ်ဘူး ... ဂျက်စနေ ... "

သည်အသံက မတော်စပ်ရသေးသော ယောက္ခမလောင်းကြီးသို့မဟုတ်ဆုရွှေ၏မယ်တော်အန်တီဒေါ်သင်းသင်းလှိုင်၏အသံပဲ ဖြစ်သည်။

"ဟာ ... ကျွန်တော့်ကို ဝိုင်းရန်တွေ့နေကြပါလား ... ကျွန်တော် အခုမှအိပ်ရာက ထစရှိသေးတယ် ... မင်္ဂလာနိမိတ်တွေနဲ့ ပြည့်စုံနေပါလားနော် ... "

"ထို့ ... "

တံတွေးထွေးသံကို ကြားလိုက်ရသည်။ ဒေါ်သင်းသင်းလှိုင်၏ အောက်တန်းကျကျပြုမူချက် ... ။

စနေ ဆက်စကားမပြောတော့ပါ။ ဖုန်းကိုပိတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စားပွဲပေါ် ပြန်တင်လိုက်သည်။

မျက်နှာက မဲ့နေသည်။ ဒေါသလှိုင်းသည် သူ့ကိုခြံနေ၏။ သူ့အတွက် ဆုချွေနှင့် ကွဲရအောင် ကြမ္မာဆိုးဝင်ခဲ့လေပြီလား။

ဒါမှမဟုတ် မိမိနှင့် ဆုချွေကွဲရအောင် ဦးနန္ဒာမိုးကပဲ ဉာဏ်ဆင်ကာ ကလိန်းကလက်လုပ်လေပြီလား။

သည်ဒုတိယအချက်ကို သူပိုမိုလက်ခံသည်။

သူတို့အထင်သေး အမြင်သေးဖြစ်နေသော မိမိနှင့် သူတို့သမီးနှင့် ဘယ်လိုမှ ပေးစားမည်မဟုတ်ပါ။

ဆယ်နာရီခွဲလောက်တွင်သူ ဆုချွေဆီဖုန်းဆက်လိုက်ပြန်သည်။

ဆုချွေဆီမှ ဖုန်းပြန်လာသည်။

"ကိုဂျက် ... "

"ဆု ... မနက်က ကိစ္စမပြီးသေးဘူး ... "

ဆုချွေဆီမှ သက်ပြင်းချသံလေးကြားရသည်။

"ကိုဂျက်... ဒီငွေတွေကို မယူတာ အမှန်ပဲလား ... ကိုဂျက်"

"ကိုယ် ဘယ်လိုပြောရမလဲ ... သစ္စာဆိုပြီး ပြောရမလား ကျမ်းကိုင်ပြီး ပြောရမလား ... အခုဖြစ်ခဲ့တာ ဦးနန္ဒာမိုးရဲ့ မျက်ကွယ်မှာ မဟုတ်ဘူး ... မျက်စိအောက်မှာဖြစ်တာ ... ရှင်းရှင်းပြောရင် ဒီငွေတွေကို ကိုယ်မယူဘူး သူယူ ... သူ မယူရင် ကိုယ်ယူ ... ဒီနှစ်လမ်းပဲရှိတယ် ... ဆု ... ဒါပေမဲ့ ကိုယ်မယူတာ အမှန်ပဲ ... "

"ဒါဆို ... ဒက်ဒီယူတယ်လို့ ကိုဂျက်က ပြောချင်တယ်ပေါ့ လေ ... "



"ဖြစ်နိုင်တယ် ... သူက ကိုယ်နဲ့ ဆုကို သဘောမတူဘူး သဘောမတူဘူးဆိုတာ ... သူတို့ပါးစပ်က မပြောဘူးပေါ့ စိတ်ထဲမှာ ကျိတ်သဘောမတူတာ ဖြစ်မယ် ... ဒီတော့ ကိုယ့်ကို ဆုက အထင်သေးအောင် ဆုနဲ့ ကိုယ်ခွာပြဲအောင် ဆင်လုံးထွင်တာ ဖြစ်မယ် ... ဒါပေမဲ့ ကိုယ်တွေးမရတာက သူက ငွေတွေကို စက္ကူကတ်ပြားတွေဖြစ်သွားအောင် ... ဘယ်လိုပြောင်းလွဲလိုက်တယ်ဆိုတာပဲ ... ဩော် ... တစ်ခု တော့ ရှိတယ် ... "

"ဘာလဲ ... ကိုဂျက် ... "

သူ့စကားကို မချောလေးက စိတ်ဝင်စားပုံပေါ်သဖြင့် စိတ်သက်သာရာ ရသွား၏။

"ပန်းပွိုင်ကိုရောက်တော့ ... သေနေတဲ့ အမျိုးသမီး အလောင်းကို ကိုယ်သွားကြည့်ချိန်မှာ သူငွေစက္ကူနဲ့ ကတ်ပြားလဲလှယ်ထားနိုင်တယ်လေ ... "

"အက်တက်ချီကေ့(စ်)သော့က ကိုဂျက်ဆီမှာပဲ ... "

"အင်း ... ဒါလည်း ဟုတ်တာပဲ ... ဘာပဲဖြစ်ဖြစ် ကိုဂျက်ကို ဆုနားလည်ပေးပါနော် ... ဒီလောက ဒီကမ္ဘာမှာ ဆုကို ကိုဂျက်သိပ်ချစ်တယ် ... ကိုဂျက်ချစ်တာ ဆုတစ်ယောက် တည်းပါ ... ကိုဂျက်ရဲ့နှလုံးသားတွင်မကဘဲ ကိုယ့်ဝိညာဉ် ကပါ ဆုကိုချစ်တာပါ ... အဲဒီအတွက်တော့ ဆု ကိုယ့်ကို နားလည်ပေးပါကွာ ... "

ဆုဆီမှ အသံကလေးတိတ်နေ၏။ ပြီးမှ ...

"ဒက်ဒီတို့က ဆုကို ကိုဂျက်နဲ့သဘောမတူကြတာတော့

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ ... သူတို့က ဆုကို ရွှေလမ်းငွေလမ်းခင်းပေးတဲ့လူနဲ့ပဲ လက်တွဲပြီး ... ရွှေလမ်းငွေလမ်းပေါ်မှာ ဆုလျှောက်တာ မြင်ချင်ကြတယ် ... ဒါကတော့ မိဘတိုင်းရဲ့စေတနာ မေတ္တာပဲလေ ... ”

“ကိုယ်လည်း ရွှေလမ်းငွေလမ်းခင်းနိုင်အောင် ကြိုးစားနေတဲ့လူပါ ဆုရယ် ... ဆုကို တင့်တင့်တယ်တယ်ထားနိုင်အောင် ကြိုးစားနေတာပါ ... ”

“ဆုနားလည်ပါတယ်... သဘောပေါက်ပါတယ် မောင်ရယ်”

“ဟင် ... ဆု ... ကိုယ့်ကို ဘယ်လိုခေါ်လိုက်သလဲ ... ”

စနေ၏ ဝမ်းသာအားရမေးလိုက်သံ ...။

“မောင်ပါကွဲကွယ် ... မောင့်ကို ဒီလိုခေါ်လိုက်ကတည်းက ဆုဟာ မောင့်အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ နားလည်လိုက်ပေါ့နော် ... ”

“ဝမ်းသာလိုက်တာ ဆုရယ် ... ကိုယ် ... အဲ မောင့်မှာ ဆုတစ်ယောက် အနိကယ်(လ်)လုပ်ပုံကြောင့် မှန်းမျှားသွားမလားလို့ စိုးရိမ်နေလိုက်ရတာ ... ”

ဂျက်စနေ၏အသံက ယခင်ကထက် ပိုကာသွက်သွက်လက်လက်ဖြစ်လာသည်။ စိတ်ထဲ သက်သာရာရဟန်တူသည်။

“ဆုရင်ထဲမှာ ... မောင့်တစ်ယောက်တည်းပါ ... ”

“ဆု ... အခုဘယ်က စကားပြောနေတာလဲ ... ”

“ရွှေယမင်းဇော်တို့အိမ်ကလေ ... စက်ာပူသွားရင် ဘာမှာဦးမလဲလို့ ... ယမင်းကိုသွားမေးနေတာ ... ”

ရွှေယမင်းဇော်မှာ ဆုရွှေ၏ သူငယ်ချင်းတစ်



ယောက်ဖြစ်သည်။ ကုတ္တိုင်းတွင်နေသည်။

“မောင်ကော ... ”

“မောင်က ... အခု မောင့်အိမ်ခန်းကပဲ ပြောနေတာ ... ”

“တစ်ခုတော့ ရှိတယ် မောင် ... ပြဿနာတွေ မပြေလည်ခင် ... မောင် ဒက်ဒီနဲ့မတွေ့ပါနဲ့ဦး ... ”

“ပြဿနာတွေ မပြေလည်ခင် ဟုတ်လား ... ဆု ဘာကိုဆိုချင်တာလဲ ... ”

“အခု ... ပြဿနာဟာ မောင့်အပေါ်မှာ ရှုးနေတယ် ... ဒီတော့ ဒီပြဿနာဖြေရှင်းအောင် မောင်ပဲစုံစမ်းလိုက်ပါ ... မောင်ပြောတာကို ဆုလက်ခံပါတယ် ... မောင်နဲ့ဆုနဲ့ မပေါင်းနိုင်အောင် ဒက်ဒီကြံဆောင်တာလား မသိဘူး...”

“ဟုတ်ပြီ ... ဟုတ်ပြီ ... ဆု ဒက်ဒီရဲ့အထုပ်ကြီးကို ပြေအောင်ဖြည်ရမယ် ... ”

“ဒက်ဒီအဖို့ ပညာရသွားပါလိမ့်မယ် ... ”

“ဆု ... စက်ာပူကို ဘယ်တော့သွားမလဲ ... ”

“မနက်ဖြန် ဖလိုက်နဲ့သွားမယ် ... မာမီလည်း ပါမယ် ... နှစ်ရက်နေပြီး ပြန်လာမှာပါ ... ”

“အိုကေ ... အချစ်များစွာနဲ့ နှုတ်ဆက်လိုက်ပါတယ် ချစ်ချစ်ရယ် ... ”

“အနမ်းများစွာနဲ့ပဲ မောင် ... ”

သူက ဖုန်းကိုတစ်နေရာတွင် ထားလိုက်သည်။ ရင်ထဲမှာ ပေါ့ပါးရွှင်လန်းနေသည်။

ဦးနန္ဒာမိုးလုပ်ပုံကြောင့် ဆုက သူ့ကိုစတင်လွဲသွား

www.burmeseclassic.com

www.burmeseclassic.com



မှာ၊ အထင်သေးသွားမှာ စိုးသည်။

ခုတော့ ...

အဆင့်တစ်ဆင့်တောင် ပိုလိုက်သေးရဲ့။

မောင် ... တဲ့။

သာယာမိပါတယ်နော်။

သူက ဒီကနေ့အလုပ်ကိစ္စနှင့် ပတ်သက်လို့မစဉ်းစား သေး။

ယခု သူစဉ်းစားရမှာက ဦးနန္ဒမိုး၏ တစ်ဖြစ်လဲ သွားသော ဘဝပြောင်းငွေစက္ကူအကြောင်းပဲဖြစ်သည်။

ထို့အတွက် သဲလွန်စကို သူရှာရမည်။

တံခါးခေါက်သံကြားရသည်။

တံခါးကိုသွားဖွင့်ပေးလိုက်သည်။ မိမိမိတ်ဆွေတွေ ထဲမှ သူငယ်ချင်းတွေထဲမှ တစ်ယောက်ယောက်လို့ မျှော်လင့် သည်။

သို့လင့်ကစား ...

ယခုလာကြသူတွေက သူမျှော်လင့်ထားသောသူ များ မဟုတ်ပါ။ မျက်နှာစိမ်းတွေပါပဲ။

အားလုံး ယောကျ်ားတွေချည်းပါ။

သူ့အရွယ်တွေချည်းပဲ။

အရေအတွက်က သုံးယောက်ကြီးများတောင်။

"ဘာကိစ္စ ..."

သူ၏အမေးက မဆုံးခင် လူသုံးယောက်ထဲမှ တစ် ယောက်က သူ့ရင်ဘတ်ကို တွန်းလိုက်သည်။



ဂျက်စနေနောက်ကို ယိုင်သွားစဉ် လူသုံးယောက် လုံး အိမ်ခန်းထဲသို့ အလုအယက်ဝင်လာကြသည်။ တစ်ယောက်က တံခါးကို နောက်ပြန်ပိတ်လိုက်သည်။

တံခါးရှက်မှာ အော်တိုလက်ကိုင်ဖုနှင့်မို့ ဂျက်ကျ သွားတော့သည်။

စနေကို လူနှစ်ယောက်က လက်မောင်းတစ်ဖက် တစ်ချက်စီကို ချုပ်လိုက်သည်။

တံခါးကို ပိတ်လိုက်သူက ရယ်ရယ်မောမောနှင့် ...

"ဂျက်စနေဆိုတာ မင်းလား ..."

"ဟုတ်တယ် ..."

ခပ်မာမာပင် ဂျက်ကပြောသည်။ သူ့အတွက် မမျှော် သင့်သော ဘေးဥပါဒ်တစ်ခုဝင်လာတာကို အလိုလိုသိသည်။

မေးသူမှာ ဆံပင်ကိုအလယ်တွင် ထောင်နေအောင် အရှည်လိုက်ဖြီးထားသည်။ ဆံပင်တွေမှာ ဆေးဆိုးထားလို့ နီကြောင် ကြောင်ပဲဖြစ်၏။

ပါးရိုးကားကား။ မျက်နှာပေါက်ရင့်ရင့်။

တောသားက မော်ဒယ်(လ်)ပုံစံဖမ်းနေခြင်းပဲ။

လည်ပင်းတွင် ဂျင်းရှပ်လက်တို ရင်ဘတ်ဟပြီနှင့် တစ်ပတ်နွမ်းဂျင်းကို ဝတ်ထားသည်။

"မင်း ငွေသိန်းနှစ်ဆယ်ကို ဘယ်မှာထားလဲ ..."

"သိန်းနှစ်ဆယ် ... ဘာသိန်းနှစ်ဆယ်လဲ ..."

ခပ်တည်တည်ပင် ဂျက်ကမေးစဉ် မျက်လုံးဝင်းဝင်း စူးစူးများက ရှေ့မှငနဲကို သေချာစွာကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးပါ။

"တို့အေးအေးသက်သာတောင်းနေတာ ထုတ်ပေး ... "

"မသိဘူး ... "

"မင်း ... မနေ့ညက ဦးနန္ဒာမိုးဆီက သိန်းနှစ်ဆယ်ကို အပျောက်ရိုက်သွားတာပဲ ... အခု ဒီငွေတွေကို ပြန်လိုချင်တယ် ... "

"မင်းတို့ကို ဘယ်သူလွှတ်လိုက်တာလဲ ... ဦးနန္ဒာမိုးလား"

ရှေ့မှလူက အဖြေပေးသည်။

နှုတ်ဖြင့်မဖြေ ... ။

လက်နှင့် ဖြေလိုက်ခဲ့သည်။

"အွန့် ... "

လက်သီးတစ်လုံး အရှိုက်ထဲဝင်လာတာ မသက်သာပါ။

ငနဲသား၏ လက်သီးချက်ကြောင့် စနေ၏ဝမ်းဗိုက်အလယ်မှာ အောင့်သွားသည်။ ပါးစပ်ထဲမှ လေနှင့်အသံက ခုန်ထွက်သွားသည်။

ဂျက်စနေသည် သူတစ်ပါး၏ အစော်ကားကို ခံဖို့ရာ နှုတ်နှင့်သာ မဟုတ်။ လက်ဆိုတာ ဝေးရော။

ယခုလို ကိုယ့်တိုက်ခန်းထဲကိုလည်း ပိုင်စိုးပိုင်နင်းတက်ဝင်ကာ ဘာမသိ ညာမသိရဘဲ လက်သီးနှင့် အထိုးခံရတာကြောင့် ဒေါသအိုးပေါက်ကွဲသွားတော့၏။

ရှေ့လူ၏ ပေါင်ခွဆုံထဲကို သူ့ခြေတံရှည်တစ်ဖက်ဖြင့် တအားဗိုတ်ကန်ထည့်လိုက်သည်။ ဘေးမှလူတစ်ယောက်၏



မျက်နှာထဲကို ညာခေါင်းဖြင့် ဘေးတိုက်ဆောင့်တိုက်ပစ်လိုက်၏။

"အား ... "

"အာလာ ... "

ပါးစပ်နှစ်ခုမှ ထွက်လာသောအသံနှစ်ခု။

တူညီသော ဝေဒနာထက် ပေါင်ခွဆုံကို အကန်ခံလိုက်ရသူက ပိုခံစားရပါလိမ့်မည်။

ဂျက်စနေ၏ ညာလက်တစ်ဖက်က အချုပ်အနှောင်အဖွဲ့မှ လွတ်မြောက်လျှင် လွတ်မြောက်ချင်း ဘယ်ဘက်မှ လူ၏မေးအောက်ထဲကို ညာဖြောင့်လက်သီးတစ်လုံးက စနေ၏အင်အားနှင့် ခပ်ဆတ်ဆတ်ဝင်သွားသည်။

လက်သီးချက်နှင့် စနေ၏ခပ်ခွဲ့ခွဲ့ခန္ဓာကိုယ်နှင့်ကတခြားစီပဲဖြစ်သည်။ လက်သီးချက်က ပြင်းသည်။

ကကြိုးရုပ်တစ်ခု ကြိုးပြတ်ပြီးလဲသလို အထိုးခံရသူမှာ တုံးခနဲလဲကျသွားသည်။

ခေါင်းနှင့် အဆောင့်ခံရသူမှာလည်း မှူးနောက်သွားဘာ ဝေဒနာကိုဖယ်ထုတ်၍ သူ့ညာလက်ကို ဘောင်းဘီအိတ်တစ်အိတ်ကပ်ထဲ ထည့်လိုက်၏။

လက်နက်တစ်ခုခုကို ကိုင်လိုကိုင်ငြားမို့ လျှင်သောဂျက်စနေက အကိုင်ခံသော်လည်း ထိုလက်နက်ကိုအထုတ်မခံ။

ယင်းလူ၏ လက်ကို သူ့ဘယ်လက်နှင့်ဖိကိုင်ပြီး ညာနှင့် ဝမ်းဗိုက်ထဲ ခုန်တိုက်ပစ်လိုက်သည်။

"အွန့် ... "

သူ့လိုပဲ တန်ပြန်အသံထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တည်းနှင့် ခွေကျသွားသည်။

ဂျက်စနေက သူ့ကိုပထမဆုံး လက်သီးစွမ်းပြခဲ့သော သူဆီသို့ သွားသည်။ ငနဲ၏ထောင်နေသောဆံပင်တွေကို လက်များနှင့် ဖွပေးလိုက်သည်။

ပါးကိုသုံးလေးချက် ဘယ်ပြန်ညာပြန်ရိုက်ပစ်လိုက်၏။

"မင်းက ငါ့ကိုစပြီး လက်သီးချက်ပေးတော့ ... ငါက တူညီတဲ့လက်သီးချက်ပြန်ပေးရတာပဲဟေ့... တော်တော်အရသာရှိရဲ့လား ... "

ပြောလည်းပြော လက်သီးချက်တစ်ချက်လည်း မျက်နှာထဲ ထိုးထည့်လိုက်သည်။

"အား ... အမယ်လေး ... "

အထိုးခံရသူမှာ သူ့မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ကာအော်သည်။

"မင်းတို့ မြန်မြန်ဆင်းသွားကြ ... နို့မဟုတ်ရင် ငါသတ်မိလိမ့်မယ် ... "

ဒေါသနှင့် ဂျက်စနေက ပြော၍ တံခါးဘက်အလျင်အမြန်လျှောက်သွားသည်။ တံခါးရှက်မှ ချက်လက်ကိုင်ဘုကိုလှည့်၍ တံခါးကို ဖွင့်သည်။ နှုတ်မှလည်း ...

"မြန်မြန်သွား ... မသွားရင် ... "

သူ့ကိုယ်လှုပ်ရှားမှုက မြန်လွန်းသည်။

ခုန်ကန်လိုက်တာတောင် ဘယ်သို့ခုန်ကန်လိုက်သည်မသိ။



အနီးဆုံးလူကို ထိသည်။

သည်ကောင်တွေ ဂျက်၏ပြင်းထန်သောအထိတွေ့မှုကို မခံနိုင်။ ဆင်းပြေးကုန်ကြသည်။

ဂျက်စနေက ထွက်မကြည့်။ ထွက်ကြည့်လာတာက အခြားအခန်းအချို့မှ လူတွေ ... ။

"ကိုစနေ ဘာဖြစ်တာလဲ ... "

ငါးလွှာလောက်မှ လူက လှမ်းအော်မေးသည်။

"ဓားပြတိုက်မလို့လား မသိပါဘူးဗျာ ... ခိုးကြောင်ခိုးဝှက်လာကြည့်လို့ ကျွန်တော်တံခါးဖွင့်တာနဲ့ ဆင်းပြေးကုန်ကြတာပဲ ... "

ဆင်ဖွေ့ရန်ရှောင်စကားကိုပဲ ဆိုလိုက်၏။

ဤမျှနှင့်ပဲ ပွဲပြီးသွားသည်။

ဂျက်စနေက ဖုန်းကိုကောက်ကိုင်လိုက်၏။ သူ့တွင်ဆုချွေ၏ ဆဲ(လ်)ဖုန်းနံပါတ်မှလွဲပြီး ဦးနန္ဒာမိုး၏ဖုန်းနံပါတ်ကို မသိပေ။ ဖုန်းကို ပြန်ချသည်။ သက်ပြင်းတစ်ချက်ချလိုက်သည်။

သူဘာလုပ်ရမလဲ...ယခုပဲ ငွေသိန်းနှစ်ဆယ်အတွက် ရန်ပွဲက ဝင်လာချေပြီ။

သည်တော့ သူ့အတွက် စဉ်းစားစရာက ညကမြွေပေါက်သေဆုံးခဲ့သော အမျိုးသမီးတစ်ယောက်ဖြစ်၏။ ထိုအမျိုးသမီးကို သူမသိ။ ဘာကြောင့် သေဆုံးသွားသည်ကိုလည်း သူမသိ။

ဦးနန္ဒာမိုးနှင့် တစ်နည်းနည်းတော့ ပတ်သက်နေလိမ့်မည်ဟု ထင်သည်။ အဲသည်နေရာကိုသွားပြီး ထပ်မံမေးမြန်းခဲ့မှ လျှင် ကောင်းမည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တိုက်ခန်းကို သော့ခတ်ဆင်းလာချိန်တွင် မနီ
မဝေးရှိ လက်ဖက်ရည်ဆိုင်မှ လူတစ်ယောက်စောင့်ကြည့်နေသည်
ကို ဂျက်စနေမသိပါ။

တိုက်ခန်းအောက်ထပ်က ရေစက်များထားသော
အခန်းထဲတွင် သူ့မော်တော်ဆိုင်ကယ်ကြီးကို ကပ်ကပ်သပ်သ
ထည့်ထားသည်။ အိမ်ရှင်၏သဘောတူညီမှုအရ ဆိုင်ကယ်အတွ
ညအိပ်လပေး ပေးရသည်။

သူက မော်တော်ဆိုင်ကယ်နှင့်ထွက်အသွား လ
ဖက်ရည်ဆိုင်မှာ စောင့်နေသူက ဆယ်လူလာဖုန်းနှင့်ဆက်လိုက်

လမ်းထိပ်နားတွင် ဂျစ်ကားတစ်စီးရှိသည်။

ယင်းဂျစ်ကားပေါ်မှ လူတစ်ယောက်က ဂျစ်က
၏မောင်းသူနေရာတွင်ထိုင်၍ ဆယ်လူလာကိုင်ထားသည်။

တစ်ဖက်မှ ပြောတာကို ခေါင်းတညိတ်ညိတ်
နားထောင်၏။

ပြီးတော့ စနေ၏ မော်တော်ဆိုင်ကယ်နောက်
လိုက်ပါသွားသည်။

သူ့လက်ကိုင်ဖုန်းနှင့်ပင် စကားပြောနေသည်။ ထ
ဖက်မှညွှန်ကြားချက်ကို ခေါင်းတညိတ်ညိတ်လုပ်နေ၏။

ကားကိုလည်း သတိထားမောင်းသည်။

◈◈◈



ဓာတ်ထမ်းစည်(၇)

ပန်းတိုင်ကိုရောက်သည်။

လက်ဖက်ရည်ဆိုင်တစ်ခုထဲဝင်သည်။

ဝမ်းဗိုက်မှာလည်း ဆာလောင်မှုပြင်းပြနေ၏။

သူ ထမင်းမစားရသေး။

ဆယ့်နှစ်နာရီတောင် ခွဲနေပြီ။

လက်ဖက်ရည်ဆိုင်ထဲတွင် စားလို့ရသော မုန့်တွေကို မှာလိုက်သည်။

မုန့်လေးငါးခုစားပြီး လက်ဖက်ရည်ရှယ်နှစ်ခွက်မှာ သောက်လိုက်၏။

ဝမ်းဗိုက်မှာ ငြိမ်းချမ်းရေးရသွားသည်။

အိုကေ ... ။

သူများနှင့်မတူဘဲ မုန့်လေးငါးခုစားပြီး လက်ဖက်ရည် နှစ်ခွက်သောက်သော သူနှင့် သူ့ရုပ်ရည်ကို ဆိုင်ရှင်ကြီးက စိတ်ဝင်စားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကပဲ ဟိုစကား သည်စကားပြောကာ မိတ်ဖွဲ့သည်။ မြန်မာတို့၏ စပ်စပ်စုစု ဓလေ့အတိုင်း ဘယ်ကိုသွားမှာလဲ ဟု ဘာညာမေးသည်။

စနေက သူသည်မှုခင်းဂျာနယ်တစ်ခုတွင် ရေးသားနေသော သတင်းထောက်တစ်ဦးဖြစ်ကြောင်း၊ ဟိုဟိုသည်သည် သွားကာ စုံစမ်းပြီး မှုခင်းဂျာနယ်၊ စာစောင်များတွင် မှုခင်းများကို ရေးသားသူဖြစ်ကြောင်းပြော၏။

သူ့စကားအတိုင်းဆို ဆိုင်ရှင်မှ မနေ့က မြွေပေါက်သေသော အမျိုးသမီးအကြောင်း ပွင့်အန်ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။

သို့စဉ်တိုင် ဆိုင်ရှင်လူကြီးဆီမှ ထိုအမှုအကြောင်းကို မကြားရပေ။

မနေနိုင်သဖြင့် ဂျက်စနေကပင် ထိုလူကြီးအား ဤအနီးအနားတစ်ဝိုက်တွင် မှုခင်းဖြစ်ပွားမှုများ မရှိဘူးလားဟု မေးသည်။

ဆိုင်ရှင်က ခေါင်းခါပြ၏။

စနေ၏ စိတ်ထဲဝေခွဲမရဖြစ်သွားသည်။

မနေ့ညကပဲ ... ကားတစ်စီးထဲမှာ မြွေတွေနှင့် မြွေပေါက်သေခဲ့သော မိန်းကလေးတစ်ယောက်ကို သူတပ်အပ်ထင်ထင် တွေ့မြင်ခဲ့ရသေးတာပဲ။

"အမှုအခင်းဆိုတာ ရှိချင်လည်း ရှိတတ်တာမျိုးပဲ ... ဥပဒေ ဓားခုတ်တာတို့ တုတ်ရိုက်တာတို့ မတော်တဆသဘောမျိုး မဟုတ်ဘဲ ... မမှတ်မထင်ဘဲ ကားတိုက်ခံရတာတို့ ... မြွေ



ပေါက်ခံရတာမျိုးတို့ပေါ့ဗျာ ... "

စကားလမ်းကြောင်းဝေးသည်။

ဆိုင်ရှင်က ခေါင်းကိုယမ်းလိုက်သည်။

"ကျုပ်တို့အနားမှာ ဒီလိုအမှုတွေ မရှိဘူး ... မောင်ရင်လေးရဲ့ ... "

စနေ မျက်မှောင်ကုတ်ကာ စဉ်းစားသည်။

ဟိုအမျိုးသမီးသေတာ ဟုတ်မှဟုတ်ရဲ့လား။

ဒါပေမဲ့ သေတာတော့ အမှန်ပဲ။

မြွေတွေကြားထဲမှာ မလှုပ်မယှက်ကြီးကိုလဲသေနေတာ မနေ့ညက မိမိတွေ့ခဲ့တာပဲ။

ဒါပေမဲ့ အဲသည်လိုသေလျှင်လည်း ပန်းတိုင်ရွာထဲမှာကော၊ ဒီအနားတစ်ဝိုက်မှာကော လူတွေပြောကြဆိုကြမှာပဲ။

စနေ၏ ဝေခွဲမရသောမျက်နှာကို ဆိုင်ရှင်ကကြည့်ကာ ...

"ဘာဖြစ်လို့လဲ ... ငါ့ညီ ... "

"အာ ... ဘာမှမဟုတ်ပါဘူး ... "

သူက ပြုံးစစနှင့် ဆိုသည်။ မုန့်နှင့် လက်ဖက်ရည်ဖိုးကို ကျသင့်သလောက်ရှင်းလင်းပေးကာ လူကြီးကိုနှုတ်ဆက်ထွက်လာ၏။ ဆိုင်ရှင်ကိုယ်တိုင်ရော၊ စားပွဲထိုးလူငယ်လေးများပါ စနေကို အမှတ်မထင့်အကဲခတ်ကျန်ရစ်ခဲ့ကြသည်။

စနေက သူ့မော်တော်ဆိုင်ကယ်နှင့် ပြန်မောင်းလာသည်။ ထန်းတပင်ချိုးကွေ့လမ်းကလေးနားမရောက်မီ တစ်ယောက်က သူ့ကိုလက်ပြတားသည်။

www.burmeseclassic.com

www.burmeseclassic.com



စနေက တားသူကိုကြည့်သည်။

အမျိုးသမီးတစ်ယောက်ပါ။

အသက်သုံးဆယ်ကျော်လောက်ရှိမည်။ အသားညို ညိုအရပ်အမောင်းမဆိုး။

ကျစ်ဆံမြီးနှစ်ဖက်ကို ရင်အုံရှေ့မှာ ချထား၏။

"ဘာလဲ ... အစ်မ ... "

သူက ဆိုင်ကယ်ကို အရှိန်သတ်သည်။ စက်အရှိန် သတ်တာနှင့် မေးခွန်းက တစ်ပါတည်း။

"ရန်ကုန်ကို လိုက်ချင်လို့ပါ ... "

"လမ်းမှာ ကားတွေရှိတာပဲ ဖြတ်တားလို့မရဘူးလား ... အစ်မ ... "

"တားပါတယ် ... သူတို့က မရပ်ပေးဘူး ... "

"အစ်မက ဘယ်သွားမှာလဲ ... "

"လှည်းတန်းတွင်ပါ မောင်လေးရယ် ... "

သူတထူးကို ကူချင်သောစိတ်က ဂျက်စနေတွင် ကိန်းအောင်းလာတာ ငယ်ငယ်ကလေးကတည်းမှဖြစ်သည်။

ယောက်ျားမိန်းမ မရွေး သူကူညီတတ်သည်မို့ အမျိုး သမီးအား ဆိုင်ကယ်၏ထိုင်ခုံနောက်တွင် ထိုင်ခိုင်းလိုက်သည်။အမျိုး သမီးမှာ ကျောင်းလွယ်အိတ်လို လွယ်အိတ်တစ်လုံးကို လွယ်လျက် ပါလာရာ သူမက လွယ်ထားသောလွယ်အိတ်ကို ပေါင်ပေါ်လွှဲတင် လိုက်သည်။

"မြဲမြဲကိုင်နော် ... "

သူကပြောပြီးတော့ ဆိုင်ကယ်ကို ဂီယာထိုးကာ



ထွက်လာသည်။ ချက်ချင်းစဉ်းစားမိ၏။

သူ့ဆိုင်ကယ်တွင် လမ်းပေါ်မှခေါ်လာသော အမျိုး သမီးပါလာတာ ဟုတ်ပါရဲ့။

ရန်ကုန်ထဲတစ်နေရာရာရောက်လို့ ဆုချွေကမတော် တာသတွေ့သွားပါလျှင် အရှင်းရခက်ချေရဲ့ဟု တွေးမိ၏။

"ရှင် မြွေကိုတွေ့ဖူးသလား ... "

"ဘာဖြစ်လို့ မေးတာလဲ ... "

"ရှေ့က ဘယ်ဘက်ကိုချိုးတဲ့လမ်းကို ကွေ့ဝင်လိုက်ပါ ... မောင်လေး ... "

"ဗျာ ... "

"မဗျာနဲ့ ... မင်းရဲ့နောက်မှာ အစ်မထိုင်နေပေမဲ့ မြွေတစ် ကောင်ကိုင်ထားတယ်ကွဲ့ ... မင်းအစ်မစကားနားမထောင် ရင်တော့ ... မင်းကို မြွေနဲ့ကိုင်ခိုင်းရမှာပဲ ... "

သူမကပြောပြောဆိုဆိုလက်ထဲတွင်ကိုင်ထားသော မြွေတစ်ကောင်ကို စနေ၏မျက်စိရှေ့သို့ ထိုးပြလိုက်၏။

မြွေမှာ တန်းလန်းကြီးဖြစ်ကာ မကြောက်မရွံ့ကိုင် ထားသော သူမ၏လက်ထဲတွင် တွန့်လိမ်နေသည်။

မြွေဟောက်မဟုတ်ဘဲ မြွေပွေးဖြစ်နေသည်။

မြွေပွေးမှာ ထိလျှင် ဒေါသကြီးတတ်ရာ သူ၏ဇက် ပိုးကို မိန်းမပျိုက ဖိကိုင်ထားသောကြောင့် ဒေါသဖြစ်ကာ ပါးစပ် ဟ၍ ကောက်နေသောအစွယ်ချွန်ချွန်က ကြောက်စရာဖြစ်နေ၏။

"ခင်ဗျား ဘယ်သူလဲ ... ဘာသဘောနဲ့ လုပ်တာလဲ ... ခင်ဗျားဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



စနေက ရုတ်တရက် မကြောက်တတ်ပါ။

"မင်းကြည့်ရတာ ... သေခြင်းတရားကို မကြောက်ဖူးနဲ့တူတယ် ..."

"သေတယ်ဆိုတာတော့ မဆန်းတဲ့ လူ့လောကရဲ့သမိုင်းမှတ်တိုင်တစ်ခုပါ ... အဲဒီမှတ်တိုင်ကို ဘယ်သူမှဖျက်လို့မရဘူး ... ဒါပေမဲ့ ဒီမှတ်တိုင်ကို မရောက်မီမှာ ဘာကြောင့်သေရတယ်ဆိုတာတော့ ... ကျွန်တော်က သိချင်တာပေါ့ အစ်မရယ် ..."

"သိချင်ရင် ရှေ့လမ်းကလေးကို ချိုးဝင်လိုက် ..."

"မဝင်ရင် ..."

"မင်းလည်ကုတ်ထဲကို ဒီမြွေပွေးရဲ့အစွယ်တွေ ဝင်သွားရင် မင်းအပြစ်နော် ... အစ်မအပြစ်မဟုတ်ဘူး ..."

ဂျက်စနေ သဘောပေါက်လာသည်။

"ကျွန်တော်သိပြီ ... ကျွန်တော်သိပြီ ... လက်စသတ်တော့ အစ်မက သေမင်းတိုင်းပြည်က ပြန်လာတဲ့သူပဲကိုး ... ကျွန်တော့်အရင် အစ်မက မြွေစွယ်တွေနဲ့ တွေ့ခဲ့တဲ့ သေမင်းလက်မခံကေရိုလေးပဲ ..."

"ဟုတ်တာပေါ့ကွယ် ... အစ်မက မနေ့ညက မသေခဲ့ပါဘူး မင်းနဲ့အစ်မ နေရာချင်းလဲရလိမ့်မယ် ထင်တယ် ..."

"ကျွန်တော် မသေချင်ပါဘူးဗျာ ..."

ပြောလည်းပြော၊ မော်တော်ဆိုင်ကယ်ကို ကွေ့လိုက်၏။

အဲဒီမှာ သူက လိုအပ်သည်ထက် အရှိန်များများ



ကွေ့ပစ်လိုက်သည်။

ဖြစ်ချင်တော့ ထန်းတပင်ဘက်မှ ကားကြီးတစ်စီးက လာနေ၏။ ထိုကားကလည်း ညောင်တုန်းလမ်းမပေါ် ရောက်လုလု။

အရှိန်နှင့် ကွေ့လိုက်သော ဂျက်၏မော်တော်ဆိုင်ကယ်နှင့် သွားဆုံမိသည်။

ဝုန်းခနဲအသံကြီးသည် ကြောက်ခမန်းလိလိပေါ်လာ၏။ လာသောကားက အုတ်တင်ကားဖြစ်၏။

ဆိုင်ကယ်မှာ မြောက်တက်သွားသည်။ ဆိုင်ကယ်ပေါ်မှ အမျိုးသမီးလွင့်ထွက်သွား၏။

စနေက လမ်းမပေါ်ဆိုင်ကယ်နှင့် ပြန်ကျသွား၏။ ဆိုင်ကယ်တခြား လူတခြားဖြစ်သွားသည်။

ဆိုင်ကယ်၏ဓာတ်ဆီတိုင်ကီ ပွင့်ထွက်သွား၏။ လောင်စာနှင့် အင်ဂျင်အပူတို့ ထိတွေ့လျက် ဝုန်းခနဲ မီးတောက်ကြီးတစ်ခုက ကြောက်ခမန်းလိလိထတောက်လာသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။

အုတ်တင်ကားကြီးမှာ ဘေးသို့ချော်ထွက်သွားသော်လည်း သူ့အရှိန်ကို သူ့အလျှင်အမြန်ဖမ်းလိုက်နိုင်သည်။

ဝန်းကျင်တွင် တဲအိမ်ကလေးနှစ်လုံးသုံးလုံးရှိ၏။ ဆိုင်ငယ်ကလေးတွေ။

အဲသည်မှာ လူတွေက အော်ဟစ်ပြီး ပြေးထွက်လာကြသည်။ ဂျက်စနေနှင့် မြွေပွေးကိုင်အမျိုးသမီးမှာ ထတောင် မထနိုင်ကြတော့။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးထက် ဂျက်စနေ၏အနေအထားက ပိုဆိုးသည်။ တစ်ကိုယ်လုံးကွေးကောက်နေသည်။ ဆိုင်ကယ်ဆောင်း ဦးထုပ်မှာ မေးသိုင်းကြိုးကြောင့် ကျွတ်ထွက်မသွားခဲ့။

သွေးတွေက တစ်ကိုယ်လုံးမှ ထွက်ကျကာ အိုင်ထွန်းနေသည်။

"ဒီလူသေမှာပဲ ... အသက်ငွေ့ငွေ့ပဲရှိတော့တယ် ... "

ဂျက်စနေကို သတ္တိရှိသော လူတစ်ယောက်က သွေးတွေအိုင်နေတာကို ဂရုမစိုက်ဘဲ စမ်းသပ်ပြီး အော်ပြောသည်။

သတ္တိနည်းသော သွေးနည်းသောယောကျ်ားတစ်ဦးမှာတော့ အနီးသို့လာကြည့်ရင်း သွေးတွေကိုမြင်ရာမှ သွေးလန့်ပြီး 'မူးတယ် ... မူးတယ် ... 'ဆိုတာ ပျော့ခွေကျသွားသည်။

အမျိုးသမီးကြီးတစ်ဦးမှာလည်း မေ့သွား၏။ လူအုပ်တစ်အုပ်မှာ ကားနီး၊ မီးလောင်နေသော ဆိုင်ကယ်နား၊ သေကာနီးလူတစ်ဦး ဒဏ်ရာများနှင့် သေလားရှင်လားမသိရသော မိန်းကလေးတစ်ဦးနားတွင် အော်ဟစ်ပြောဆိုနေကြသည်။

သူတို့ပြောနေတာက အကူအညီပေးရေးနှင့်ထိုအကူအညီအတွက် ထင်ရာမြင်ရာပြောကာ လမ်းမပေါ်မှာ ဆူညံနေသည်။

နေကလည်း နွေနေမို့ ပြင်းပြင်းပြပြပူလောင်လှ၏။

ညောင်တုန်းဘက်မှ လူစီးဘတ်(စ်)ကားတစ်စီးနှင့် ကိုယ်ပိုင်ကားတစ်စီးလာနေသည်။

ထိုကားတွေက အနီးတွင် ထိုးရပ်ကြသည်။

ကားပေါ်မှ ပါလာသူတွေက ရုတ်ရုတ်သဲသဲဆင်းကြသည်။ လူနှင့် လူကိုကြည့်ရှုမြင်သောသဘောသည် အဲဒီအချိန်မှာ



လူတိုင်းမှာရှိသည်ဟု ဆိုရမည်။

ပထမဦးစွာ တဲအိမ်အတွင်းမှရေတွေကို ယူပြီးတော့ မီးလောင်ကာ မီးခိုးတွေတလူလူတက်နေသော မော်တော်ဆိုင်ကယ်ကို ငြိမ်းသတ်ကြသည်။

ကိုယ်ပိုင်ကားဖြစ်သော ဆလွန်းကားတစ်စီးက ပျော့ခွေနေပြီဖြစ်သော စနေထွန်းနှင့် အမျိုးသမီးကို လူမှုရေးစိတ်ဓာတ်နှင့် အလျင်အမြန်သယ်ဆောင်သွားကြသည်။

အုတ်တင်ကားပေါ်မှာ မေ့နေသော ဒရိုင်ဘာနှင့် စပယ်ယာကိုလည်း ခရီးသည်တင်ဘတ်(စ်)ကားက သယ်ဆောင်သွား၏။ ခဏအကြာ ယာဉ်ထိန်းရဲတွေ ရောက်လာကြသည်။

အကျိုးအကြောင်းကို ပတ်ဝန်းကျင်ရှိလူတွေက ပြော၏။ လမ်းမှာ ခေတ္တခဏလူအုပ်နှင့် ရပ်သွားသောကားတွေကြောင့် ယာဉ်ထိန်းရဲတွေက လမ်းရှင်းပေးရ၏။

အဲသည်သတင်းကို ပန်းတိုင်မှ လက်ဖက်ရည်ဆိုင်မှူးက ကြားသည်။ သူသည် စက်ဘီးနှင့်လာကြည့်သည်။

ဂျက်စနေမှန်းသိတော့ ရေရွတ်လိုက်သည်။ စုတ်သပ်သည်။

"မှူခင်းလိုချင်တဲ့မှူခင်းသတင်းထောက်က ... မှူခင်းသတင်းကို စုံစမ်းတာ မှူခင်းတွေမရလို့ သူ့ကိုယ်သူ ကားတိုက်ခံပြီး မှူခင်းသတင်းရအောင်လုပ်လိုက်ပြီနဲ့တူပါရဲ့ကွာ ... ကျွတ် ကျွတ် ... ကျွတ် ... "

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## နာဝိလပ်စဉ်(၈)

တစ်ကိုယ်လုံး ပေါ့နေသည်။

သူ့စိတ်များသည် ရွှင်လန်းနေသည်။ လန်းဆန်းနေသည်။

အပူအပင် ကြောင့်ကြခြင်းဟူသည် သူ့စိတ်ထဲမှာ မရှိ။

တစ်ခါတစ်ရံ လေထဲပျံ့ဝဲနေလို့တောင် ရသည်။ သူ့ဝန်းကျင်မှာ မှောင်နှင့် မည်းမည်း။

မှောင်နှင့် မည်းမည်းထဲမှာပဲ သူခရီးသွားနေသည်။ ပတ်ဝန်းကျင်တွင် ဘာအရာကိုမျှ မမြင်ရ။

တစ်ခါတစ်ရံ သူ့နာမည်ခေါ်သံလိုလိုကြားလိုက်ရသလိုလို။

သို့ပေမဲ့ သူက အလေးဂရုမပြုပါ။

လွတ်လပ်ရာကိုပဲ သူပျံသန်းနေသလိုထင်၏။ လေနှင့် တိုးဝှေ့ခြင်းခံစားရသလို ခံစားရသော်လည်း တိုးဝှေ့တာ လေမဟုတ်ပေ။



မြေကြီးပေါ်မှာလည်း သူမရှိဟုထင်သည်။

သူ့ကိုယ်သူ စနေထွန်းသို့မဟုတ် ဂျက်စနေဟု ထင်၏။ ဟုတ်ပါတယ်။

ဂျက်စနေပါပဲ။

ဒါပေမဲ့ သူ့ပတ်ဝန်းကျင်မှာ ဖြတ်သန်းသွားလာနေကြသူတွေကို မြင်၏။

သို့သော် သူတို့သည် လူမဟုတ်ပါ။

ခေါင်းကြီးကိုယ်သေးသတ္တဝါတွေ။

ခေါင်းတွေက ခွေးခေါင်း၊ နွားခေါင်းသဖွယ်ကြီးမားပြီး ခန္ဓာကိုယ်တွေက လူခန္ဓာကိုယ်တွေဖြစ်နေ၏။ ဒါပေမဲ့ ဒြပ်ထုထည်မဟုတ်ဘဲ အခိုးအငွေ့တွေက ခန္ဓာကိုယ်ဖြစ်အောင် ဖွဲ့စည်းထားသလို။

တစ်ယောက်က သူ့နားဖြစ်သွားစဉ် သူက ထိကိုင်လိုက်၏။ လေထဲအရာကိုဆုပ်ကိုင်လိုက်သလို ထိတွေ့ခံစားမှုမရှိပါ။

အဲသည်သတ္တဝါကလည်း သူ့ကိုထိကိုင်လို့ ကိုင်မှန်းတောင် သိဟန်မတူ။

ဒါ ဘာသဘောလဲ။

ဂျက်စနေက သူ့ကိုယ်ကို ပြန်ကြည့်ပြီး သဘောပေါက်လာသည်။ သူသည်လည်း ဒြပ်ထုထည်အသွင်ဖြင့်သာ ဖွဲ့စည်းထားသော်လည်း ရုပ်မဟုတ်ပေ။

နာမ်ကြောင့် ဖြစ်ပေါ်လာသော အငွေ့အသက်များသာဖြစ်ချေသည်။

www.burmeseclassic.com



ဘေးမှဖြတ်သွားသောအရာတွေက ဖြူဖြူသဏ္ဍာန်တွေဖြစ်သည်။ သူ့ကိုယ်သူ ငုံ့ကြည့်တော့လည်း အဖြူပဲ။

ထိတ်လန့်အံ့ဩစရာက သူ့တွင် အဝတ်အစားလုံးဝမရှိပါ။ သူဝတ်နေကျ လည်တိုင်မှ နန်းသေးကြိုးလိမ်ရွှေဆွဲကြိုးလည်း လည်တိုင်မှာမရှိပါ။

"ဟင် ... ငါဘာဖြစ်တာလဲ ... "

သူ့ကိုယ်သူ ပြန်သုံးသပ်နေသည်။

ခွေးခေါင်းနှင့် မိချောင်းကိုယ်ရှိသော သတ္တဝါအသွင်သဏ္ဍာန်တစ်ခုက ဂျက်စနေနားမှ အဖြတ် ဂျက်စနေက လှမ်းမေး၏။

"မင်း ဘယ်သူလဲ ... "

ဂျက် အံ့ဩသွားသည်။ ထိတ်လန့်သွားသည်။ သူ့ဆီမှ အသံထွက်မလာပေ။

သူထပ်မေး၏။

"မင်း ဘယ်သူလဲ ... "

အသံမထွက်ပါ။ သူက လေထဲယက်ကန်ယက်ကန်နှင့် လျှောက်သော်လည်း ပျံနေသလိုဖြစ်နေ၏။

ငါဘယ်ရောက်နေပြီလဲဟု ထပ်ခါထပ်ခါမေးနေ၏။ အားလုံးမှောင်နေသော်လည်း သူမြင်နေရသည်။ အခြားသောသတ္တဝါတွေမှာ သူ့လိုပဲ အမှောင်ထဲမှာ သွားလာလှုပ်ရှားနေသော်လည်း တစ်ခုနှင့်တစ်ခု မတိုက်မိကြပါ။

သူ ဘယ်ကိုရောက်နေပါလိမ့်။

သူ့အဖြစ်ကို ပြန်စဉ်းစားသည်။



နေဦး ... သူ ဒီဘက်ကို မလာခင်က ဘာဖြစ်ခဲ့သလဲ။

အို ... ဟုတ်သားပဲ ... သူ့ ကားတိုက်ခဲ့တာပဲ။ သူ့မော်တော်ဆိုင်ကယ်ကော။

"ဟာ ... ဟုတ်ပြီ ... ငါ့မော်တော်ဆိုင်ကယ် ဘယ်ရောက်သွားပါလိမ့် ... သူ့နားမှာထိုင်လိုက်လာတဲ့ ဟိုမိန်းမကော"

မော်တော်ဆိုင်ကယ်ပေါ်မှာမရှိဘဲ ဘာကြောင့် ငါက လမ်းသွားနေရပါလိမ့်။

ပြီးတော့ ဘယ်လိုသတ္တဝါတွေနဲ့ လာတိုးနေပါလိမ့်။ နားမလည်နိုင်အောင်ဘဲ။

အဝေးတွင် ဖြူဖြူကလေးတစ်ခုကို တွေ့ရ၏။ ထိုဖြူဖြူကလေးဆီ သွားလိုသောဆန္ဒတွေ ဖြစ်ပေါ်လာသည်။

ဆန္ဒအတိုင်း သွားသည်။

သူ့စိတ်ထင် ဂူကြီးတစ်ခုထဲ သူရောက်နေသည်ထင်သည်။ ဂူကြီးထဲမှ ထွက်ဖို့ ဟိုးအဝေးတွင် သူ့အပေါက်တစ်ခုတွေ့နေရပြီး ထိုအပေါက်သည် ဖြူဖြူအရာဝတ္ထုတစ်ခုဖြစ်လိမ့်မည် ထင်သည်။

သူသွားသည်။

သွားသော်လည်း ထိုဖြူဖြူအရာသည် နီးလာသည်ဟု မထင်ပါ။ သွားနေစဉ်မှာ သူ့တစ်ကိုယ်လုံးအငွေ့ဒြပ်ထုက အပူအအေးမခံစားရခြင်းကို သတိပြုမိလာသည်။

အထက်ကို မော့ကြည့်လိုက်သည်။

ကြယ်တွေကိုလည်းကောင်း၊ လရောင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မမြင်မိ။

ဒါဆို ဂူကြီးတစ်ဂူဖြစ်မှာပဲ။

အပေါက်လို့ထင်သောအရာဆီသို့ သွားနေတာ နာရီပေါင်းများစွာကြာသည်လို့ ထင်သည်။

ကြာတော့လည်း စိတ်အားငယ်လာ၏။

အော်ဟစ်ချင်လာသည်။ အော်ဟစ်ပစ်လိုက်သည်။ သူ့အသံက သူမကြားရ။

အကြောင်းမှု သူ့ဆီမှ ရုပ်ဖြစ်သောအသံထွက်မလာပါ။ သူ့တစ်ကိုယ်လုံး မြောက်သွားသည်။

လေဟာပြင်တွင်းမှာ ချာချာလည်သွား၏။ အော်ဟစ်လိုက်သည်။

"ကယ်ကြပါဦးဗျို့ ... "

သူ့နာမ်ကသာ အော်မိ၏။ ဒါပေမဲ့ ထူးဆန်းသောအသံတစ်သံကို သူ့နာမ်က ဖမ်းယူမိ၏။

"ဘယ်သူလဲ ... အော်နေတာ ... "

"ကျွန်တော်ပါ ... ကျွန်တော်ပါ ... ဂျက်စနေပါ ... "

သူ့အငွေ့အသက်တွေက ပြန်တည့်မတ်သွား၏။ ရှေ့တွင် သူ့လိုပဲ အငွေ့ခြပ်ထည်သုံးလေးခုရှိနေသည်။

"မင်း ဘယ်သူလဲ ... "

နာမ်က နာမ်ကိုပြန်မေးသည်။ နာမ်ချင်းထိတွေ့သော အမေးအဖြေ။

ဒါပေမဲ့ ဂျက်စနေရော၊ သူရော ပြောနေတာက မြန်မာစကား၊ ဗမာစကားမဟုတ်ပါ။



တစ်ခုခုသော ဘာသာမျိုးနှင့် မေးနေခြင်းကြောင့်ဖြစ်၏။ သူ့ အဲသည်ဘာသာကို ဘယ်လိုတတ်သည် မဟုတ်ပါ။

"ကျွန်တော် ဂျက်စနေပါ ... ကျွန်တော် ဘယ်ရောက်နေလဲ ... "

"မင်း သေမင်းပိုင်နက်ထဲကို ရောက်နေတယ် ... သေမင်းပိုင်ထဲမှာ ခရီးသွားနေတယ် ... "

"ခင်ဗျာ ... သေမင်း ... "

"အေး ... မင်းသေခဲ့ပြီလေ ... "

"သေခဲ့ပြီ ... ဟုတ်လား ... "

"ဟုတ်တယ် ... မင်းသေခဲ့ပြီပဲ ... "

"မဖြစ်နိုင်ပါဘူးဗျာ ... ကျွန်တော်လူ့လောကမှာ အသက်ရှင်နေတာပဲ ... "

"မင်း ဘာကြောင့် သေလည်းဆိုတာ မရဏတရားက မပြနိုင်ဘူး ... ကံ ... ကံရဲ့အကျိုးဆက်က ပြမယ် ... မင်းသေတာ အကာလမရဏပဲ ... ပဉ္စာနန္တြီယကံ မင်းကျူးလွန်ခဲ့တာ အတိတ်ဘဝက ရှိမယ် ... "

"ခင်ဗျားကော ... "

"ငါလည်း သေခဲ့ပြီပဲ ... ဒါပေမဲ့ တို့တစ်တွေအားလုံး နေရာမရကြသေးဘူး ... သေမင်းပိုင်နက်ထဲမှာ ရှိတယ် ... "

"သေမင်းဆိုတာ ဘုရင်လား ... ကျွန်တော် အဲဒီသေမင်းနဲ့ ကိုတွေ့ချင်တယ် ... "

"မင်းက ဘာလုပ်မှာလဲ ... "

"ကျွန်တော့်ကို သေချိန်မရောက်ဘဲ သေတဲ့ ... အဲဒီသေမင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဝိတ်တီးမလို့ ... ပြီးတော့ လူ့ပြည်ကို ပြန်ပို့ခိုင်းရမယ်
"ဟား ... ဟား ... ဟား ... ဟော့ကောင်လေး ... သေ
ဆိုတာ ဘုရင်လည်းမဟုတ်ဘူး ... ရှိလည်း မရှိဘူး ...
လောကမှာ လူတွေက သေခြင်းတရားကို သေမင်းလို့
ကြတာပဲ ... တင်စားခေါ်တာပေါ့ ... သေတယ်ဆို
ခန္ဓာကိုယ်နဲ့ နာမ်ကွဲကွာပြီး တစ်ဘဝရွှေ့လျားသွားတာ
အဲဒီသေတာဟာ ဘယ်နေ့ဘယ်အချိန်သေရမယ် ...
အချိန်မှာ သေရမယ်... ဘယ်လိုနည်းနဲ့ သေရမယ် ...
နေရာမှာ သေရမယ်လို့ အတိအကျထားတာ မဟုတ်
စည်းကမ်းသတ်မှတ်ထားတာ မဟုတ်ဘူး ... သူသေချ
အချိန်သေမှာပဲ ... အရွယ်အပိုင်းအခြားမရွေးဘူး ...
လည်လား ... "
"ဒါဆို ... သေမင်းမရှိဘူးပေါ့ ... "
"သေခြင်းတရားပဲ ရှိတယ် ... "
"ဒါဆို ... ကျွန်တော် ရှောသွားပြီပေါ့ ... "
"ဘာလဲ ... ရှောတာ ... "
"အဲ ... လူ့ပြည်စကားနဲ့ပြောတာပါ ... ကျွန်တော် မာလ
ယားပြီပေါ့ဗျာ ... "
"လူ့ပြည်မှာ လူ့ပြည်စကားပြော ... ကုလားစကားမ
နဲ့ ... ငါတို့ မင်းတို့ပြောနေတာ ဝိညာဉ်စကားလို့ခေါ်
အဲဒီဘာသာနဲ့ နာမ်နာမ်ချင်းပြောနေတာ ... "
"ခင်ဗျားက ... "
"ငါက လူ့ပြည်မှာ အဘိုးကြီးတစ်ယောက်ပဲ ... သား



မှု ... မယားကျွေးမှုတွေ လုပ်လိုက်ရတာ ကုန်စျေးနှုန်းတွေ
ကကြီးလာလို့ စားမလောက်ဘူး... အဲဒါ ငါလည်း တွေးရင်း
စိတ်ညစ်ရင်းနဲ့ နှလုံးရောဂါဖြစ်ပြီး သေခဲ့ရတာ ... "
"ကုန်စျေးနှုန်းဆိုတာ လူတွေလုပ်တာပဲ ... လူကလုပ်တဲ့
ကုန်စျေးနှုန်းပီသေတာ အဘိုးလိုဖြစ်မှာပဲ ... "
"ဟေ့ ... တို့သေခဲ့ပြီကွ ... အဘတို့ ဦးလေးတို့ခေါ်မနေနဲ့
နာမ်ဟာ နာမ်ပါပဲကွာ ... လူ့ပြည်မှာ ငါ့နာမည်ရွှေထွန်း"
"ဦးရွှေထွန်းပဲပေါ့ ... "
"အဲဒါ ပညတ်ချက်ပဲ ... တို့နာမ်တွေမှာ ပညတ်ချက်မရှိဘူး
ဒါပေမဲ့ လူ့ပြည်က နာမည်မခေါ်ရင်လည်း သိကြမှာမဟုတ်
ဘူး ... ဒီတော့ ဦးရွှေထွန်းလို့ပဲ ခေါ်ပေါ့ကွာ ... "
"ခင်ဗျား ... အခု ဘယ်သွားမှာလဲ ... "
"ဝိညာဉ်ကမ္ဘာကိုသွားမယ် ... "
"ဝိညာဉ်လောကမှာ ကမ္ဘာဆိုတာ ရှိသေးလား ... "
"မရှိဘူးပေါ့ကွာ ... ဒါပေမဲ့ ဝေါဟာရသုံးစရာက လူ့ပြည်က
ဝေါဟာရပဲ သုံးရမှာပေါ့ ... "
"ဝိညာဉ်ဂါမဆို ပိုမကောင်းဘူးလား ... ဂါမဆိုတာ ရပ်ရွာ
လေ ... "
"အေး ... အဲဒီကို သွားမယ် ... "

ဖြူဖြူဝိညာဉ်က ရှေ့သို့သွားတော့ စနေလိုက်သွား
သည်။ မှောင်ထဲမှာ အလင်းရောင်သန်းသလိုဖြစ်လာသည်။ ပြန်
မှောင်သွား၏။

ဒါပေမဲ့ သူတို့ဝိညာဉ်တွေက အမှောင်ထဲမှာပဲ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကိုမဆို ထင်ထင်ရှားရှားမြင်လာကြရသည်။

ဟိုးအဝေးက ဖြူဖြူအရာကိုတော့ မရောက်နိုင်သေးပါ။

"ဦးရွှေထွန်း ... ဟိုးအဝေးက ဖြူဖြူအရာက ဘာလဲ ..."

"ဝိညာဉ်ထွက်ပေါက်လို့ ခေါ်တယ်ကွ ... ငါတို့ မင်းတို့ အဲဒီကိုသွားပြီး လူ့ဘဝမှာ လုပ်ခဲ့တဲ့ ကံကြမ္မာအဆုံးအဖြတ်ကို ခံယူကြရမယ် ..."

"ဘာတွေရှိလဲ ..."

"ရောက်တော့လည်း သိမှာပေါ့ကွာ ..."

"ဘယ်တော့ ရောက်မှာလဲ ..."

"တို့ဝိညာဉ်လောကမှာ အချိန်အပိုင်းအခြားဆိုတာမရှိဘူး ရောက်ချင်ရင် ရောက်မှာပဲ ..."

အုံ့ဆိုင်းဖွယ်ရာပင် ရွာကြီးလို ရွာတစ်ရွာလိုတွေ့လာ၏။ ရွာမှာ ဂျက်စနေက ရွာလို့သာခေါ်သည်။ သူတို့ဝိညာဉ်တွေ ရုံးစုရာမှာ စုရပ်သဖွယ်ဖြစ်ရာ ဝိညာဉ်စုရပ်လို့ပဲ ခေါ်ရလိမ့်မည်။

သူတို့သည် ရုပ်မရှိ။

ဝိညာဉ်ကို ဝိညာဉ်ကပဲ မြင်ရသောဝိညာဉ်အသွင်တွေပဲရှိသည်။

ဖြူဖြူသဏ္ဍာန်တွေ ...

အရွယ်အစားမရှိပါ။ ကလေးလည်း ဒီအရွယ်၊ လူကြီးလည်း ဒီအရွယ်၊ ယောက်ျား မိန်းမဆိုတာလည်း မရှိ။ လူ့ပြည်မှာ ရုပ်တရားကြီးကြောင့် ရုပ်ကိုအမှီပြုပြီး ယောက်ျားမိန်းမခွဲခြားကြသည်။



ရုပ်မရှိသောဝိညာဉ်နေရာတွင် ယောက်ျားမိန်းမခွဲခြားလို့မရပါ။ အားလုံးနာမ်ချည်းပဲဖြစ်သည်။

ဝိညာဉ်များသည် ရုပ်တရား၏ဖြစ်ပျက်စွဲမှုကိုစွဲလမ်းသေဆုံးခဲ့ရာ ဥစ္စာကိုစွဲလမ်းသူတို့က ဥစ္စာစွဲလမ်းစိတ်နှင့် ဥစ္စာတွေရှာဆဲ။

ဒေါသနှင့် သေသူတွေကဒေါသနှင့် သေတာကြောင့် ဒေါသနှင့် ရန်သူကို ရှာနေဆဲ။

မိန်းမကို စွဲလမ်းသေသောဝိညာဉ်၊ ယောက်ျားကို စွဲလမ်းသေသောဝိညာဉ်များမှာ ယခုထိ သူတို့မိန်းမ၊ သူ့မတို့ယောက်ျားတွေကို ရှာနေ၏။

စားဖို့မလို။ ဝတ်ဖို့မလို။

နေဖို့အိမ်လည်း မလို။

ရာသီဥတုဒဏ်လည်း ခံစရာမလို။

"ဦးရွှေထွန်း ... ကျွန်တော်တို့ ဘယ်မှာနေမလဲ ..."

"ဝိညာဉ်လောကမှာနေဖို့ဆိုတာ မစဉ်းစားနဲ့ ... အားလုံးသွားလာနေကြတာပဲ ..."

ထိုစဉ် အဝေးမှ ဆူညံသံ၊ တိုက်ခိုက်သံများကို ကြားရသည်။

"ဘာတွေလဲ ..."

"နိုင်ငံကြီးတစ်နိုင်ငံက အာရပ်နိုင်ငံတစ်ခုကို မတရားအနိုင်ကျင့်လို့ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ရင်းသေသွားကြတာ ... စွဲလမ်းစိတ်နဲ့ ဝိညာဉ်ဘဝမှာ ဆက်ချနေကြတုန်းပဲကွ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါတွေ ဘယ်တော့ပြီးဆုံးမှာလဲ ... "

"သူတို့ဘာသာအရ ... သူတို့ဘုရားသခင်ဆီရောက်တော့ ပြီးဆုံးမှာပေါ့ကွာ ... ဒါပေမဲ့ လူတွေက လူ့ဘဝမှာ ကိုယ့်ဘာသာနဲ့ကိုယ် ကိုးကွယ်ကြတာ ... သေတော့လည်း ဝိညာဉ်က ဝိညာဉ်ပွဲပဲကွာ ... "

သူတို့သွားလာနေကြစဉ်မှာ နာမ်၏အသံတစ်ခုကို ထိတွေ့ခံစားရ၏။

"ဟော့ ... ဝိညာဉ်ထွက်ပေါက်ကို သွားကြ ... ဝိညာဉ်ထွက်ပေါက်ကို သွားကြဟေ့ ... "

ဝိညာဉ်တွေမှာ ဖြူဖြူမြင်ရသော အလင်းရောင်လိုလို အရာဆီသို့ ရုန်းသွားရောက်ကြသည်။

"တန်းစီပါ ... တန်းစီပါ ... "

အသံတစ်ခု ... ။

"ဟ ... ဒီမှာလည်း ဆီတိုး ဆန်တိုးသလို တန်းစီနေရပါလား ... "

"ဒီမှာက ဆီလည်းမရဘူး ... ဆန်လည်း မရဘူး ... အကုသိုလ်ဆိုရင် ဟန်မကျဘူး ... ကုသိုလ်ဆိုရင်တော့ ကောင်းရာမှာ စံပဲ ... "

"ဘာအဓိပ္ပါယ်လဲ ... ဦးရွှေထွန်း ... "

"အချိန်တန် သိလာရမှာပေါ့ကွာ ... "

သူတို့လည်း ဝင်တန်းစီကြသည်။ ဝိညာဉ်တန်းကြီးသည် ပထမတော့ တစ်တန်း။

ဂျက်စနေမြင်ခဲ့ရသည့် ဖြူဖြူပေါက်က အစ္စကမ်း



ပေမဲ့ ဝိညာဉ်အုပ်တန်းကြီးနှင့် တန်းစီရှော့ ထိုဖြူဖြူပေါက်နှင့် ပိုနီးလာသည်။

ဖြူဖြူပေါက်မှာ အလင်းရောက်ပေါက်ကြီးဖြစ်သည်။ ထိုအလင်းရောင်ပေါက်ကြီးတွင်းသို့ ဝိညာဉ်တွေတန်းစီနေသည်။

ဘယ်သူဘယ်ဝါရယ်လို့ မပြောနိုင်ပါ။

အလင်းလှိုင်းကြီးများက ... စနေထွန်း ထိုဖြူဖြူအပေါက်ကြီးရောက်သည်နှင့် ဆီးကြိုပွေ့ဖက်လိုက်သည်။

ချုပ်တည်းထားရသမျှ ပွင့်ထွက်သွားသလို ဂျက်စနေ၏ ဝိညာဉ်လွှာတစ်ခုလုံးပေါ့ပါးသွားသည်။ ဦးရွှေထွန်းဘက် လှည့်ကြည့်၏။

"ဒီဘက်ကိုဟေ့ ... ဒီဘက်ကို ... "

သူ့ဘက်တွင် ဝိညာဉ်တွေတန်းစီနေရာ ဦးရွှေထွန်း ဝိညာဉ်နှင့် သူ့နာမ်မှ တွေ့ထိစကားကို ဂျက်စနေလက်ခံရရှိသည်။

သူတို့၏ ပြောဆိုမှုတွေမှာ အသံမထွက်ဘဲ နာမ်နှင့် ပြောဆိုတိုင်း ကြေးနန်းရိုက်သလို တစ်ယောက်အပြော တစ်ယောက်သိကြပါ၏။

ယခုလည်း ဦးရွှေထွန်းက 'ဒီဘက်ကို ... ဒီဘက်ကို' ဆိုသည်နှင့် ထိုတန်းတစ်တန်းဘက်ကို စနေထွန်းစီနေမိ၏။

ဝိညာဉ်အုပ်ကြီးက တရွေ့ရွေ့။

လူတွေလို စီစီညံညံစကားပြောသံ မကြားရ။

တရွေ့ရွေ့နှင့် တန်းစီသွားရာ တံခါးပေါက်ကြီးနှင့် ပေါက်ကို ရောက်သွားသည်။

ဝထမတံခါးပေါက်မှ အလင်းတန်းကြီးများထွက်နေ

www.burmeseclassic.com

www.burmeseclassic.com



သော အဖြူရောင်အပေါက်ဖြစ်သည်။ ထိုအပေါက်တွင် ငှက်လိုလို သဏ္ဍာန်များက တန်းစီနေသောဝိညာဉ်များအထက်တွင် လူးလာ တုန့်ခေါက်ပျံနေကြသည်။

တောင်ပံနှင့်တူသော အငွေ့အသက်တွေလည်း ပါ သည်။

ထိုအဖြူရောင်တံခါးပေါက်တွင် တန်းစီသူနည်း

စနေထွန်းရောက်နေသောတံခါးပေါက်မှာတော့ အနက်ရောင်တံခါးပေါက်ဖြစ်သည်။ ကြောက်စရာဝိညာဉ်အချို့ တံ ခါးပေါက်အထက်မှာ ပျံနေကြသည်။

အဖြူရောင်ပေါက်နှင့် အနက်ရောင်ပေါက်သည် မိမိ စိတ်ကြိုက်ရာ ရွေးချယ်နိုင်သောတံခါးပေါက်များဖြစ်သည်။ လူ အတော်များများတွင် ဂျက်စနေအပါအဝင် လူများစွာသည် အနက် ပေါက်ထဲကိုသာ အလိုလိုသွားချင်နေကြသည်။

ဦးရွှေထွန်းလည်း ထိုနည်းနှင်နှင်ပါပဲ။

ဝိညာဉ်တွေသည် တံခါးပေါက်ဆီမသွားကြခင်က မြူးတူးရွှင်လန်းဟန်ရှိနေသော်လည်း တံခါးပေါက်နားနှစ်ခုအနက် အမည်းရောင်တံခါးနားသို့ရောက်လျှင် ဆုတ်ကန်တုံ့နှေးလာတတ် ကြသည်။

သို့တစေ ... အဲသည်တံခါးထဲသို့ မသွားမနေသွား အောင် သူတို့ဝိညာဉ်တွေကို တိုက်တွန်းနေသည့် တစ်စုံတစ်ခုရှိဟ တူသည်။

ငြင်းဆန်တွန်းဖယ်ခြင်းငှာ မတတ်နိုင်။

လူ့ဘဝတုန်းက ဦးရွှေထွန်းအမည်ရခဲ့သော လူကြီး



၏ ဝိညာဉ်က အနက်ရောင်တံခါးပေါက်ထဲကို ဝင်သွားတော့ စနေ ထွန်း လိုက်သွား၏။

သူ့အဖို့ ချမ်းအေးလိုက်သည်မှာ ပြောစရာမရှိ။

အခြားဝိညာဉ်ဖို့ဆီမှ ချမ်းအေးမှုကြောင့် တိုးဝှေ့မှု တွေဖြစ်နေကြသည်။

စနေမှာ ကြောက်ရွံ့ခြင်းထက် စူးစမ်းလိုစိတ်များ သည်။ သူက ရှေ့သို့ရောက်အောင် တိုးဝှေ့သွားသည်။

အဲသည်မှာ ထူးဆန်းတာ မြင်ရသည်။

အထက်တွင် လျှပ်စစ်လက်သလို ပြောင်ပြောင် ရောင်ရောင်အရောင်တွေ လက်ခနဲ လက်ခနဲဖြစ်နေသည်။

ထိုအရောင်များအောက်တွင် နှင်းငွေ့တွေလို အငွေ့ တွေထနေသည်။

အဲသည်အထဲမှာ ဝိညာဉ်တွေမဟုတ်တော့ဘဲ ယင်း ပြောင်ပြောင်လက်လက်အရောင်များ အောက်သို့ရောက်သော ဝိညာဉ်တွေမှန်သရွေ့ လူအဖြစ်ပြန်မြင်ရ၏။

သို့သော် ...

ထိုသူများတွင် အဝတ်အစားဆိုလို့ တစ်စုံတစ်ရာ မရှိဘဲ ကိုယ်လုံးတီးများဖြစ်ကြသည်။

မိန်းမ၊ ယောက်ျားတွေ ကိုယ်လုံးတီးဖြစ်ကြစေကာ မူ တစ်ဦးကိုတစ်ဦး ရှက်ကြောက်ခြင်း မရှိကြ။

တဏှာရာဂလည်း မရှိကြဘဲ တစ်ဦးဦး၏ အမိန့်ကို နားထောင်သလို နားထောင်နေကြသည်။

စနေသည်လည်း ထိုပြီးခနဲ ပြက်ခနဲလိုက်သွားသော

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်အောက်တွင် သူ့ခန္ဓာကိုယ်ကို သူပြန်ရနေသည်။

ဟော ... ဦးရွှေထွန်း။

ကိုယ်လုံးပိန်ပိန်၊ အရပ်ရှည်ရှည် ဆံပင်ဖြူကြီးနှင့် မျက်နှာက ဖြီးစပ်စပ်။

"ငါတို့ ဘယ်လိုလဲကွ ... လူပြည်ရောက်သွားပလား ... "

"ဝတ်လစ်စလစ် လူပြည်ပြန်ရောက်နေပြီနဲ့ တူတာပဲ ... ဦးရွှေထွန်းရာ ... "

"မင်းကွာ... ရုပ်ကလေးချောရက်နဲ့ အသောစေတာ နမြောစရာပဲ ... "

ရုပ်ရှိတော့ စကားပြောလို့ရ၏။

"ဘာအသောစေတာလဲ ... "

"အသောစေတယ်ဆိုတာ ... အသေစောတယ်လို့ပြောတာကွ ... "

"နယ်မလားပါဘူး ... "

"လာပြန်ပြီ ... ဘာနယ်မလားတာလဲ ... "

"နယ်မလား ... နားမလည် ... "

"ကြည့်စမ်းဟေ့ ... လူတွေအော်ငိုနေကြတယ် ... "

သူတို့ပြောကြတာတွေက ဆူညံနေသည်။ အဲသည်ထဲမှာ တိုင်းရင်းသားဘာသာစကားအချို့လည်း ပါသည်။

မိန်းမတစ်ယောက်က အော်ငိုသည်။

"ကျွန်မကုသိုလ်ကောင်းမှုလုပ်ဖို့ မေ့နေပါတယ် ... ကျွန်မ မော်ဒယ်ဘဝနဲ့ ပျော်ပါးတာကိုပဲ လိုက်ခဲ့ပါတယ် ... ကိုယ်လှချင်တာနဲ့ ယောကျ်ားတကာကို ညာဝါးစားခဲ့ပါတယ် ...



အခု ဒီအတွက် သံတွေ ခဲတွေမျိုရမယ်ဆိုတော့ ... အမယ်လေး ... ကျွန်မ မျိုနိုင်မယ် မထင်ပါဘူး ... "

"မမျိုရင်လည်း မျိုရမယ် ... နင့်ပါးစပ်ကြီးက ပြဲနေလိမ့်မယ် ... သံတွေ ခဲအပူတွေကို မျိုပြီး ... နင့်ဘဝက ဒီမှာ ဆယ်နှစ်နေရမယ် ... "

"ဒါ ဘာလဲ ... ဦးရွှေထွန်း ... "

"အခု ပြောနေတာ ယမမင်းလေကွာ ... တို့အခု ငရဲတံခါးထဲကို ဝင်နေခဲ့တာ ... "

ဝုန်းခနဲအသံတစ်ခုကြားလိုက်ရ၏။

"သွားပြီကွ ... "

ဦးရွှေထွန်း တုန်လှုပ်သွားဟန်တူသည်။ ထိုစဉ် သူတို့နားသို့ အရိပ်မည်းမည်းကြီးနှစ်ခု ကျလာသည်။

ကြည့်ရတာ ခွေးခေါင်းနှင့် မြွေကိုယ်တွေ။

"ဟာ ... ဒါဘာလဲ ... "

"ငါတို့ ဒီငရဲက ရဲသား ... နင်တို့နှစ်ယောက် လိုက်ခဲ့"

သူတို့နှစ်ယောက်လုံး လည်ကုတ်တွေကို ခွေးခေါင်းတွေက သူတို့ငရဲဘာသာစကားနှင့် ပြော၍ ကိုက်ချီဆွဲခေါ်သွား၏။ သူတို့စကားတွေက မြန်မာစကားမဟုတ်သော်လည်း စနေတို့ နားလည်လောက်၏။

"ဦးရွှေထွန်း ကျွန်တော်တို့ ဘာလိုလုပ်မလဲ ... "

"ငရဲမင်းကို မြင်ဖူးတယ်ရှိအောင် လိုက်သွားမယ်ကွ ... "

သူတို့နှစ်ယောက်မှာ ခွေးခေါင်းနှင့် သတ္တဝါများချီရာ ဘက်ကိုလိုက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ်နှင့် သွားရာ ဟင်းလင်းပြင်မဟုတ်တော့ဘဲ တောတွေ တောင်တွေလိုလိုနေရာကို ရောက်လာ၏။

ဒါပေမဲ့ အဲဒီနေရာကွင် သစ်ပင်တွေမဟုတ်ဘဲ ပင်စည်တွေမှာ လူအရိုးလား တိရစ္ဆာန်အရိုးလားမသိသော အရိုးများနှင့်ပြီးနေပြီ၊ သစ်ရွက်သစ်ခက်တွေနေရာမှာ မြွေပေါင်းမြောက်မြားစွာ သီးပင်သစ်ရွက် သစ်သီးကွေလို တွဲလောင်းခိုနေ၏

ဝိညာဉ်ပေါင်းများစွာ အဲသည်နေရာ ရှိ၏။ ဒီဝိညာဉ်များသည် စောစောကလို လူလိုခန္ဓာကိုယ်မရှိကြဲတော့ဘဲ ဟိုပျံသန်းလိုက် သည်ပျံသန်းလိုက်၊ သံတွေ သံခဲတွေကို မိုးရွာသလို အပူနှင့် ရွာရာ ထိုသံတွေ သံခဲတွေကို ပူပူလောင်လောင်ကြီးနှင့် ဝိညာဉ်တွေက ကောက်စားနေကြ၏။

အဲသည်အခါ ပျှုပ်စစ်ဓာတ်လိုက်သလို သူတို့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။ မီးတောက်တွေဖြစ်ကာ ပေါက်ကွဲသွားသည်။

ဝိညာဉ်တွေ မီးလောင်သည်။

ပြန်ပြီး ဝိညာဉ်တွေပြန်ဖြစ်ကာ သံတွေ ခဲသံပူတွေကို လိုက်လံကောက်ယူ မျိုစားနေကြပြန်၏။

ဝိညာဉ်တွေ စားသောက်လျှင် မချည့်မဆန့်ဖြစ်ရပြန်၏။

"ဟာ ... ဒါ ဘာဖြစ်တာလဲ ... "

သူက ဦးရွှေထွန်းကိုမေးသည်။ ဦးရွှေထွန်းက တုန်လှုပ်နေဟန်တူသည်။

"ငါ ... ငါတော့ မသိဘူး ... ဒါ ... ဒါပေမဲ့ ဒါဟာ သံတွေ



ခဲရည်နဲ့တူတယ် ... ဟုတ်တယ်မဟုတ်လား ... ဟင် ... ဘော်ဒါကြီး ... "

ခွေးခေါင်းငရဲသားကို မေးတော့ ခွေးခေါင်းငရဲသားက ဟဲခနဲ အသံပြုသည်။

"ထို ... သူတို့ပါးစပ်က အချုပ်စော်နံလိုက်တာ ... "

"ငရဲသားပဲ ဘယ်လိုမွှေးကြိုင်ပါ့မလဲ ... ဒီမှာ ကိုး(လ်)ဂိတ်သွားတိုက်ဆေးတို့ ... ဗီး(လ်)ခေါင်းလိမ်းဆီတို့ ရတာမှ မဟုတ်ပဲဗျာ ... အဟာ ... "

နောက်ဆုံးရယ်သံလေးပြု၏။

တစ်နေရာကိုရောက်သွားသည်။ အားလုံးမြင်ကွင်းတွေက သုသာန်တစလို ဂူတွေ၊ မြေပုံတွေရှိသည်။

အဲသည်မှာ တပြောင်ပြောင်လက်နေသော တောင်ပို့ကြီးလိုနေရာမှာ တစ်စုံတစ်ဦးထိုင်နေ၏။

ကြည့်တော့ ရုပ်မရှိ။

ဒါပေမဲ့ စနေတို့မျက်လုံးထဲတွင် ရောမဝက်ခေါင်းလိုလို ကြွက်ခေါင်းလိုလို သတ္တဝါကြီးတစ်ဦး၏ ခေါင်းနှင့် လက်ခြောက်ဖက်ရှိသော ခွေးကိုယ်ကို မြင်ရ၏။

သူ့တစ်ကိုယ်လုံးမှာအရောင်တွေဖြာထွက်နေသည်။

"ဟား ... ဓာတ်မင်းသားအဝတ်အစားထက် မျက်လုံးကျိန်းသကွာ ... ဂျက်စနေ ... သူ ဘာဝတ်ထားသလဲ ... "

"ခွေးကိုယ်နဲ့ ကြွက်စုတ်ခေါင်းပဲ အရောင်လက်လက်တွေကြားမှာ မြင်နေရတယ် ... "

တောင်ပို့အောက်တွင် ဝဝမိန်းမကြီးတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ကြောက်ခြင်းကြောင့် တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်နေ၏။

တောင်ပို့ပေါ်မှ သတ္တဝါကြီး၏ ကျိုကျိုကျက်ကျက်အသံတွေ ထွက်လာသည်။

ဒါက သူတို့ရဲ့ပြည်က ဘာသာစကား။

ဝိညာဉ်တွေ နားလည်ပါသည်။ အဓိပ္ပါယ်က ...

"မယ်မင်းနာမည် ဘယ်သူလဲ ... "

"ကျွန် ... ကျွန်တော်မ နာမည် မဇာခြည်အိမြေလင်းပိုကြော်ချက်ဖြစ်ပါတယ် ဘုရား ... "

"ဟယ် ... နင့်နာမည်ကြီးက အဆန်းပါလား ... နာမည်ရှည်ရင် ငရဲပြည်မှာ နှစ်ရှည်မှာ နင်မသိရှာသလား ... မယ်မင်း"

"ဒါ ... ကျွန်မလူ့ပြည်မှာကြိုက်လို့ မှည့်မိတာပါ ဘုရား"

"ဟဲ့ ... ငါ့ကို ဘုရားဘုရားမခေါ်နဲ့ ... ငါတို့က ဘုရားနဲ့ဆန့်ကျင်နေတဲ့ ငရဲသားတွေ ... နင်တစ်ခါပြော ငါတစ်ခါကြက်သီးထတယ် ... "

"အံမယ် ... ငရဲမင်းကတောင် ကြက်သီးထရသလား ... ဒါဆို ချိုင်းမွေးတွေ နှုတ်ခမ်းမွေးတွေရှိမှာပဲ ... ကြက်သီးထကာ အမွေးရှိမှကွ ... "

ဦးရွှေထွန်းက စနေကို တိုးတိုးလေးပြောသည်။

"ကျွန်မတို့မှာ ကိုလိုနီခေတ်မှာ ရှေးလူကြီးတွေ အင်္ဂလိပ်ကိုဘုရားထူးတာ အကျင့်ပါနေလို့ ထူးမိတာပါ ... မင်းကြီးရယ်"

"ငါ့ကိုဖားပြီး ထူးရင် ... နင့်ကို ဆယ်ကမ္ဘာဒဏ်ခတ်မယ်"

"အမယ်လေး ကြောက်ပါပြီ ... "



"ဘာ အခုမှကြောက်ပါပြီလဲ ... လူ့ပြည်မှာ နင် ဘာတွေလုပ်ခဲ့သလဲ ... ပြောစမ်း ... "

"ကျွန်တော်မျိုးမ ... ကုန်ဈေးနှုန်းတက်အောင် ပါးစပ်ကမဟုတ်တမ်းတရားစကားတွေ လွှင့်ခဲ့ပါတယ် ... ဂိုထောင်ထဲက လှောင်ကုန်တွေကို ကုန်အသစ်ပေါ်လာတဲ့အခါ ... လှောင်ကုန်တွေကို ဈေးကျမှာစိုးလို့ လူတွေမစားမသုံးနိုင်အောင် မြစ်ထဲသွားလွှင့်ပစ်ခဲ့မိပါတယ် ... ဆန်တွေ ဆီတွေဈေးတက်လာရင် ... ကျွန်တော်မျိုးမ ဝမ်းသာမိပါတယ်လူတွေဒုက္ခရောက် စိုးရိမ်ပူပန်ဖြစ်နေတာကို မကြည့်ခဲ့ဘဲကိုယ့်အတွက်အမြတ်အစွန်းရရေးပဲ ဦးတည်ခဲ့မိပါတယ်"

"နောက် ဘာလုပ်သေးလဲ ... "

"ကျွန်မနာမည်ကောင်းလိုချင်လို့ လှူဒါန်းပါတယ် ... အဲဒီလိုလှူဒါန်းပြီးရင် ... ကျွန်မအခွင့်အရေးတွေကို ကျွန်မရအောင်ယူပြီး ... တခြားလူတွေကိုတော့ မလှူမတန်းရအောင် ပိတ်ပင်ပါတယ် ... "

"နောက်ရော ... "

"အိမ်မှာ ကားအစုတ်အဟောင်းတွေဝယ်ပြီး ... ဓာတ်ဆီဆိုင်မှာ ဓာတ်ဆီထည့် ... အဲဒီဓာတ်ဆီတွေကို အမြတ်တင်ရောင်းပါတယ် ... ကျွန်မတို့လို ဓာတ်ဆီမှောင်ခိုသမားတွေကြောင့် သယ်ယူပို့ဆောင်ရေးတက်သလို ... ကုန်ဈေးတွေတက်ပါတယ် ... "

"နင်ဟာ ... စောစောက အဂ္ဂမီးလောင်ခံရတဲ့ ဓာတ်ဆီဆိုင်က မန်နေဂျာလိုပဲ အပြစ်ရှိတယ် ... ဒီအပြစ်အတွက် ငါ

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ချစရာမလိုဘူး … ဒီတော့ နင့်စိတ်ထဲက အပြစ်နဲ့ အဲဒီအပြစ်ကို အလိုအလျောက်ခံ … ”

ပြောလည်းပြော၊ ကြွက်စုတ်ခေါင်းကြီးမှ အရောင်လက်လက်ပေါ်လာသည်။

မဇာခြည်အိန္ဒြာလင်းပိုကြော်ချက်ဆိုသော မိန်းမကြီးမှာ ခဏ္ဍာကိုယ်ပျောက်ကာ ဝိညာဉ်ဖြစ်သွားသည်။ သူမ၏ ဝိညာဉ်သည် ဆူးတောမီးတောထဲသို့ ပျံသန်းသွားသည်။

“ထူးဆန်းလိုက်တာ … ငရဲပြည်မှာ ကိုယ့်အပြစ်ကို ကိုယ်ခံရတယ်လို့ … ”

“အေး … အဲဒါစေတနာအကျိုးပေးပဲကွ … လူ့ဘဝက မကောင်းတဲ့စေတနာထားတော့ … အဲဒီမကောင်းတဲ့စေတနာက ငရဲပြည်မှာမကောင်းတာခံဖို့အလိုလိုဆန္ဒဖြစ်လာတာပဲ … ”

တစ်ယောက်ကိုတစ်ယောက်ပြောနေစဉ် ကလေးငယ်လေးတစ်ယောက်ကို ငရဲသားတစ်ယောက်က ဆွဲထုတ်လိုက်သည်။

ကောင်လေးမှာ ဆယ်နှစ်သားလောက်ရှိမည်။

လူ့ဘဝတုန်းက ဆင်းရဲခဲ့ဟန်တူသည်။ ယခုအမြင်မှာတောင် ဘောင်းဘီတိုကလေးနှင့် ဖွပ်ကျယ်အင်္ကျီလေးမှာ မည်းသည်းစုတ်ချာနေသည်။

သူ့ခမျာ ငရဲမင်းရှေ့ရောက်လို့ ကြောက်ကြောက်ရွံ့ရွံ့တုန်တုန်ယင်ယင်ဖြစ်နေရှာ၏။

“ဟေ့ကောင် … မင်းနာမည် ဘယ်သူလဲ … ”



“ကျွန်တော် စံမြပါ … ”

“မင်းအသက်ဘယ်လောက်ရှိပြီလဲ … ”

“ဆယ်နှစ်ပါ … ”

“မင်းလူ့ပြည်တုန်းက ဘာတွေလုပ်သလဲ … ”

“ကျွန်တော် ပလတ်စတစ်ကောက်ပါတယ် … လက်ဖက်ရည်ဆိုင်တွေမှာ ဟိုလူခိုင်း ဒီလူခိုင်းလုပ်ပါတယ် … ပြီးတော့ ဖားရှာ ငါးရှာလုပ်ပါတယ် … ပုရစ်ကလေးတွေကို စားဖို့အတွက် ဖမ်းပါတယ် … ”

“ပလတ်စတစ်ကောက်စဉ်က ဘာလုပ်ခဲ့လဲ … ”

“ကျွန် … ကျွန်တော် … အိမ်တွေဆီက အင်္ကျီတို့ လုံချည်တို့ ထမီတို့ လစ်ရင် လစ်သလိုလည်း ခိုးခဲ့ပါတယ် … ဒါစားဖို့ သောက်ဖို့အတွက်နဲ့ ကျွန်တော့်အဖေ အမေဝတ်ဖို့ပါ … ”

“မင်း သူများပစ္စည်းကို ခိုးတယ် … မိဘကိုမသန့်ရှင်းတဲ့ ပစ္စည်းနဲ့ ပေးကျွေးဝတ်စေခဲ့တယ် … ဒါဟာ အပြစ်တစ်ခုပဲကွ … ပြီးတော့ ငါးတွေ ဖားတွေသတ် … ပုရစ်တွေသတ်ပြီး စားခဲ့တယ် … လူ့ပြည်မှာ ဒါလောက်အစားအသောက်ရှားသလား … ”

ကောင်လေးမှာ အပြစ်ရတော့မှာကိုသိလို့ ကြောက်စိတ်နှင့် ငိုရှိုက်လာသည်။ သူသည် ငိုနေရာမှ အသံတုန်တုန်ယင်ယင်ကလေးနှင့် …

“ချမ်းသာတဲ့လူတွေအတွက် မရှားပါဘူး … ဦးလေးကြီး ကျွန်တော်တို့ ဆင်းရဲသားတွေအဖို့ ရှားပါတယ် … ကျွန်တော်တို့သတ်ပြီးရောင်းလည်း သူတို့ဝယ်စားပါတယ် … ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ ဦးရွှေထွန်းရာ ... ဒီငရဲမင်းကြီးက လူ့ပြည်မှာဘာတွေဖြစ်နေသလဲဆိုတာ မသိဘူးထင်တယ်... ဘီယာဖရာတို့ ... အီသီယိုးပီးယားတို့ ဆူဒန်နိုင်ငံတွေမှာ ဆင်းရဲတဲ့လူတွေဟာ အလုပ်လုပ်ကြပေမဲ့ မလုံလောက်လို့ကလေးတွေထဲက တချို့ဟာ သူတို့ဟာ သူတို့ရှာစားကြတယ် ... ဒါလောက်တော့ ငရဲမင်းကြီးသိသင့်တယ်ဗျ ... "

"သူက သတင်းစာတွေ ... ဂျာနယ်တွေကို မဖတ်ဘဲကွာ မီဒီယာမရှိတော့ ဘယ်အသိရှိမှာလဲ ... ဘယ်နားလည်မှာလဲဖွတ် ... "

ငရဲမင်းကြီးမကြားအောင် စနေနှင့် ဦးရွှေထွန်းက ငရဲမင်းကြီးကို ဝေဖန်အပုပ်ချနေကြ၏။ ဒါပေမဲ့ ငရဲမင်းကြီးက ကြားဟန်တူ၏။

"ဟဲ့ ... ဟိုနှစ်ကောင် ဘာတွေလေငန်းဖမ်းနေတာလဲ ... နင်တို့ပြောတာ ငါသိတယ် ... ပါးစပ်ပိတ်ထား ... "

သူက လှမ်းဟောက်ပြီး ငိုနေသောကလေးအား ...

"မင်းက သူများပစ္စည်းခိုးတယ် ... သတ္တဝါတွေရဲ့အသက်ကိုသတ်တယ် ... ဒီတော့ ငယ်တာကြီးတာ နားမလည်ဘူး မင်းလက်တွေကို စကြာဓားသွားအောက်မှာ ဆယ်နှစ်တိတိနုတ်နုတ်စင်းခံစေ ... "

"ကြောက်ပါတယ်ခင်ဗျ ... မလုပ်ပါနဲ့ခင်ဗျ ... နောင်မလုပ်တော့ပါဘူး ... အဖေနဲ့အမေ ကျွန်တော့်ကိုကယ်ပါဦး ... အီး ... ဟီး ... "

ကောင်လေးက ကြောက်ကြောက်နှင့် အော်ငိုနေ



ည်။

"ဟေ့ ... ဒီကောင်လေးကို ဆွဲထုတ်သွား ... ဓားနင်းစကြာငရဲခန်းကို ပို့လိုက် ... "

ပြင်းထန်သောငရဲမင်း၏ အမိန့်နှင့်ပင် ငရဲသားတစ်ောက်ကရုန်းကန်နေသောကလေးအား ရိုက်နှက်ဆွဲခေါ်သွားသည်။ လေး၏ ရှပ်ခန္ဓာပြောင်း၍ ဝိညာဉ်ဖြစ်သွားသည်။

"ဘာရုံးတော်လဲဗျာ ... ငရဲမင်းက သူကြိုက်သလို စီစဉ်နေပါလား ... ငရဲရုံးမှာ ရှေ့နေတောင် မရှိဘူး ... သေတဲ့ရှေ့နေတွေ ဘယ်ရောက်ကုန်လဲ ... "

"ဟာ ... ကောင်လေးရ ... သေတဲ့ရှေ့နေတွေထဲက တချို့တောင် ဒီမှာဘယ်လိုရုန်းရမယ်မသိဘူး၊ ရှေ့နေဆိုတာပိုက်ဆံပေးရင် ရှေ့ကနေတာပဲ ... ပိုက်ဆံမပေးရင် နောက်ကနေတာကွ ... ငရဲပြည်မှာ ပိုက်ဆံမရတော့ ဘယ်လိုလုပ်ရှေ့နေလုပ်မလဲ ... မင်းကွာ ... သိရက်သားနဲ့ ... "

ကရုဏာဒေါသောအသံနှင့် ဦးရွှေထွန်းက စနေကိုတင်လေသံမြှသည်။ ထိုစဉ် ငရဲမင်းကြီးအသံပေါ်လာ၏။

"ခင်ဗျားက ဘယ်သူလဲ ... "

"ကျွန်တော် ကျောင်းဆရာဘိုးဆိတ်ပါ ... "

"ကျောင်းဆရာလုပ်ပြီး ခင်ဗျားကလေးတွေဆီက ပိုက်ဆံညာတောင်းတယ် ... ကျောင်းမှာ အလှူလုပ် ဘာလုပ်မယ်ဆိုပြီး ညာတောင်းတယ် ... ကျောင်းဆောက်မယ်ဆိုပြီး အလှူညာတောင်းတယ် ... ကျောင်းဆောက်တော့လည်း ကျောင်းခန်းတစ်ခုကို ခင်ဗျားအိမ်လုပ်ပစ်တယ် ... ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



မှာ အပြစ်ရှိသလား မရှိဘူးလား ... "

"ရှိပါတယ် ... ဒါပေမဲ့ ... "

"လျှောက်လဲချက်မရှိဘူး ... ကိုယ့်အပြစ် ကိုယ်ခံ ... ငရဲမီး အိုးထဲမှာ လေးနှစ်တိတိခင်ဗျားရပ်နေရမယ် ... လေးနှစ်ပြည့်မှ တိရစ္ဆာန်ဘဝကို ကူးရမယ် ... "

"ကြောက်လွန်းလို့ပါ ငရဲမင်းကြီးရယ် ... ကျွန်တော်က ကလေးတွေကို ဆယ်တန်းမှာ ဘာသာစုံအောင်အောင် အလကားသင်ပေးခဲ့တဲ့ ကောင်းမှုလေးရှိပါတယ် ... ကျူရှင်ပြစားတာလေးပဲ ရှိပါတယ် ... "

"မလိုချင်ဘူး ... ဟေ့ ... သူ့ကိုဆွဲထုတ်ပြီး အဝီစိမီးပဒေသာထဲကို ထည့်လိုက် ... "

* ကျောင်းအုပ်ဆရာကြီးဘိုးဆိတ်အော်ဟစ်ရုန်းကန်နေသည့်ကြားမှ ဆွဲထုတ်သွားကြသည်။ ရုပ်ခန္ဓာပျောက်ကာ နာမ်ဝိညာဉ်ဖြစ်သွားချေပြီ။

သည်တစ်ကြိမ်တော့ ဂျက်စနေအလှည့်။

◈ ◈ ◈



တတ်သိမ်းစွဲ(၉)

ဂျက်စနေကို ဦးစွာခေါ်သည်။

ဂျက်စနေက ငရဲမင်းကြီးရှေ့မှာ ခပ်တင်းတင်းပဲ သွားရပ်သည်။

သူသည် သူတကာလို ငရဲမင်းကြီးကို ကြောက်သူမဟုတ်ပါ။ ကြွက်ပိုလို ခေါင်းနှင့် မျက်နှာ၊ ခွေးကိုယ်ရှိသော ဤငရဲမင်းကို ဘာကြောက်ရမလဲ။

သည်တော့ ခပ်တင်းတင်းပဲ။

တောင်ပို့ကြီးပေါ်မှ ခွေးကိုယ်ကြီးက လက်ဝိုက်၍

"မင်းနာမည် ... "

"ကျုပ်နာမည် ... ဂျက်စနေ ... "

"ဘာကွ ... "

"ကျုပ်နာမည် ဘာကွမဟုတ်ဘူး ... ဂျက်စနေ ... "

"ဘယ်လိုနာမည်ကြီးလဲ ... လူပြည်က နာမည်တွေဟာ အဆန်းပဲ ... အခေါ်ရခက်လိုက်တာ ... "

"ခင်ဗျား ဘယ်သူလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



“ငါက မကောင်းတဲ့လူတွေကို ပြစ်ဒဏ်ခတ်ခတ်နေတဲ့ ငရဲ
မင်းမဟာအပအင ... ”

“မဟာအပအငတ် ... ဟာ ... ဒီလောက်တောင်ပဲ ငတ်နေ
သလား ... ”

“မဟာအပအငဝါကွ ... အငတ်မဟုတ်ပါဘူး ... ”

အပအင၏ အဓိပ္ပါယ်မှာ အပယ်ငရဲဖြစ်ပြီး ငြိမ်းချမ်း
မှုမရှိသောနေရာဟု အဓိပ္ပါယ်ရကြောင်း နောင်မှစနေသိရသည်။

လောလောဆယ်ဆယ်တော့ ငရဲမင်းကြီးမဟာအပ
အငနှင့် စကားစစ်ထိုးရချေဦးမည်။

“အခု ဒီနေရာက ဘာလဲ ငရဲမင်းကြီး ... ”

“အဝီစိကွ ... ”

“ကျွန်တော်တို့ လူ့လောကမှာတော့ အဝီစိဆိုတာ လူတွေ
ကျွမ်းနေလို့ အဝီစိကိုမကြောက်ကြတော့ဘူး ... အဝီစိရေ
တောင် သောက်သုံးနေကြတာ ... ”

“ဟေ ... ”

ငရဲမင်းကြီးမဟာအပအင၏ ဝက်ခေါင်းမျက်နှာ
မျက်စိကျဉ်းကျဉ်းကလေးတွေ ပြူးသွားသည်။

“ဘာပြောတယ် ... မင်းတို့က ငါတို့ငရဲပြည်က အဝီစိရေ
တောင် သောက်တယ် ... ဒါဆို အဝီစိကိုတောင် မကြောက်
ကြတော့ဘူးပေါ့ ... ”

“ဒါပေါ့ ... နောင်ဆိုရင် အဝီစိရေသောက်ပြီး အဝီစိသားကို
တောင် စားကြလိမ့်မယ်ထင်တယ် ... ”

“ဟာ ... ဒုက္ခပဲ ... မင်းတို့လူ့လောကကြီးက လူတွေက



တယ်ကြောက်စရာကောင်းပါလား ... တို့အဝီစိကိုတောင်
ချမ်းသာမပေးဘူး ... မဖြစ်ဘူး ... မဖြစ်ဘူး ... မင်းတို့လူ့
လောကက လူတွေကို အဝီစိရောက်လို့ မလှန်ရဲအောင် နာ
နာထောင်းပစ်မှ ... ”

“ငရဲမင်းကြီးပြောတာ မှန်ပါတယ် ... လူတွေက အဝီစိသား
တွေ စားချင်လို့ ဟိုမြေကြီးအောက်မှာ မိုင်းတွေအနက်ကြီး
တူး သတ္တုတွေရှာနဲ့ ... တစ်နေ့ ဒီအဝီစိကိုရောက်လာကြ
မှာပါ ... အဲဒီတော့ သူတို့လိုချင်တဲ့ အဝီစိသားတွေ စားရမှာ
ပဲ ... ”

စနေက သော်က်မြင်ကတ်ကတ်နှင့် ငရဲမင်းကြီး
မဟာအပအငကို လှန့်လိုက်သည်။ ငရဲမင်းကြီးမျက်မှောင်ကုတ်၍

“မင်းကော ... ဒီအထဲမှာပါသလား ... ”

“ကျွန်တော်က သတ်သတ်ပါ ... မော်တော်ဆိုင်ကယ်
မှောက်လို့ ရှောဘရားသားဖြစ်ပြီး ဒီရောက်လာတာပါ”

“မင်းတို့ လူ့လောကသားတွေက အဆန်းပဲ ... စကားပြော
လည်းဆန်း ... အဝတ်အစားတွေလည်း ဆန်း ... ရုပ်တွေ
ကလည်း ဆန်း ... ငါ ဟိုးတုန်းက စီရင်ခဲ့တဲ့လူတွေနဲ့တခြား
စီပဲ ... ”

“ကျွန်တော် ... ငရဲမင်းကြီးကို မေးပါရစေ ... ”

“ဘာမေးမလဲ ... ”

“ငရဲပြည်မှာခံစားနေရတဲ့ လူတွေကို ဆီပူအိုးထဲထည့်ကြော်
ငရဲခံရသူတွေကို ခွေးနက်ကြီးတွေနဲ့ ဆွဲခိုင်း ... ဆူးချုံတော
ထဲ တိုးဝင်ခိုင်းတယ်ဆို ... ”

www.burmeseclassic.com

www.burmeseclassic.com



"ထွတ် ... ဘယ်က ဟုတ်ရမှာလဲ ... ဆီဆိုတာ မင်းတို့လူ့လောကမှာသုံးတာ ... ငါတို့ငရဲလောကမှာသုံးတာ မဟုတ်ဘူး ... ဆီဆိုတာ ဘာလဲ ... "

"မသိပါဘူး ... ကျွန်တော်ဘုရားကျောင်းကန်တွေမှာ ပန်းချီရုပ်ပုံတွေထဲမှာ ... ငရဲအိုးကြီးထဲထည့်ပြီး လူတွေကို ဒယ်အိုးထဲ ဆီတွေနဲ့ထည့်ကြော်တဲ့ ပုံတွေ တွေ့ရတယ် ... ငရဲမင်းကြီးပြောသလိုဆို ဆီမရှိဘူးပေါ့ ... "

"တို့ဆီမှာ ဘာဆီမှမရှိဘူး ... မင်းတို့ပန်းချီဆရာတွေက စိတ်ကူးတည့်ရာ လျှောက်ဆွဲပြတာ ... "

"တော်သေးတာပေါ့ ... ခုတောင် ငရဲအိုးထဲဆီမရှိလို့ ဆီဈေးခေါင်ခိုက်နေတာ ... ငရဲပြည်မှာဆီရှိတယ်ဆိုရင်တော့ လူ့ပြည်ကပဲ ငရဲမှာ လာပြီး ဆီမှောင်ခိုထုတ်မလား ... ငရဲပြည်ကပဲ လူ့ပြည်လာပြီး ဆီမှောင်ခိုထုတ်မလားဘဲ ... "

"ခွေးနက်တွေ ဆိုတာကော ... "

"ဘာခွေးမှ တို့ဆီမှာ မရှိဘူး ... ခွေးတွေကလည်း သူတို့ဒီကိုလာရင် သတ်အစားခံရမှာစိုးလို့ ဘယ်ခွေးမှမလာခဲ့ဘူး"

"ကျွန်တော် မသိတာ မေးပါရစေ ... "

"အတော်စကားရှည်တဲ့ကောင် ... ကဲ ... မေး ... မေး ... မင်းမေးပြီးရင် မင်းကိုငါစီရင်ရမှာ ... "

"ဒီငရဲပြည်က တော်တော်ဆန်းတယ် ... ကမ္ဘာပေါ်မှာ လူမျိုးပေါင်းစုံရှိတယ် ... မကောင်းမှုလုပ်တဲ့လူတွေလည်း လူမျိုးပေါင်းစုံ လုပ်တယ် ... ဒီငရဲကျမှ ကျွန်တော်တို့လူမျိုးတွေချည်းတွေ့နေရတယ် ... တခြားလူမျိုးတွေ မရှိဘူး ... ဒီတော့ ဒီငရဲဆိုတာ ကျွန်တော်တို့လူမျိုးတွေကိုပဲ သတ်မှတ်ထားသလား ... "



"သူတို့က သူတို့ငရဲနဲ့သူတို့ ရှိကြတာပဲ ... "

"ဒါဆို မဟုတ်ဘူး ... ငရဲဆိုတာ လူမျိုးပေါင်းစုံကိုအပြစ်ပေးတဲ့ တစ်ခုတည်းသော ငရဲပဲရှိရမယ် ... အခုတော့ မြန်မာငရဲ အင်္ဂလိပ်ငရဲ ... အမေရိကန်ငရဲ ... တရုတ်ငရဲဆိုပြီး လုပ်လို့ ဘယ်ရမလဲ ... မြန်မာလည်းလူ ... ကုလားလည်းလူ ... တရုတ်လည်း လူ ... အင်္ဂလိပ်လည်း လူပဲ ... ဒီမှာရောက်ရမှာပဲ ... အခုတော့ ကျွန်တော်တို့လူမျိုးတွေကိုပဲ တွေ့နေရတယ် ... ဒါဟာ သဘာဝမကျဘူး ငရဲမင်းကြီးရဲ့ ... "

အဲဒီစကားကြောင့် မဟာအပအင်တေ် (ဂျက်စနေအခေါ်) ငြိမ်ကျသွားသည်။

"ငရဲပြည်ဆိုတာ ဘယ်သူမှရောက်ဖူးကြတာ မဟုတ်ဘူး ... ကျွန်တော်တို့ဆီက တချို့က ငရဲပြည်ရောက်ဖူးတယ်လို့ ရေးကြတယ် ... ဒါပေမဲ့ ငရဲပြည်အနေအထား ... ငရဲပြည်က အခုငရဲသားတွေအကြောင်း ဖော်ပြတာ သူတို့တွေ့ကြုံချက်တွေနဲ့ ကွဲလွဲနေတယ် ... လူ့ပြည်မှာ မြန်မာနိုင်ငံကို ရောက်ဖူးသူတိုင်း ... မြန်မာနိုင်ငံအကြောင်းရေးရင်အချက်အလက်တွေတူညီတယ် ... အင်္ဂလန်နိုင်ငံရောက်ဖူးရင် အင်္ဂလန်နိုင်ငံအကြောင်းရေးရင် အချက်အလက်တွေ တူညီတယ် ... ငရဲပြည်အကြောင်းရေးရင် အချက်တွေမတူဘူး ... ဒီတော့ ငရဲမင်းကြီးတို့ရဲ့ ငရဲပြည်က ဌာနခွဲခြားမှုတွေရှိနေသလား"

"တို့မှာ ငရဲကြီးရှစ်ထပ်ရှိတယ်ကွ ... တစ်ထပ်တစ်နေရာလို

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ... ”

“ကျွန်တော်တို့မှာလည်း တိုက်အလှူရှစ်ထပ်ရှိတာပဲ ... ဒါ ပေမဲ့ ... ”

“တယ်နားရှုပ်သကိုး ... ဟော့ကောင် မင်းပါးစပ်ပိတ်ထား တော့ ... ”

“မပိတ်နိုင်ဘူး ... ကျွန်တော်ပြောမယ် ... ခင်ဗျားတို့ဟာ သေတဲ့လူတွေကို မကောင်းမှုလုပ်တယ်ဆိုပြီး မကောင်း တာတွေလုပ်တယ် ... ခင်ဗျားတို့ကော မကောင်းတာတွေ ပြုလုပ်နေတာဘဲ မဟုတ်လား ... ခင်ဗျားတို့ကျတော့ မသေဘူး ... ခင်ဗျားတို့ကော တကယ်သေခဲ့ရင် ဘာဖြစ် မလဲ ... ”

“ငရဲပြည်မှာငါငရဲမင်းကော ... ငရဲသားတွေကော သေတယ် ဆိုတာ မရှိဘူး ... ”

“ဒါဆို ... ခင်ဗျားတို့ ဘုရားဟော ... တရားဟောတွေကို ဆန့်ကျင်တာပဲ ... သင်္ခါရဆိုတာ ဘယ်မှာသွားထားမလဲ ခင်ဗျားကို ငရဲမင်းကြီးဆိုပြီး ဘယ်သူက ခန့်တာလဲ ... အခု ခင်ဗျားတို့ ငရဲပြည်မှာလုပ်နေတာဟာ မတရားဘူး ... လူ တွေကိုတော့ မကောင်းမှုလုပ်တယ်ဆိုပြီး ငရဲဒဏ်ကျခံစေ တယ် ... ဒါဆိုရင် တိရစ္ဆာန်တွေကော ... တိရစ္ဆာန်တွေကျ တော့ ငရဲအကျမခံဘူးလား ... အသူရကာယ်ဆိုတာလည်း ငရဲခံရမှာပဲ ... ဒီငရဲမှာ တိရစ္ဆာန်နဲ့ အသူရကာယ်တွေကို မတွေ့ရဘူး ... ”

ပြောစရာရှိသည်ကို ဒိုးဒိုးဒေါက်ဒေါက်နှင့် ဂျက်စနေ



က ပြောပစ်လိုက်၏။

သူ့နောက်မှာ ဦးရွှေထွန်းက ခေါင်းတညိတ်ညိတ်နှင့် ဟုတ်ပေ့ကွာ ... မှန်ပေ့ကွာနှင့် ပြောနေသည်။

“မင်း ဒါတွေ ပြောမနေနဲ့ ... မင်းမကောင်းမှုတွေ လုပ်ခဲ့တာ တွေရှိတယ် ... အဲဒါ ဘာတွေလဲ ... ”

“ကျူပ်လား ... အရက်သောက်တယ် ... ဖဲရိုက်တယ် ... လောင်းကစားလုပ်တယ် ... ဘတ်(စ်)ကားစပယ်ယာလုပ် တယ် ... ခရီးသည်တွေကို ဟောက်တယ် ... ဟိန်းတယ်... အုံနာခထဲကရရင် ဘုန်းတယ် ... ခရီးသည်တွေဆီက ခရီး သယ်ဆောင်ခငွေအတွက် တစ်ဆယ် နှစ်ဆယ်အတွက် တစ်ရာတန် ငါးဆယ်တန်တွေ ပေးရင် ပြန်မအမ်းဘဲ မေ့ သလိုလိုနဲ့ ပိုတဲ့ပိုက်ဆံတွေကို ဘုန်းတယ်ဗျာ ... ”

“မင်းစကားပြောတာ မာရေကျောရည်ရှိတာပဲ ... ”

“ကျူပ်ကလည်း မြင်ပြင်းကတ်လို့မဟုတ်တာတွေ လျှောက် ပြောပစ်တာပဲ ... ”

“မင်း ငါလိုငရဲမင်းကြီးကို ရိုသေပါ ... အရင်က လူတွေဟာ ငါ့ကို မင်းလိုတစ်ယောက်မှမပြောရဲဘူး ... ”

“ခင်ဗျားတို့ ငရဲပြည်မှာ ဘုရားတရားမရှိဘူး ... ကျူပ်က ဘုရားတရားရှိတဲ့ လူ့ပြည်ကလာတာ ... ဒီရောက်သူမှန်သမျှ ကို မကောင်းမှုတွေလုပ်နေတဲ့သူကို ကျူပ်လူ့ပြည်ကလာတဲ့ လူက ရိုသေရမလား ... ခင်ဗျားတို့ငရဲပြည်ထက် ကျူပ်တို့ လူ့ပြည်က အများကြီးတန်ဖိုးရှိတာ ... ”

“ဟေ့... ဒီကောင့်ကိုအသူရာချောက်ထဲပစ်ချပြီး မီးကျောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့အနှစ်တစ်ရာလိုမ့်သတ်ကြစမ်း ... ”

“ဟား ... ဟား ... ဟား ... ”

ဂျက်စနေက အော်ရယ်သည်။

ဦးရွှေထွန်းမှာ စနေ့အဖြစ်ကိုကြည့်ကာ သည်ကောင်လေးရဲ့နာမ်တွေ မမှန်ကန်တော့ဟု ယူဆ၏။

ထိုစဉ်မှာ ခွေးလိုလို ငရဲသားနှစ်ယောက်က ဂျက်စနေလည်ကုတ်တွေကို လာဆွဲသည်။

ဒေါသဖြစ်နေသောဂျက်စနေကငရဲသားနှစ်ယောက်၏ မျက်ခွက်တွင်းသို့ လက်သီးများနှင့် အဆင့်ဆင့် ပစ်ထိုးလိုက်၏။

နာမ်နှင့် အင်အားပါသော လက်သီးချက်များကို ခွေးမျက်နှာနှင့် ငရဲသားတွေ ခံစားလိုက်ရပုံမပေါ်ပေမဲ့ ထိုးအားကြောင့် နောက်သို့ယိုင်သွားသည်။

သူတို့ကို ထိုးရသည်မှာ လေထဲထိုးသလိုပဲဖြစ်၏။

ဂျက်စနေက ချက်ချင်းလှည့်ကာ ...

“ဒီငရဲပြည်က ပြေးရအောင် ... ဦးရွှေထွန်း ခင်ဗျားလိုက်ချင် လိုက်ခဲ့ ... ”

သူက ဦးစွာ နောက်ဘက်သို့ ပြန်ပြေးသည်။

ဦးရွှေထွန်းလည်း ပြေးသည်။

နှစ်ယောက်မှာ ပြိုးပြိုးပြက်ပြက်လက်နေသော အရောင်တွေအောက်မှ ထွက်လာစဉ် ငရဲသားသုံးလေးယောက်က သူတို့လက်ထဲတွင် အရောင်တဝင်းဝင်းလက်နေသော သုံးခွလှံများနှင့် ဂျက်စနေကို ချိန်ဖမ်းသည်။



တစ်ယောက်၏လှံတစ်ခုမှ ကွေ့ကွေ့ကောက်ကောက်နှင့် လျှပ်စီးလက်သလို ဝင်းခနဲ ဝင်းခနဲအရောင်တွေ ထွက်လာသည်။ ဂျက်စနေက ခုန်ရှောင်သည်။

တစ်ယောက်ကို ပြေးခုန်ကန်ပစ်သည်။

သို့လင့်ကစား ...

အကန်ခံရသော ငရဲသားမှာ လွင့်သွား၏။ သူ့ဝိညာဉ်တန်းက ချက်ချင်းပြန်ထသည်။ သူ့လက်ထဲမှ လှံမှာလွတ်သွားတော့၏။

အကန်ခံလိုက်ရသောငရဲသားသည် ခွေးတစ်ကောင်အူသလိုပဲ အူသံနှင့် အော်သည်။

ဦးရွှေထွန်းက လှံကိုကောက်ယူလိုက်သည်။

ဂျက်စနေက သူ့ကိုယ်ကိုငုံ့ကြည့်၏။ သူဝတ်ထားသော အဝတ်အစားများနှင့် ကိုယ်ထည်သည် မော်တော်ဆိုင်ကယ်မှောက်စဉ်က ဝတ်ထားသည့်အတိုင်းဖြစ်ကာ ခန္ဓာကိုယ်မှ သွေးတွေယိုစီးထွက်ကျတာကို ချက်ချင်းမြင်ရ၏။

“ဟာ ... မင်း ဘယ်လို ... ”

“ဦးရွှေထွန်း ... ပြေး ... လူ့ဘဝတုန်းက ကျွန်တော်ရထားတဲ့ ဒဏ်ရာတွေ ခုမှပေါ်လာတယ် ... ”

သူကပြောစဉ် ဦးရွှေထွန်းက သူ့ကိုလှံကို လှမ်းပေး၏။ လှံရိုးမှာ ဝါးသို့မဟုတ် သစ်ချောင်းနှင့်လုပ်ထားခြင်းမဟုတ်ဘဲ နီရဲသော အငွေ့အတန်းနှင့် အကောက်အကွေ့တွေပါသော လက်ကိုင်ပဲဖြစ်သည်။

ထိုလှံကို ဂျက်စနေ ဘယ်သို့သုံးရမည်ကို စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



နေခိုက် သူ့လိုပဲလှံကိုင်ငရဲသားတစ်ယောက်ပြေးလာသည်။

ဂျက်စနေက လှံကိုတန်းကာ စိတ်ထဲမှပစ်စေဟု အလိုလိုရေရွတ်မိသည်။

တကယ်ကို အံ့ဩစရာကောင်းသည်။

လှံ၏အသွားသုံးခုမှ လျှပ်စီးကြောင်းအတွန့်အတွန့်တွေထွက်သွားသည်။ ငရဲသားကို တိုက်ရိုက်ထိမှန်၏။

ထိုငရဲသား၏ကိုယ်ကျုံ့သွား၏။ ခွေးခေါင်းနှင့် လူကိုယ်မှာ ပျောက်သွား၏။

ဝုန်းခနဲ မီးတောက်မီးလျှံဖြစ်သွား၏။ ရုပ်တစ်ခုကို မီးစွဲသလို တလက်လက်စွဲကာ စွဲကာ လောင်မီးကျသွားတော့၏။

သူရော ဦးရွှေထွန်းပါ ပြေးကြ၏။

သူတို့ပြေးရာတွင် အလင်းရောင်ထန်းတွေရှိနေသလို ထိုအလင်းတန်းများ၏အနောက်ဖက်တွင် ငှက်များပျံသလို ငရဲသားတွေ ပျံသန်းလိုက်လာသည်။

ဂျက်စနေ၏ရင်ထဲမှာ မကြောက်ပါ။

ငရဲပြည်မှ သူထွက်ပြေးလျှင် လွတ်လိမ့်မည်ဟု ထင်ထားသည်။

သည်စဉ် ငရဲမင်း၏အော်ဟစ်သံ ထွက်ပေါ်လာ၏။

ထိုအသံများသည် မိုးချုန်းသလိုပဲ ရှိနေ၏။

ငရဲမင်းသည် သူ၏သဘာဝမကျသော ကိုယ်ကို လက်နှင့် သပ်၍ဖန်ဆင်းလိုက်သည်။

လူတစ်ယောက်အသွင်သို့ ရောက်ရှိသွား၏။

သူက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်သည်။



လက်ထဲတွင် အရောင်တန်းတွေထွက်နေသော သုံးမှိန်းတစ်ချောင်းပေါ်လာ၏။

သူက ထိုမှိန်းနှင့် ခွေးခေါင်းများရှိနေသော ငရဲသားလေးငါးခြောက်ဦးကို ထိုးလိုက်၏။

မှိန်းသွားမှ တွန့်လိမ်သောအရောင်ခြည်တို့ထွက်ပေါ်လာသည်။ မှိန်းနှင့် ညွှန်ထိုးခံရသော ငရဲသားလေးငါးဦးမှာ လူ့အသွင်သဏ္ဌာန်နှင့် လူ၏ခန္ဓာကိုယ်ကို ရရှိသွားကြ၏။

သူတို့ကို ငရဲမင်းကြီးက ဒေါသတကြီးနှင့် ခေါင်းဆောင်ကာ စနေထွန်းတို့နောက်ကို လိုက်၏။

ဂျက်စနေမှာ နာနေသောခန္ဓာကိုယ်ကို အလိုမရှိပါ။ ချက်ချင်းဆိုသလို ခန္ဓာကိုယ်ရုပ်ဒြပ်ကြီးက တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားသည်။

ဦးရွှေထွန်း၏ခန္ဓာကိုယ်လည်း ပျောက်သွား၏။

သူတို့သည် ဝိညာဉ်အတိုင်းသာ ရှိနေ၏။

ငရဲပြည်မှ တော်လှန်ရေးကို ဂျက်စနေစတင်လုပ်ခဲ့ဖြစ်သည်။

လူတွေကြောက်ကြသော ငရဲပြည်ကို သူမကြောက်

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသိန်းထိုက်လူသည် လူသေကောင်၏ ဒဏ်ရာတွေကိုကြည့်ရှုစစ်ဆေးပြီးဖြစ်သည်။

ဆေးရုံကြီးတစ်ခုလုံးသည် လျှပ်စစ်မီးရောင့်များ အောက်တွင် တည်တည်ငြိမ်ငြိမ်နှင့် ဝပ်ဆင်းနေ၏။

လူသေမှာ ကားတိုက်ခံရသောလူသေအလောင်းပဲ ဖြစ်သည်။

ခေါင်းကိုမထိခိုက်သော်လည်း ဘယ်ဘက်ကညှပ်ရိုး နှစ်ချောင်းကျိုးသွားသည်။ ညာဘက်လက်တစ်ချောင်းလုံး ကောက် ကွေးကာ ကျိုးသွားသည်။

ပေါင်တစ်ဖက်မှာ ပေါက်ပြဲပြီး အသားတွေက လန် ထွက်နေသည်။

အသက်ရှင်စဉ်က လူချောတစ်ဦးဖြစ်ဟန်တူသော် လည်း သေသည့်အချိန်မှာတော့ မျက်နှာတွင် ပွန်းပဲ့သောဒဏ်ရာ တွေကြောင့် ချောမောသောရုပ်သွင်က ကျဆင်းခဲ့ချေပြီ။



ဒေါက်တာသိန်းထိုက်လူသည် သူခွဲစိတ်ရမည့်လူသေ အလောင်းကို မီးရောင်တွင်ငုံ့ကြည့်ကာ ဘဝ၏အဆုံးသတ်မှု။ လူ တစ်ယောက်၏ သက်တမ်းကာလတွင် နေထိုင်မှုတို့ကို ခြုံငုံတွက် ကြည့်မိ၏။

ပြီးတော့ မမြဲသော်ရုပ်လက္ခဏာ၏ အနိစ္စသဘော တရားကိုလည်း စဉ်းစားနေမိချေ၏။

ယခင် ယခင်အခါများက သူသည် ကျားမလူသေ အလောင်းတို့ကို ခွဲစိတ်၍ရောဂါလက္ခဏာ၊ သေသူ၏ သေရခြင်း အကြောင်းရင်းတို့ကို သိနိုင်ဖို့ ခွဲစိတ်ပြီး ခွဲခြမ်းစိတ်ဖြာရာတွင် အလောင်းများကို ကျားမဟူ၍ မရွေးခဲ့ပါ။

သည်ညမှာတော့ သူဂျူတီဝင်ပြီးနောက် အလောင်း တစ်လောင်းကို တာဝန်အဖြစ် လက်ခံခဲ့ရသည်။

အလောင်းကို မမြင်ခင်က သူ့အဖို့ ဘယ်လိုမှခံစားမှု မရှိသော်လည်း အလောင်းကိုရလာချိန်တွင် သူက ရေခဲတိုက်သို့ အလောင်းကိုမပို့မီ ဦးစွာလေ့လာလိုသေးသည်နှင့် အလောင်းကို ဤအခန်းတွင်ထားရှိစေခဲ့၏။

အလောင်းတွင်ချိတ်ထားသော နံပါတ်ပြားနှင့် စာ တမ်းကလေးကိုမြင်သော် စိတ်ထဲအထူးအဆန်းဖြစ်သွား၏။

ဒါက သေသူ၏အမည်မှာ မောင်စနေထွန်းသို့မဟုတ် ဂျက်စနေထွန်းဟု ပါရှိလာသောအမည်ကလေးကို ဖတ်ရသော ကြောင့်ဖြစ်သည်။

သူက အလောင်းတွင်အုပ်ထားသော အဝတ်ဖြူကို ဆွဲလှန်လိုက်၏။ အညိုကွက်အနီကွက်တွေဖြင့် ညစ်ပေပြီး လူသေ

www.burmeseclassic.com

www.burmeseclassic.com



အလောင်းများစွာကို အုပ်ခဲ့သောအဝတ်ကို ဖယ်ရှားလိုက်သည်နှင့် အတွင်းမှ သေသူ၏ အင်္ဂါရုပ်က ပေါ်ထွက်လာခဲ့သည်။

သူသည် အံ့အားသင့်စွာ သေသူ၏ရုပ်အလောင်းကို ကြည့်နေမိ၏။

ဒေါက်တာသိန်းထိုက်လူသည် လွန်ခဲ့သော သုံးလေးနှစ်က သေသူနှင့် စကားပြောဖူးသည်။ ခင်မင်သိကျွမ်းခဲ့ဖူးသည်။ သူ၏နေအိမ်သို့ပင် ရောက်ခဲ့ဖူးသည်။

ထိုထိုသောအချိန်က သေသူတွင် မိဘနှစ်ပါးရှိခဲ့ဖူး၏။ ထို့သည်နောက် သေသူတွင် မိဘနှစ်ပါးမရှိခဲ့တော့။

ဒါပေမဲ့ သူက သေသူနှင့် ဆက်လက်ရင်းနှီးခင်မင်ဆဲပါ။ ယခုလိုဖြစ်လာလိမ့်မည်ဟု သူလုံးဝမမျှော်လင့်မိခဲ့ပါ။

စိတ်မကောင်းဖြစ်ရသည်။

နှုတ်မှလည်း ...

"စိတ်မကောင်းလိုက်တာ ကိုဂျက်စနေရာ ... ခင်ဗျား စောစောစီးစီးသေရလိမ့်မယ်လို့ ကျွန်တော်မထင်ခဲ့မိဘူး ... ခင်ဗျားဘဝမှာ ခင်ဗျားဟာ ရန်းကန်ရင်း ကျဆုံးရတာပါပဲ အခုတော့ ... ခင်ဗျားကို ခွဲစိတ်ဖို့ ကျွန်တော်တာဝန်ယူနေရပါကလား ... "

ဟု တိုးတိုးကလေး ရေရွတ်မိ၏။

အလောင်းတွင်ချိတ်ထားသောကတ်ပြားမှတ်တမ်းကလေးတွင် ကြည့်တော့ 'ကားတိုက်မှု'ဟု ပါရှိလာ၏။

သက်ပြင်းကို ချလိုက်၏။

အလောင်းကိုလာရောက်ကြည့်ရှုသူ ရှိမရှိသိချင်



သဖြင့် တာဝန်ကျရုံးခန်းမှ ဆရာဝန်ကို သူကခွဲစိတ်ခန်းမှပင် ဖုန်းဆက်ကြည့်သည်။ တာဝန်ကျဆရာဝန်က အလောင်းမှာကားတိုက်မှု မသေမီ နေ့လည်(၂)နာရီခန့်က ရောက်ရှိလာခဲ့ကြောင်း။

ထိုစဉ်က သေလုမြောပါးဖြစ်နေတာကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် သွေးသွင်းခြင်း၊ ဒဏ်ရာများကို ကြပ်မတ်ကုသပြုစုခြင်းပြုလုပ်ဆဲတန်းလန်းမှာ သေဆုံးခဲ့ကြောင်း။

သေသူ၏ မှတ်ပုံတင်ကိုရှာရာ အမျိုးသားမှတ်ပုံတင်ကို သေသူ၏ အိတ်ထဲမှရပြီး သေသူမှာ ရန်ကုန်မြို့ထဲက လမ်းအမှတ်( ... )တွင် နေထိုင်ခဲ့ကြောင်း၊ သူ့အိမ်သို့အကြောင်းကြားနိုင်းထားကြောင်း၊ သေသူ၏ အိတ်ထဲမှ ဂျီအက်(စ်)အမ်(မ်)ဖုန်းတစ်ခုရသော်လည်း ဖုန်းမှာပျက်စီးနေကြောင်း၊ ပိုက်ဆံအိတ်ထဲမှ မိန်းကလေးတစ်ယောက်၏ ဓာတ်ပုံတစ်ပုံရရှိကြောင်းပါ ပြောလိုက်၏။

ဒေါက်တာသိန်းထိုက်လူသည် ဖုန်းကိုချပြီး စနေ၏အလောင်းကို လာကြည့်သည်။

ကာလအတန်ကြာက သူနှင့် ဂျက်စနေတွေ့ကြသေးသည်။

အစားအသောက်ဆိုင်တစ်ခုတွင် ရယ်ကာမောကာနှင့် ပြောကြဆိုကြသည်။

ဂျက်စနေက သူနိုင်ငံခြားသို့ သွားအလုပ်လုပ်မည့်အကြောင်းပြောပြသည်။

သူနှင့် ဂျက်စနေမှာ တက္ကသိုလ်ချင်းကွဲသော်လည်း ... စ်နေရာမှာ ဆုံတွေ့ခဲ့ဖူးကြသည်။

အဲသည်ကတည်းက သူ့ရုပ်ရည်၊ သူ့အပြုံးကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသိန်းထိုက်လူ ခင်မင်နှစ်သက်မိတာကစ၍ ခင်မင်ခဲ့ကြ...

တရင်းတနှီးကြီးမဟုတ်သော်လည်း သူမိဘအိမ်သို့... သွားရောက်ခဲ့ဖူး၏။

ထိုစဉ်က မိမိမှာ ဆ.မလက်မှတ်ရရှိခါစရှိသေး... နိုင်ငံခြားသို့ အလုပ်သွားရှာမည်ပြောစဉ်က မိမိကပင် အားပေး... ၏။

နိုင်ငံခြားသို့ ဂျက်စနေမသွားမီ သူနှင့် ဆုံဆည်း... သောက်မှုသည် နောက်ဆုံးဆုံစည်းလိုက်ရခြင်းဖြစ်၏။

ဘယ်တုန်း ဘယ်အခါက နိုင်ငံခြားမှ ပြန်ရောက်လာ... ခဲ့သည် မသိပါ။

ယခုတွေ့မည့်ကျွေ.တော့ သေလူအဖြစ်တွေ့ရ... ၏။

ဒေါက်တာသိန်းထိုက်လူ၏ ခေါင်းထဲမှာတော့ ဂျက်... စနေသည် နိုင်ငံခြားမှာပဲ ရှိနေဆဲဟု ထင်နေမိ၏။

သူသည် ဂျက်စနေ၏အလောင်းကို ငေးစိုက်ကြ... ဂျက်စနေသည် ဘယ်သူနှင့်နေထိုင်သည်။ သူ့အလောင်းကို ဘယ်... လာရောက်သဂြိုဟ်လိမ့်မလဲဟု တွေးမိ၏။

ထိုသည်နောက် ဒေါက်တာသိန်းထိုက်လူက ဂျက်... စနေ၏လက်တစ်ဖက်ကိုမပြီး သေရခြင်းအကြောင်းအရာကို မျ... မှန်တွင်းမှစူးရှသော မျက်လုံးများနှင့် စတင်စစ်ဆေးသည်။

ဦးစွာ ရင်ဘတ်နှင့် ဝမ်းဗိုက်စစ်ဆေးသည်။

ရင်ဘတ်တွင် ညှပ်ရိုးကျိုးနေသည့်နေရာ မရှိ... န်ဘေးတွင် ကျိုးနေသော ညှပ်ရိုးနေရာကို စမ်းမိ၏။



ထိုညှပ်ရိုးကပင် ကျောက်ကပ်ကိုထိသွားသလော။ ကျောဘက်မှ ပွန်းပဲ့သောဒဏ်ရာပဲရှိနေ၏။

ပြင်ပဒဏ်ရာတွေကို ဗွာဝန်ကျပထမဆရာဝန်က စမ်းသပ်ပြီး ဆေးမှတ်တမ်းပေါ်မှာ ဖော်ပြ၏။

အတွင်းဒဏ်ရာတွင် အဆုပ်ကိုသော်လည်းကောင်း နှလုံးကိုသော်လည်းကောင်း တစ်စုံတစ်ရာထိ၍ အတွင်းသွေးယိုစီး မှုနှင့် အဆုပ်ကိုသွေးဖုံးကာ သေဆုံးနိုင်ကြောင်း ရေးထားသည်။

ခေါင်းကို စမ်းကြည့်၏။

မည်သည့်ဒဏ်ရာမှ မတွေ့။

ဆံပင်တိုတိုပါးပါးလေးညှပ်ထားသော ဦးခေါင်းတွင် ဒဏ်ရာအနာတရမရှိသည်ကို ထိန်လင်းသောမီးရောင်အောက်မှ ဒေါက်တာသိန်းထိုက်လူက စမ်းသပ်တွေ့ရှိမိ၏။

အေးလေ ... ခွဲစိတ်ကြည့်တော့ ဘာကြောင့်သေရ တယ်ဆိုတာ အဖြေပေါ်လိမ့်မပေါ့။

လုပ်သက်အတော်ရင့်နေပြီဖြစ်သောဒေါက်တာသိန်း ထိုက်လူအဖို့ လူအသေပေါင်း အတော်များများကို ခွဲစိတ်ခဲ့ဖူးချေပြီ။

ယခုဒီ လူ့အလောင်း ... ။

သူ၏ထူထဲသော မျက်မှောင်နှစ်ခုက ကုတ်စင်း သွားသည်။

စဉ်းစားမှုက မျက်နှာတွင်ပေါ်လာ၏။

သူ အလောင်းကို စမ်းသပ်ကိုင်တွယ်စဉ်က ထူးခြား မှုတစ်ခုကို ချက်ချင်းသတိပြုမိသည်။

အလောင်းမှာ အေးစက်နေရမည့်အစား နွေးတေး

www.burmeseclassic.com

www.burmeseclassic.com



တေးဖြစ်နေသောကြောင့်ပင်။

ဒါကပဲ သူဦးနှောက်ထဲ လက်ခနဲစဉ်းစားမှုပေါ်လာ
၏။

သည်လူ သေမှသေပါ့မလား။

သေတာမှ ဟုတ်ရဲ့လား ... ။

သူ၏ ရိုးလက်(စ်)လက်ပတ်နာရီကို မီးရောင်
အောက်တွင် ကြည့်၏။ ညရှစ်နာရီခွဲပြီ။

လေးနာရီက သေခဲ့တယ်ဆိုတော့ ယခုအထိသေ
သည့်အချိန်ပေါင်း လေးနာရီခွဲတိတိရှိနေခဲ့ချေပြီ။

လေးနာရီခွဲအထိကြာမြင့်သောအချိန်တွင်အလော
တွင် သွေးများဆုတ်သလို အပူဓာတ်များလည်း အောက်စီကျင်တ
မဝင်သဖြင့် ဆုတ်ယုတ်ကာ တစ်ကိုယ်လုံးအေးစက်တောင့်တ
ဖွယ်ရာရှိ၏။

ဒေါက်တာသိန်းထိုက်လူက သေသူ၏ မျက်လွှာ
ပင့်ကြည့်သည်။ မျက်လုံးတွေမှာ ကြောင်နေပြီ။ မျက်ခွံအောက်
မျက်ဖြူသားလည်း လန်နေ၏။သူငယ်အိမ်ကိုသေးစူးသော လက်
ဓာတ်မီးလေးနှင့် ထိုးကြည့်၏။ သူငယ်အိမ်လည်း ကျဉ်းနေပြီ။

ဒါပေမဲ့ အပူဓာတ်က ဘာလို့ရှိနေသေးသလဲ။

နှလုံးကို နားကြပ်နှင့် သေချာစွာစမ်းသည်။ နှလုံး
တွင် သွေးခုန်နှုန်းက ပကတိရပ်စဲနေတာပဲ။ ပိုသေချာအောင် လ
ကောက်ဝတ်ကို သွေးစမ်းကြည့်၏။

သွေးမတိုး။ သွေးမခုန်။

တကယ်တမ်းဆို သူသေနေပါပြီ။



ဒေါက်တာသိန်းထိုက်လူသည် အနောက်နိုင်ငံမှ
ဆေးပညာရှင်အချို့တို့၏ ဆေးပညာစကားကိုလက်ခံသည်။

လူသည် နှလုံးသွေးရပ်သွားရုံနှင့် သေဆုံးသွားနိုင်
သည်ဟု မပြောနိုင်။ ဦးနှောက်ရှေ့ နှလုံးပါ မိမိတို့သက်ဆိုင်ရာ
အလုပ်ကို မလုပ်မှသာ သေဆုံးပြီဟု ပြောနိုင်ဖွယ်ရှိ၏ဟု ဆိုကြ၏။

ဒါကို ဒေါက်တာသိန်းထိုက်လူက လက်ခံသည်။

ယခုလူသည် သေပြီဟု ယူဆရသော်လည်း မြော
နေခြင်းဖြစ်မည်။ သူတို့ဆရာဝန်အယူအဆတော့ (COMA)ဖြစ်သည်
ဟုပဲ ဆိုရပေမည်။

သူသည် အလောင်းကို မျက်နှာအထိ အဝတ်ကိုပြန်
မအုပ်တော့ဘဲ လည်ပင်းအထိသာ အုပ်ထားသည်။

သူတစ်ဦးတည်းရှိနေသော အခန်းကို သော့ခတ်
လိုက်သည်။ ဒုတိယဆေးရုံအုပ်ရှိသော ရုံးခန်းကိုသွားသည်။ ဒုဆေး
ရုံအုပ်အား အကျိုးအကြောင်းတင်ပြသည်။

သေသူသည် သူနှင့်ခင်မင်ရင်းနှီးမှုရှိခဲ့ပါသည်ဟု ဆို
သည်။ တင်ပြသည်။

"သူ့နာမည် ကိုစနေထွန်းပါ ... ကျွန်တော်တို့နဲ့ အပေါင်း
အသင်းတွေအားလုံးက သူ့ကို ဂျက်စနေလို့ နစ်(က်)နိမ်း
(NICK NAME)ပေးရာက တစ်လောကလုံးက သူ့ကိုဂျက်
စနေလို့ ခေါ်ကြတော့တာပဲ ... ဂျက်လေယာဉ်လိုလျှင်မြန်
ဖျတ်လတ်ပြီး ဂျက်လိုပဲ အရှည်အသွေးပြည့်စုံတယ် ... ကျွန်
တော်ဆေးတက္ကသိုလ်နောက်ဆုံးနှစ်တက်ချိန်မှာ သူက
တက္ကသိုလ်မှာ ဒုတိယနှစ်ပဲရှိပါသေးတယ် ... နယ်မြေတက္က

www.burmeseclassic.com

www.burmeseclassic.com



သိုလ်မှာပါပဲ ... သူ့မိဘတွေဟာ မျိုးကောင်းရိုးကောင်း ပညာတတ်တွေပဲ ... "

"သူဘွဲ့ရပြီးနောက် နိုင်ငံခြားသွားတော့ သူ့မိဘတွေ ဘယ်အချိန်မှာ ဆုံးသလဲမသိလိုက်ဘူး ... နိုင်ငံခြားမသွားခင်ဘဲ ဆုံးသလား သွားပြီးမှ ဆုံးသလားတော့ မသိဘူး ... ကျွန်တော်နဲ့ သူမတွေ့တာလည်း အတော်ကြာခဲ့ပါပြီ ... အခုမှ သူ့အလောင်းကိုတွေ့ရတာပါ ... ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကိုသေတယ်လို့ မယူဆဘူး ... ကျွန်တော့်အယူအဆအရတော့ နှလုံးရပ်ပေမဲ့ ဦးနှောက်က ရပ်ပုံမပေါ်ဘူး ... ဒါကြောင့် သူ့ခန္ဓာကိုယ်ဟာ သွေးသွားသွေးလာရပ်ပေမဲ့ သွေးဆုတ်ပုံမပေါ်ဘူး ... ဦးနှောက်အလုပ်လုပ်နေတာကြောင့် အပုပ်မရပ်သေးဘူးထင်တယ် ... ဒီတော့ ကျွန်တော်က ဘော်ဒီ(BODY)အနေနဲ့ လက်မခံဘဲ ... ပေးရှင့်(PATIENT) အနေနဲ့ လက်ခံချင်တယ် ... သူဟာ(COMA)ကိုမာဖြစ်နေကောင်းဖြစ်နေပါလိမ့်မယ် အန်ကယ်(လ်) ... "

ဒုဆေးရုံအုပ်မှာလည်း (COMA)ခေါ် မြောနေသူတွေကို နှစ်ကြိမ်သုံးကြိမ် တွေ့ခဲ့ဖူးပြီးပြီ။

တချို့ ရေခဲတိုက်ပို့ကာနီးမှ အသက်ရှင်လာသည်။ တချို့ခေါင်းသွင်းကာနီးမှပြန်အသက်ဝင်လာသည်။ တချို့မြေမြှုပ်ခြင်းသို့မဟုတ် မီးသင်္ဂြိုဟ်ကာနီးမှ ပြန်အသက်ရှင်လာသော လူနာတွေကို မြင်ဖူးကြားဖူးသည်။

နိုင်ငံခြားမှာလည်း ထိုအဖြစ်တွေရှိသည်။

တစ်လောကနိုင်ငံခြားစာစောင်ထဲတွင် အမေရိကန်



ပြည်ဒက်ထရွိုက်(စ်)မြို့ရှိ ချားလ်(စ်)မေဆင်ဆိုသူသည် ဆေးရုံ၌ နှစ်ပေါင်းသုံးဆယ်မျှ သတိမရဘဲ ရှိနေရာမှ ပြီးခဲ့သည့်လမှ ပြန်သတိရသည်ဟု ဖတ်ရှုသိလာရ၏။

သူသည် စွတ်လုပ်တတ်သူတော့ မဟုတ်ပါ။

သူ၏ဆေးပညာအတွေ့အကြုံများကို ကျန်းမာရေးဝန်ကြီးဌာနသို့လည်း စာတင်ပြခဲ့ပြီးပြီ။ ဆေးပညာနှီးနှောဖလှယ်ပွဲများတွင် (COMA)နှင့် ပတ်သက်သော စာတမ်းတစ်စောင်တင်ပြချင်သည်။

ယခုသေသူသည် မြောနေသည်ဆိုပါက သူ့အတွက် စာတမ်းတင်ဖို့ရာအချက်အလက်တစ်ခုရလိမ့်မည်ဟု ယုံကြည်သည်။

"ကောင်းပြီ ... ဆရာ့သဘောအရ ... ဆရာက ဒီလူနာကို အခြေအနေသိအောင် ဒီအတိုင်းပဲထားချင်တယ်ပေါ့ ... "

"ဟုတ်ပါတယ် ... ခုနစ်ဆယ့်နှစ်နာရီထားချင်ပါတယ် ... သူဟာ တကယ်သေရင် သူ့ခန္ဓာကိုယ်က အပုပ်နံ့ဟာ ခုနစ်ဆယ့်နှစ်နာရီအတွင်းမှာ ထွက်လာမှာပဲ ... တကယ်လို့ သူရှင်နေသေးရင် သူ့ခန္ဓာကိုယ်ဟာ ဆက်နွေးနေပြီး အပုပ်နံ့လည်း ထွက်တော့မှာမဟုတ်ပါဘူး ... ပေးရှင့်ကို ကျွန်တော်စောင့်ကြည့်ချင်သေးလို့ပါ ... "

ဒုဆေးရုံအုပ်မှာ အသက်ငါးဆယ်ကျော်ရှိပြီး လုပ်သက်အရ သူ၏ထူးချွန်မှုအရ တခြားဆေးရုံတွင် ဆရာဝန်ကြီးအဆင့်မှ ပြောင်းလာသူဖြစ်သည်။

ဆရာကို ချင့်ချိန်တတ်သည်။

"ဒါဆို ... ဆရာက တာဝန်ယူရလိမ့်မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ယူပါတယ် ..."

လူနာထိန်းသိမ်းရေးမှတ်တမ်းတွင် ဆေးရုံအုပ်ကြီးကရေးခြစ်ပြီး အောက်တွင် ဒေါက်တာသိန်းထိုက်လွှအား လက်မှတ်ရေးထိုးစေသည်။

သက်ဆိုင်ရာသို့လည်း ထိုအကြောင်းအချက်အလက်တွေကို တင်ပေးရဦးမည်။

ဒေါက်တာသိန်းထိုက်လွှကတော့ ကျေနပ်သည်။



## စာတ်သိမ်းစဦ(၁၀)

ပြေးသည်။

လေထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေ၏။

သူတို့နောက်ကို ငရဲမင်းနှင့် သူ့လူတွေလိုက်လာကြပြီကို သိသည်။

အသံတွေက နောက်မှာဆူညံနေ၏။

မိလိုက်လျှင် သက်သာမည်မဟုတ်။

ငရဲသားတွေဝီဝီ မိမိတို့ကို ကောင်းကောင်းညှင်းဆဲပြီး သံသရာပြန်မလည်နိုင်အောင် အစာတသတ်အား လောဟကုမ္ဘီငရဲတွင်ထည့်သလို မိမိတို့အားလည်း လောဟကုမ္ဘီငရဲတွင် ထည့်မှာ သေချာသည်။

ပြီးတော့ ကောင်းကောင်းနှိပ်စက်ကြဦးမည်။ တိမ်တိုက်တွေလိုလို တောအုပ်လိုလိုနေရာသို့ ရောက်သည်။

အဲသည်မှာ ဝိညာဉ်တွေ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ပုန်းအောင်းခိုနားဖို့နေရာ ကောင်းရှိမည်။ ရုပ်မရှိဘဲ နာမ်ချည်းသက်သက်ရှိနေတော့သော ဂျက်စနေနှင့် ဦးရွှေထွန်းသည် တိမ်တိုက်လိုလို တောလိုလိုနေရာထဲသို့ ဝင်လိုက်သည်။

ထိုနေရာသည် အမှောင်တိုက်ဖုံးနေသော နေရာဖြစ်၏။ သူတို့နှစ်ယောက်ပုန်းကွယ်သော နေရာက ရေမြှုပ်လိုအိထွေးနူးညံ့သော နေရာမျိုးဖြစ်ကာ ထိုအထဲဝင်လိုက်သည်နှင့် တစ်ကိုယ်လုံး နစ်မြုပ်သွားသည်။

မကြာပါ။

လေမုန်တိုင်းကျသလို တဝေါဝေါအသံတွေကြားရသည်။ ထိုသည်နောက် လျှပ်စစ်မီးလိုးသလို စနေတို့ပုန်းရာနေရာ တစ်ဝိုက်တွင် လင်းချင်းသွားသည်။

ရဲသားများမှာ သူလိုပဲ ဖန်တီးထား၏။

သို့သော် ... သူတို့ကိုယ်မှာ ချပ်ဝတ်တန်ဆာသော်လည်းကောင်း၊ အဝတ်အစားသော်လည်းကောင်းမရှိဘဲ ပကတိ ကိုယ်လုံးတီးတွေနှင့် ဖြစ်၏။

သို့သော်လည်း သူတို့ကိုယ်ပေါ်တွင် အမွေးအမှင် ဟူ၍မရှိဘဲ ဦးခေါင်းမှ ခြေထောက်တိုင်အောင် ဖန်နုံကြီးတွေလို ပြောင်ချောကြီးတွေ ဖြစ်နေသည်။

မျက်နှာတွေက ခက်ထန်နေသည်။

အလင်းရောင်အောက်တွင် ရေမြှုပ်လိုပျော့အိနူးညံ့သောအပင်ငယ်များသည် ဖွမ်းဆိုင်တွေလို ဟိုတစ်စု သည်တစ်စုရှိနေပါသည်။

"ရှာတွေ့လား ... "



လေထဲတွင် လေဟုန်စီးလာသလို အာကာသထဲတွင် လေဟုန်စီးရောက်လာသော ငရဲမင်းကြီးမဟာအပအငကေ မေးသည်။

သူတို့စကားတွေကို ပါဠိလိုလို၊ သက္ကတလိုလိုဖြစ်သော်လည်း စနေတို့ကြားနေရသဖြင့် အလိုလိုသိနေ၏။

"မတွေ့ပါဘူး ... အရှင်မင်း ... "

"ဒီကောင်တွေက လူပြည်ကလာတဲ့အထဲမှာ ... လူပါးအဝဆုံးပဲ ... ငါလို ငရဲမင်းကြီးကိုတောင် မလေးမခန့်လုပ်ပြီး ထွက်ပြေးသွားတယ် ... သင်းတို့ကို မင်းတို့ရှာနိုင်သမျှ ရှာ"

ငရဲမင်းကြီးပြောသံကို မိုးချုန်းသလို စနေတို့၏ နာမ်ထဲမှာ ဆူညံပွက်လောရိုက်နေသည်။

ငရဲသားတွေက သူတို့၏ အရောင်ထွက်နေသော သုံးခွမှိန်းတွေကိုကိုင်ပြီး ခုန်ကြသည်။ ဒေါ်ထနေကြပုံပဲ။

"ဘယ်သူတွေလဲဟေ့ ... ဝေဿဝဏ်နတ်မင်းကြီးရဲ့ဥယျာဉ်တောထဲမှာ လာခုန်နေတာ ဘယ်သူတွေလဲ ... "

အာကာသတစ်နေရာမှ ပြင်းထန်မာကျောနက်ရှိုင်းသော အသံတစ်သံထွက်ပေါ်လာသည်။

ဂျက်စနေပင် ထိုအသံကြောင့် တုန်လှုပ်သွားသည်။ တစ်လောကလုံးကို ဖောက်ထွင်းဝင်ရောက်ပြိုခွဲနိုင်သော အသံ။

လျှပ်စစ်ဓာတ်အားဝင်ရောက်ခံရသလို အသံကြောင့် နာမ်စိတ်များတုန်တက်သွားသည်။

ငရဲသားများပင် ခုန်ပေါက်နေရာမှ ရပ်သွားကြ၏။

သည်စဉ် လေဟာပြင်ထဲ၌ ပုံသဏ္ဌာန်တစ်ခုပေါ်

www.burmeseclassic.com

www.burmeseclassic.com



သော၏။ ကြာပန်းများပွင့်သလို ခေါင်းတွင်ရွှေရောင်ကြာပန်းများကို ပွင့်၍ တစ်ကိုယ်လုံး၌ အနီရောင်တွေက ချပ်ဝတ်တန်ဆာလို လွှမ်းခြုံ၍ ကြောက်စရာကောင်းသော မျက်နှာကြီးရှင်က ပေါ်လာသူ ငရဲမင်းမဟာအပအင ... ။

သူက လက်အုပ်ချီလိုက်သည်။

"ခွင့်လွှတ်ပါ ဝေဿဝဏ်နတ်မင်းရဲ့ ဥယျာဉ်တော်စောင့် ဒေဝရူပရာသနတ်မင်း ... ကျွန်ုပ် မဟာအပအင ငရဲမင်းဖြစ်ပါတယ် ... "

"ဘယ်အကြောင်းကြောင့် သင်က ကျွန်ုပ်စောင့်နေသည့် ဝေဿဝဏ်ဥယျာဉ်တော်ထဲ ဝင်ရောက်လာရတာလဲ ... "

"ငရဲခံရမဲ့ လူသားနှစ်ယောက်ဟာ ကျွန်ုပ်ရဲ့တစ်သက်နဲ့ တစ်ကိုယ်မှာ တစ်ခါမှမလုပ်ဖူးတဲ့ အလုပ်တွေကို လုပ်သွားခဲ့ပါတယ် ... ကျွန်ုပ်ကို သူကမေးခွန်းတွေထုတ် ... ကျွန်ုပ်က ဖြေရတယ် ... ပြောင်းပြန်ဖြစ်နေပါတယ် ... အားလုံးလည်း ပြီးရော ကျွန်ုပ်က သူ့ကိုစွပ်စွဲချက်တင်တော့ သူက ကျွန်ုပ်တို့ ငရဲသားတွေဟာ လူမျိုးခွဲခြားတယ် ... မျက်နှာလိုက်တယ်ဆိုပြီး ကျွန်ုပ်တို့ကို တော်လှန်ပုန်ကန်ထွက်ပြေးတယ် ဒီလူသားတွေဟာ ... ရှေးယခင်လူသားတွေနဲ့ မတူပါဘူး နတ်မင်း ... ရှေးယခင်လူသားတွေဟာ ကျွန်ုပ်စီရင်သရွေ့ ငံ့ခံပြီး သူတို့နဲ့ကျမှ ကျွန်ုပ်မဟာအပအငမှာ သိက္ခာကျရတယ် ... ကျွန်ုပ်ကိုလည်း မဟာအပအငတော်ကြီးလို့ နာမည်ဖျက်တယ် ... "

ဒေါသကြောင့် မဟာအပအငမှာ တုန်တုန်ယင်ယင်



ဖြစ်ကာ ဝေဿဝဏ်နတ်မင်းကြီး၏ မမြင်ရသောဥယျာဉ်တော်စောင့်နတ်ဒေဝါကို တင်ပြလျှောက်လဲ၏။

"သင်က ဒီလူသားတွေနဲ့ သွားတုတာကိုး ... ခုခေတ်လူသားတွေဟာ ရှေးခေတ်လူသားတွေနဲ့ မတူဘူး ... ဒေါသကြီးတယ် ... မိုက်ကန်းတယ် ... နိုင်ထက်စီးနင်းလုပ်ချင်တယ် ... တစ်ဦးနဲ့ တစ်ဦး ကလိန်ကျချင်တယ် ... သစ္စာလည်း မရှိကြဘူး ... ဘာသာရေးကိုင်းရှိုင်းမှုလည်း နည်းတယ် ... ဒါကြောင့် သူတို့ကမ္ဘာကြီးမှာ ရှေးယခင်က မရှိခဲ့ဖူးတဲ့ ရောဂါတွေထူပြောပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံစစ်ဖြစ်နေကြတယ် ... သူတို့ပြောကြတဲ့ သိပ္ပံပညာတွေဆိုတာလည်း တိုးတက်လာလိုက်တာ ... ကျုပ်တို့နတ်ဒေဝါတွေသုံးတဲ့ ဘွဲ့ဖြူလက်နက်လိုတောင် လက်နက်တွေသုံးလာတာကြာရင် ... ကျုပ်တို့ ဒေဝ[illegible]တွေနေ[illegible]ပြည်ကိုတောင် လာတက်တိုက်ကြမလားမသိဘူး ... သ[illegible]ကို့အခေါ်တော့ 'ဂျလည်'တွေပဲ ငရဲမင်းကြီးရဲ့ ... "

"ဖြစ်နိုင်တယ် ... အခုထွက်ပြေးတဲ့လူသား ကောင်လေးက ပြောတယ် ... အခု လူ့ပြည်မှာ အဝိစိရေတောင် သုံးနေပြီ နောင်ဆိုရင် အဝိစိသားတောင် စားချင်စားမှာတဲ့ ... ဒီတော့ ကျွန်ုပ်တို့ငရဲပြည်က ငရဲသားတွေ မျက်ခုံးလှုပ်ရပါတယ် ... ဒါကြောင့် ကျွန်ုပ်ဆီရောက်လာတဲ့ လူသားဆိုရင် ဘယ်လူသားမှ ကျွန်ုပ်ချမ်းသာမပေးချင်လို့ ကျွန်ုပ်လိုက်ရှာနေတာပါ ... "

"ခုခေတ်လူသားတွေဟာ လည်ကြလွန်းလို့ သင်တို့ငရဲပြည်

www.burmeseclassic.com



ကိုတောင် မှောင်ပစ်မှာ စိုးရတယ် ... ကဲ ... ကဲ ... သင်တို့က အမင်္ဂလာကောင်တွေ ... မင်္ဂလာရှိတဲ့ ဒီဥယျာဉ်တော်ထဲကို ချဉ်းနင်းမကျူးကျော်ဘဲ ပြန်ကြတော့ ... ကျွန်ုပ်အရှင်သိရင် စိတ်ဆိုးလိမ့်မယ် ... "

"ကောင်းပါပြီ ... နတ်မင်း ... "

ငရဲသားနှင့် ငရဲမင်းကြီးသည် ထိုနေရာမှ ဒေါသတကြီး ထွက်သွားကြသည်။

"တို့ကို တွေ့ရင်တော့ မှန့်မှန့်ညက်ညက်ချေလိမ့်မယ် ထင်တယ် ... ဂျက်စနေ ... "

"တစ်သက်လုံး ခိုင်းစားမဲ့ကောင်တွေပါ ... နေနှင့်ဦးပေါ့ ဒီငရဲမင်းကြီးတွေ့ရင်တော့ ဖင်ကိုမီးနဲ့ကို ရှို့မယ် ... လူ့ပြည်က မီးကပူသလား ... ငရဲပြည်က မီးကပူသလားသိရအောင် ... "

"မင်းကလည်း လူ့ပြည်ကမီးကို ဘယ်လိုလုပ်ရနိုင်မှာလဲ"

"တောက် ... ဂက်(စ်)မီးခြစ်ယူမလာမိတာ နာတယ်ဗျာ"

သူတို့တီးတိုးပြောနေစဉ် အသံတစ်သံက ထွက်ပေါ်လာ၏။

"ဟဲ့ ... ဟိုနှစ်ကောင် ... ဘာလုပ်နေကြတာလဲ ... ထွက်လာခဲ့ကြစမ်း ... "

အသံမှာ စောစောက ငရဲမင်းနှင့်ပြောနေသော ဥယျာဉ်စောင့် ဒေဝရူပရသနတ်မင်း၏ အသံဖြစ်ကြောင်း ယုံမှားစရာ မရှိပါ။

ဝိညာဉ်နှစ်ခုသည် အမှောင်ထဲသို့ ပုန်းအောင်ရာမှ



ထွက်လာကြသည်။

"နင်တို့ ဘယ်သူတွေလဲ ... "

ပြောနေသောစကားမှာ လူစကားမဟုတ်ပါ။ ပါဠိဆန်သောနတ်စကားသာဖြစ်၏။ သို့ရာတွင် ဂျက်စနေတို့မှာ ဝိညာဉ်တို့၏ ကမ္ဘာ့ဒွိတန်ခိုးအရ အလိုလိုနားလည်ကြသည်။

"ကျွန်တော်တို့က လူ့ပြည်က လူသားတွေပါ ... "

"နင်တို့ကို မဟာအပအငကေ လိုက်ဖမ်းနေလား ... "

"ဟုတ်ပါတယ် ... မတရားလွန်းလို့ပါ ... လူတွေကို မကောင်းတာတွေချည်းပဲ မေးပြီး ... ကောင်းတာတွေကိုတော့ မမေးဘူး ... ပြီးရင် ငရဲခန်းထဲ ဆွဲပို့လိုက်တာပဲ ... တော်တော်စိတ်ပုတ်တဲ့ ငရဲကောင်ကြီး ... "

"နင်ကကော ... ကောင်းတာတွေ ဘာလုပ်ခဲ့သလဲ ... "

"ကျွန်တော်က ဘတ်(စ်)ကားစီးရင် ... ဘတ်(စ်)ကားခ မှန်မှန်ပေးတယ် ... သံဃာတော်တွေ ဘတ်(စ်)ကားထဲမှာ နေရာမရှိရင် ကျွန်တော့်နေရာကို သံဃာတော်တွေအတွက် ဖယ်ပေးတယ် ... ရပ်ကွက်ထဲမှာ အမှိုက်တွေလမ်းကြားထဲ ပစ်ချရင် လူတွေကို အမှိုက်မချကြပါနဲ့ဗျို့လို့ အသံကောင်း ဟစ်ပေးတယ် ... ဝိန်ချောက်နေတဲ့ မီးယပ်ဝိန် မီးရပ်ချောက်မော်ဒယ်ကောင်မလေးတွေလှသွားအောင်ဖင်အတုတွေ တစ်ခါတစ်လေဝယ်ပေးဖူးတယ် ... "

"တော်ပြီ ... တော်ပြီ ... အသင်လူသားရဲ့ ကောင်းမှုကြီးတွေက ခေတ်နဲ့လျော်တဲ့ မဟာကောင်းမှုကြီးတွေပဲ ... ဒါပေမဲ့ ဘုရားတော့ မရှိခိုးဘူးလား ... "

www.burmeseclassic.com

www.burmeseclassic.com



"ရှိခိုးပါတယ် ... တစ်ခါတစ်ရံပေါ့ ..."

"သင်တို့လူသားတွေဟာ သုံးဆယ့်တစ်ဘုံမှာ အမြတ်ဆုံးလို့ ပြောတယ် ... ဘုရားလောင်း လူဖြစ်ပြီးမှ ဘုရားဖြစ်ရတယ် ... ဒါပေမဲ့ အခုရှိနေတဲ့ လူသားတွေဟာ မမြင့်မြတ်ကြဘူး ... သင်တို့လည်းပဲ မြင့်မြတ်တဲ့လူတွေ မဟုတ်ဘူး ဒီဥယျာဉ်ဟာ မြင့်မြတ်တဲ့သူတွေအတွက်မို့ ... သင်တို့နှစ်ယောက်လုံး ... အခုထွက်သွားကြတော့ ..."

"မထွက်ဘူးဆိုရင် ..."

"ကောင်လေး ... ဒီစကားမပြောနဲ့လေ ... အခု တို့တွေနေတာက သူတော်စင်ဖြစ်တဲ့ သမာဓေဝနတ်ကောင်းနတ်မြတ်နဲ့ တွေ့နေတာ ..."

ဘေးမှ ဦးရွှေထွန်းက ပြောတော့ ဂျက်စနေက တောင်းပန်တိုးလျှိုးမှုနှင့် ...

"ခွင့်လွှတ်ပါ နတ်မင်း ... ကျွန်တော်ဖာ လူပြည်က အကျင့်ပါနေလို့ ... စကားပြောမှားသွားပါတယ် ..."

သူတို့ ဉာဏ်နေရာမှ အပြင်သို့ပြန်ထွက်လာကြ၏။ အမှောင်ထုက ပါးသွားကာ အလင်းရောင်က ပြန့်လာ၏။

ဘယ်ကိုသွားမလဲ။

ငရဲပြည်၏ နယ်နိမိတ်ကို ကျော်ဖြတ်လာကြစဉ် မြေသဏ္ဍာန်အသီးအရွက်တွေကြားမှ အော်ဟာစ်သံများ ကြားရ၏။

မိုးကြိုးမုန်တိုင်းတိုက်ခတ်သံလိုလို။

"ဟာ ... ဟိုငရဲသားတွေလာပြီ ..."

ဦးရွှေထွန်းကပြောသည်။ ဂျက်စနေနှင့် ဦးရွှေထွန်းတို့ တကွဲတပြားပြေးကြ၏။ ဂျက်စနေ၏ဝိညာဉ်က မြန်ဆန်လွန်း၏။

ငရဲသားတွေကလည်း ဦးရွှေထွန်းနှင့် သူနောက်ကို လူခွဲပြီး လိုက်ကြသည်။

နှစ်ယောက်က ဂျက်စနေနောက်ဘက်သို့ လိုက်ပြီး သူတို့၏ သုံးခွမှိန်းများနှင့် ပစ်ကြသည်။

လှံတံတွေက ဖြတ်ဖျံလာစဉ် တစ်ခုမှနှစ်ခု၊ သုံးခုမှ လေးခု၊ လေးခုမှ ရှစ်ခုသို့ပွားများပြီး ဝင်လာသည်။

ဂျက်စနေက တအုံတမကြီးလိုက်လာသော လှံတံတွေကြားမှ လွတ်အောင် မြေရွက်သဏ္ဍာန်သစ်ပင်တွေကြားထဲ ဝင်ပြေး၏။

လှံတံတွေက အရောင်တလက်လက်ကွန့်မြူးကာ ဆက်တိုက်လိုက်၏။ တစ်နေရာအရောက်တွင် ဂျက်စနေ၏ ဝိညာဉ်က မှောက်ချလိုက်၏။

လှံတံများသည် သူ့ဝိညာဉ်ကိုယ်ပေါ်မှ ဝဲဖြတ်သွားသည်။ မိုးကြိုးပစ်သံလို ပြင်းထန်သောအသံကြီးများ ပေါ်လာသည်။

မြေရွက်များရှိသည့်သစ်ပင်များ၏ ပင်စည်တွေနှင့် လှံတံတွေ ထိတွေ့ဆူညံပေါက်ကွဲသံများပေါ်လာသည်။

လျှပ်စီးရောင်များ တလွန့်လွန့်တလိမ်လိမ်နှင့် တက်သွားသည်။

ဂျက်စနေက သူ၏လက်ရှိသုံးခွမှိန်းလှံကို ပြေးလာကြသော ငရဲသားနှစ်ဦးဆီသို့ တိုးညွှန်ကာ နာမ်စိတ်ထဲမှ 'ငရဲမီးတွေ ထွက်ခဲ့စမ်း ... ထွက်လဟာ'ဟု အမိန့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စရာပင်။

ဒါပေမဲ့ ဂျက်စနေ၏ရင်ထဲမှာ ထိတ်လန့်မှုမခံစားလိုက်ရပါ။

သူ၏သုံးခွလှံတံမှ ဘာအရောင်အလင်းမှထွက်မလာပါတော့။

ဒါကြောင့် တစ်ယောက်ကို လှံတံနှင့် ပစ်ခိုက်လိုက်၏။ လှံတံက ပြေးလာသူတစ်ယောက်ကို ဝင်ခိုက်ထိမှန်သွားသည်။

ငရဲမီးတောက်ကြီးတစ်ခု ဝုန်းခနဲထတောက်၏။

ငရဲသားမှာ မီးတောက်များကြားမှာ ပျောက်သွားသည်။ ဂျက်စနေမှာ ဘယ်ကိုပြေးရမှန်းမသိ။

ငရဲသားတစ်ယောက်က သူ့ကိုလက်ဝါးနှစ်ဖက်နှင့်ကာပြီး ဆွဲယူသည်။ ဂျက်စနေမှာ ငရဲသားနားရောက်သွား၏။

ငရဲသား၏သွင်ပြင်မှာ လူအဖြစ်မှ မေးမိုန်၍ ခွေးခေါင်းနှင့် မြွေကိုယ်ဖြစ်သွားသည်။ သူ့တစ်ကိုယ်လုံးက စနေ့ကို ရစ်ပတ်လိုက်သည်။

နာမ်ဖြစ်နေသော စနေမှာ အခိုးအငွေ့သဏ္ဍာန်သာရှိရာ ရစ်ပတ်မှုဒဏ်ကြောင့် နာကျင်မှုမရှိသော်လည်း ရုန်းထွက်နိုင်ခြင်းငှာ မစွမ်းတော့။

သူ့တစ်ကိုယ်လုံး ငရဲသား၏ဆွဲရာကို ပါသွားသည်။

သူဘယ်လိုရုန်းကန်ရမည်ကိုစဉ်းစားရင်း ဒလိမ့်ဒလိမ့်နှင့် ပါသွား၏။ သူ့တစ်ကိုယ်လုံးပထမနေရာကို ပြန်ရောက်သွား၏။

အခြားဝိညာဉ်များ မရှိတော့။

ငရဲမင်းကြီးမဟာအပအငမှာ ယခင်ကလိုပဲ တောင်



ပို့ကြီးပေါ်မှာ ထိုင်နေသည်။

သူ့မျက်မှာမှာ ဒေါသလျှမ်းလျှမ်းတောက်နေ၏။

သူတို့ငရဲပြည်တွင် ဒေါသနှင့် နှိပ်စက်မှုပဲရှိသည်။ သူတို့ငရဲသားတွေကို မတော်လှန်ဖူး တော်လှန်ခဲ့သော မိမိမှာ သူတို့၏နှိပ်စက်မှုဒဏ်ကို ကောင်းကောင်းခံရတော့မည်ကို သိသည်။

"ဖမ်းခဲ့ပြီလားဟေ့ ... "

"ဖမ်းခဲ့ပါပြီ ... အရှင်မင်းကြီး ... "

သူတို့သည် နာမ်ချင်းထိတွေ့ပြီး ဖြေကြသည်။

ငရဲမင်းကြီးနှင့် စနေကိုဖမ်းသောငရဲသားတို့ မေးကြဖြေကြတာကို ဂျက်စနေ ကောင်းကောင်းသိသည်။

"ဒီလူသားဟာ တခြားလူသားတွေနဲ့ မတူဘူး ... တို့ကို အာခံရဲတယ် ... သူ့ကို ကျောက်စက်မီးငရဲချမယ် ... သံလျက်စကြာငရဲမှာ မွှန်းရမယ် ... သုန္ဒနဂါးမီးစာ ကျွေးရမယ် ... မဟာအတုလချောက်ကမ်းပါးထဲက မီးလျှံထဲ ပစ်ချပြီး ဩသဓဆေးလိမ်းပြီး ပြန်ကင်ရမယ် ... ကမ္ဘာရှစ်ဆယ်ခံစားစေရမယ်ဟေ့ ... "

အမယ်လေး ကြောက်စရာကြီး။

ငရဲပြည်ရဲ့ နိုင်ငံရေးပြစ်မှုကြီးတစ်ခုပါလား။

"ဟေ့ကောင် ... လူသားကောင် မင်းဘာတတ်နိုင်သေးလဲ"

ငရဲမင်းကြီး၏ ဒေါသတကြီးနာမ်နှင့် မေးသောစကား။

"ခင်ဗျားသတ္တိရှိရင် ... ကျုပ်ကိုပတ်ထားတဲ့ မြွေကြီးကြီးကို ဖြေပေးပါလား ... ခင်ဗျားကို တစ်ချက်တည်းနဲ့ ဒူးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး တစ်ချက်တည်းနားရင်းအုပ်ပစ်လိုက်မယ် ...ကျုပ်ကို ဘာမှတ်သလဲ ...”

နာမ်နှင့်ပဲ ဂျက်စနေက ဟောက်စားပြန်လုပ်သည်။ ငရဲမင်းကြီးမှာ စိတ်ဆိုးမာန်ဆိုးနှင့် ဖင်ဆောင့်လိုက်ရာ တောင်ပို့မှာ ချိုင့်ဝင်သွားတော့သည်။ သူ့တစ်ကိုယ်လုံး နစ်ဝင်သွား၏။

တစ်ခဏပင် မူရင်းအတိုင်း တောင်ပို့ကြီးပြန်ဖောင်းလာ၏။

“အလဲ့ ဘယ်ဆိုးလို့လဲ ... ငရဲမင်းက ဆိုဖာနဲ့ပဲ ...”

စနေက တွေးစဉ် ငရဲမင်းက ဒေါသနှင့် သူ့တွင် ကိုင်ထားသော အရောင်ထွက်သည့် နှင်တံဖြင့် စနေထွန်းကိုတစ်ချက် ပိတ်အုပ်လိုက်သည်။

စနေမှာ နာမ်ချည်းမို့ ဝေဒနာမခံစားရသော်လည်း ရိုက်လိုက်တာကိုတော့ အကြောက်ကြီးကြောက်သွားမိ၏။

“ဟဲ့ ... ဒီငမိုက်သားကို နှင့်ရဲ့အတ္တအဇ္ဈာဂရုကိုယ်နဲ့ ညှစ်ပြီး ကျောက်စက်ငရဲမီးထဲ ပစ်ချလိုက်စမ်း ...”

ဆက် အမိန့်ပေးသည်။

ဂျက်စနေသည် လူ့ပြည်မှာနေခဲ့စဉ်က သူရွတ်ဆိုခဲ့သော ဂါထာတစ်ပုဒ်ကို သတိရသည်။ ထိုဂါထာမှာ သူ့အမေက သူ့ကို သင်ပေးထားသော သံဗုဒ္ဓေဂါထာပဲဖြစ်၏။

သူက တစ်ခါတစ်ရံ ရွတ်ဆိုတတ်သည်။

ယခုလည်း ...

ဆိုင်းမနေတော့ပါ။

“သံဗုဒ္ဓေ ... အဋ္ဌဝီသဉ္စ ... ဒွါဒသဉ္စ ... သဟာကကေ ...



လွတ်လိုလွတ်ငြား သံဗုဒ္ဓေဂါထာကို နာမ်နှင့် ရွတ်ဆိုလိုက်၏။

တစ်ခဏချင်း ပြောင်းလွဲကုန်သည်။

သူ့နာမ်ကို ပတ်ထားသော ချည်နှောင်ကြိုးလိုဖြစ်နေသည့် အတ္တအဇ္ဈာဂရုဆိုသည့် မြွေသဏ္ဌာန်ကိုယ်ကြီးက ချက်ချင်းပြေထွက်သွားသည်။ ငရဲသား၏ အော်သံထွက်လာသည်။

နာမ်နှင့် အော်စေကာမှ ဂျက်စနေရော ကျန်ဝိညာဉ်တွေရော ငရဲမင်းကြီးပါ ကြားလောက်သည်။

ဂျက်စနေ၏ သံဗုဒ္ဓေဂါထာရွတ်ဆိုမှုကို ငရဲမင်းပင် ခံနိုင်စွမ်းအား မရှိဘဲ သူ့ခေါင်းက နားနှစ်ဘက်ပုံသဏ္ဌာန်ကိုပိတ်၍ တအားအော်တော့၏။

“အား ... မဆိုနဲ့ ... မရွတ်နဲ့ ... ပူတယ် ... ပူတယ် ...”

ဂျက်စနေက ငရဲမင်းကိုရော သူ့အစေအပါးငရဲသားတွေကြားအောင် ရွတ်သည်။ သူ့အနားမှာ ဘယ်သူမှမရှိကြတော့။

အတ္တအဇ္ဈာဂရုဆိုသည့် မြွေကိုယ်ခွေးခေါင်းနှင့် ငရဲသားလည်း ပြေးချေပြီ။

သူတို့သည် ဝန်းကျင်တွင် ပုံသဏ္ဌာန်များ အမျိုးမျိုးနှင့် ပျံ့ဝဲနေကြသည်။

“ဗုဒ္ဓဂါထာကို ရပ်ပါ ... ရပ်ပါ ... ကျုပ်တို့နားမှာ သံရည်ပူလောင်းသလို ပူလောင်လှချည့် ... လူသားလူမိုက် ...”

နာမ်မှ အော်ပြောမှုတွေက စနေ၏နာမ်အသိထဲ တိုးဝင်လာ၏။

“ခင်ဗျားတို့ ကျုပ်ကိုအနိုင်ကျင့်တာကိုး ... ဒါမျိုးလုပ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရမလဲ ... ”

စနေ၏ ဒေါသနှင့်ပြောလိုက်သံ။

“မလုပ်ပါနဲ့ ... သင့်ကို ကျွန်ုပ်တို့ မဖက်ပြိုင်တော့ပါဘူး — ဒီငရဲက သင်သွားချင်ရာသွားပါ ... ”

ထိုစဉ်မှာပဲ ကြည်လင်သောအသံတစ်သံကြားရ၏။

“အို ... ငရဲမင်းမဟာအပအင ... ဤသူငယ်သည် လူပြည်က လာသည်မှန်သော်လည်း သူ၏ရုပ်နှင့် နာမ်မှာ စုတိခြင်း မကုန်သေး ... သူသည် နာမ်ရောရုပ်ပါကံပါ ရှိနေသေးသဖြင့် ငရဲပြည်တွင် ဆက်လက်လက်ခံခြင်းငှာ မသင့် ... ငရဲပြည်မှ လူပြည်သို့ လာလမ်းအတိုင်း ပြန်စေလော့ ... ”

အသံသည်ပြောပြီးသည်နှင့် ပျောက်သွားသည်။ မည်သူ၏အသံမှန်း မသိပေ။

ဂျက်စနေမှာ အံ့သြကြီးစွာနှင့် သူ့နာမ်ကို သူပြန်သုံးသပ်နေသည်။ သူမသေသေးဘူးဆိုပါကလား။

ဝမ်းသာရမလား။ ဝမ်းနည်းရမလား။

သည်စဉ် သူ့နားသို့ ငရဲမင်းနှင့် ငရဲမင်းတို့ ဂိုင်းအုံလာကြသည်။ ဂျက်စနေက သံဗုဒ္ဓေဂါထာကို ဆက်ရွတ်ရန် ကြံရွယ်လိုက်၏။

“အလိုလေး ... မရွတ်ပါနဲ့ ... မရွတ်ပါနဲ့ ... အသင်လူသား ကျွန်ုပ်တို့ကို ဗုဒ္ဓ၏တန်ခိုးအာနုဘော်ဂါထာနှင့် မနှိပ်စက်ပါနဲ့တော့ ... ကျွန်ုပ်တို့ သင့်ကိုကြောက်လွန်းလို့ပါ ... ”

ငရဲမင်း၏ တောင်းပန်သံ။

ဂျက်စနေက ခြိမ်းခြောက်လိုက်၏။



“သင် ... ကျွန်ုပ်ကို လူပြည်ကို ပြန်မပို့ဘူးဆိုရင် ... ဗုဒ္ဓဂါထာနှင့် ပွင့်ပြီးသော သဲစုမကများပြားသည့် ဗုဒ္ဓဘုရားများကို ရည်ညွှန်းသည့် ဤဂါထာနှင့် ငရဲသားတွေရော သင်ပါ ဝိညာဉ် တွေ အစိတ်စိတ်အမွှာမွှာကွဲအောင် ရွတ်ပစ်မယ်... သင်တို့က လူတွေကို မကောင်းတာလုပ်တယ်ဆိုပြီး ... ငရဲ ထဲဆွဲထည့်တယ် ... သင်တို့လည်း မကောင်းတာလုပ်တာ ဘဲ ဒီတော့ သင်တို့ကိုလည်း ချမ်းသာမပေးဘူး ... ”

“အို ... မလုပ်ပါနဲ့ လူသားရယ် ... ”

“ဘာ ... လူသားလဲ ... ကျုပ်နာမည် စနေထွန်းဆိုတာ ခင်ဗျားမသိရှေ့သလား ... ကျွန်ုပ်သံဗုဒ္ဓေဂါထာကို ရွတ်လိုက်မယ်နော် ... သံဗုဒ္ဓေဂါထာ ... ဒီဂါထာအစွမ်းထက်လွန်းလို့ ကျုပ်တို့လူပြည်မှာ နေ့စဉ်ရွတ်ရင် အန္တရာယ်ကင်းတယ် ... ခင်ဗျားတို့ငရဲသားတွေ ... ဖုတ် ... ပြိတ္တာ ... တစ္ဆေ ... သရဲ ... မှင်စာ ... ဘီလူး သဘက်တွေ မပြောနဲ့ ... လူလူ ချင်းတောင် ရန်မမူနိုင်ဘူး”

“ကျွန်ုပ်သိပါတယ် ... အသင် စနေထွန်းရယ် ... အဖယ် လေး ... ကြောက်စရာကြီးပါလားနော် ... သင်တို့လူသား ကမ္ဘာက သမ္ဗုဒ္ဓေ(ရှ)ထက်တောင် သင်ဟာကြောက်စရာ ကောင်းပါလား ... ဂေါ်ဇီလာကြီးထက်တောင် ကြောက် စရာကောင်းပါလား ... ”

“သင်ကြောက်လျှင် ကျုပ်ကို ယခုပဲပြန်လွှတ် ... ”

“သင်ဟာ ... ကျွန်ုပ်ကိုနိုင်ရာနဲ့ ကိုင်တော့တာပဲနော် ... လက်လန်ပါရဲ့ဗျာ ... ”

www.burmeseclassic.com

ပြောလည်းပြော သူ့ငရဲသားများကို ငရဲမင်းကြီးက မနှောင့်ယှက်ရန်နှင့် ငရဲပြည်ပရှိသော သေမင်းနေရာသို့ လိုက်လံပို့ပေးရန် ပြောကြားလိုက်တော့၏။

ဂျက်စနေက စမ်းသာလိုက်သည့်ဖြစ်ခြင်း။

ဂျက်စနေတဲ့နော် ... ငရဲမင်းကတောင် ခါလွှတ်တဲ့လူ။ စနေ့စိတ်ထဲ ကြုံးဝါးလိုက်ပါရဲ့။

◈ ◆ ◈



ဇာတ်လမ်းစဉ်(၁၁)

လူနာ၏ အခြေအနေကိုကြည့်၏။

လူနာမှာ မလှုပ်မယှက်ပင်။

အသားရောင်ကိုကြည့်သည်။ နှစ်ဆယ့်လေးနာရီ ကျော်သွားခဲ့ပေမဲ့ ဝါမလာပါ။ မျက်နှာလည်း ကျမသွားပါ။

အနံ့အသက်တို့လည်း ထွက်မလာ၊ သူ့အသားမှာ နွေးနေဆဲပဲ။

"ဒီလူနာဟာ အတော်ထူးဆန်းတယ် ... နှလုံးသွေးရပ်ပြီး သွေးခုန်နှုန်းလည်း ဓါးရိုးမှာ ပြနေတယ် ... ဒီပေးရှင့်ဟာ ဆရာဦးသိန်းထိုက်လူပြောသလို နှလုံးရပ်ပေမဲ့ ဦးနှောက်ကတော့ မရပ်ဘူးနဲ့တူတယ် ... ဒါဆိုရင် (COMA)ဖြစ်နေတဲ့ သဘောပဲရှိတယ် ... "

အခန်းထဲတွင် ဒေါက်တာသိန်းထိုက်လူနှင့် ဒုဆေးရုံအုပ်ကြီးတို့ စကားပြောနေသည်။ ပထမဆေးရုံအုပ်ကြီးလည်း ရောက်နေသည်။ ပေးရှင့်လူနာမှတ်တမ်းကိုဖတ်သည်။

www.burmeseclassic.com



"ဒဏ်ရာတွေကတော့ တော်တော်ပြင်းတာပဲ ... တစ်ခုတော့ ရှိတာပေါ့လေ ... ခေါင်းမှာက ဖူးရောင်သွားတာကလွဲပြီး ပေါက်ပြဲတဲ့ဒဏ်ရာ မရှိဘူး ... အတွင်းသွေးထွက်လွန် (INTERNAL BLEEDING)လည်း မရှိဘူးလို့ မှတ်တမ်းမှာပါ နေပါလား ... ဦးရွှေကြည် ... "

ဒုဆေးရုံအုပ်ကို ဆေးရုံကြီးက လှမ်းပြော၏။

"ဟုတ်ပါတယ် ဆရာကြီး ... အဲဒီအတွက် ဦးနှောက်ကို မထိခိုက်လို့ ပေးရှင့်ဟာ သေသလိုလိုနဲ့ မသေဘဲ ... ကိုမာ (COMA)ဖြစ်နေလို့ သူ့ကွန်ဒစ်ရှင်း(CONDITION)ကို စောင့်ကြည့်နေတာ ... "

"ဒါဆိုရင် ... အဲန်ဆာ(ANS''ER)တော့ တွေ့မှာပဲ ... "

ပြောပြီး ဒေါက်တာသိန်းထိုက်လူအား

"ကိုသိန်းထိုက်လူကတော့(ANSWER)နဲ့ ပတ်သက်ပြီး ... အဖြေပေးစရာ ရှိလား ... "

"ကျွန်တော့်အတွက်(ANSWER)က နှလုံးရပ်ပေမဲ့ ဦးနှောက်ရဲ့(MORTER)က မရပ်သေးဘူးဆိုရင် ... ဒီလူ အလိုက် (ALIVE)ဖြစ်မှာပဲလို့ ထင်တယ် ... (BRAIN WORK)လုပ်နေ တုန်းပဲ ... ဒါ ကျွန်တော့်အဲန်ဆာ(ANSWER)ပဲ ဆရာကြီး"

"ထရိုင်း(TRY)လုပ်ကြည့်လေ ... ပူတစ်ယောက်အသက် ဟာ မသေသင့်တာ အကောင်းဆုံးပေါ့ ... ဒါပေမဲ့ သူ့အင်ဂျူရီ(INJURY)က ဆီးရီးယပ်(စ်)(SERIOUS) ဖြစ်နေတော့ အသက်ရှင်ဖို့တော့ မျှော်လင့်မထားဘူး ... "

"ကျွန်တော် ထရိုင်း(TRY)လုပ်ကြည့်ပါဦးမယ် ... တစ်နေ့



မှာ(COMA) နဲ့ပတ်သက်ပြီး ... ပေပါတမ်း(PAPER TERM) တစ်ခုကို ရီဆပ်(ချ်)(RESEARCH)လုပ်နိုင်အောင် ... "

သူတို့သည် ဆေးပညာရှင်များပီပီ အင်္ဂလိပ်လိုညှပ် ပြောနေကြသည်။

ဆေးရုံအုပ်ကြီးရော၊ ဒုဆေးရုံအုပ်ပါ ထွက်သွားချိန်မှာ ဒေါက်တာသိန်းထိုက်လူက နွေးနေသော သေသူ၏ ရင်အုံကို နားကြပ်နှင့် ထပ်ထောက်ကြည့်သည်။

နှလုံးခုန်မှုက ငြိမ်သက်နေဆဲ။

"နှစ်ရက် ကျန်ပါသေးတယ်လေ ... ဒီကျန်နှစ်ရက်မှာမှ ထူးခြားမှုမရှိဘူးဆိုရင်တော့ ... ဒက်ထရိုက်(စ်)ကချား(လ်)(မ်) (CHARLES MASON)လို ဖန်ပေါင်းချောင်နဲ့ ထည့်ထားရ လိမ့်မယ် ထင်တယ် ... "

လူတစ်ယောက်မှာ သေလည်းမသေ၊ ရှင်လည်း မရှင်ဆိုလျှင် မြောနေပြီလို့ပဲ မှတ်ယူရပေဦးတော့မည်။

ဤမြောနေချိန်တွင် သူ့ကိုယ်မှာကွာသွားသော ဝိညာဉ်သည် သူ့ဆီပြန်လာပါမှ အသက်ရှင်မည်။

ဆေးပညာအယူအဆကတော့ နှလုံးသေပြီး ဦး နှောက်မသေလျှင် ထိုလူသည် ရှင်နိုင်ဖွယ်ရာရှိ၏။

ဦးနှောက်က စက်ပိုင်းဆိုင်ရာလို သူ့ဘာသာသူ အတိအကျလုပ်လို့ နှလုံးနှင့် ဆက်သွယ်မိလျှင် သွေးကြောများပွင့် ကာ နှလုံးပြန်ခုန်လာနိုင်သည်။

သည်သောအခါ ထိုသူ၏အသက်ရှင်ပေလိမ့်မည်။

လူတစ်ယောက် မြောသွားခြင်းသည် နှလုံးသေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဦးနောက်ပိုင်းဆိုင်ရာတွေက မသေခြင်းဖြစ်သည်။

ယခုတော့ ဤအဖြေကိုရဖို့ ဒေါက်တာသိန်းထိုက်လှ စောင့်ရပေဦးတော့မည်။

◈ ◆ ◈

ငရဲပြည်က လွတ်လာပြီ။

ငရဲမင်းက ဒီကောင်လူရှုပ်ဆိုပြီး ကြောက်လို့လွှတ်လိုက်တာလည်း ပါသည်။

သူသေနေ့သက်တမ်းမစေ့သေးတာမို့ လူ့လောကသို့ ပြည်တော်ပြန်ရခြင်းဖြစ်တာလည်း ပါသည်။

ဂျက်စနေက လာစဉ်တုန်းကထက် ငရဲတံခါးအနက်မှ လွတ်လွတ်ခြင်း အမှောင်လောကထဲကို ပြန်သွားသည်။

သူ၏ရောင်းရင်းဖြစ်ခဲ့ရသော တဒင်္ဂဘော်ဒါဦးရွှေထွန်းတော့ ဘယ်ရောက်လို့ ဘယ်ပေါက်သည် မသိပါ။

ဦးရွှေထွန်းသည် ဘယ်နေ့က ဆုံးသည်၊ ဘာရောဂါနှင့် သေသည်ကို မှတ်မိ၏။

အဘိုးကြီးနှလုံးရောဂါခံရှိသည်။ သားသမီးတွေရှိစေကာမူ တစ်ယောက်မှ အားမကိုးရ။

သားအကြီးကောင်က ဝပ်ရှော့မှာ ဝပ်ရှော့ဆရာ ချွေးမဖြစ်သော ၄င်း၏မိန်းမကို သားအကြီးက ကြောက်ရသဖြင့် မိဘကိုပေးကမ်းကျွေးမွေးခြင်း မပြုရ။



အလတ်မက ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် ဆယ်တန်းသုံးခါကျလို့ စာတွေကပဲ သူမကိုရှက်သွားသလား။ သူမကပဲ စာတွေကိုရှက်သွားသလားမသိ။

ဆယ်တန်းစာမေးပွဲကိုဆက်မဖြေတော့ဘဲ ဟိုကိုသွား သည်ကိုသွားနှင့် သူငယ်ချင်းတွေနှင့် လျှောက်သွားနေသည်။ သူမကိုယ် သူမကျေနပ်နေကော့နေအောင် အလှပြင်တတ်သည်။

မိဘလုပ်စာကိုပဲ ထိုင်စားသည်။

အငယ်ကောင်လည်း အလတ်မနှင့် မခြား။

အရက်ကလည်း သောက်သည်။ အရက်မူးလျှင် ရန်ဖြစ်တတ်၏။ အလုပ်လည်း မလုပ်။

ဦးရွှေထွန်းက ဆိုက်ကားနင်းသည်။ နင်းလို့ရသည့်ငွေကလေးနှင့် မယားရော၊ သားသမီးတွေပါ ကျွေးရသည်။

သည်အထဲ ရောဂါဝင်လာလျှင် နေ့တွက်မကိုက်သည်း ရှိရတတ်သည်။

ပို့ဆိုးတာက တစ်နေ့တခြားကြီးထွားလာသည့် ကုန်ဈေးနှုန်းဖြစ်၏။ ထိုကုန်ဈေးနှုန်းကြောင့် ဦးရွှေထွန်းမှာ သူ့ဆိုက်ကားခမမီသည့်အတွက် စားမဝင် အိပ်မပျော်ဖြစ်လာ၏။

သည်ကြားထဲ နယ်ကျော်နင်းလို့ဆိုပြီး 'မ'စသည့် မောင်မင်းကြီးသားတွေကလည်း ရှိသေးသည်။

မလိမ္မာသော သားသမီးများ။ အနိုင်ကျင့်သော ကုန်ဈေးနှုန်းများကြောင့် သူ့ခမျာ ရှေးရေးတွေးကာ စားမဝင် အိပ်မပျော်မှ အာဟာရချို့တည့်မှုကြောင့် အိပ်ရာထဲတွင် လဲသည်။

သည်လိုနှင့်ပဲ သူကွယ်လွန်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တမလွန်ဘဝတွင် မိမိကို ဦးရွှေထွန်းကပြောပြချက်

အင်း… ဒါတွေကို လူ့လောကမှာ သူ့မိသားစုတွေ သိပါ့မလား။

ခုတော့ အဘိုးကြီးငရဲရောက်နေပြီ။ ဘာမှုတွေလဲ တော့ မသိရ။ မိမိကလည်း မမေးလိုက်မိ။

အဘိုးကြီးက မိမိလို မိုက်မိုက်ကန်းကန်းသာလုပ် လျှင် ငရဲမင်းရော၊ ငရဲသားရော 'ခါ'ဆင်းသွားကြမှာပဲ။

သူ့အမှောင်ကို ဖြတ်လာစဉ် ငှည်းသံတွေကြား ၏။ ထိုငှည်းသံများသည် သေမင်းနယ်မြေမှ မဟုတ်ဘဲ လူ့ လောကနယ်မြေမှ ဖြစ်၏။

သူ့ဝိညာဉ်တစ်ခုလုံးလေထဲမြောက်တက်ပြီးအလင်း တန်းများနေရာရောက်သွား၏။

ထိုအလင်းရောင်များသည် လူ့လောက၏ ရောင် ခြည်ရနေသော နေ့အလင်းရောင်တွေဖြစ်နေသည်။

ငှက်ကြွေးမြည်တမ်းသံတို့ကို ပိုထင်ရှားလာသည်။ သူ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

မြင်သမျှသည် သန့်ရှင်းသပ်ရပ်နေ၏။

ငှက်ကြွေးသံများသည် အဆောက်အဦတစ်ခုမှပေါ်လာ ခြင်းဖြစ်သည်။

ထိုအဆောက်အဦသည် တိုက်ကြီးတစ်တိုက်ဖြစ် ကာ အထက်တွင် မီးခိုးခေါင်းတိုင်တစ်ခုဖြစ် ၍ ထိုမီးခိုးခေါင်းတိုင် မီးခိုးမည်းမည်းများက တမျှင်းမျှင်းနှင့် တလူလူအဆက်မပြတ်ထွက် နေ၏။



လူတို့သည် အံ့လိုက်သော်လည်းကောင်း၊ အုပ်စုဖွဲ့ ၍သော်လည်းကောင်း ရပ်တည်ခြင်း၊ သွားလာခြင်းပြုလုပ်နေကြ၏။

အချို့ စကားပြောခြင်း၊ အချို့က စိတ်မကောင်းဖြစ် ခြင်းမျက်နှာနှင့် ရှိနေကြ၏။

မော်တော်ကားမျိုးစုံ အချို့လည်း ရပ်ထား၏။

ထိုအထဲတွင် ခေတ်ဟောင်းက ဘယ်ငတိက ပါး စပ်ကမြင်းပြီး ခေါ်ဝေါ်ခဲ့သည်မသိသော 'နိဗ္ဗာန်ယာဉ်'ဆိုသည့် သောကားလည်းရှိ၏။

မသာဟာ မသာပဲပေါ့။

ဆိုရှယ်လစ်ခေတ်တွင် သူတစ်လူ ငါတစ်မင်းဆရာ ကြီးလုပ်ကာ ဝေါဟာရအသစ်တွေ ထွင်ကြ၏။ လုပ်ထိုက်သလား မလုပ်ထိုက်သလားမသိ။

ပြည်သူလူထုကို 'လုပ်သားပြည်သူ'ဟု ခေါ်၏။ အလုပ်မလုပ်သည့်လူတွေ အများကြီးက ထိုလုပ်သားပြည်သူများထဲ တွင် ရှိ၏။ ပါးစပ်နှင့် ညာစားနေကြသည်။ မိမိကိုယ်ကို ဘာဘာညာ ညာပြပြီး အလုပ်မလုပ်ဘဲ ရေသာခိုကြ၏။

ထိုလူတွေရှိသည့် ပြည်သူလူထုကြီးကို 'လုပ်သား ပြည်သူ'ဟု ဝေါဟာရတပ်၏။ များများမဟုတ်ပါ။

ယခုလည်း မပျောက်သေးသော ဝေါဟာရဖြစ်သည့် နိဗ္ဗာန်ယာဉ်ဆိုသော မသာကားကို တွေ့ရ၏။

မသာကားက မသာကားပဲပေါ့။

သေတာနှင့် နိဗ္ဗာန်ရောက်တာ မဟုတ်။

မိမိတောင် ငရဲရောက်ခဲ့သေးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



'တမလွန်ယာဉ်'ဆိုလျှင် တော်သေးရဲ့။

ဟော ... ဟိုမှာ လူတစ်စုဝိုင်းဖွဲ့ပြီး မသာအလော
တစ်လောင်းနားမှာ ရှိနေပါလား။

ငိုနေတာက မိန်းမတွေပဲ။

အင်း ... ငိုကြ ... ငိုကြ။

လောကမှာ ခင်းတို့ငိုဖို့အတွက် မိန်းမဆိုသေ
ပညတ်ချက်နဲ့ သတ္တဝါမျိုးဖြစ်လာတာပဲ။

"မောင်ရေ ... အစ်ကိုရေ ... အသေစောလို့ ကေသီ
မချည့်တော့ဘူး ... ကေသီ ဘဝမှာ မောင့်ကိုဟိမဝ
တောင်ကြီးလို အားကိုးအားထားပြုနေရတာ ... အခု
ကေသီမှာ တောင်ကြီးပြိုလဲသွားပြီ အစ်ကိုရယ် ... ကေ
ဘယ်သူ့ကို အားကိုးရမှာတုန်း ... "

"သားရေ ... လူ့ကလေး ... အမေတို့ကို ပစ်သွားပြီလာ
ကွယ် ... မင်းမရှိရင် အမေတို့အောက်မေ့နေရတော့မှာ

အော်အော်ငိုသော အသံတွေကြောင့် ဂျက်စ
အနားရောက်သွားသည်။ သူ့လိုပဲ ဝိညာဉ်တွေ အဲသည့်လူတွေ
မှာရှိသည်။

ခပ်ရွယ်ရွယ်အမျိုးသမီးတစ်ယောက်က ဆံပင်ဖ
ထိုးရည်လျှားကျကာ မျက်ရည်တွေရှိကာ မသာခေါင်းကိုဖက်ငိုသည်

ခေါင်းထဲမှာက ခေါင်းဖုံးကိုတစ်မျက်နှာစာ လှ
ထားသော အလောင်းတစ်လောင်း။

မျက်နှာကိုမြင်တာနှင့် ယောကျ်ားမှန်းသိ၏။

သေရှာပြီကိုး။



မိန်းမရွယ်မှာ အသားညိုညို၊ ကိုယ်လုံးတောင့်
တောင့်နှင့် ရုပ်ရည်မဆိုးပါ။

သူ့မဘေးမှ ငိုနေသော မိန်းမကြီးမှာ အသက်ငါး
ဆယ်လောက်တော့ရှိသည်။

"သေချင်းဆိုးမက ခုမှ ငိုနေလိုက်တာ ... အလကား ဟန်
ဆောင်ပန်ဆောင် ငိုနေတယ် ... ကိုမြင့်မောင်သေပြီး ခုနစ်
ရက်မှ မလည်သေးဘူး ... သူ့နောက်ကောင်နဲ့ ကြည်နေကြ
ဦးမှာ ... "

"အဘွားကြီးကော ဘာထူးမှာလဲ ... သားမက်ကို နွားလို
နိုင်းစားနေတာ ... သူတို့တစ်အိမ်သားလုံးကို ကိုမြင့်မောင်
က ကြောက်နေရတယ် ... ခု ကိုမြင့်မောင်မရှိတော့ ငတ်
ပြီပေါ့ ... "

အမျိုးသမီးနှစ်ယောက်သည် လူအုပ်၏နောက်ဆုံး
ပိုင်းမှာရပ်ကာ နွေအပူရှိန်ကိုသက်သာစိမ့်သောငှာ ယပ်တောင်
ကလေးတဖျပ်ဖျပ်ခတ်နေသည်။

ယပ်ခပ်ရင်းလည်း တစ်ယောက်ကိုတစ်ယောက်
တီးတိုးပြောနေကြသည်။

ဒါပေမဲ့ သူတို့ပြောတာကို ဝိညာဉ်ရှင်ဂျက်စနေက
ကြားပြီးဖြစ်သည်။

သူ့အသိ သူ့မိတ်ဆွေတွေများ ပါမလားလို့ လူအုပ်ကို
ကြည့်သည်။

ဘယ်သူမှ သူနှင့်သိကျွမ်းသူမရှိ။

လူအုပ်နားမှာနေရတာ ပူသည်။ သူက လူအုပ်ဆီမှ

www.burmeseclassic.com

www.burmeseclassic.com



ခွာလိုက်တော့ ဝိညာဉ်တစ်ခုက ရေခဲတိုက်၏တစ်နေရာမှ စိတ်ပျက်
ခွာထိုင်နေသည်ကို မြင်ရသည်။

သေသူ၏မျက်နှာသွင်ပြင်သည် ဝိညာဉ်ရှင်၏ ဖြူ
လွသဏ္ဌာန်နှင့်တူသည်။ ဂျက်စနေက အနားရောက်သွား၍ ...

"ခင်ဗျားကြည့်ရတာ ကိုမြင့်မောင်နဲ့ တူတယ် ... "

"ဟုတ်တယ် ... ကျွန်တော် မြင့်မောင်ပါ ... "

"ဒီမှာ ဘာလို့ထိုင်နေရတာလဲ ... "

"နားညည်းလို့ဗျာ ... ကျွန်တော်မသေဘဲနဲ့ သေတယ်ဆိုပြီး
ငိုနေကြတယ် ... ပြီးတော့ ကျွန်တော့်ကိုယ်ကြီးကို အဝတ်
အစားအသစ်တွေလဲပေးကြတယ် ... ဘာမှန်းလဲ မသိဘူး"

"ခင်ဗျား ... သေပြီပဲ ... "

"ဘာပြောတယ် ... "

"ခင်ဗျား သေပြီလေ ... "

"ဟာ ... ခင်ဗျားက လာပြန်ပြီ ... "

"ကိုမြင့်မောင် ... ကျုပ်က နိုင်ငံခြားက ပြန်သလို သေမင်း
နိုင်ငံက ပြန်လာတာဗျ ... လူတစ်ယောက်သေတယ် မသေ
ဘူးဆိုတာ ... ကျုပ်သိနေပြီ ... "

"ဘယ်လို ... ဆိုပါဦး ... "

"ခင်ဗျားကိုယ်ထဲ ခင်ဗျားပြန်ဝင်လို့ရလား ... "

"ဝင်ကြည့်တယ်ဗျ ... ဝင်လို့မရဘူး ... ကျုပ်နဲ့တူတဲ့လူကိုယ်
ထဲ ဘယ်လိုလုပ်ဝင်ရမှန်းတောင် မသိဘူး ... "

"အဲဒီကတည်းက ခင်ဗျားသေပြီပေါ့ဗျာ ... ခင်ဗျားသေလို့
ခင်ဗျားမိန်းမငိုနေတယ်လေ ... ဟိုက ခင်ဗျားအမေလား"



"ကျွန်တော့်ယောက္ခမပါ ... "

"အေး ... အဘွားကြီးလည်း ငိုနေတယ် ... အဲဒီလိုငိုနေက
တည်းက ခင်ဗျားသေပြီပေါ့ ... "

"ဗျာ ... ကျုပ်သေပြီ ... "

ပြောရင်း စိတ်ပျက်လက်ပျက်ထိုင်နေသောကိုမြင့်
ောင်ဝိညာဉ်က ထရပ်သည်။ သူ့အသွင်သဏ္ဌာန်မှာ ပေ့ါပါးဖျတ်
တ်သွက်လက်သွားပုံပဲ။

"ဟုတ်တယ် ... တကယ်ပဲ ခင်ဗျားသေပြီ ... "

"အမယ်လေး ... ဝမ်းသာလိုက်တာ ... "

"ခင်ဗျား ... ခင်ဗျား ဝမ်းသာတယ် ... "

"ဟုတ်တယ်လေ ... ဝမ်းသာတာပေါ့ ... ကျုပ်အသက်ရှင်
စဉ်က ကျုပ်မိန်းမက ကျုပ်ကိုသိပ်အနိုင်ကျင့်တာ ... သူ့
စကားကို ကျုပ်နားထောင်ရတယ် ... ပါးစပ်ကလည်း မြည်
တွန်တောက်တီးတာလွန်ပါရော ... ဟိုသေကောင်းအဘွား
ကြီးလည်း အတူတူပဲ ... ကျုပ်ကို သူ့သမီးနည်းတူနိုင်တာပဲ
ကျုပ်မှာ ဘာလုပ်လုပ် သူတို့ကိုပဲ ကြောက်နေရတယ် ...
ကျုပ်သေပြီဆိုတော့ ... သူတို့ကိုကြောက်ဖို့မလိုတော့ဘူး
ဝမ်းသာလိုက်တာ ... "

ဂျက်စနေမှာ သေတာကိုပဲ ဝမ်းသာနေသည့် ကိုမြင့်
ောင်ကို ဂျက်စနေက ဘယ်လိုငနဲ့ပါလိမ့်ဟူသောအတွေးနှင့် ကြည့်
ဉ် ကိုမြင့်မောင်မှာ ဝမ်းသာအားရနှင့် ထွက်ခွာသွားတော့၏။

လူ့လောကထဲဝင်တာနှင့်ပဲ စိတ်ရှုပ်ရချေပြီ။

သချိုင်းထဲမှ သူထွက်အလာတွင် လမ်းပေါ်မှာ ရှိ

www.burmeseclassic.com



ဖြစ်နေသော တက္ကစီဆရာနှင့် ဆိုက်ကားဆရာကို မြင်ရသည်။

ဘတ်(စ်)ကားတစ်စီးပေါ် တက်စီးလိုက်တော့ ဘတ်(စ်)ကားခမပေးဘဲ ခိုးစီးသော ကုလားမတစ်ယောက်နှင့် စပယ်ယာရန်ဖြစ်စကားများနေတာကို မြင်ရ၏။

သူကားပေါ်မှာပါလာသည့် လူငွေ့လူနံ့တွေနှင့် လူတွေ၏အပုပ်ရှိန်ကို မခံနိုင်တော့တာမို့ ဟီးနိုးခေါင်မိုးပေါ် တက်သည်။

နေပူရှိန်ဒဏ်ကို ခံနေရ၏။

တစ်နေရာတွင် သူခုန်ဆင်းကျန်နေခဲ့၏။

ကန်တော်ကြီးရေခဲဆိုင်နားမှာဖြစ်သည်။ အလင်းရောင်က တဖြည်းဖြည်းကျဆင်းလာသည်။

ကန်တော်ကြီးတစ်ဝိုက်တွင် ဝိညာဉ်တွေသွားလာနေသည်။ လူကြီးဝိညာဉ်တွေရော၊ ကလေးဝိညာဉ်တွေရော။

သူတို့သည် သေလို့သေမှန်းမသိသေးသော ဝိညာဉ်တွေဖြစ်မည်။ သေမှန်းသိလျှင် သေမင်းနယ်သို့ရောက်ကာ ထိုမှ တံခါးဖြူနှင့် တံခါးနက်ကို ရွေးဝင်ကြရတော့သည်။

ဂျက်စနေက ကိုမြင့်မောင်အား တစ်ခုမပြောလိုက်မိသည်ကို သူ့ကိုယ်သူ အပြစ်တင်မဆုံး။

တံခါးဖြူနှင့် တံခါးနက်နှစ်ခုတွေ့လျှင် တံခါးဖြူကို ရွေးပြီးဝင်ဟူသော ကြိုတင်အကြံပေးလိုက်ရမည့်အကြောင်းတွေကို သူမပြောဖြစ်ခဲ့။

အင်း ... မယားစကားနဲ့ ယောက္ခမစကားနားထောင်ခဲ့ရသူဆိုတော့ မကောင်းမှုကို လုပ်ရဲမှာ မဟုတ်ပါဘူးလေ။

မယားစကားနားထောင်ပြားက တမလွန်သွား



အကောင်းစားလေးဖြစ်မှာ သေချာပါရဲ့နော်။

သူက သူ့အိမ်သို့မပြန်ခင် သူဘယ်ကလာသည်ကို တွေးစားသည်။

အိုး ... သူဆေးရုံက လာတာပဲ။

ဆေးရုံကို ပြန်သွားရမှာပဲပေါ့။

ဆေးရုံကိုမသွားမီ တာမွေလမ်းမကြီးတစ်ခုမှ သူဝယ်ထားခဲ့သော တိုက်ခန်းကြီးကို သတိရသည်။

အဲသည်ကို သွားမယ်။

သူ့ဝိညာဉ်က လေဟုန်ကိုဖြတ်ပျံကာ ထိုတိုက်ခန်းဆီသို့ ရောက်သွားပါတော့သည်။

တိုက်ခန်းတံခါးကို ပိတ်ထားသည်။ သော့ခတ်ထား၏။

တိုက်ခန်းဘေးက လှေကားထိပ်တွင် မမျှော်လင့်သော လူတစ်ယောက်ကို သူသွားတိုးသည်။

ထိုလူနှင့် တွေ့ဆုံရာမှ သူအံ့အားသင့်သွား၏။

သော်တာဆုရွှေ၏ခမည်းတော်ကြီး ဦးနန္ဒာမိုး။

"အန်ကယ်(လ်) ... "

ဝင်တော့မည့် နေလုံးအောက်တွင် တွေ့ရသည့် ဦးနန္ဒာမိုးကို သူက နှုတ်ဆက်လိုက်သည်။

ဦးနန္ဒာမိုးမှာ သူ့ခေါ်သံကို ကြားပုံမပေါ်။

"အန်ကယ်(လ်) ... "

သူက ထပ်မံခေါ်၍ ဦးနန္ဒာမိုးရှေ့မှာ ရပ်လိုက်၏။ ဦးနန္ဒာမိုးသည် သူ့ကိုဂရုမစိုက်ဘဲ တိုးဖောက်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပူလောင်မှုတစ်ခုကို ဂျက်စနေခံစားလိုက်ရသလို ဦးနန္ဒာမိုးမှာလည်း အေးစိမ့်သောအရာတစ်ခုက သူ့ကိုယ်ကိုထိတွေ့သည်ကို ခံစားလိုက်ရသည်။ မသိမသာလေး ကိုယ်ကတွန့်သွား၏။

သူ့မျက်နှာတွင် အထူးအဆန်းဖြစ်သွားသည်။

သူက သုံးလွှာမှ ခေါင်းလောင်းကြိုးတစ်ချောင်းကို အောက်ဘက်မှ ဆွဲလိုက်၏။

လှပသော လဝန်းလေးက သုံးလွှာ၏ ဝရန်တာမှ ထွက်လာသည်။

ဩော် သူကလေးက ... ဝိုင်းကဗျာပဲ။

"ဖေဖေ ... ဘာကျန်ခဲ့ပြန်ပြီလဲ ... "

"မျက်မှန်သမီးရေ ... မျက်မှန် ... "

ဝိုင်းကဗျာက ဝရန်တာမှ ပျောက်သွားသည်။ မကြာမီ အောက်ထပ်ကိုဆင်းလာသည်။

"ဖေဖေဟာလေ သွားတဲ့နေရာမှာ ဒီမျက်မှန်ကိုပဲ မေ့တတ်တယ် ... မေမေက ဒါကြောင့်ပြောတာ ... ညည်းဖေဖေက မျက်မှန်တွင်မကဘူး ... ငါ့ကိုပါ မေ့လိမ့်မယ်တဲ့ ... "

"အဟီး ... မေမေနဲ့ သမီးကို ဘယ်တော့မှမမေ့ပါဘူးကွာ"

ပြောရင်း နေကာမျက်မှန်ပါသောအိတ်ကို လှမ်းယူသည်။ မလှာရှည်လေး ဝိုင်းကဗျာက ...

"အခု ဘယ်သွားဦးမှာလဲ ... "

"အစ်ကို့ဆီကိုလေ ... ငဝိုင်းလေးဘာလေး ဖန်တီးရမှာပေါ့"

"ဖေဖေ ပြန်လာရင် ... သမီးအတွက် ရွှေညောင်ပင်ဒံပေါက်တစ်ထုပ် ဝယ်လာခဲ့နော် ... "



ဩော် ... သည်လူက ဦးနန္ဒာမိုးမဟုတ်ပါဘဲလား။

ဦးနန္ဒာမိုးရဲ့ညီ ဦးနန္ဒာဖြိုး။

ဒါကြောင့်မို့ထင်ရဲ့ ... သူဝတ်ထားတာက ဘောင်းဘီနှင့် ထီရှပ်နှင့်။

ဦးနန္ဒာမိုးက ဘယ်တော့မှ ဘောင်းဘီမဝတ်။

ဂျက်စနေက သူတို့နားရှိနေသော ဦးနန္ဒာဖြိုးရော ဝိုင်းကဗျာပါ သိပုံမရကြပါ။

ဂျက်စနေက ဝိုင်းကဗျာကို လက်နှင့်တွန်းလိုက်၏။

သူ့အငွေ့သဏ္ဌာန်တွေက လေနှင့်မခြားရှိနေပြီး ဝိုင်းကဗျာအား တွန်းလိုက်တာတောင် ဘာမှအကောင်အထည်ပေါ်မလာ။

မချောလေးက ရယ်မြဲရယ်နေ၏။

ဦးနန္ဒာဖြိုးထွက်သွားမှ တိုက်ပေါ်ကိုတက်ပြေး၏။

ဂျက်စနေက သူ့တိုက်ခန်းတံခါးပိတ်ထားသည့်အတွက်ကြောင့် ဘယ်လိုဝင်ရမည်ကို စဉ်းစားနေသည်။

တိုက်တံခါးကို စိတ်ပျက်လက်ပျက်နှင့် ကိုယ်စောင့်မှီလိုက်ရာ သူ့တစ်ကိုယ်လုံး တံခါးကိုဖောက်၍ အတွင်းဘက်ကျွံဝင်သွားတာကို သိလိုက်သည်။

သူဝမ်းသာအားရနှင့် တိုက်ခန်းထဲ ဝင်လိုက်သည်။

အထဲမှာ မည်းမှောင်နေသော်လည်း သူကောင်းကောင်းမြင်နေရ၏။ လမ်းထိပ်ထောင့်ဆီရှိ လက်ဖက်ရည်ဆိုင်မှဖွင့်လိုက်သော ကက်ဆက်သံက အခန်းထဲတစ်ချက်တစ်ချက် ပြေးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အထဲသို့ ရောက်သည်တွင် ငိုသံကြားရသည်။ အမျိုးသမီး၏အသွင်သဏ္ဍာန်ရှိသော ဝိညာဉ်တစ်ခုမှာ ထိုင်ပြီးငိုနေ၏။

"ခင်ဗျား ဘယ်သူလဲ ... ကျုပ်တိုက်ခန်းထဲ ဘယ်လိုရောက်လာတာလဲ ... ပြောပါဦး ... "

ဂျက်စနေက ဝိညာဉ်ချင်းနားလည်သလို ခပ်မာမာမေးမိသည်။ အမျိုးသမီးဝိညာဉ်က ခေါင်းမော့လိုက်၏။

"ဘာ နင့်တိုက်ခန်းလဲ ... ငါ့တိုက်ခန်း ... ငါ ဒီမှာနေတာကြာပြီ သွား ... ငါ့ကိုလာမနှောင့်ယှက်နဲ့ ... "

"ခင်ဗျားမှားနေပြီ ... ဒါ ကျုပ်ဝယ်ထားတဲ့ တိုက်ခန်း ... ဒီအခန်းမှာ လူသူမနေလို့ ကျုပ်ဝယ်ခဲ့တာ ... ခင်ဗျားထွက်သွားပါ ... "

"ငါ ဘာလို့ထွက်ရမှာလဲ ... ငါ့နေရာဟာ ဒါပဲ ... "

"ဒါဆို ... ခင်ဗျား ဘာကြောင့်ငိုရတာလဲ ... "

"ငါမကျွတ်မလွတ်ဖြစ်နေလို့ပေါ့ ... ငါ့အတွက် ကုသိုလ်ကောင်းမှုပြုပေးမဲ့လူမရှိဘူး ... "

"ဒါနဲ့ ငိုရောလား ... "

"ငိုတာပေါ့ ... "

"ခင်ဗျား သေခဲ့ပြီပေါ့ ... "

"သေပြီပေါ့ဟဲ့ ... ငါခေါင်းလျှော်မယ်လုပ်တုန်း ဓာတ်လိုက်သေခဲ့တာ ... ဒီမှာပဲ ငါနေနေရတယ် ... "

"သေမင်းနယ်ကို သွားပါလား ... "

"သေပြီပဲ ... သေမင်းနယ်သွားရမယ် ... "



"ဟုတ်တယ် ... သေမင်းနယ်သွားပြီးရင် ခင်ဗျားကောင်းမှုမကောင်းမှု တံခါးအဖြူအနက်ကို သွားရမယ် ... ခင်ဗျားကို ရည်စူးပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကို ခင်ဗျားယူသွားရမယ် အဲဒါမှ တံခါးဖြူထဲကိုရောက်နိုင်မှာ ... "

"ငါက ဒီမှာစွဲလမ်းနေတော့ ဘယ်လိုလုပ်သွားရမှာလဲ"

"ရပါတယ် ... ခင်ဗျားကို ကုသိုလ်ကောင်းမှုလုပ်ပေးမဲ့ လူကိုရှာပေါ့ ... ဒီနေရာကို မစွဲလမ်းနဲ့ ... "

"ဒါ ... နင်ပိုင်တာလား ... "

"ဟုတ်တယ် ... ကျုပ်ငှားလိုက်တယ် ... "

"နင်မသေခင်က ငှားခဲ့တာလား ... "

"ကျုပ်မသေခင်ကပါ ... ခုလည်း မသေပါဘူး ... လို့လော ကကြီးကို ကျုပ်ပြန်မယ် ... ကျုပ်ငရဲပြည်က ပြန်လာတာ ငရဲပြည်ပြန်ကြီး ... "

"ဟယ် ... နင်ငရဲပြည်က ပြန်လာတယ် ... "

"ကုသိုလ်ကောင်းမှုမရှိရင် ငရဲပြည်မှာ သိပ်ခံစားရတာ ... ငရဲမင်းကြီးနဲ့ သူ့အကောင်တွေက သိပ်ရက်စက်တာ ... ဒါပေမဲ့ ... ဒီကောင်တွေက ပေါတောတောတွေ ... ကျုပ်ပြန်နှိပ်ပြီး ထွက်ပြေးလာတာပဲ ... ကျုပ်က သေခွင့်မကြုံသေးတော့ လူ့ပြည်ကို ပြန်ရမယ်တဲ့ ... ကျုပ်ခန္ဓာကိုယ်ကြီးကိုတောင် ဆေးရုံမှာလိုက်ရှာရဦးမယ် ... ကျုပ်သေသေချင်း ဆေးရုံက ထွက်လာတာ ... "

"ဒီလိုဆို ငါ့ကိုကယ်ပါဟယ် ... နင် လူ့ပြည်ကိုပြန်ရောက်ရင် ငါ့ကိုရည်စူးပြီး ... ကုသိုလ်ကောင်းမှုလုပ်ပေးပါလားဟယ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ကျေးဇူး ငါမမေ့ပါဘူး ... "

"ခင်ဗျားနာမည်ပြောပါဦး ... "

"ခင်စန္ဒာမြိုင် ... "

"နှင့်နာမည်ကော ... "

"ကျုပ်နာမည် ဂျက်စနေ ... "

"နှင်က မိန်းမနဲ့လား ... "

"ဘာလဲ ... ခင်ဗျားက ကျုပ်ကို ရစ်မလို့မေးနေတာလား"

"အံမယ် ... နှင့်လိုကောင်ကို ငါက ဘာလို့ရစ်ရမှာလဲ ... လူပြည်တုန်းက ငါ့ဘေးမှာအကောင်တွေ ဝိုင်းဝိုင်းလည်လို့ ငါက နှင့်ကိုသနားလို့မေးတာ ... "

"တည်းသီးက အီးတစ်ပြန်လုပ်မနေနဲ့ ... ကျုပ်က ခင်ဗျားကို သနားလို့မေးနေတာ ... ကျုပ်မှာရည်းစားရှိတယ် ... နေပါဦး ... သူ့နာမည် ... အဲ ... အဲ သတိရပြီ ... သူ့နာမည်က သော်တာဆုရွှေတဲ့ ... ခင်ဗျားထက်တောင် လှသေး"

"အေး ... အဲဒီစကားပြောရင် နင်မြန်မြန်သွားတော့ ... သေချင်းဆိုး ... နှင့်ကိုငါလုပ်မိလိမ့်မယ် ... "

"ခင်ဗျားတို့မိန်းမတွေဟာ ... ဒီဘဝရောက်အောင် စကားကြောရင် ကြောရ... မကြောရင် လူကိုမောအောင် လုပ်တတ်တယ်နော် ... သွားမယ်ဗျာ ... "

ပြောလည်းပြီးရော ထွက်လာသည်။

သူ ဘယ်ကိုသွားရမလဲ။

ဪ ... ဟုတ်ပြီ ... သော်တာဆုရွှေဆီသွားမယ်။

ကုက္ကိုင်းလမ်းမကြီးတွင်နေသော သော်တာဆုရွှေ



တို့၏ အိမ်ကိုသွားသည်။

သို့သော် အိမ်ဝေးလို့ ခြံထဲတောင် မဝင်မခံ။

နီနီကျင်ကျင်လူကြီးတစ်ယောက်က သူ့အားခြံထဲကို အဝင်မခံဘဲ မောင်းထုတ်သည်။

သူ့လက်ထဲမှာလည်း ကြိမ်လုံးသဏ္ဍာန်ပုံစံအရာတစ်ခုကို ကိုင်ထားသည်။

အဲသည်လူကြီး၏ နောက်ပါးမှာလည်း တခြားသဏ္ဍာန်တွေရှိသည့် အကောင်တွေပါ စောင့်ကြည့်နေကြ၏။

ပဋိပက္ခမဖြစ်လိုသော ဂျက်စနေက ခြံနားမှပြန်ထွက်လာသည်။

ဆေးရုံကိုပဲ သွားချင်နေသည်။

သွားမှပဲ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၂)

သည်ကနေ့ဆို သုံးရက်နီးပါးရှိပြီ။

ညနေလေးနာရီဆိုလျှင် သုံးရက်ပြည့်ပါပြီ။

ခုတင်လိုစင်ကလေးပေါ်တွင် ရှိနေသော ဂျက်စနေ၏ ကိုယ်လုံးမှာ တောင့်လာသည်ကလွဲပြီး တခြားထူးခြားခြင်းမရှိပါ။

ကိုယ်ငွေ့နေတာကတော့ မပျောက်ပျက်။

အနံ့အသက်လည်း ထွက်မလာပါ။

ဒါဆို မြော်နေတာမှန်ပြီပေါ့။ အဲသည်လို မြော်နေတာက ဘယ်နှစ်ရက် ဘယ်ကာလကြာသည်အထိ မြော်နေဦးမှာလဲ။

သူ့ကိုယ်ခန္ဓာမှာ အနာတွေက အနည်းငယ်ချုပ်သွားခဲ့သည်။ ဒဏ်ရာတွေကိုချုပ်တန်ချုပ်၊ ဆေးထည့်တန် ဆေးထည့်ပေးခဲ့၏။

အောက်စီဂျင်ပေးခြင်းမလုပ်ပါ။



အသက်ကယ်ဆေးလည်း ထိုးပေးမထားပါ။

ဒေါက်တာသိန်းထိုက်လူသည် သူ့လူနာကိုလာကြည့်၍ တခြားလုပ်ငန်းဆောင်တာများကို သွားလုပ်သည်။

နှစ်နာရီခွဲတွင် သူ့ဂျူတီချိန်မှာပဲ ဂျက်စနေထားရာ အခန်းထဲ ပြန်ဝင်လာကာ မြော်နေသောလူတစ်ယောက်သို့မဟုတ် သေပြီဆိုပြီး ပစ်ထားခံရသောလူတစ်ယောက်အတွက် ဘာလုပ်ပေးရမည်ကို စဉ်းစားနေသည်။

ထိုစဉ် အပြင်မှ စကားသံတွေကြားရသည်။

အမျိုးသမီးနှစ်ယောက် ပေါ်လာသည်။

သူမတို့သည် ဒေါက်တာသိန်းထိုက်လူရှိသော အခန်းထဲ ဝင်လာသည်။

တစ်ယောက်က တာဝန်ကျသူနာပြုဆရာမတစ်ယောက်ဖြစ်သည်။

ကျန်တစ်ယောက်က ငယ်ရွယ်နုပျိုချောမောသော မိန်းမလှကလေးတစ်ဦး။

ကိုယ်လုံးကိုယ်ပေါက်နှင့် အရပ်အမောင်းမှာကြည့်ကောင်းသည်။ တောင့်တင်းလှပ၏။

သူမ၏ဝတ်စားထားမှုက ခေတ်နှင့်အညီလိုက်လျောညီထွေရှိသည်။

မြင်တာနှင့်ပြည့်စုံကုံလုံသော အတန်းလွှာထဲကမှန်း သိသာသည်။

"သူနာမည် သော်တာဆုမွှေပါ ... ကိုဂျက်စနေရဲ့အခြေအနေကို ကြည့်ချင်တယ်ဆိုလို့ ဆရာ ..."

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမက ပြောသည်။

ဒေါက်တာသိန်းထိုက်လူသည် မိန်းမချောလေးကို မျက်လုံးပင့်ကြည့်လိုက်၏။

"ကိုဂျက်စနေနဲ့ ဘာတော်ပါသလဲ ... "

ဆုချွေ၏နေကာမျက်မှန်အတွင်းမှ မျက်လုံးတွေက ဂျက်စနေထားရာကို လှမ်းကြည့်လိုက်ပြီး အသံတုန်တုန်ကလေးနှင့်

"ဆုချွေက ... ကိုဂျက်ရဲ့မိတ်ဆွေပါ ... "

မိတ်ဆွေဆိုသော်လည်း မိတ်ဆွေ၏စည်းဘောင်ကို ကျော်လွန်သောအခြေအနေရှိမည်ဟု ဒေါက်တာသိန်းထိုက်လူက အိမ်ထောင်ရှင်ပီပီတွေးမိ၏။

"သူ သတိမရသေးပါဘူး ... "

"ရှင် ... "

"သူသတိဝင်မလာသေးဘူး ... "

"ကျွန်မကြားတော့ သူသေပြီဆို ... "

"ယေဘုယျတော့ ဒီလိုပဲပြောနေကြတာပဲ ... ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ သေတယ်လို့မယူဆပါဘူး ... COMA အဆင့်လောက်ပဲ ရှိနေပါလိမ့်မယ် ... "

ခေတ်ပညာတတ် ဆုချွေ၏ COMA ဆိုတာကိုတော့ နားလည်သည်။ သူမ၏ညိုးလျော်နေသော မျက်နှာကလေး ထိုစကားကြောင့် လန်းဆန်းသလိုဖြစ်သွားသည်။

"သူ ကိုမာဖြစ်ကြောင်း ဆရာဘယ်လိုလုပ်သိပါသလဲရှင်... "

"ဘာကြောင့် မေးတာလဲ ... "

"ကျွန်မ ... အဲ ... ဆုချွေလေ ... သူ့ကို မသေစေချင်ဘူး



သူဟာ လောကကြီးမှာ တစ်ကောင်ကြွက်လိုဖြစ်နေတဲ့လူပါ ... သူ့ဘဝကိုလည်း သူကြိုးစားခဲ့ပါတယ် ... ကြိုးစားဆဲမှာ လမ်းခုလတ်မှာ မကျဆုံးစေချင်ပါဘူး ... "

"သူ့မှာ မိဘမရှိဘူးဆို ... "

"ဆုံးပါးခဲ့ပါပြီရှင် ... "

"ဆွေမျိုးတွေကော ... "

"သူ့ဆွေမျိုးတွေဆိုတာက သူတို့ရှိစဉ်က ခေါ်လားပြောလားစားလားသောက်လားပေါ့ ... မိဘတွေဆုံးပြီး ဥစ္စာဓန ... ငွေကြေးလည်း မရှိရော ကိုဂျက်ကို ဘယ်သူမှ မခေါ်ချင်မပြောချင်ကြတော့ဘူး ... ဒါကို ကိုဂျက်က စိတ်နာတယ်လေ ... ဒါကြောင့် သူ့ဘဝမှာ တစ်ကောင်ကြွက်သဘောထားပြီး ဘဝကိုတိုးတက်အောင် ကြိုးစားတာပဲ ... "

"ကျွန်တော် သိခဲ့ပါတယ် ... မဆုချွေ ဘယ်လိုဖြေလိမ့်မလဲလို့ သိချင်လို့မေးကြည့်တာပါ ... ကျွန်တော်နဲ့ ကိုဂျက်ဟာ တစ်ချိန်က ခင်ခဲ့ဖူးပါတယ် ... သူဟာ ရိုးသားကြိုးစားတဲ့လူပါ မဆုချွေ ... သူနိုင်ငံခြားထွက်သွားတာသိတယ် ... ပြန်လာတာကို မသိခဲ့ဘူး ... မော်တော်ဆိုင်ကယ်စီးသမားတစ်ယောက် ကားတိုက်ခံရလို့သေတယ်ဆိုပြီး အလောင်းကို ကျွန်တော်ခွဲစိတ်မယ်လုပ်မှပဲ ... သူဟာ ကိုဂျက်ဆိုတာကျွန်တော်သိရပါတယ် မဆုချွေ ... "

နေကာမျက်မှန်အောက်ရှိ ပါးပြင်ညက်ညက် ပန်းနုရောင်လေးပေါ်သို့ ပုလဲရည်ဥကလေးနှစ်လုံး သွယ်တန်းစီးဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသိန်းထိုက်လူက သူမနှင့် ဂျက်စနေတို့ တစ်ဦးကိုတစ်ဦးအသည်းနှင့်မတတ် ချစ်နေကြပြီဟု ရိပ်စားမိသည်။

"သူပြန်ရှင်လာမှာပါ ... သူဟာ ဒီနေ့အထိ နှလုံးခုန်ရပ်ခဲ့ သွားတာကလွဲလို့ လူသေတစ်ယောက်ရဲ့ဖြစ်လေ့ဖြစ်ထရှိတဲ့ အမှတ်လက္ခဏာတွေ ဘာမှမတွေ့ရသေးပါဘူး ... ဒါကြောင့် ထောက်ရင် သူပြန်ရှင်သန်လာလိမ့်မယ်လို့ ယုံကြည်ပါ တယ် ... "

နှစ်သိမ့်စကားလေးတော့ ပြောလိုက်၏။

"ကံကြမ္မာက သူ့ကိုဖေးမပါစေလို့ပဲ ဆုတောင်းရတော့မှာ ပေါ့ရှင် ... ကျွန်မကို ကြည့်ခွင့်ပြုပါလားရှင် ... "

တန်ရုံလူဆိုလျှင် ဒေါက်တာသိန်းထိုက်လူက ခွင့်ပြု ချင်မှ ခွင့်ပြုမည်ဖြစ်သော်လည်း သော်တာဆုရွှေမှာ ဂျက်စနေ၏ ချစ်သူဆိုတာ သိလိုက်ရတာမို့ ဘယ်လိုမှကန့်ကွက်ခြင်းမပြုဘဲ ခေါင်း ကို အသာညိတ်ပြလိုက်၏။

ဂျက်စနေအနားသို့ သူမလျှောက်သွားသည်။

ဂျက်စနေမှာ မလှုပ်မယှက်ပက်လက်ပဲရှိနေသည်။ သူ့တစ်ကိုယ်လုံး ပတ်တီးတွေစည်းထားသည်။

မမြင်ရက် မရှုရက်မို့ နေကာမျက်မှန်တွင်းရှိ မျက်လုံး တို့ကို မှိတ်လိုက်၏။

မျက်ရည်ဥတို့သည် သွယ်၍ သွယ်၍စီးကျလာသည်။ နေကာမျက်မှန်ကိုဖယ်ရှားပြီး လွယ်လာသောလွယ်အိတ်ကလေး ထဲမှ လက်ကိုင်ပဝါကိုထုတ်ကာ သူမ၏ မျက်ဝန်းတွေကို သုတ် သည်။



တာဝန်ကျဆရာမကတော့ ပြန်သွားသည်။

သည်အဖြစ်များသည် သူတို့အတွက် မထူးဆန်း တော့ပါ။

မနေ့ကမှ ဆုရွှေ စင်ကာပူမှ ပြန်ရောက်သည်။

အမ်(မ်)အေအိုင်နှင့် သူမရော သူမမေမေပါ ပြန်လာ ပြီးနောက် ဆုရွှေက စနေထွန်းဆီလက်ကိုင်ဖုန်းနှင့် စကားပြော ချင်လို့ ခေါ်၏။

ခေါ်မရ ...

နောက်တစ်နာရီကျော်အကြာမှာ ပြန်ခေါ်လိုက်၏။

ခေါ်လို့မထူး။ တစ်ဖက်မှ ဖုန်းပိတ်ထားကြောင်း အကြောင်းပြန်ကြားချက်ပဲ ရသည်။

နောက်နှစ်နာရီအကြာ ခေါ်သည်။

ထိုနည်းနှင်နှင်ပဲ ဖုန်းပိတ်ထားကြောင်း ကြေညာ ဆိုက်သော အမျိုးသမီးကလေး၏အသံပဲ ကြားရသည်။

ဂျက်စနေအတွက် လက်ဆောင်ပါလာသည်။ လှပ သော ရေးဘင်နေကာမျက်မှန်တစ်လက်နှင့် ဆန်းဟော့(SUN HOT) တံဆိပ်ပုလုပ် ရှူးဖိနပ်တစ်ရံပဲဖြစ်၏။

ဂျက်စနေကိုပေးချင်စိတ်နှင့် သည်နေ့မှာ မြို့တွင်းရှိ ဂျက်စနေနေသောအိမ်သို့ သွားသည်။

သည်တော့မှ အိမ်အောက်ထပ်တွင်နေထိုင်သော မိ သားစုတစ်စုက ဂျက်စနေဆုံးသွားကြောင်း၊ ဆေးရုံမှ အကြောင်း ကြားချက်ကို ရရှိကြောင်းသိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးတစ်ခုလုံး တိမ်းမှောက်သွားသလို သူ့ထင်ရသလို သည်းအူကြွေကျမတတ် ဆုရွှေခံစားခဲ့ရပါလေ၏။

သူမ၏ တိုယိုတာအယ်(လ်)တစ်(TOYOTA ALTIS) ကားကလေးကို အတော်ကြီးသတိထားထိန်းမောင်းကာ ဆေးရုံကို လိုက်လာရခြင်းဖြစ်၏။

ခုတော့ ...

မလှုပ်မယှက်နှင့် လှူသေလိုဖြစ်နေသော ဂျက်စနေ၏ ခန္ဓာကိုယ်ကို စိုက်ကြည့်ကာ သူမက တုန်ယင်အသံလေးနှင့်

"မောင် ... ဆုရွှေလာပြီလေ ... ဆုရွှေကို စကားထမပြောတော့ဘူးလား မောင် ... မောင် အခုလိုဖြစ်လိမ့်မယ်လို့ ဆုရွှေမမျှော်လင့်ခဲ့ပါဘူး မောင်ရယ် ..."

အသံကလေးက တုန်တုန်တိုးတိုးကလေး။

သူမ၏စကားတွေကို ဂျက်စနေက မကြားခဲ့ပါ။ အလောင်းသဖွယ်ဖြစ်နေလျက် စုံမှိတ်ထားသောမျက်လုံးတို့နှင့် သူ့ဝိညာဉ်က ဘယ်ရောက်နေပြီကို မသိ။

"ဆုရွှေ မောင့်ကိုသိပ်ချစ်တယ် မောင် ... ကြယ်တွေလတွေနေတွေ ကွယ်ပါစေ ... ဆုရွှေ မောင့်အပေါ်ထားတဲ့ချစ်မေတ္တာဟာ ဘယ်တော့မှ ကွယ်ပျောက်မှာ မဟုတ်ဘူးဆိုတာ ... မောင်သိစေချင်ပါတယ် ... ခရီးထွက်ခဲ့ရပေမဲ့ ဆုရွှေစိတ်က မောင့်ဆီမှာပဲ ကျန်နေရစ်ခဲ့ပါတယ် ... ခုတော့ မောင်ရယ် ..."

ချစ်သူမျက်နှာကို တစိမ့်စိမ့်ငုံ့ကြည့်လျက်မှ သူမ၏



ညင်သာတိုးသံကလေးက လှိမ့်ထွက်လာသည်။

မျက်ရည်တွေပြည့်လျှမ်းနေသည်။

သူမ၏လက်ကလေးကို ဒေါက်တာသိန်းထိုက်လူက လာကိုင်၏။

"သတိထားပါ မဆုရွှေ ... သူသေမသွားသေးပါဘူး ... အချိန်ရောက်ရင် သူပြန်ရှင်လာမှာပါ ...သူပြန်ရှင်လာတဲ့အခါ သူ့အတွက် ကျွန်တော်တို့ဘာလုပ်ပေးသင့် ဘာလုပ်ထိုက်တယ်ဆိုတာကိုပဲ စဉ်းစားရလိမ့်မယ် ..."

သူမကို နှစ်သိမ့်အားပေးသော စကားများသာဖြစ်သည်။

ထိုင်းမှိုင်းမှုန်ရီဝေဖြာနေသော စိတ်အာရုံတို့က ပြန်လည်စုစည်းလာသည်။

သူမ၏အသိစိတ်တွင် ဂျက်စနေသည် လုံးဝဥဿုံ သေသွားသည်ဟူ၍ မရှိနိုင်သေး။

သူပြန်ရှင်ချိန်ရောက်လာမှာပဲတဲ့။

ပြန်ရှင်ချိန်ကို အမြန်ရောက်ပါစေလို့ပဲ ဆုတောင်းရမှာပါ မောင်ရယ်။

သူမသည် မျက်ဝန်းတို့ကို သူမ၏နူးညံ့မွေးကြိုင်သော လက်ကိုင်ပဝါလေးနှင့် ထပ်မံတွေ့ထိပေးလိုက်ကာ နေကာမျက်မှန်ကိုပြန်တပ်လိုက်သည်။

သူမသေားမှ ဒေါက်တာသိန်းထိုက်လူအား ကြည့်ကာ အားနည်းသံလေးနှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကော ... သူ့အသက်ပြန်ရှင်ဖို့ ဆုတောင်းသလား — ဟင် ... ဆရာ ... သူပြန်ရှင်နိုင်ပါ့မလား ... "

"ကျွန်တော်တို့ဆရာဝန်တိုင်းဟာ လူနာတိုင်းကို လန်းဆန်းကျန်းမာပြီး အသက်ရှင်စေလိုပါတယ် ... ဆုတောင်းရုံနဲ့ မပြီးသေးပါဘူး ... လူနာအသက်ရှင်ရေးအတွက် ကုသပြုစုနေကြရပါတယ် ... ကိုဂျက်ပြန်ရှင်လာဖို့ ကျွန်တော့်မှာဖြည့်ဆည်းပေးနိုင်တဲ့ စွမ်းအားရှင်သာဖြစ်ခဲ့ရင် ကျွန်တော့်ခွန်အား ... ကျွန်တော့် ဆေးပညာတွေနဲ့ ချက်ချင်းဖြည့်ဆည်းပေးလိုက်ချင်ပါတယ် ... "

"ဆရာ့ရဲ့ စေတနာမေတ္တာတွေကို ကျွန်မလိုလိုလားလား ကျေးဇူးတင်ပါတယ် ဆရာရယ် ... ကိုဂျက်ဟာ ဆုရွှေရဲ့ မိတ်ဆွေဆိုခဲ့ရပေမဲ့ ... သူဟာ ဆုရွှေရဲ့ ဘဝ ... ဆုရွှေရဲ့ ခွန်အားဆိုတာ အခု ဆုရွှေဖြစ်နေပုံတွေကိုကြည့်ပြီး ဆရာ ရိပ်မိမှာပါ ... "

"သိပါတယ် မဆုရွှေ ... ဒါကြောင့် မဆုရွှေစိတ်အားတင်းနိုင်ဖို့ ကျွန်တော်ပြောတာပါ ... ရိုမီယိုနဲ့ ဂျူးလီယက်ထဲကလို တစ်ယောက်ကသေပြီးမှ ပြန်ရှင်လာတဲ့အခါ ကျန်တစ်ယောက်က သူ့အတွက်နဲ့ စိတ်ထိခိုက်သေသွားတဲ့အဖြစ်မျိုးတော့ ကျွန်တော်မလိုလားပါဘူး ... ကိုဂျက်ပြန်ရှင်လာရင် မဆုရွှေနဲ့ ကိုဂျက်ပေါင်းစပ်မှုကိုပဲ ကျွန်တော်တွေ့ချင်ပါတယ် ... "

"ကိုဂျက်ပြန်ရှင်ဖို့ ရာခိုင်နှုန်းအပြည့်ရှိလား ... "



"ကျွန်တော့်မျှော်လင့်ချက်ထဲမှာ အပြည့်ရှိပါတယ် ... ဒါပေမဲ့ သူ့အသက်ဟာ သူ့ကောင်းမှုနဲ့ သူ့ကံကြမ္မာလက်ထဲမှာရှိနေတာတော့ သေချာပါတယ် ... "

"သူ ကုသိုလ်ကံကောင်းလာစေလို့ပဲ — ဆုတောင်းရမှာပါ ... အဲဒီဆုကို ပေးနိုင်တာကတော့ ဘုရားပဲဖြစ်နိုင်မလား ဒေါက်တာ ... "

"ဖြစ်နိုင်ပါတယ် ... ဘုရားကု ကုကြည့်လိုက်ဦးပေါ့ မဆုရွှေ ဒီနေ့ဟာ ... သူပြန်သတိရလာမဲ့နေ့ပဲလို့ ကျွန်တော်ကိုးစားထားပါတယ် ... မဆုရွှေ"

"ကျေးဇူးပါပဲ ဆရာ ... သူအသက်ရှင်လာရင်သာ သူ့အတွက် ကျွန်မတို့ ဘာတွေလုပ်ထိုက်သလဲဆို ၊ စဉ်းစားရမှာပါပဲ ... "

သူမက ဒေါက်တာသိန်းထိုက်လူကို နှုတ်ဆက်၍ ချစ်ရသူကိုဂျက်ကို ကရုဏာသက်သော၊ ဆွေးသော၊ ပူပန်သော၊ ချစ်မဝသော အကြည့်များပေါင်းစုံနေသည့် အကြည့်ကို ကြည့်လိုက်၏။ ထိုသည်မှ သူမသည် လေးကန်သောခြေလှမ်းများနှင့် တစ်လှမ်းချင်းထွက်သွားသည်။

လူနာတင်စင်နားမှ ဒေါက်တာသိန်းထိုက်လူက ငေးကြည့်ကျန်ရစ်ခဲ့၏။

တံခါးဝနားရောက်မှ သူမက ပြန်လှည့်လိုက်သည်။

"ဒေါက်တာ ... ကျွန်မကို တစ်ခုတော့ ကူညီပါနော် ... "

"ဘာကူညီရမလဲ ... မဆုရွှေ ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအိမ်မှာပဲရှိရှိ ... တခြားနေရာမှာပဲရှိရှိ ... ကိုဂျက်ငြိမ်း သတိဝင်လာပြီး အသက်ရှင်လာရင် ကျွန်မဆီကို အကြောင်းကြားပေးပါ ဒေါက်တာ ... "

"ဟုတ်ကဲ့ ... "

သူမက ဒေါက်တာသိန်းထိုက်လူဆီ ပြန်လာသည်။

သူမ၏ လွယ်ထားသော သားရေလွယ်အိတ်ကို ဖွင့်ကာ ဖွင့်ပြီး အတွင်းမှ ကတ်ပြားကလေးတစ်ခုကို ထုတ်ပေးလိုက်သည်။

"အဲဒါ ... ကျွန်မနေထိုင်တဲ့အိမ်လိပ်စာနဲ့ ကျွန်မရဲ့အိမ်ဖုန်းနံပါတ်တွေ ... ဟန်းဖုန်းပါ ပါတဲ့ဗစ်စစ်တင်းကတ်ကလေးပါ ဒေါက်တာ ... "

"ကောင်းပါပြီ ... "

"ကျေးဇူးတင်ပါတယ် ... ဒေါက်တာ ... "

ညိုးလျော်ပန်းလျနေသော မျက်နှာကလေးမှ နွမ်းကြေသော အပြုံးပန်းကလေးတစ်ပွင့်ကို ခင်မင်မှုလက်ဆောင်အဖြစ် ပေးလိုက်ပြီးနောက် သူမက အခန်းပြင်သို့ တိုက်ရိုက်ထွက်သွားတော့၏။ သူမထွက်သွားပြီး နှစ်မိနစ်အကြာတွင် စောစောက ဆရာနှင့် ပါလာသော သူနာပြုဆရာမက သုတ်သီးသုတ်ပြာဝင်လာ၏။

"နာ့(စ်) ဘာအရေးကြီးလို့လဲ ... "

"ဆရာ ... စောစောက အမျိုးသမီးကော ... "

"ပြန်သွားပြီ ... "

"သူ့ကို ရဲကစစ်ချင်လို့တဲ့ ... "



သိန်းထိုက်လူက မျက်မှောင်တွေကုတ်သွားရ၏။

"ဟိုအမျိုးသမီးက ဘာဆိုင်လို့လဲ ... "

"ဒီ အက်စီးဒင့်ကေ့(စ်)(ACCIDENT CASE)မှာ မျက်မြင်သက်သေတွေရဲ့ စစ်ချက်အရ ... ဂျက်စနေရဲ့ဘက်ဂရောင်းကို ရဲကလိုက်တယ် ... အခု ဒီအမျိုးသမီးကိုလည်းနည်းနည်းပါးပါးမေးချင်လို့တဲ့ ... တာဝန်ကျယာဉ်ထိန်းရဲက ပြောလို့ပါ ... "

"မရှိတော့ဘူး ... ပြန်သွားပြီ ... "

"ဒါထက် ဆရာ ... "

သူနာပြုဆရာမက ဒေါက်တာသိန်းထိုက်လူကို အကဲခတ်လိုက်ပြီးမှ ...

"ဒီလူနာနဲ့အတူ တင်ထားတဲ့ အမျိုးသမီးပေးရှင့်လည်း မရှိတော့ဘူး ... ခုမနက်ကပဲ ဆေးရုံက ဆင်းသွားပြီ ... "

"သူ့ဘာသာသူ ဆင်းသွားတာဗျာ ... ဆင်းပေ့စေပေါ့"

"မဟုတ်ဘူး ဆရာ ... ဆေးရုံက သူ့ကိုဆေးရုံဆင်းခွင့်(ALLOW)လုပ်တာ မဟုတ်ဘူး ... သူ့ဖာသူ သူ့ဒဏ်ရာသက်သာတယ်ဆိုပြီး ဆင်းသွားတာ ... "

ဒေါက်တာသိန်းထိုက်လူ၏ ကုတ်နေသောမျက်မှောင်ကြီးက မပြေသေးဘဲ ဆက်ကုတ်ထားသည်။

သူက တစ်ချက်စဉ်းစားပြီးမှ တစ်စုံတစ်ခုပြောရန် ပါးစပ်ဟလိုက်သည်။

"အင်း ... "

www.burmeseclassic.com

www.burmeseclassic.com



ညည်းသံကြီးတစ်ခုသည် အခန်းထဲမှာ ထင်ထင်ရှားရှားပေါ်လာသည်။ ထိုညည်းသံကြီးသည် လှနှာစင်ပေါ်တွင် တင်ထားသော စနေထွန်း၏ညည်းသံကြီးတစ်ချက်ပင်ဖြစ်ပါတော့သည်။

ဒေါက်တာသိန်းထိုက်လူရော ထမိန်ဝတ်သူနာပြုဆရာမလေးပါ မျာယာခတ်သွားပါတော့သည်။

◈ ◈ ◈



ဇာတ်သိမ်းခန်း(၁၃)

မြန်မာတို့၏ ထုံးစံအရ ဒုက္ခတို့ကိုပြေပျောက်ရန် ဘုရားကိုပဲ သတိရ၏။

ရှင်တော်ဂေါတမသည် ဘုရားအဖြစ်နှင့် သက်တော်ထင်ရှားရှိခဲ့စဉ်က ပူဆွေးသောကဒုက္ခရောက်နေသူတို့ကို အပူသောကမှ ငြိမ်းစေရန် တရားဓမ္မတို့ကိုဟောပြီး ပူပန်သောကရောက်သူတွေကို ပြေငြိမ်းစေခဲ့၏။

ယခုမူ ...

ဗုဒ္ဓသည် နိဗ္ဗာန်သို့ ဝင်ရောက်သွားချေပြီ။

တရားရေအေးအမြိုက်ဆေးကို ကိုယ်တိုင်ကိုယ်ကျ တိုက်ကျွေးသမူ မပြုနိုင်တော့။

သို့လင့်ကစား လူတို့၏ ရင်ထဲမှတော့ ယနေ့အထိ ကိန်းအောင်းနေတာက ရှင်တော်ဗုဒ္ဓဆီမှာ ဆုမွန်ကောင်းများ တောင်းလျှင် ကုသိုလ်ကံကောင်းပြီး လိုအင်ဆန္ဒပြည့်ဝလိမ့်မည်ဟူသော မျှော်လင့်ချက်ပဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံသို့အလာတွင် ဆေးရုံဘက်ဆီမှ ကားလေးတစ်စီး မိမိနောက်သို့ လိုက်လာသည်ကို နောက်ကြည့်မှန်ထဲတွင် မြင်ရသည်။

ကားက ခေတ်ဟောင်းတွင် ဟောင်းခဲ့ပြီဖြစ်သော ဖိယက်(FIAT)ကားအမျိုးအစားဖြစ်သည်။

စိတ်ထဲတွင် ဘယ်လိုမှ သူမက မထင်ဘဲ ရွှေတိဂုံဘုရားအရှေ့ဘက်မုဒ်သို့ မောင်းလာသည်။

ထိုမှ ကားကိုထားခဲ့ပြီး ဓာတ်လှေကားနှင့် ဘုရားရင်ပြင်ပေါ်သို့ တက်လာ၏။

ဂျက်စနေအတွက် ကုက္ကုသံဂုံ၊ ဂေါ်ဇာဂုံ၊ ကဿပဂုံ၊ ဂေါတမဘုရားလေးဆူသီတင်းသုံးရာ တန်ဆောင်းလေးခုတွင်ဝင်ရောက်၍ ပန်း၊ ဆီမီး၊ ရေများကပ်ကာ ဂျက်စနေအသက်ပြန်ရှင်လာစေကြောင်း ဆုတောင်းသည်။

စနေထောင့် စနေဂြိုဟ်တိုင်တွင် ဘုရားကိုလည်းကောင်း၊ ဂြိုဟ်သက်နှင့် ဂြိုဟ်တိုင်ကို ရေသပ္ပါယ်သည်။

သြော် ... အချစ် ... အချစ်။

မိဘကိုတောင် ဒီလိုလုပ်ပေးပါ့မလား

အားလုံးပြီးစီး၍ ဘုရားရင်ပြင်ပေးမှ ဆင်းလာသည်။ စိတ်လက်ပြေပျောက်ဖြစ်စိမ့်ခြင်းငှာ သူ့သူငယ်ချင်းတစ်ယောက်အိမ်သို့ ဝင်လိုက်သေးသည်။

သူ့သူငယ်ချင်းမက အိမ်တွင်းစီးပွားရေးဖြစ်သော ယိုစုံလုပ်ငန်းလုပ်သည်။

သူငယ်ချင်းတွေ ဟိုအကြောင်းသည်အကြောင်း



ပြောရာမှ ဂျက်စနေနှင့် သူမအကြောင်းကိုမေးသည်။

သူမရင်ထဲ နင့်ရှူးရှူးဖြစ်ရရှာ၏။

ဂျက်စနေ သေသလား၊ ရှင်သလားကို ဝေခွဲမရနိုင်သဖြင့် မပြောရဲပါ။ နှုတ်ထွက်ကောင်းစေကာမူ တစ်ခါတစ်လေ နှုတ်ထွက်ကြောင့် ဆိုးကျိုးဖြစ်ပေါ်နိုင်တတ်သည်ကို သူမသိ၏။

ဤလောကကြီးတွင် အကောင်းပြောလျှင် အဆိုးဖြစ်တတ်တာများရှိချေသည်။

သူမက မယုတ်မလွန်ပင် ပြောလိုက်၏။

နိုင်ငံခြားသွားတာ ပြန်မလာသေးကြောင်းပင်။

"အေးကွာ ... သူကတော့ ငွေကလေး ကြေးကလေးရှာဆောင်းချင်လို့ နိုင်ငံခြားသွားတာပဲ ... နိုင်ငံခြားသွားတိုင်း အလုပ်ဖြစ်ချင်မှ ဖြစ်မှာကွ ... ဆုချွေရ ... "

"ဟဲ့ ... ကောင်မစုတ် ... နင်က ပါးစပ်ပုတ်ကြီးနဲ့ဟာ"

"တို့လမ်းထဲက လူတွေ ရှိုးဂျော့ဆိုပြီးသွားပါတယ် ... ဝပ်ပါမစ်(WORK PERMIT)နဲ့ဆိုပြီးသွားပါတယ် ... ဟိုကျတော့ ဝက်ပါမစ်ဖြစ်သွားတယ် ... ဝက်လိုပဲ လေးဘက်ထောက်ပြန်မလာရရှာဘဲ တွေ့လို့ပါဟာ ... "

"ကိုဂျက်ကတော့ ဒီလိုဖြစ်မယ် မထင်ဘူး ... "

စိတ်ထဲမှာတော့ သူ့သူငယ်ချင်းကောင်မလေး'ကိုဂျက်ကို အထင်သေးလိုက်တာ ... တစ်နေ့ ကိုဂျက် ဘာဆိုတာကိုပြရဦးမယ် ... 'ဟု အတွေးကလေးနှင့် တေးလိုက်သည်။

သူမ၏သူငယ်ချင်းနှင့် ဟိုစကား သည်စကားပြောစဉ်တွင် လောလောလတ်လတ် သူမခံစားနေရသည်က ဂျက်စနေ

www.burmeseclassic.com

www.burmeseclassic.com



အသက်ပြန်ရှင်လာရေးနှင့် ပတ်သက်လို့ပဲ။

သူမနှုတ်ဆက်ပြီး ပြန်လာသည်။

အိမ်ရှေ့မှ ကားမောင်းအထွက်မှာ ခိုကလေးတွေ အစာစားနေတာကို တွေ့ရသည်။

အိမ်တစ်အိမ်မှ ပဲလုံးကလေးတွေ ပစ်ချကျွေးနေသည်။ သည်စဉ် ကားတစ်စီးက အပြင်းမောင်းလာသည်။

ခိုကလေးတွေက လမ်းပေါ်မှာ လန့်ဖျပ်ပြီး ပျံတက်ကုန်ကြသည်။

"ဟယ် ... "

မျက်နှာချင်းဆိုင်မှလာနေသော ကားက အရှိန်မသတ်ဘဲ ခိုတစ်ကောင်ကို တက်ကြိတ်သွားသည်။

ခိုကလေးမှာ လမ်းပေါ်တွင်ပင် ခွေခွာစဲသွားသည်။ ကားက ခိုကိုကြိတ်မိတာကို သိရှိခြင်းမရှိဘဲ သူမကားဘေးမှ ပွတ်သတ်ကျော်ဖြတ်၍ ဆန့်ကျင်ဘက်ကိုမောင်းသွားသည်။

ကြည့်ပါဦး။

အနိစ္စဆိုတဲ့ သင်္ခါရတရား။

ဘာကိုမှ ချမ်းသာမပေး။

ခိုကောင်လေးမှာ သူသေမှာကို မသိရှာ။

သေမဲ့အချိန်ကို မသိ။ဒါနဲ့ပဲ အနိစ္စသဘောကိုစွဲချော ရပါကလား။

သင်္ခါရတရားနှင့် အနိစ္စသည် အမြဲဒွန်တွဲ၍ သတ္တဝါတွေအပေါ် ဖြစ်ပျက်နေ၏။ အထီးလေးသေတာ အမလေးရင်ကွဲရှာလိမ့်မည်။



အမလေးသေတာ အထီးလေးကသိလျှင် ကြေကွဲဆို့နင့်လွမ်းမောရှာလိမ့်မည်။

သူမက စိတ်ကူးကလေးနှင့် တွေးလိုက်ပြီး အပြင်းမောင်းသောကားသမားကို အတော်ရွံမုန်းသွား၏။ ရက်စက်ဖဲ့လူပဲလို့လည်း စိတ်ထဲမှာ မှတ်ယူလိုက်သည်။

အယူတော်မင်္ဂလာကို သူမသတိရမိ၏။

"သွားပြီ... ငါကောက်ကိုဂျက်ကောက်ဆိုးတာပဲ ... ခိုကလေးသေရတဲ့ နိမိတ်ဟာ ကိုဂျက်လို ကားနဲ့သေရတာပဲ ... ငါနဲ့ကိုဂျက်နဲ့ ကွဲကိန်းပါပဲလား ... "

ဟု တွေးကာ စိတ်ထဲမသက်မသာဖြစ်မိ၏။

နိမိတ်ဆိုးကို ကြုံလိုက်ရပြီဟု တွေးလိုက်သည်။

သူမခမျာ ငိုချင်သွားရှာသည်။

ကားကို သတိနှင့် ကုက္ကိုင်းလမ်းသို့ မောင်းလာသည်။ ထိုမှ သူမ၏ နေအိမ်ရှိသော လမ်းသွယ်ကလေးတစ်ခုထဲ ချိုးဝင်လိုက်ပါတော့သည်။

ထိုလမ်းကလေးသည် တရုတ်ဘုံကျောင်းကြီးတစ်ခုနှင့် ကပ်နေသည်။ ခြံဝင်းတစ်ခုထဲကို ကားချိုးဝင်ပြီး အနည်းငယ်မောင်းလာကာ နှစ်ထပ်တိုက်အိမ်ကြီးတစ်လုံး၏ ဆင်ဝင်အောက်မှာ ရပ်လိုက်၏။

ဒက်ရှ်ဘုတ်ပေါ်က ဆယ်လူလာကို ယူလိုက်သည်။ သားရေအိတ်ကလေးထဲ ထည့်လိုက်သည်။

ပြည့်စုံသောအဆင့်အတန်းတို့ နေထိုင်ရာအိမ်ကြီး၏ ညှိခန်းက ခေတ်မီပစ္စည်းများနှင့် ခမ်းနားသပ်ရပ်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီနှင့် မာမီက စကားပြောနေသည်။

သူမက ဒက်ဒီနှင့် မာမီကို လျစ်လျူရှု၍ အနီးမှဖြတ်စဉ် မာမီက လှမ်းခေါ်သည်။

"သမီးလေး ... "

"ရှင် ... မာမီ ... "

သူမက ထူးသံနှင့်လှည့်ကြည့်သည်။ ဒက်ဒီက စီးကရက်တစ်လိပ်ကိုသောက်နေသည်။

"လာ ထိုင်ပါဦး ... သမီးရယ် ... "

သူက ဆိုဖာတစ်ခုတွင် လာထိုင်သည်။ မာမီနှင့်ဒေါ်းတိုက်ဖြစ်ပြီး ဒက်ဒီနှင့်က မျက်စောင်းထိုး။

"သမီးအသက်ဘယ်လောက်လဲ ... "

"နှစ်ဆယ့်သုံးထဲမှာ ... "

"သမီးတစ်ယောက်တည်း ... ခုလိုသွားသွားလာလာဖြစ်နေတာ မပျင်းဘူးလား ... "

ရှေ့သို့ ဆုချွေစိုက်ကြည့်နေသည်။ ယင်းမှခေါင်းကိုလှည့်၍ ...

"ဟင် ... မာမီတို့ စကားက ထူးထူးဆန်းဆန်း ... "

"သမီးကို မာမီပြောမယ် ... တစ်နေ့က စက်ာပူကိုဈေးဝယ်ထွက်တယ်ဆိုတာ အကြောင်းပြချင်လို့ပါ ... တကယ်တော့ စက်ာပူမှာရှိနေတဲ့ မောင်စိုင်းအောင်နိုင်နဲ့ သမီးကိုတွေ့ဆုံပေးချင်လို့ပဲ ... သမီးဒက်ဒီ စက်ာပူကိုသွားတော့ စီးပွားရေးလုပ်ငန်းလုပ်ပြီး ချမ်းသာနေတဲ့ မောင်စိုင်းအောင်နိုင်နဲ့တွေ့တယ် ... သမီး အခုသိတဲ့အတိုင်း သူဟာ ရိုးသားတယ်



ဖြူစင်တယ် ... မျိုးကြီးဆွေကြီးထဲကလည်းဖြစ်တယ် ... ပညာတတ်လည်းဖြစ်တယ် ... ရုပ်ရည်လည်း မဆိုးဘူး ... သမီးဒက်ဒီ မာမီတို့နဲ့လည်း စက်ာပူသွားတိုင်း ခင်မင်ရင်းနှီးနေကြတယ် ... သူက ဒက်ဒီ့လုပ်ငန်းတွေကို တစ်ဘက်က ကူကူပေးတယ် ... လူပျိုလူလွတ်ဆိုတော့ ဒက်ဒီတို့ မာမီတို့ကလည်း သဘောကျတယ် ... "

စက်ာပူမှာ တွေ့ခဲ့သောလူတစ်ယောက်အကြောင်းကို မာမီက ပေါလစ်တိုက်နေသည်။

သူမသိပါသည်။

စက်ာပူရှိ အောကစ်လမ်းမကြီးတွင်ရှိသော ကုမ္ပဏီတစ်ခုသို့ သူမတို့သားအမိနှစ်ယောက် ဝင်ခဲ့ပါသည်။ အတော်ချမ်းသာသော လူတစ်ဦးဖြစ်ပုံရသည်။

အသက်သုံးဆယ့်ကျော်လောက်ရှိသည်။

အသားဖြူဖြူ၊ ထွားထွားကျိုင်းကျိုင်းနှင့် ရှမ်းဗမာစပ်ဖြစ်သော လူတစ်ယောက်နှင့် ကြုံခဲ့၏။

စိုင်းအောင်နိုင်ဆိုသူပဲ။

မာမီကစိုင်းအောင်နိုင်၏ သမိုင်းကိုဖွင့်လှစ်နေတယ်ဆိုတော့ စီးပွားရေးသမားများပီပီ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ချင်ပုံရသည်။

"ဘာလဲ ... သမီးကို မာမီတို့က ဒီလူနဲ့ မြန်းချင်တယ်ပေါ့ မာမီ ... ဟုတ်လား ... "

စိတ်ထဲမခံချင်သလိုဖြစ်သွား၏။ မိဘဖြစ်သော်လည်း ငယ်ငယ်ကတည်းက ပွင့်ပွင့်လင်းလင်းဆက်ဆံလာခဲ့ကြသူ

www.burmeseclassic.com

www.burmeseclassic.com



တွေမို့ ခပ်ပြတ်ပြတ်ပဲ သူငယ်ချင်းမေး မေးလိုက်သည်။

"ဟုတ်တယ် သမီး ... သမီးသဘောတူတယ်မှတ်လား — သမီး ... "

ခဏမျှ ဆုရွှေငြိမ်နေသည်။ ပြီးတော့မှ ခေါင်းကို ညင်သာစွာ လှုပ်ယမ်းလိုက်သည်။

"သမီး သဘောမတူဘူး ... သူ့ကို သမီးမကြိုက်ဘူး မာမီ သမီးမယူနိုင်ဘူး ... "

လေသံက တကယ့်ကိုပြတ်သားတာပဲ။

သည်စကားကို ကြားရသည့် မာမီရော ဒက်ဒီပါ အသွင်ပြောင်းသွားကြသည်။

မာမီက မျက်နှာပျက်သွားသည်။

ဒက်ဒီ့မျက်မှာက တင်းမာသွားသည်။

ဒါပေမဲ့ ဒက်ဒီက ဝင်မပြောပါ။ သားအမိနှစ်ယောက်ကို အကဲခတ်နေသည်။

မာမီက မျက်နှာကိုပြင်၍ ပြုံးလိုက်ပါသည်။ သမီးကို ရွှန်းရွှန်းစားစားကြည့်၍ ...

"သမီးရယ် ... လောကမှာ နေနဲ့လ ... ရွှေနဲ့မြတဲ့ကွယ် ... သားသမီးကောင်းစားတာ မိဘကမြင်ချင်တာပဲ ... မောင်စိုင်းအောင်နိုင်က သမီးကိုတင့်တောင်းတင့်တယ် တစ်သက်လုံးထားနိုင်တယ် ... ပြီးတော့ သမီးနဲ့ မောင်စိုင်းအောင်နိုင် ယူကြပြီးရင် ... ဒက်ဒီက သမီးကို သူ့လုပ်ငန်းတွေအကုန်လုံး လွှဲပေးမှာပဲ ... ဒီတော့ လင်မယားနှစ်ယောက်လုံး ပိုင်ပိုင်နိုင်နိုင်နဲ့ သူ့စီးပွားရေး ... ကိုယ့်စီးပွားရေးလုပ်နိုင်ကြ



တယ် ... "

"သမီး ဒီလူကို မကြိုက်ဘူး ... သမီး ကိုဂျက်ကိုပဲယူမယ် မာမီ ... နေနဲ့လ ... ရွှေနဲ့မြဆိုတာ စကားအလှပြောနေကြတာပါ ... တကယ်တော့ ဆန့်ကျင်ဘက်တွေပဲ ... နေကပူတယ် ... လက အေးတယ် ... ဝိရောဓိတွေပါ မာမီရယ် သမီး ဒီလူယူလိုက်ရင် ပဋိပက္ခအသွင်တွေဖြစ်လာမှာပဲ ... သမီး သူ့ကိုမယူဘူး ... "

တကယ့်ကို ဆန့်ကျင်တော်လှန်တဲ့စကားတွေ။

သားသမီးများကို ငယ်ငယ်တုန်းက အလိုလိုက်လျှင်ကောင်းသည်။ ကြီးလာလျှင် အလိုမလိုက်စကောင်း။

မိဘရဲ့ တစ်ညြဲဓာတစ်အာဏာတည်ဖို့ကောင်း၏။

ဒါကို ဒက်ဒီက တွေးပြီး ဒေါကန်လာသည်။ ရုတ်ခနဲထပြီးထွက်သွားသော ဆုရွှေ၏အပြုအမူသည် ရိုင်းသည်ဟု ထင်၏။

"ဆုရွှေ ... သမီး ... နေဦး ... "

ဆုရွှေဆက်မသွားဘဲ လှည့်ကြည့်သည်။ ဒက်ဒီ့မျက်နှာမြင်တာနှင့် ဒေါကန်နေကြောင်း ရိပ်မိ၏။

"နင် ဘယ်လိုလုပ်လိုက်တာလဲ ... "

ဒက်ဒီ့မေးပုံက ရင့်သီး၏။

"သမီး ဘာလုပ်လို့လဲ ဒက်ဒီ ... "

"နင်က ... ငါတို့စီမံတာကို မကြိုက်ဘဲ တော်လှန်ပုံကန်ချင်တဲ့ လေသံတွေ ပုံစံတွေ လုပ်နေတာ ဘာသဘောလဲ"

"သမီး ဘာလုပ်လို့လဲ ... ဒက်ဒီတို့ပေးစားမဲ့လူကို မယူနိုင်ဘူးလို့ ပြောတာပဲဟာ ... "

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောပုံက မိုက်ရိုင်းတယ် ... "

"ဒါ သမီးပွင့်ပွင့်လင်းလင်းပဲပြောတာပဲလေ ... "

"နင့်စကားထဲမှာ ကိုဂျက်ကိုမှ ယူမယ်ဆိုတာ ဘာစကား လဲ ... ဒါ မိဘကို ဆန့်ကျင်တော်လှန်တဲ့စကားပဲ ... "

"ဒက်ဒီတို့ စိတ်ကြိုက်မစီမံရအောင် ... သမီး အခုကတည်း က အပြတ်ပြောလိုက်တာပါ ... မိဘမှာ မိဘအခွင့်အရေးရှိ သလို ... သားသမီးမှာလည်း သားသမီးအခွင့်အရေးရှိတယ် ဒက်ဒီ ... "

"ဟေ့ ... ဒါဟာ အမေရိကန်နိုင်ငံမဟုတ်ဘူး ... မြန်မာပဲ မြန်မာ ... မြန်မာနိုင်ငံမှာ သားသမီးတွေဟာ မိဘစကား ကို နားထောင်ရမယ် ... ဒါ မိရိုးဖလာယဉ်ကျေးမှုနဲ့ ကျင့်စဉ် ပဲ ... အမေရိကားလို မှားယွင်းနေတဲ့ လူမှုအခွင့်အရေးစရိုက် တွေလာပြောမနေနဲ့ ... မိဘဟာ မိဘပဲ ... မိဘစကားကို သားသမီးပယ်ရှားထုံးစံမရှိဘူးဟ ... "

"ဒါဆို ... ဒက်ဒီနဲ့ မာမီက သမီးကိုမွေးပြီး လူမှန်းသိစအရွယ် ကတည်းက ဘာလို့ ဖေဖေ ... မေမေမခေါ်ခိုင်းဘဲ ဒက်ဒီ နဲ့ မာမီလို့ ခေါ်ခိုင်းရတာလဲ ... သားသမီးနဲ့ မိဘကြားဆက် ဆံရာမှာ ... ဘာလို့ပွင့်ပွင့်လင်းလင်းနဲ့ သူငယ်ချင်းလိုဆက် ဆံခဲ့သလဲ ... သားသမီးကို ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ဘာ သာရေးမှာ ကိုင်းညွှတ်အောင် ဘာလို့မသင်ပေးခဲ့သလဲ ... ဘာလို့ အလိုလိုက်ခဲ့သလဲ ... ရိုက်ဆုံးမစရာရှိတဲ့နေရာမှာ ဘာလို့မရိုက်ဘဲ သမီးလေးမှန်တယ် သမီးလေးမှန်တယ်ဆို ပြီး ... လွှတ်ထားသလဲ ... ဒါတွေဟာ သမီးတို့လူငယ်တွေ



မှာ အကျင့်ပါသွားပြီ ... ဒက်ဒီပြောတဲ့ အမေရိကားက လူ မှုအခွင့်အရေးမျိုးပဲ သမီးတို့ပြောမိမှာပေါ့ ... "

"တယ် ... ငါ ... "

အသံတုန်တုန်ကလေးနှင့် ဆုချွေကပြောလေတော့ ...နန္ဒာမိုးက ဒေါသနှင့် ဝုန်းခနဲထလိုက်သည်။

"အို ... ကိုမိုး ... "

ပထမဦးစွာ ဦးနန္ဒာမိုးကို ထဆွဲလိုက်သူက မာမီ ...သည်။

ဆုချွေတောင် လန့်သွားသည်။ ဒါပေမဲ့ ဒက်ဒီတို့က ...ကို ချုပ်ချယ်နေသည်ဟူသော အတွေးနှင့် ခံပြင်းစိတ်ကလေးဖြစ် ...သာ၏။

ငါမှန်တာပဲ။

တစ်ယူသန်အတွေးကလေးက သူမတွင် စွဲကပ်လာ ...၏

ဒက်ဒီက သူမနားကိုရောက်လာသည်။

"မိဆုချွေ ... နင်ပြောတာ ငါရင်နာတယ် ... နင့်မှာအသိ ဉာဏ်ရှိမယ်ဆိုပြီး အဲဒီအတိုင်းထားခဲ့တာ ... ခုတော့ နင်က မိဘမေတ္တာကို စော်ကားတယ်ပေါ့လေ ... "

"သမီးက ဒက်ဒီတို့ကို ဘာစော်ကားလို့လဲလို့ ... အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်းပြောတာ ... သမီး ကို စိုင်းအောင်နိုင်ကို လက်မထပ်နိုင်ဘူး ဒက်ဒီ ... ကိုဂျက်က သမီးဘဝမှာ အမြတ်ဆုံးအဖော်မွန်ပဲ ... "

"အေး ... ဒါပေမဲ့ နင့်အကောင်ကသေပြီမဟုတ်လား ...

www.burmeseclassic.com

www.burmeseclassic.com



သေပြီးတဲ့မသာကို နင်ကယူချင်သေးလား ... ”

တော်တော်အံ့အားသင့်သွားသည်။ ဆုချွေအံ့အားထို သင့်သွားသည်။ ကိုဂျက်သေခဲ့တာ ဒက်ဒီတို့သိမယ်တောင် မထင်

ယခုတော့ ဒက်ဒီက သိနေပါလား။

ကြောင်ပြီးကိုကြည့်နေသည်။ ဒက်ဒီက စိတ်ဆိုးမာန် ဆိုးနှင့် ဆက်ပြောလိုက်ပုံက ...

“မိဆုချွေ ... နင်က နင့်အကောင်ကို ပြန်ရှင်လာမယ်ထင် သလား ... နင့်အကောင်သေပြီဟာ သေပြီပဲ ... ဒါလောက် ချစ်မနေနဲ့ ကြိုက်မနေနဲ့ ... နားလည်လား ... ”

“ကိုမိုး ... ကိုဂျက်သေပြီလား ... ”

“သေပြီပေါ့ မာမီကြီးရယ် ... သူ့မော်တော်ဆိုင်ကယ်ကို ကားနဲ့ဝင်ကျုံးတာလေ ... ကားသမားလည်း အဖမ်းခံထား ရတာ ခုထိတောင် မလွတ်သေးဘူး ... မာမီကြီးတို့ စကော့ ပူသွားတုန်းဖြစ်တာ ... ”

“အို ... ”

မာမီမှာ အံ့သြသွား၏။ နည်းနည်းစိတ်မကောင်းဖြစ် ပုံလည်း ပေါ်သွားသည်။

“ဒါကို ဒီဟာမက ဆေးရုံသွားကြည့်တယ်လေ ... ခုပဲ ပြန် လာတာ ... သေတဲ့လူနောက်လိုက်မလားမသိဘူး ... ”

“ဟုတ်တယ် ဒက်ဒီ ... သေတဲ့လူနောက် သမီးလိုက်မယ် သမီး ကိုဂျက်ကိုပဲချစ်တယ် ... တခြားလူကို မယူနိုင်ဘူး”

“အေး ... နင်ပါလိုက်သေ ... သေ ... ”

ဒက်ဒီ၏အော်ပြောလိုက်သံ။



“သေမယ် ... ”

“သေချင်ရင် ... ကဲဟာ ... ”

ဖြန်းခနဲ ဘုန်းခနဲအသံ ... ။

ဒက်ဒီမှာ စိတ်မထိန်းနိုင်တော့။

သူ့ညာလက်ဝါးနှင့် ဆုချွေပါးကလေးကိုတစ်ချက် ရိုက်ပြီ ခေါင်းကိုတစ်ချက်တီးမိသည်။

“အို ... ကိုမိုး ရှင်ဘယ်လိုလုပ်လိုက်တာလဲ ... ”

စူးစူးဝါးဝါးအော်သံကလေးနှင့်အတူ မာမီက သူမ ယောက်ျား၏ လက်ကိုထပြီး ဖမ်းဆွဲသည်။

ဦးနန္ဒာမိုးထပ်မရိုက်ပါ။

သူလွန်သွားပြီကိုတော့ သိသည်။

ဆုချွေ၏ ပါးပြင်တွင် မျက်ရည်ပေါက်များ စီးလိမ့် ကျဆင်းသွားသည်။

“ဒက်ဒီ ... တစ်သက်လုံးသမီးကို တစ်ခါမှ မရိုက်ဖူးဘူး ... အခု ရိုက်တယ်ပေါ့ ... ”

ငိုသံကလေးနှင့် ပြောသည်။ ပြီးတော့ အူးခနဲတစ် ချက်စူးစူးဝါးဝါးအော်ငိုလိုက်သည်။ ထို့သည်နောက် အသံပြန်တိတ် သွားသည်။ သူမ၏ခေါင်းက ဆံပင်တွေကိုဖွပြီး ငိုကြီးချက်မနှင့် အိမ် အပေါ်ထက်သို့တက်သောလှေကားအတိုင်း ပြေးတက်သွားသည်။

သူမ၏အိပ်ခန်းထဲဝင်ကာ ခုတင်ပေါ်တွင် လှူးလိမ့် ငိုကြွေးသည်။

“ဒက်ဒီရယ် ... သမီးကိုတစ်ခါမှ မရိုက်ဖူးဘူး ... သမီးကို လင်ပေးစားချင်တာနဲ့ပဲ ရိုက်တာလား ဒက်ဒီရယ် ... ဟင်

www.burmeseclassic.com

www.burmeseclassic.com



ဒီမကောင်းဘူး ... ဒက်ဒီမကောင်းဘူး ... ဒက်ဒီက သမီး ဒက်ဒီမဟုတ်ဘူး ... "

ကလေးလေး လိုပဲ နှုတ်မှတတွတ်တွတ်ပြောသည်။ ဖက်ပိုးနှင့် ပါးရင်းက စပ်ဖျဉ်းဖျဉ်းနာဆဲ။

အောက်ထပ်မှာတော့။

"ကိုမိုး ... ရှင်လွန်သွားပြီ ... သမီးကလေးကို ဒီလိုတော့ မလုပ်ပါနဲ့ရှင်ရယ် ... "

"မာမီကြီး မိဘက သားသမီးကို ရိုက်တာမလွန်ဘူးကွ ... သားသမီးက မိဘကိုခံပြောတာသာ လွန်တာ ... မိဘကျေးဇူးကိုသိကြဖို့ ကောင်းတယ် ... ခုဟာက စိုင်းအောင်နိုင်ကို မယူချင်ဘူးဆိုရင် ... ကိုမိုးလက်ခံပါတယ်ကွာ ... ဒါပေမဲ့ ဒီဘာမဟုတ်တဲ့အနုတ်စုတ်ဂုတ်စုတ်ဝဲစားနှီးတုတ်ဂျက်စနေ ဆိုတဲ့ကောင်မှ ယူမယ်ပြောတော့ ... မာမီကြီး မင်းစဉ်းစား ကြည့်စမ်းပါကွာ ... စိတ်ထဲ ဘယ်လောက်အထိကလိကလိ ဖြစ်သလဲ ... မိဘကို သားသမီးက ပုန်ကန်တယ်လို့ ထင်တာပေါ့ ... "

"ခုခေတ်လူငယ်တွေဟာ ... မိဘတွေက အလိုလိုက်ထား တာခံထားရပြီး ကြီးလာရင် အုပ်ချုပ်လို့ မရချင်ဘူး ... သူတို့ စိတ်နဲ့ သူတို့ကိုယ်လေ ... ခေတ်ကိုကလည်း လူငယ်ခေတ် ကိုပြောင်းလာပြီ မဟုတ်လား ... သူတို့က ငယ်စဉ်သာ မိဘကို မိဘမှန်းသိကြတာ ... ကြီးလာရင် မိဘဟာ သူတို့ အတွက် အသုံးမဝင်တော့ဘူးထင်နေကြတာ ... ခေတ်ကို က လူငယ်တွေခေတ်က ကမ္ဘာအရပ်ရပ်မှာ ဖြစ်ခဲ့ပြီကိုး"



"တခြားနိုင်ငံမှာဖြစ်ချင်ဖြစ် — ငါတို့နိုင်ငံမှာတော့ မဖြစ် သင့်ပါဘူး မာမီကြီးရယ် ... တို့နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံပါ ဘာသာရေးထဲမှာ မိဘကိုဦးစားပေးတာပါတာ ... မိဘကို ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားတာပါတယ်လေ — မိဆုရွှေ မိဆုရွှေ ... သမီးလေးတစ်ယောက်မို့ တော်လောအောက် မေ့မိပါတယ် ... ကော့ကော့ကန်စကားတွေပြောတော့ ကိုမိုးလည်း လက်ပါမိတာပေါ့ ... ကိုမိုး ရိုက်မိတော့လည်း စိတ်မကောင်းပါဘူး ... "

ဦးနန္ဒာမိုးအသံမှာ နည်းနည်းငိုသံပါနေ၏

ရိုက်မိသော သူ့ညာလက်ကိုကြည့်ပြီး ထိုလက်ကို ဖြတ်ပစ်ချင်စိတ်ပင် ပေါက်လာသည်။

တစ်သက်လုံးမရိုက်မိခဲ့တဲ့ သမီးကို ယခုပဲရိုက်မိတာ ဘယ်သူ့ကြောင့်ပါလိမ့်။ အဓိကတရားခံကတော့ ကိုဂျက်ဆိုတဲ့ ကောင်။ ငါ့ငွေသိန်းနှစ်ဆယ်ကို ကလိန်လည်း ကျသွားသေးရဲ့ ငါ့ သမီးကိုလည်း ယူချင်တဲ့ ခွေးကောင် ... နင်တော့လား။

စိတ်ပေါက်ပေါက်နှင့် အနီးရှိ ရုပ်မြင်သံကြားစက်ကြီး ကို သူ့လက်သီးနှင့် ဂွမ်းခနဲ ထိုးခွဲလိုက်တော့၏။

"အို ... ကိုမိုး ... အမယ်လေး ... "

မာမီကြီးဒေါ်သင်းသင်းလှိုင်၏ ကြောက်လန့်တကြား အော်သံက အောက်ထပ်တွင် ဆူညံသွားသည်။

ရုပ်မြင်သံကြား၏ ဖန်သားပြင်မှာ ကွဲကြေပြီး ဦးနန္ဒာ မိုးလက်ကို ရှကာသွေးတွေ တသွင်သွင်စီးကျနေသည်။

သွေးတွေလူးနေသော သူ့ညာလက်ကိုကြည့်၍ ဦး

www.burmeseclassic.com

www.burmeseclassic.com



နန္ဒာမိုးက ကျေနပ်စွာ ရေရွတ်လိုက်သည်။

"ငါ့သမီးလေးကို ရိုက်မိတဲ့ ငါ့လက်ကို ငါပြန်ဆုံးမလိုက်ပြီ မာမီကြီး ... ငါကျေနပ်ပါတယ်ကွာ ... "

အိမ်အောက်ထပ်မှ အဖြစ်အပျက်ကို အပေါ်ထပ်ရှိ အိပ်ခန်းထဲမှ ဆုရွှေမသိပါ။

သူမဝမ်းနည်းစွာ ရှိုက်ငင်နေဆဲမှာ သားရေအိတ်ကလေးထဲမှ ဖုန်းခေါ်သံကို ကြားမိသလိုလိုရှိသည်။

ပထမတော့ ဂရုမစိုက်ပါ။

ထပ်ခါ ထပ်ခါမြည်လာတော့ ရှိုက်ငင်ရင်း ဖွင့်ထားသော ဆယ်လူလာကို ဆွဲယူနားထောင်လိုက်သည်။ ရှိုက်ငင်မှုကို မြိုသိပ်၍ အသံတိမ်ကလေးနှင့် ...

"ဟဲလို ... "

"မဆုရွှေလား ... "

"ဟုတ်ပါတယ်ရှင် ... "

"ကျုပ် ဒေါက်တာသိန်းထိုက်လူပါ ... "

"ဩော် ... ဟုတ်ကဲ့ ပြောပါ ... "

"ကိုဂျက်တစ်ယောက် သေရွာက ပြန်လာပြီ ... ခုပဲ သူ သတိပြန်ရနေပြီ ... မဆုရွှေ ... "

"ရှင် ... "

◈◈◈



ဇာတ်လမ်းစဉ်(၁၄)

ဂျက်စနေ သေပြီးမှ ပြန်ရှင်လာတာကတော့ အတော်ကို ဂယက်ရိုက်သွားသည်။

ဆေးရုံရှိ ဆရာဝန်တွေ၊ သူနာပြုတွေ၊ လူနာတွေ။ ဝန်ထမ်းတွေမှာ အံ့ဩလို့ မဆုံးတော့။

သည်ကိစ္စအတွက် ဆေးရုံအုပ်ကြီးက ဂျက်စနေကို စမ်းသပ်သည်။

နှလုံးက ပြန်ခုန်ပြီး သွေးသွားသွေးလာသွေးခုန်နှုန်းတွေက ပြန်မြန်လာသည်။

စကားသံသဲ့သဲ့ ပြောနိုင်ရုံမျှအပ အားလုံးနဂိုမူလ ပုံမှန်ပဲဖြစ်သည်။

သူတို့အရေးပေါ် အစည်းအဝေးထိုင်ကြ၏။ အဲသည်မှာ ဒေါက်တာသိန်းထိုက်လူက တင်ပြ၏။

အနောက်နိုင်ငံဆေးပညာရှင်အချို့၏ နှလုံးရပ်သော်လည်း ဦးနှောက်၏ အလုပ်လုပ်မှုမရပ်သေးလျှင် လူမသေနိုင်၊ နှလုံး

www.burmeseclassic.com

www.burmeseclassic.com



ရော ဦးနှောက်ပိုင်းဆိုင်ရာရပ်မှသာ လူကသေဆုံးသွားသည်ဟူသော အဖြစ်ကို လက်ခံကြောင်းတင်ပြခဲ့သည်။

လူသည် နှလုံးသွေးရပ်ပေမဲ့ ဦးနှောက်ပိုင်းဆိုင်ရာတွေက အလုပ်လုပ်ချင် လုပ်နေမည်။ သည်တော့ သေသွားခြင်းမရှိဘဲ မြောနေခြင်းဖြစ်နိုင်သည်ဟုလည်း ဆို၏။

မြန်မာတို့၏ အယူအဆတွင် သေသူအတွက် ဆွေမျိုးသားချင်းများ စုံလင်စွာရောက်ရှိဖို့အတွက် အလောင်းကို သုံးရက်တာမျှ ထားခြင်းသည် မှန်ကန်သောနည်းလမ်းဖြစ်နိုင်ကြောင်းလည်း ဆို၏။

ယခု ဂျက်စနေကိုသေဆုံးပြီဆိုသည်နှင့် ရေခဲတိုက်ထဲသို့ ပို့ပြီး သင်္ဂြိုဟ်လိုက်မည်ဆိုပါက မသေသင့်ဘဲ သေသွားနိုင်သည့် အခြေရှိကြောင်း၊ ဒါကြောင့် နောင်တွင် ဆရာဝန်များက သေသူကို စမ်းသပ်မည်ဆိုက သေဆုံးမှုကို အသေအချာစမ်းသပ်မှုလိုကြောင်း တင်ပြ၏။

သူ့စကားကို တချို့က တုံ့ဆိုဘာဝေလုပ်နေကြ၏။ တစ်ဦးတစ်ယောက်က ထောက်ခံကြောင်း ခေါင်းညိတ်၏။

တချို့က ခေါင်းယမ်းကြသည်။

ဒါဆို ဂျက်စနေ ဘာကြောင့် အသက်ပြန်ရှင်လာသလဲ။

တော်တော်ကလေးဆုံးဖြတ်ရ မလွယ်သည့်ကိစ္စဖြစ်၏။ ဆေးရုံအုပ်ဆရာဝန်ကြီးကလည်း သည်ကိစ္စမှာခေတ္တရပ်ဆိုင်းသင့်ပြီး ဂျက်စနေကို သတိရနေပြီဖြစ်သော ဂျက်စနေကို စမ်းသပ်ကြည့်ရှုကြသည်။ မေးကြမြန်းကြ၏။



ဂျက်စနေမှာ အားဆေးတွေ သွင်းထားသည်။

အနည်းငယ်သာ ဆရာဝန်ကြီးက လက်ထောက်ဆရာဝန်အချို့ကို မေးမြန်းစေသည်။

ဆရာဝန်တွေထွက်ခွာသွားပြီးနောက် ဂျက်စနေမှာ ပြန်လည်အိပ်ပျော်သွားသည်။

သူ့ဆီသို့ ဆုချွေရောက်လာသည်။ ဖုန်းမှ အကြောင်းကြားမှုရလျှင်ရခြင်း သူမလာခဲ့ခြင်းဖြစ်သည်။

ငိုနေသော သူမမှာ တက်ကြွရွှင်လန်းသော အမူအရာနှင့် အိမ်မှထွက်သွားခဲ့တာကို မိဘနှစ်ပါးမြင်သောအခါ အံ့ဩထိတ်လန့်သွားကြသည်။

ဘယ်သူ့ကိုမှ သူမ စကားမပြောခဲ့ပါ။

သူမ ဖခင်တွင် လက်မှာသွေးစက်လက်ဖြစ်နေသည်ကိုလည်း သူမ မသိခဲ့ပါ။

"ဒီကောင်မလေးတော့ ရူးပြီ ... "

ဦးနန္ဒာမိုးက ကားစက်သံနှင့်အတူ သူမထွက်ခွာသွားတာကို သိတော့ ရေရွတ်မိ၏။ ဒါကိုကြားတော့ မာမီကြီးက

"ရှင်ပဲ ... မရူးအောင် ဂရုစိုက်ပါ ကိုမိုးရယ် ... "

"ငါ့လူတွေ သူ့နောက်ကိုလိုက်ဖို့ လွှတ်ထားတာ ... ဒီတစ်ခါတော့ မလိုက်နိုင်ကြတော့ဘူး ထင်ပါရဲ့ ... သူ့အိမ်က ဆင်းသွားတာလားဟင် ... မာမီကြီး ... "

"သမီးကလေးက မိဘရင်ခွင်ကို စုံကန်မဲ့လူတော့ မဟုတ်ပါဘူး ... ဒါပေမဲ့ သူဘာလုပ်တယ်ဆိုတာ ကျွန်မတော့ မသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး ဒက်ဒီကြီး ... အိမ်ကဆင်းရင် အဝတ်အစားသေတ္တာတော့ ပါသွားရမှာပေါ့ ... ရှင်က စိုးရိမ်သလား ... ”

“ဒါကတော့ မိဘမေတ္တာပဲ ... စိုးရိမ်တာပေါ့ကွာ ... ”

“ရှင့်ကိုယ်ရှင်ပဲ စိုးရိမ် ... လက်ကဒဏ်ရာကို ဂရုစိုက်ဦး၊ ဒေါက်တာဦးကြည်စိုးမောင်ကို ကျွန်မဖုန်းဆက်ခေါ်လိုက်မယ် ... ”

“မင်းသဘောပဲ မာမီကြီးရယ် ... ”

ဒေါက်တာသိန်းထိုက်လူကဆုရွှေဆီဖုန်းဆက်သော်လည်း ဝမ်းသာအားရနှင့် သွားမိသော ဆုရွှေမှာ လူမမာကိုဝင်တွေ့ခွင့် မရပေ။

ညဦးခုနစ်နာရီမှ စောင့်နေမိသော သူမမှာ ရှစ်နာရီတိုင်အောင် တွေ့ခွင့်မရခဲ့ပါ။

သူမသည် စိတ်မောလူမောနှင့် ပြန်လာရ၏။

မပြန်မီ ဒေါက်တာသိန်းထိုက်လူကိုပါ တွေ့ခွင့်ရဖို့ ကြိုးစား၏။ သို့သော်လည်း ဂျက်စနေနှင့်ပတ်သက်၍လည်းကောင်း အခြားသော လူနာများနှင့်လည်းကောင်း အလုပ်များနေသော ဒေါက်တာသိန်းထိုက်လူကို တွေ့ခွင့်မရခဲ့။

သူမအိမ်ပြန်ရောက်သောအခါ မာမီက သမီးနှင့် စကားပြောဖို့ အားထုတ်သည်။

မိဘနှစ်ပါးကို စိတ်ကောက်နေသော သူမသည် ဘယ်သူ့ကိုမှ စကားပြောချင်စိတ်မရှိ၊ ထမင်းစားချင်စိတ်လည်း မရှိသဖြင့် သူမ၏အိပ်ခန်းထဲမှာ တံခါးပိတ်ဝင်လှဲနေခဲ့သည်။



မာမီလား ဒက်ဒီလားမသိ။

အိပ်ခန်းတံခါးကို လာခေါက်သေးသည်။ သူမက မထူးပါ။ ထိုသည်နောက် ဒေါက်တာသိန်းထိုက်လူအား ၄င်း၏ဖုန်းနံပါတ်မတောင်းခဲ့မိသည့်အတွက် သူမကိုယ် သူမကြိတ်၍ အပြစ်တင်မိ၏။

အခန်းထဲတွင် မီးအလင်းရောင်က နှစ်ပေချောင်းမီးအလင်းရောင်သာ ရှိ၏။

သူမက ခုတင်ပေါ်မှထ၍ မှန်တင်ခုံသို့ လျှောက်သွား၏။ မှန်ထဲတွင် နွမ်းလျကြေကွဲနေသော သူမကိုယ်ကို သူမမြင်နေရသည်။

သူမသည် အင်မတန်သနားစရာကောင်းသော၊ မိဘမဲ့တစ်ကောင်ကြွက်လေးတစ်ယောက်ဟု မှန်ထဲမှ သူမကိုကြည့်ရင်းထင်နေမိ၏။

ဒက်ဒီရိုက်ခဲ့သော ပါးကလေးနှင့် ဖက်ပိုးလေးကို ကြည့်၏။

ပါးနုနုကလေးမှာ လက်ဝါးရာတောင် မထင်ပါ။

ဒက်ဒီစိတ်ရှိလက်ရှိတော့ ရိုက်ခိုက်ခြင်းမဟုတ်ပါ။

ဒေါသထွက်လို့ ရိုက်လိုက်ခြင်းသာဖြစ်မည်။

ကြည့်ပါဦး။

တစ်သက်လုံး လက်ဖျားနဲ့တောင် မတို့ခဲ့တဲ့သမီးကလေးကို ခုတော့ရိုက်တယ်။

ဒါဟာ ဒက်ဒီ ငါ့ကိုမချစ်လို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲ မရှိသောအတွေးနှင့် နှလုံးသားထဲကျဉ်သွားပြီး မျက်ဝန်းမှ မျက်ရည်တွေစီးကျလာပြန်သည်။

အို ... ငါလည်း ငါပဲ။

ဒက်ဒီနဲ့မာမီကိုမောက်မောက်မာမာပြောမိတာကိုး။ မာမီဆို မိမိကိုမှားနေတာတောင် ဘယ်တုန်းကမှအပြစ်မပြော။ မသိကျိုးကျွံဆောင်နေခဲ့တာပဲဟာ။

ဒက်ဒီဆို ငါဝယ်သမျှ ဝယ်ပေးခဲ့တာပဲ။

ကားကုမ္ပဏီက ကားကတ်သလောက်ကို မိမိကြည့်ခဲ့တုန်းက အင်ဒိုနီးရှားလုပ် တိုယိုတာနယူးအယ်(လ်)တစ် ကားလှလှကလေးကို သဘောကျပြီး ဒက်ဒီ့ကို လိုချင်ကြောင်း ပူဆာတုန်းက ဒက်ဒီ ဘယ်မှာငြင်းလို့လဲ။

ကားပါမစ်တွေ ဒါလောက်ရှားပါးနေတဲ့အချိန်မှာ ဒက်ဒီက သူ့အဆက်အသွယ်နှင့် သူရှာပြီး ဒီကားကိုမိမိစီးခွင့်ရအောင် တင်သွင်းပေးခဲ့တာပဲ။

မြန်မာငွေနှင့်ဆိုတန်ဖိုးငွေသိန်းတစ်ထောင်လောက်တောင်ရှိတာပဲ။

ဒါကြောင့် ဒီကားကို မိမိစီးခွင့်ရနေတာပေါ့။

မိမိကို ကားပေးတုန်းက ဒက်ဒီဘယ်လောက်ပျော်ခဲ့လဲ။ မိမိက ထိုကားနှင့် တောင်ကြီးတို့၊ အင်းလေးတို့၊ မန္တလေးတို့တောင် သွားခဲ့သေးတယ်။

တခြားမိဘဆို ဒါလောက်တန်ဖိုးကြီးကြီးကားနှင့် နယ်ထွက်လို့ နှမြောစိတ်နဲ့ တားမြစ်ခဲ့မှာပေါ့။



သည်တုန်းက ဒက်ဒီရော မာမီရော မတားခဲ့ကြ။

သမီးစိတ်ကြိုက်စီး၊ သမီးစိတ်ကြိုက်သွား၊ တစ်ကားပျက်ရင် တစ်ကားပြန်ဝယ်ပေးခဲ့မယ်တဲ့။

ဒါလောက်တောင် အလိုလိုက်ကောင်းခဲ့တဲ့မိဘကို မိမိက ကိုဂျက်ကိုယူမယ်လို့ မာမာထန်ထန်ရှုံ့ပြောခဲ့တာ ဘယ်သူ့အမှားလဲ။

မိမိ အမှားပါပဲ။

ငါကလည်း ငါပါပဲလေ။

သူမအမှားကိုလည်း သူမသိလာသည်။

ဒက်ဒီနှင့် မာမီအပေါ် စိတ်ဆိုးစိတ်ကောက်ပြေပျောက်လာပါသည်။

သို့သော် စိုင်းအောင်နိုင်နှင့် ပေးစားမည်ဆိုတာကိုတော့ ဆုချွေက လုံးဝသဘောမကျနိုင်။

ဘာပဲဖြစ်ဖြစ် ကိုဂျက်ကိုပဲ မရအရလက်ထပ်ဖို့ ဆုံးဖြတ်သည်။

ကိုဂျက် အခု ပြန်အသက်ရှင်လာပြီပဲ။

ဆုချွေသည် သက်ပြင်းကလေးချလိုက်သည်။အိပ်ရာထက်သွား လဲလျောင်းလိုက်၏။

ရာသီဥတုက ပူလောင်လှချေပြီ။

သူမက အိပ်ခန်းထဲမှ အဲယားကွန်းကိုဖွင့်လိုက်၏။ ပြီးတော့ တီဗွီစက်ကိုသွားဖွင့်လိုက်သည်။

တီဗွီမှာ ရှပ်(SHARP)အမျိုးအစား တီဗွီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းအကျယ် နှစ်ဆယ့်တစ်လက်မရှိ၏။

ခုတင်ပေါ်မှပင် အဝေးထိန်းခလုပ်နှင့် စလောင်းဂြိုဟ်တုမော်တာစက်ကို လှည့်သည်။ သူမအဖို့ သည်ညမအိပ်နိုင်မချင်း ဂြိုဟ်တုစလောင်းလွှင့်ချက်တွေကိုပဲ ကြည့်တော့မည်။

သူမက အာရ်စီတီအိုင်ကို ဖမ်းသည်။ အာရ်စီတီအိုင်မှာ အင်ဒိုနီးရှားမှ ပြသော ဂြိုဟ်တုစလောင်းပြကွက်များဖြစ်၏။ စိတ်ဝင်စားဖွယ်ရာ သီချင်းတွေ၊ ဇာတ်လမ်းတွေလာတတ်၏။

ဘီဘီစီကိုတော့ သူမ မကြိုက်ပါ။

သတင်းတွေ များလွန်းသည်။ မြန်မာ့အသံနှင့်တူသည်။ ဖျော်ဖြေမှုနည်းပြီး ပညာပေးတွေ၊ သတင်းတွေများလွန်းလို့ ဘီဘီစီတို့၊ မြန်မာ့အသံရုပ်မြင်သံကြားတို့ဆိုလျှင် ဆုချွေစိတ်ပဝင်စားပါ။

စလောင်းကြည့်လိုက်တော့ ဖြစ်ပျက်သမျှတွေကို မေ့ပျောက်သလိုဖြစ်သွားသည်။

စလောင်းမှ အင်ဒိုနီးရှားစတိတ်ရှိုးတွေကြည့်နေမိ၏။ သူတို့ အင်ဒိုနီးရှားကချေသည်အဆိုတော်များသည် သီချင်းဆိုကောင်းသလောက် သူမတို့၏ ဘောင်းဘီရှည်ထဲမှ ဖင်တွေကို အသားပေးလှုပ်ခါလွန်းအားကြီးသည်။

တင်သားတင်ဆိုင်တွေလှုပ်ခါတာ အနုပညာအနေနှင့် ကြည့်လို့ကောင်းသော်လည်း မြန်မာမျက်စိတွင် ရိုင်းသည်ဟု ထင်၏။

ခန္ဓာကိုယ်နွမ်းလျှမှုဒဏ်၊ စိတ်နွမ်းလျှမှုဒဏ်ကြောင့်



ကြည့်ရင်းကြည့်ရင်း မျက်တောင်စင်းလာ၏။

ခဏအကြာတွင် စလောင်းဖွင့်လျက်တန်းလန်းကြီးနှင့် အိပ်ပျော်သွားပါတော့သည်။

စလောင်းပြကွက်တွေက ပြဆဲ ... ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစဉ်(၁၅)

ဂျက်စနေ သုံးလေးရက်လောက်မှာ အားပြည့်[illegible]
၏။

သူ့ဒဏ်ရာတွေမှာ ပေါင်မှဒဏ်ရာမှလွဲလျှင် ကျန်ဒ[illegible]
ရာတွေက ချုပ်လိုက်လာသည်။

ပေါင်မှာတော့ အရိုးကိုထိခိုက်သွားရာ ပထမပေ[illegible]
ကိုဖြတ်ပစ်ရမလိုဖြစ်နေ၏။

ဒါပေမဲ့ အတွင်းကချဉ်ဆီကို မထိခိုက်အောင် အ[illegible]
ကိုခွဲပြီး အထဲမှာရှိသော သွေးညစ်တွေကို ထုတ်ပစ်ရမည်။ အဲဒ[illegible]
မလုပ်လျှင် ရိုးတွင်းချဉ်ဆီလိုက်ကာ ချဉ်ဆီပုပ်၍ ပေါင်ကိုဖြတ်[illegible]
မည်ဖြစ်ကြောင်း ဒေါက်တာသိန်းထိုက်လူက ဂျက်စနေကို ပြော[illegible]
၏။

ဂျက်စနေသည် ဒေါက်တာသိန်းထိုက်လူကို တွေ့[illegible]
သော် ဝမ်းသာသည်။ မမျှော်လင့်သော တွေ့ရခြင်းဆိုရပေမည်။



"အစ်ကိုရာ ... ကျွန်တော် အစ်ကို့ကို နယ်မှာတာဝန်သွားထမ်းတယ်လို့ ထင်နေတယ် ... ကျွန်တော် အဗရက် (ABROAD)က ပြန်လာတော့ အစ်ကို့ကို စုံစမ်းကြည့်တာ နယ်မှာလိုလို ... "

"ညီလေးရ ... ကိုဂျက်ရ ... ကိုယ်က ဆေးပညာအတွက် စက်ာပူနဲ့ မလေးရှားကိုသွားမယ်လုပ်ပြီးမှ ယူကေကို ထွက်သွားတာ ... ဟိုက အက်(ဖ်)အာရ်စီအက်(စ်)ကိုယူပြီး ပြန်လာတာ ... နယ်သွားတဲ့ သိန်းထိုက်လူက နာမည်တူပါ ဟိုက ပြန်လာလာချင်း ဒီကိုတန်းဝင်လာတာပဲ ... ညီလေးကိုအလောင်းအဖြစ်နဲ့တွေ့တာတကယ်ဆပရိုက်(SUPRISE) ဖြစ်သွားတယ် ... ဟုတ်မှ ဟုတ်ရဲ့လားလို့ ... "

"မသေကောင်း မပျောက်ကောင်း အစ်ကိုရာ ... ကျွန်တော် သုံးရက်တောင် မြောနေတယ်နော် ... "

"ဟုတ်တယ် ကိုဂျက် ... ညီလေးသုံးရက်တောင် မြောနေတာ ... အားလုံးကတော့ သေနေပြီလို့ပဲ တွက်ကြတယ် ဒါ့ထက် မေ့မြောနေတုန်း ညီလေးဘယ်တွေလျှောက်သွားသလဲ ... "

ရယ်ရယ်မောမောနှင့်ပင် ဒေါက်တာသိန်းထိုက်လူ[illegible]ာ မေးသည်။

ဂျက်စနေကို သည်တစ်ခါတော့ သီးသန့်ခန်းမှာ[illegible]ထားဘဲ ခွဲစိတ်ကုလူနာဆောင်တွင် ထားသည်။ ဂျက်စနေက စဉ်း[illegible]စားလိုက်ပြီးမှ ...

"ကျွန်တော် ငရဲပြည်လည်း ရောက်ခဲ့တယ် ... ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာလည်း လျှောက်လည်ခဲ့တယ် ... ရေဝေးလည်း ခြေချမိခဲ့တယ် ... "

"ဟား ... စုံလို့ပါလား ... ညီလေးဝိညာဉ်က လျှောက်သွားနေတာလား ... ပြောစမ်းပါဦး ... "

"ကျွန်တော် ပြောတာ ... အစ်ကိုတို့ ဆေးပညာရှင်တွေက လက်ခံချင်မှ လက်ခံမယ် ... ကျွန်တော် ငရဲပြည်ကိုရောက်သွားပြီး ငရဲမင်း အစ်ကိုသိပါတယ်နော် ... ငရဲမင်း ... ကင်းအော့(ဖ်)ဟဲလ်(KING OF HELL)လေ ... သူနဲ့ ကျွန်တော် ဖိုက်ကြတယ် ... ငရဲသားတွေနဲ့လည်း ဖိုက်ကြတယ် ... နောက်ဆုံးတော့ သူကိုယ်တိုင်က လက်လန့်တယ်ပြောပြီး လူ့ပြည်ကို ပြန်လွှတ်လိုက်တာ အဖ်ကိုရ ... "

သည်သောအခါ ရယ်နေသော ဒေါက်တာသိန်းထိုက်လူက မျက်နှာတည်သွားသည်။

"ဘာဖြစ်တယ် ... ခင်ဗျား ငရဲသားတွေနဲ့ ဖိုက်တယ် ... ငရဲပြည်ကိုရောက်ခဲ့ပုံလေး ပြောစမ်းပါဦး ... "

ဂျက်စနေက သူ့ဝိညာဉ်အတွေ့အကြုံတွေကို ပြောပြ၏။ အခန်းထဲတွင် သူတို့နှစ်ယောက်ပဲရှိ၏။

ဂျက်စနေက ခုတင်ပေါ်မှာ ... ။

ဒေါက်တာသိန်းထိုက်လူက မတ်တပ် ...

ဂျက်စနေ၏ခုတင်နှင့် ပူးဉ်နေသော ဘယ်ညာဘေးနှစ်ဘက်မှ လူနာတွေကလည်း နားထောင်နေကြ၏။

တစ်ယောက်က မဲ့ပြုံးပြုံးသည်။ တစ်ယောက်က ခေါင်းကိုမသိမသာယမ်းသည်။ နှစ်ယောက်သုံးယောက်ကတော့



ဇာကယ်စိတ်ဝင်စားဟန် တကယ်ယုံကြည်ဟန်နှင့် ခေါင်းကိုညိတ်သည်။

ဂျက်စနေကတော့ ယုံကြည်တာ၊ မယုံကြည်တာကို အပထား သူပြောနေချိန်မှာ တွေ့ကြုံခဲ့ရသည့် ငရဲခန်းကလေးကို ပြောပြသည်အဆုံးထိ ဒေါက်တာသိန်းထိုက်လူက နားထောင်ခဲ့သည်။

"ဘယ်လိုလဲ အစ်ကို... ကျွန်တော့်အဖြစ်ကလေးဟာ မဆန်းသလား ... "

သူက ဒေါက်တာသိန်းထိုက်လူကို အကဲခတ်မေး၏။

"အင်း ... ဒါမျိုးတွေဟာ စာတွေထဲမှာ ဖတ်ဖူးပါတယ် ... သေရွာပြန်တွေရဲ့ ငရဲပြည်မှာရောက်ရှိသွားပုံကလေးတွေ ခံစားပုံကလေးတွေပေါ့ ... ဒါပေမဲ့ တွေ့ကြုံချက်တွေက ကွဲပြားနေတယ် ... ငရဲပြည်ဆိုတာ အင်မတန်နက်ရှိုင်း ... အုံ့ဆိုင်းဖွယ်ရာကောင်းမှာပဲလို့ ထင်တာပဲ ... တချို့တွေ့ကြုံချက်တွေမှာ လူ့ပြည်မှာရှိတဲ့ အရာဝတ္ထုတွေကိုပဲ ပြန်သင်မြင်နေတော့ တွေးဆစရာဖြစ်နေတယ် ... ဥပမာ ဆိတ်တို့ ခွေးနက်ကြီးတို့ ... ဓား ... လှံတွေ မီးတွေ ... ငရဲသားတွေက ချိုကားကားကြီးတွေနဲ့ဆိုတော့ ဒါတွေဟာ လူ့ပြည်က ပစ္စည်းတွေပဲ ... ဒါတွေကို စွဲမက်သွားတာတွေလည်း ဖြစ်နိုင်တယ် ... ခင်ဗျားကျတော့ ပုံစံတစ်မျိုးဖြစ်ပြန်ရော ... ကိုဂျက် ... "

"ဒေါက်တာပြောတာ ဖြစ်နိုင်တယ် ... "

လူငယ်တစ်ယောက်က ဝင်ပြော၏။ သူက အရိုက်

www.burmeseclassic.com

www.burmeseclassic.com



ခံရလို့ လက်ကျိုးလာခဲ့သူ။

"ကျွန်တော့်စိတ်ထင်မှာတော့ ငရဲရှိတယ် မရှိတယ်ဆိုတာကို မငြင်းပါဘူး ... ဘာသာရေးအရတော့ လက်ခံပါတယ် ဒါပေမဲ့ ဆေးပညာနဲ့ သိပ္ပံပညာနဲ့ တွက်ချက်မယ်ဆိုရင်တော့ လူဟာသေသွားတဲ့အခါ နှလုံးလည်းရပ် ... ဦးနှောက်လည်း ရပ်သွားရင်တော့ သေဆုံးပြီပေါ့ ... ဒါပေမဲ့ နှလုံးရပ်ပြီး ဦးနှောက်ရဲ့လုပ်ဆောင်ချက်တွေက မရပ်တဲ့အခါ သူဟာ သေဆုံးချင်မှ သေဆုံးမယ် ... ကျွန်တော်တို့ မြန်မာအယူအဆနဲ့တော့ မြောနေမယ် ... အဲဒီမှာ သူ့ဦးနှောက်က အလုပ်လုပ်နေတော့ လူ့ပြည်မှာ ဖြစ်ပျက်ခဲ့တာတွေ ... ငရဲကို သူကြောက်လန့်ခဲ့တာ ... စိတ်ဝင်စားတာမျိုးကို စွဲငြိပြီး ဦးနှောက်ပိုင်းဆိုင်ရာမှာ ရုပ်ရှင်ပြကွက်တွေလို ပြချင်ပြမယ် နှိုင်းယှဉ်ရရင် အိပ်မက်မက်သလိုပေါ့ ... မြောနေတော့ စိတ်ကအလုပ်မလုပ်ဘူးလေ ... ဒီတော့ အာရုံထဲက ဓာတ်ပုံရိုက်သလို ထင်မြင်တာတွေက ဦးနှောက်မှာဓာတ်ပုံရိုက်သလိုဖြစ်နေတော့ မြောနေချိန်မှာ လှုပ်ရှားနေတာပဲ ... ဒါ ကျွန်တော့်အယူအဆနော် ... ဘယ်သူ့အယူအဆမှ မဟုတ်ဘူး ... "

ဂျက်စနေ၏ သဘောကိုလက်ခံသည်လည်းမပြောပါ။ လက်မခံဟုလည်း ဒေါက်တာသိန်းထိုက်လူက မပြောခဲ့ပါ။

လူမှာကိုယ့်အယူအဆ၊ ကိုယ့်အတွေး၊ ကိုယ့်သဘောနှင့် ရှိနေကြစမြဲ။

နောင်တွင် ဂျက်စနေ ကျန်းမာလာသောအခါ



ဘယ်သူ့ကိုမှ မပြောခဲ့ပါ။ ဆုချွေကိုတောင် မပြောခဲ့။

ဆုချွေက ဂျက်စနေကို ဒုတိယမြောက်နေ့မှ တွေ့ခွင့်ရ၏။

ဆုချွေကို ဂျက်စနေတွေ့သောအခါ အားရှိသွား၏။ ဦးခေါင်းမှအပ မျက်နှာမှာ ဖွမ်းကာဖုံးလာစတာ၊ လက်တွေမှာ ပတ်တီး၊ နံရိုးဘက်မှာ ပတ်တီး၊ ပေါင်နှင့် ခြေထောက်တွေမှာ ပတ်တီး။

ချစ်သူ၏အဖြစ်ကိုမြင်တော့ ဆုချွေမျက်ရည်သွယ်သွယ်ကျရသည်။

"မောင်ရယ် ... ဘယ်လိုဖြစ်ရတာလဲ ... "

"ကြမ္မာရဟတ် တစ်ပတ်လည်တယ်ဆိုသလိုပေါ့ ... အချစ်ရယ် ... ဝဋ်ရှိလို့ ခံရတာပဲ အောက်မေ့လိုက်တော့ ... "

ပြုံးပြုံးရယ်ရယ်ပဲ အသံသဲ့သဲ့ကလေးနှင့် ငနဲက ပြန်ပြောသည်။

သူကြည့်ရတာ မှုပုံတော့မပေါ်။

ဒေါက်တာသိန်းထိုက်လူမှာ လူနာ၏ တာဝန်ကို ယူထားရသူဖြစ်၏။ ဂျက်စနေ၏ ကွယ်ရာတွင် ဒေါက်တာသိန်းထိုက်လူကို ဆုချွေက တီးတိုးမေးကြည့်သည်။

ဂျက်စနေ၏ ညှပ်ရိုးတွေ ပြန်ဆက်ဖွယ်ရှိသော်လည်း ကျိုးပေါင်းတက်သွားလိမ့်မည်။

ပခုံးနှစ်ဘက် နိမ့်ကျသွားမည်။

ဘယ်ဘက်က နံရိုးအတိုနှစ်ချောင်းမှာ ခွဲစိတ်ပြုပြင်ရမည်ဖြစ်သည်။ ကျောက်ကပ်နှင့် အဆုတ်ကို ထိုနံရိုးနှစ်ချောင်းက မထိုးမိသည်မှာ ကံကောင်းကြောင်း။

www.burmeseclassic.com



ကျောက်ကပ်ကိုအစားထိုးလဲလှယ်ရန်အတွက် စစ်ဆေးသောအခါ ကျောက်ကပ်မှာ အကောင်းပကတိရှိသည်မှာ ကံကောင်းထောက်မကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်ဆောင်း ဦးထုပ်ကို ဆောင်းထားခြင်းကြောင့် ခေါင်းတွင်သေလောက်သော ဒဏ်ရာမရခဲ့ကြောင်း၊ ဒါကပင် ကံကောင်းဘောက်မကြောင်း။

ပေါင်နှင့် တင်ပါးကြားတွင် အရိုးဆက်ကျိုးသွားတာမို့ ခွဲစိတ်ပြီး စတီးချောင်းထည့်ရမည်ဖြစ်ကြောင်း ပြောပြ၏။

ပေါင်မှာ ဘယ်ဘက်ပေါင်ဖြစ်သည်။

ဆုရွှေ သက်ပြင်းချသည်။ ထိုကုန်ကျစရိတ်တွေမှာ စုစုပေါင်းလျှင် ဆယ်သိန်းလောက်ရှိမည်။

ထိုဆယ်သိန်းကို ဂျက်စနေတတ်နိုင်သည်ထားဦးတော့ သူ့စီးပွားရေးလုပ်ငန်းအတွက်တော့ ထိခိုက်ပေလိမ့်မည်။

သူ့ ဘဝအတွက် တိုးတက်မှုရှာရန် ကိုဂျက်က သူ့တွင်ရှိသော ငွေအင်အားကလေးနှင့် ကြိုးစားနေခိုက်မှာ ဤဒဏ်ရာတွေကို သူ့ချွေးနည်းစာထဲမှ ထုတ်နှုတ်သုံးစွဲလိုက်လျှင် ကိုဂျက်အားလျော့ရှာတော့မည်။

မိမိနှင့် ရည်ရွယ်ထားသော ဘဝလမ်းကြောင်းသည် နှောင့်နှေးကြန့်ကြာသွားဖွယ်ရာရှိသည်။

မိမိအတွက် ဒက်ဒီပေးထားသော မုန့်ဖိုးငွေများထဲမှ ဒက်ဒီတို့မသိအောင် ငွေစုဘဏ်မှာစုထားတာ သိန်းနှစ်ရာလောက်ရှိမည်။

ကိုဂျက်မသိအောင် ထိုငွေကို ထုတ်သုံးမှဖြစ်မည်။



ယင်းအတွက် ကိုဂျက်သိလျှင် လက်ခံမည်တော့ မဟုတ်။

လက်ခံခံ၊ မခံခံ သည့်အခြေတွင် မိမိဝင်ရောက်ပတ်သက်မှဖြစ်ချိမ့်မည်။ သည်အတွက် ဒေါက်တာသိန်းထိုက်လူနှင့် တိုးတိုးတိတ်တိတ်တိုင်ပင်ရသည်။

ဒေါက်တာသိန်းထိုက်လူက သူတို့နှစ်ယောက်၏ အခြေအနေကို နားလည်သဘောပေါက်သည်။

ငွေကြေးနှင့် ပတ်သက်လို့ ရှင်းစရာရှိလျှင် နှစ်သိန်းလောက်ပဲ ကုန်ကျသည်ဟုပြောပါလို့ ဒေါက်တာသိန်းထိုက်လူကို မှာထားရသည်။

ခွဲစိတ်မည့်ဆရာဝန်မှာ ဒေါက်တာသိန်းထိုက်လူနှင့် ခွဲစိတ်အထူးဆရာဝန်ဖြစ်သော သူ့မိတ်ဆွေဖြစ်သည်။

ဆုရွှေက ဂျက်စနေကို တခြားလူများနှင့် ရောနှောမထားလိုသဖြင့် ပိုက်ဆံခန်းသို့ ပြောင်းရွှေ့ပေးခိုင်းသည်။

အဲသည်မှာ အေးအေးလူလူ သူမတို့နှစ်ယောက် စကားပြောနိုင်သည်။

ရုပ်မြင်သံကြားစက်နှင့် ရေခဲသေတ္တာလည်း ထားပေးထားသည်။ သီးသန့်ခန်းမို့ အိမ်သာရော၊ ရေချိုးခန်းပါ တွဲပေးထားသည်။ ထိုကုန်ကျစရိတ်ကို ဂျက်စနေမသိအောင် ဆုရွှေကပင် ဆေးရုံဆင်းသည်အထိ တာဝန်ယူလိုက်၏။

ငွေသည် လောကတွင် အနန္တောအနန္တငါးပါးမှလွဲလျှင် ကိုးကွယ်ထိုက်သော အရာဟု ဆုရွှေသတ်မှတ်ယူရမလိုဖြစ်နေ၏။

လူနာတစ်ယောက်အသက်ရှင်ရေးသည် ရှင်ခဲ့ထက် နာစဉ်မှာငွေက ပိုအရေးကြီး၏။ မသေသင့်သောလူသည်လျှင် ငွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



စက်ပြီး အသက်ကိုဝယ်ယူရသလိုဖြစ်နေ၏။ လူနာအတွက် ဆေးဝါး အသုံးအဆောင်၊ နေ့တာဝန်ကျ ဆရာမ၊ ညတာဝန်ကျဆရာမများပါ လိုအပ်သမျှ ရှာဖွေထားပေးရ၏။

ယုတ်စွအဆုံး တံမြက်စည်းလှဲသည့် လူကအစ ပိုက်ဆံပေးရသည်။

ပိုက်ဆံခန်းတွင်နေတာကတော့ ငွေကြေးတတ်နိုင်လျှင် စိတ်ချမ်းသာပါသည်။

ချစ်ရသူ ကိုဂျက်တစ်ယောက် စိတ်ချမ်းသာရပေမပေါ့။

ဆုချွေက သူချစ်သူအတွက် လုံးပန်းနေခြင်းကို ဒက်ဒီနှင့် မာမီတို့ကို အသိမပေးပါ။

ဒက်ဒီနှင့် မာမီအား ကိုဂျက်နှင့်မပတ်သက်စေချင်တော့။

လူတစ်ယောက်၏ အရည်အသွေးကိုမကြည့်ဘဲ ထိုလူ၏တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်နေမှု၊ ထိုလူ၏ငွေကြေးအင်အားနချို့တဲ့မှုတို့ကိုကြည့်ပြီး ဒက်ဒီနှင့် မာမီက ကိုဂျက်ကို အထင်သေးနေကြသည်ကိုတော့ ဆုချွေက မခံချင်ပါ။

"ကိုဂျက်ကို မေးရဦးမယ် ... ကိုဂျက်ရဲ့ မော်တော်ဆိုင်ကယ်ပေါ်မှာ တင်ခေါ်လာတဲ့ မိန်းမက သူ့နာမည်တောင် ပြောမသွားဘူးလား ... "

"မပြောဘူး ... "

တစ်ရက်တွင် အခန်းထဲမှာ နှစ်ယောက်တည်းရှိခိုက် ဆုချွေက ကုလားထိုင်တွင်ထိုင်၍ ခုတင်ထက်ရှိ ကိုဂျက်ကိုမေးသည်။



"ဆရာဝန်တွေရဲ့ လူနာမှတ်ပုံတင်စာရင်းစာအုပ်ထဲကြည့်တော့ ... ဒီမိန်းမနာမည်က မသီရိတဲ့ ... ပွင့်လစ်မှာနေတယ်ဆိုပြီး သူ့လိပ်စာဖြေထားတယ် ... ဒါပေမဲ့ သွားရှာတော့ လိပ်စာ တလွဲဖြစ်နေတယ် ကိုဂျက် ... ပြီးတော့ ဆေးရုံက ခွင့်ပြုချက်မပေးဘဲ ဆင်းသွားတယ် ... "

"သူ့အပြစ် သူသိတယ်လေ ... "

"သိန်းနှစ်ဆယ်ကိစ္စနဲ့ ပတ်သက်နေသလား ... "

"အဲဒီသိန်းနှစ်ဆယ်ကိုပဲ ကိုဂျက်စဉ်းစားနေတာ ... ဆုချွေ အဘိုးကြီး ဘာပြောသေးလဲ ... "

"ကိုဂျက် ဆိုင်ကယ် ကားတိုက်ခံရပြီး ဆေးရုံတက်နေတော့ ဘာပြောသေးလဲ ... "

"ဘာမှမပြောဘူး ... ဒါပေမဲ့ ဒက်ဒီ့စိတ်ကို သိတယ် ... ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် အစွန်းအထင်းခံတာ မဟုတ်ဘူး ... တစ်နေ့နေ့တော့ အနာရှာမှာပဲ ... "

"ရှာလေ ... ကိုဂျက်မှမယူတာ ... အန်ကယ့်(လ်)ကို ကိုယ်စိတ်မဆိုးပါဘူး ... ဒါပေမဲ့ ကိုယ့်အပေါ်အထင်တာတော့ ဝမ်းနည်းတယ်လေ ... စိတ်မကောင်းဘူး ... နှစ်အတော်ကြာ သူ့မျက်လုံးအောက်မှာ ကိုယ့်ကိုထိတွေ့နေတာပဲ ..."

"သူ့သမီးနဲ့ ပတ်သက်တယ်လေ ... "

ဆုချွေသည် ကိုဂျက်အားစက်ဘုရှိ စိုင်းအောင်နိုင်နှင့် ဒက်ဒီတို့က မိမိကို သဘောတူမှု၊ ဒက်ဒီက မိမိကို ရိုက်ခဲ့တာကို မပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဂျက်စိတ်မချမ်းမသာဖြစ်သွားမှာ စိုးသည်။

"ဆုရွှေ ... အခုလို ကိုဂျက်ဆီလာတာ အန်ကယ်(လ်)တို့ အန်တီတို့ သိသလား ... "

"ဒက်ဒီက အလုပ်များနေတယ် ... မာမီက ပိုကာဆွဲနေတာ ကလွဲပြီး ဘာကိုမှ အာရုံမထားဘူး ... ဒီတော့ ဆုရွှေ ကိုဂျက်ဆီကိုလာနိုင်တာပေါ့ ... "

ကိုဂျက်က နှစ်နှစ်ခြိုက်ခြိုက်ကလေး ပြုံးလိုက်၏။

"ဩော် ... ဒါ့ထက် ကိုယ့်ကိုတိုက်တဲ့ ကားဒရိုင်ဘာရဲ့ မိန်းမနဲ့ ကလေး ... သူ့အမေရယ် ... မနက်က လာတယ် ... စားစရာတွေလည်း ယူလာတယ် ... သူ့ယောကျ်ားကို အမှုမလုပ်ဖို့ လာတောင်းပန်တယ် ... သူတို့ကြည့်ရတာ ဆင်းရဲရှာပါတယ် ... ကိုဂျက်က သနားလို့ အမှုမလုပ်ချင်ပါဘူး ဒါက မတော်တဆပဲ ... သူရော ကိုယ်ရော နှစ်ဦးအမှားပဲ"

"နေပါဦးလေ ... ခဏနေပါဦး ကိုဂျက်ရယ် ... အမှုကို ချက်ချင်းမနုတ်လိုက်နဲ့ ... ပေါ့သွားမယ် ... သူတို့ ဥပဒေကို လေးစားအောင် ခဏတော့ ထားလိုက်ပါ ... အာမခံနဲ့ သူတို့ရုံးမှာ ဆွဲယူမှာပါ ... ကိုဂျက်က အမှုကိုနုတ်တောင် နိုင်ငံတော်က ယာဉ်ဥပဒေမရှိသေမှုနဲ့ အပြစ်ဒဏ် ချမှတ်ကောင်း ချမှတ်ဦးမှာ ... စေတနာကို မလောနဲ့ ... "

ဒါကတော့ ဆုရွှေ၏အတွေ့အကြုံအရ ပြောနေခြင်းဖြစ်၏။

ဆုရွှေ၏ ဆွေမျိုးတစ်ယောက်ကားတိုက်ခံရသည်။ တိုက်သူကို ဖမ်းသည်။ အတိုက်ခံရသူကို တိုက်သူယာဉ်မောင်းနှင့်



မိသားစုက လာရောက်တောင်းပန်ကြသည်။

အတိုက်ခံရသူက သနားလို့ကြေအေးလိုက်မှရာ တိုက်သူယာဉ်မောင်းရော၊ သူ့မိသားစုပါ အတိုက်ခံရသူဆေးရုံတက်နေစဉ်မှာ ပေါ်တောင်မလာတော့။

လျော်ကြေးဆိုတာဝေးလို့ ဆေးဖိုးဝါးခတောင် လာမပေး။

အဲသည်ကတည်းက ဆုရွှေက သိမှတ်ထားပြီး ယခုလို ပြန်ပြောနေခြင်းဖြစ်၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစဉ်(၁၆)

"အမှန်ပဲလား ... "

"အမှန်ပါပဲ ဆရာ ... ဆေးရုံမှာ ကျွန်တော်အသိဖွဲ့ထားတဲ့ လူက ပြန်ပြောတယ် ... "

"အေး ... ဒါဆိုလည်း ပြီးရော ... သူ ဆေးရုံကနေ ဘယ်ကို သွားသေးသလဲ ... "

"ငွေစုဘဏ်ကို ဆရာ ... "

"ငွေစုဘဏ်ကို ဘာသွားလုပ်တာလဲ ... "

"ကျွန်တော် မယောင်မလည်နဲ့ လိုက်ကြည့်တော့ ငွေထုတ်နေတာကို တွေ့ရတယ် ... "

"အေး ... အေး ... ကောင်းပြီ ... ဆုချေကို ငါ့အိမ်လာတာ ကလွဲပြီး အဆက်မပြတ်စေနဲ့ ... မင်းတို့ကို ကားငှားပေးထားတာ အလကားမဟုတ်ဘူး ... လက်ကိုင်ဖုန်းလည်း မပျောက်စေနဲ့ ... "

"စိတ်ချပါ ဆရာ ... "



ကုမ္ပဏီရုံးခန်းထဲတွင် ဦးနန္ဒာမိုးတစ်ယောက်တည်း ရှိရာ ဖုန်းပြောပြီးသည်နှင့် ထရက်ဒယ်(လ်)ထဲကို ဖုန်းခွက်ပြန်ချလိုက်၏။

သူသည် အလိုမကျသလို ခဏတော့ မျက်မှောင်ကုတ်တွေးနေသည်။

ပြီးတော့ သူက ဖုန်းကိုပြန်ကောက်ကိုင်လိုက်၏။

ငွေစုဘဏ်တစ်ခုမှ သူ့မိတ်ဆွေ ဦးစံသိန်းဆိုသူကို ခေါ်လိုက်သည်။

ဦးစံသိန်းမှာ ခင်မင်စရာကောင်းသောလူတစ်ယောက်ဖြစ်ပြီး တစ်ချိန်က ကွယ်လွန်ခဲ့သော ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ ရှုမဝချစ်စိန်နှင့် ရုပ်ချင်းခပ်ဆင်ဆင်တူသဖြင့် သူ့အား ရှုမဝချစ်စိန်ဟု ခင်မင်သူတွေက နောက်နောက်ပြောင်ပြောင်ခေါ်ခဲ့ကြ၏။

ဦးစံသိန်းမှာ လုပ်ငန်းတာဝန်ကျေပွန်ပြီး ဖင်ပေါ့သည်။ သွက်လက်သည်။ သူတစ်ထူးကို ကူညီတတ်သော စိတ်စေတနာရှိသူဖြစ်၏။

သူက ဖုန်းထဲတွင် ဦးစံသိန်းအား စကားပြောချင်ကြောင်း ပြောလိုက်သည်။

ဘဏ်ဝန်ထမ်းဖြစ်သော ဦးစံသိန်းနှင့် မကြာမီ အဆက်အသွယ်ရလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော်စံသိန်းပါ ... "

"အား ... ဦးစံသိန်းလား ... ဒီမှာ ဦးစံသိန်း ... ကျုပ် ဦးနန္ဒာမိုးပါ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဆရာ ... ဆရာက မဆက်စဖူး ဖုန်းတွေဘာတွေ ဆက်လို့ပဲ ... ပြောပါ ဆရာ ... "

"ကျွန်တော် ခင်ဗျားအကူအညီလိုလို့ပါ ... "

"ပြောပါ ဆရာ ... ဘာအကူအညီလဲ ... "

"ဒီလိုဗျာ ... ကျွန်တော့်သမီးလေး တစ်ယောက် ... ခင်ဗျားတို့ဘဏ်မှာ ငွေစုထားသလားလို့ သိချင်လို့ပါ ... နာမည်က သော်တာဆုရွှေတဲ့ လိပ်စာက ... "

သူက သူ့သမီးအမည်နှင့် လိပ်စာကိုပြောလိုက်၏။

"အဲဒါ သူငွေစုထားမထား သိချင်လို့ပါ ... ပြီးတော့ သူ ဘယ်လောက်စုထားသလဲ ... ဒါလည်းသိချင်တယ် ... "

"ငွေစုသူ အမည်ကိုရှာပေးလို့ရပါတယ် ... ဒါပေမဲ့ သူဘယ်လောက်စုထားတယ် ... ထုတ်တယ်သွင်းတယ်ဆိုတာတော့ ကျွန်တော်တို့ ဘဏ်စည်းကမ်းအရ ပြောပိုင်ခွင့်မရှိပါဘူး ... ဆရာ ... "

"ကဲ ... ကိုချစ်စိန် ခင်ဗျားတတ်နိုင်သလောက် ကူညီပါ ဘယ်တော့ သိရမလဲ ... "

"တစ်နာရီလောက်တော့ စောင့်ပါ ဆရာ ... ဆရာ့ဖုန်းနံပါတ်လည်း ကျွန်တော့်ကို ကွန်တက်ရဖို့ ပြောလိုက်ပါဦး ... "

သူတစ်ထူးအား ကြီးငယ်မရွေးကူညီတတ်သလို အထက်ရော၊အောက်ပါပေါင်းသင်းတတ်သည့် ဦးစံသိန်းအား ဦးနန္ဒာမိုးက ဖုန်းနံပါတ်ကို ပြောပြလိုက်၏။

ဦးနန္ဒာမိုး ဖုန်းဆက်ချိန်မှာ (၁)နာရီ ဆယ်မိနစ်။

ဦးစံသိန်းကား တိကျသူဟု ဆိုရမည်။



နှစ်နာရီဆယ်မိနစ်တွင် သူ့ဆီမှ ဖုန်းပြန်လာသည်။ ဗွန်ခဲ့သော သုံးနှစ်မှစ၍ သော်တာဆုရွှေအမည်ရှိ မိန်းကလေးတစ်ဦး ငွေစုဘဏ်တွင် ပါဝင်စုဆောင်းထားကြောင်းပဲပြောပြီး တခြားဘာမှမပြောတော့ပါ။

ဦးနန္ဒာမိုးက ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်းပြောလိုက်ပါသည်။

ဦးနန္ဒာမိုးက သမီးကလေး ငွေစုတာကိုတော့ သဘောကျပါသည်။ ဒါပေမဲ့ စုထားသည့်ငွေတွေထဲက ပြန်ထုတ်သုံးသည်ကိုတော့ သဘောမကျ။

သူလွှတ်ထားသော အတွင်းသူလျှိုတွေဆီမှ သတင်းရသလောက်နှင့် စပ်လျဉ်း၍ တွေးရမည်ဆိုလျှင် ထိုငွေများသည် ဆေးရုံတက်နေသောဂျက်စနေနှင့် ပတ်သက်၍ ကုန်သောငွေဖြစ်မည်ဟု ယုံကြည်ထား၏။

ဂျက်စနေကို ငွေလိမ်သော ကလိန်ချူဟု စွပ်စွဲထားရာ သူ့သမီးနှင့် သဘောတူရမည့်အရေးကို တွန့်နေ၏။

သမီးကလေးကို ရိုက်မိတာဟာ ဒါပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်ဖြစ်ပါစေတော့ဟု ယူဆတွေးထင်ထားခဲ့ရာ သော်တာဆုရွှေက သူ့ချစ်သူနှင့် ထင်ရာလုပ်နေခြင်းကို ဘယ်လိုကန့်ကွက်တားမြစ်ရမည်ကို မတွေးတတ်အောင်ပါပဲ။

မာမီကြီးနှင့် တိုင်ပင်မည်ပြုသော်လည်း မာမီကြီးက အမြဲပဲ ဖဲချပြီး တိုင်ပင်မရအောင်ရှိနေသည်။

သေချင်ပါတယ်။

ညနေ ကုမ္ပဏီပိတ်ချိန်မတိုင်မီ သူက နိုင်ငံခြားသို့

ပစ္စည်းတင်သွင်းရေးနှင့် ပတ်သက်ပြီး ဆိပ်ကမ်းသို့ခဏသွား၏။

ပစ္စည်းတင်သွင်းမှုကို တာဝန်ယူသော ကြီးကြပ်ရေး မှူးနှင့် ညှိနှိုင်းကာ ကုန်ပစ္စည်းစာရင်းကို ကိုက်ကြည့်၏။

တင်ပို့မှုမှာ အသားတင်ထက် ပိုမိုထွက်ရှိရေး ဖြစ်သည်။

သမီးလုပ်ပုံကြောင့် အလုပ်လုပ်ရာမှာ စိတ်မပါ ပြီးမှဝင်ဒါမီယာရှိ အိမ်တစ်အိမ်သို့သွားသည်။ ထိုအိမ် တွင် မာမီကြီးကို ဝင်ခေါ်သည်။

မာမီကြီးမှာ သည်ကနေ့အရှုံးပေါ်နေသည်လား မသိ။ ကားနှင့် လိုက်လာရာတွင် စကားတောင် သိပ်မပြော မျက်နှာက မှုန်သိုးသိုးဖြစ်ကာ ဦးနန္ဒာမိုးအား ကားကိုအရမ်းမောင်း ရသလားဟု ကြဲဖန်အပြစ်တင်နေသည်။

မာမီကြီးစကားနည်းပြီး မိမိကိုအပြစ်ရှာကြဲဆိုလျှင် တော့ ဖဲရှုံးလာပြီကို သိသည်။

ဦးနန္ဒာမိုးသည် မာမီကြီးအား နှုတ်လှန်ပြောခြင်း မပြု။ အဘွားကြီးအပြစ်ပြောလျှင် ...

"အေးပါကွာ ... ကိုမိုး လောသွားလို့ပါ ... "

ဟုပဲ ပြန်ပြောတတ်သည်။

ဦးနန္ဒာမိုးတွင် ကောင်းသောအချက်များရှိပါသည်။ မိန်းမနှင့် ပွေပွေရှုပ်ရှုပ်မရှိ။

သူ့တွင် လှပသော အတွင်းရေးမှူးမလေးတွေ မထားတာဘဲကြည့်။

အဘွားကြီးကို ကြောက်လို့မဟုတ်။



မိန်းမဝါသနာ ကိုယ်တွင်းနာရောဂါစွဲကပ်မှုမရှိသော ကြောင့်ပဲ ဖြစ်သည်။

အရက်ကို တစ်ခါတစ်ရံအပေါင်းအသင်းနှင့် စီးပွား ရေးအတွက် သောက်တာကလွဲပြီး အရက်ကိုမက်မက်မောမောမရှိ။

အဘွားကြီးကိုကြောက်လို့မဟုတ်။

အရက်ကို ဖျော်ရည်တစ်ခွက် အချိုရည်အအေးတစ် ခွက်လောက်တောင် မက်မောတွယ်မှုမရှိ။ မကြိုက်။

လောင်းကစားမှုတွင် မငြိတွယ်။

အဘွားကြီးကို ကြောက်လို့မဟုတ်။

အဘွားကြီးကသာ လောင်းကစားတွင် ခုံမင်စေကာ ဦးနန္ဒာမိုးက ပိုက်ဆံကို နှမြောတတ်သည်။ ထို့အပြင် လောင်း ကစားတွင် အကျိုးပေးလိမ့်မည်မဟုတ်သည်ကိုလည်း သူသိသည်။

သူ့အလုပ်ကိုပဲ သူလုပ်တတ်သည်။

အပေါင်းအသင်းဆိုလျှင် တန်းတူရည်တူနှင့် သူ့ထက် မြင့်သောသူများနှင့် ပေါင်းတတ်၏။

စီးပွားရေးကောင်းသမားတစ်ယောက်ဖြစ်လိုလျှင် လက်ညှိုးညွှန်ရာ ရေဖြစ်တတ်သောလူမျိုးလူစားနှင့် ပေါင်းလျှင် မိုးအကျိုးစီးပွားဖြစ်ထွန်းတတ်သည်ကို သိသည်။

အထက်နှင့်ပေါင်းလျှင် မိမိကနည်းနည်းပေး၊ သူတို့ ဆီက အခွင့်အရေးများများယူ။

အခက်အခဲမှန်သရွေ့ ကျားလာလျှင် အမဲသားကျွေး ဆင်လာလျှင် ကြံကျွေးတတ်သူမို့ သူ့အတွက် အောင်မြင်မှုညီး နှင်နှင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒာ၏ဉာဉ်မှာ မိမိအတွက် အကျိုးတရားလုပ်ေ
နိုင်သူကို ပိုပေါင်းခြင်းဖြစ်သည်။ ပြီးတော့ စီးပွားရေးသမားပီပီ မိ
စီးပွားရေးကလွဲလို့ ဘာကိုမှ သံယောဇဉ်မထား။

လူမှုရေးကိုတော့ စီးပွားရေးရှုထောင့်မှ ကြည့်တ
၏။ ဒါကြောင့် မိမိလူတွေ ဒုက္ခတွေ့နေပြီဆိုလျှင် သူက ငွေရေးကြေ
ရေးနှင့်ကူညီပြီး ထိုကူညီချက်သဘောတွေ တစ်ဖက်လူကိုသိအောင်
ထင်ရှားအောင် ပြတတ်၏။

ဒါကြောင့် လုပ်ငန်းခွင်တွင် သူ့ကိုတော်လှန်မည့်သူ
မရှိ။

စီးပွားရေးသမားချင်း ဖက်ပြိုင်လာလျှင်လည်း သူ
အသာတိမ်းရှောင်ကာ 'ဒေါက်ဖြုတ်'တတ်သော ဝါသနာရှိ၏။

သူကြည့်မရသူဆိုလျှင်လည်း 'ဒေါက်ဖြုတ်'တတ်၏
ဒေါက်ဖြုတ်လို့ ပိသူတွေ ကွဲသူတွေမနည်းတော့။

ဒါကြောင့် စီးပွားရေးပေါက်ကောင်တွင် သူတစ်ဦး
တည်း'ရှူပါ'ဖြစ်နေတတ်သည်။

သူ့မကောင်းသည့်အကျင့်မှာ သူ့အောက်ရှိလူတွေ
အထင်အမြင်သေးတတ်ခြင်းပါပဲ။

ဂျက်စနေသည် ထိုလူ့တန်းစားတွင် ပါဝင်၏။

"မာမီကြီး ... မင်းကိုပြောရဦးမယ် ... မင်း သမီးငွေစုထား
တာ သိသလား ... "

"ဟုတ်လား ... ကျွန်မတော့ မသိဘူး ... ကိုမိုးဘယ်လိုလု
သိသလဲ ... "

"နန္ဒာမိုးမှာ မြင်နိုင်တဲ့ ရုပ်မြင်သံကြားစက်တွေ ... သိန်



တဲ့ အီးမေး(လ်)တွေအများကြီးပါပဲကွာ ... ဆုချေက ငွေစု
ဘဏ်မှာ ငွေတွေ စုထားပြီးတော့ ထုတ်လုက်သွင်းလိုက်
လုပ်နေတတ်လို့ အင်ဖော်မေးရှင်း(Information)လာသကွ...
ဒါဘာတွေလုပ်နေတာလဲ ... "

"ကျွန်မလည်း ဘယ်သိတော့မလဲ ... "

"မင်းသိတာ ဂဏာန်းအရေအတွက်နဲ့ ကိုကာပဲ မဟုတ်လား
မင်း သမီးကို ... ကြည့်ထိန်းဦး ... "

ကားကို ရွှေတိဂုံဘုရားလမ်းအတိုင်း မသွားတော့
ဘဲ ဦးထောင်ဘိုလမ်းအတိုင်း ဆင်းလာသည်။

"သူ့စိတ်သဘောနဲ့သူဆိုတော့ ... ဘယ်လိုလုပ်ရမလဲ ...
ခုအရွယ်မှ သိပ်တင်းကျပ်ပြန်ရင်လည်း အိမ်ကထွက်သွားရင်
ဘယ့်နှယ့်လုပ်မလဲ ... ကိုမိုးရယ် ... "

"ငါ့စိတ်ထင် ... ဟိုကာလိန်ကောင်ကိုဂျက်ကို သူထောက်ပံ့
နေတယ်ထင်တာပဲ ... တောက် ... အဲဒီကောင်စားမျိုးမှ
ကွာ ... "

ကားမောင်းစဉ် ပြောနေရင်းမှ တောက်ခေါက်သံ
ပါလာ၏။

"သူမှ စိုင်းအောင်နိုင်ကို မကြိုက်တာ ... "

"နည်းနည်းပါးပါး နားချပါဦးလား ... "

"ရှင်ကားကို သိပ်မောင်းမနေနဲ့ ... ဂျက်စနေနောက်လိုက်
သွားရဦးမယ် ... "

"ကိုမိုးလောသွားလို့ပါ ... မာမီကြီးရာ ... "

မာမီကြီးက မှုန်နေသောမျက်နှာမှာ အတွေးဝင်

www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာဖြစ်လာ၏။

အိမ်သို့ရောက်လျှင် ခိုင်းသော မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်ကတံခါးဖွင့်ပေးသည်။

သူမတို့သည် ဆွေမျိုးနီးစပ်ထဲကဖြစ်သည်။ ပြောစဉ်က မွေးစားမယ်ပြောပြီး အိမ်တွင်အခိုင်းအစေနှင့်မခြား ထားတတ်၏။

ပစ္စည်းမဲ့နေငွေကြေးချို့တဲ့သော သူမတို့မှာ တစ်လလျှင် မုန့်ဖိုးတစ်သောင်းဟူသော ငွေတစ်သောင်း၏ လွှမ်းမိုးချက်နှင့် နေလာကြသူတွေ။

ဆွေမျိုးနီးစပ်ဆိုတော့ စိတ်တော့ချရ၏။

တစ်ခုတော့ရှိ၏။

မာမီကြီးဖဲနိုင်ပြီဆိုလျှင် သူမတို့အား တစ်ထောင်မျိုး နှစ်ထောင်မျိုး တစ်(ပ်)(Tips)ပေးတတ်သည်။

တစ်(ပ်) (Tips)ဆိုတာ အင်္ဂလိပ်အခေါ်ဖြစ်သည်။ မြန်မာလိုတော့ စေတနာကြေး။

သူတို့လင်မယားရောက်ပြီး မချောလေးဆုချွေ ရောက်လာသည်။ ခုတစ်လော မချောလေးမှာ မျက်နှာရွှင်နေသည်။

ဒက်ဒီနှင့် သူမသည် မေးတစ်ခွန်းဖြေတစ်ခွန်းပဲရှိနေသည်။ တစ်ယောက်ကို တစ်ယောက် မကျေနပ်ချက်ကလေးတွေ ပေါ့လေ။

ဘယ်သူ့ကိုမှမကြည့်ဘဲ ဆုချွေက တန်းတက်သွားသည်။ အပေါ်ထပ်ကိုပါ။

နာရီဝက်လောက်ရှိလျှင် ဆုချွေပြန်ဆင်းလာသည်။



မျက်နှာသုတ်ပဝါတစ်ထည်ခြုံ၍ ဆင်းလာ၏။ သူမ ရေချိုးတော့မည်။

အိမ်နောက်ဘက်တွင် ရေကူးကန်လည်းရှိ၏။ အိမ်ခန်းနောက်တွင် ရေချိုးခန်းထဲမှာ ရေပူရေအေးကန်လည်းရှိ၏။

သူမသည် ကနေ့တော့ ရေကူးမည်မဟုတ်ပါ။

ရေချိုးခန်းထဲ သူမဝင်နေတုန်းမှာ ဦးနန္ဒာမိုးက အထက်ထပ်သို့ လျှင်မြန်စွာတက်လာသည်။

မာမီကြီးလည်း ပါသည်။

မလုပ်သင့် မလုပ်ထိုက်မှန်းသိသော်လည်း သားရေး သမီးရေးကိစ္စမို့ လုပ်ရချေပြီ။

ပထမဦးစွာ သူမ၏လက်ကိုင်ပိုက်ဆံအိတ်ကြီးများ လေးငါးဆယ်လုံးထားရာ တစ်လုံးပြီးတစ်လုံး လက်ရာခြေရာမပျက် ရှာသည်။

လွယ်ပါသည်။

အညိုရောင်ရှိသော အိတ်တစ်လုံးတွင် ငွေစုစာအုပ်ကလေးကို ရလိုက်သည်။

အထဲတွင် ကွန်ပျူတာစာလုံးများနှင့် သေသပ်စွာ ရိုက်နှိပ်ပေးထား၏။

လစဉ်သွင်းငွေများ။ တစ်နှစ်အတွက် အတိုးများ။ ဒီနှစ်အတွက် နောက်ဆုံးအတိုးနှင့် အရင်းငွေစုစုပေါင်း သိန်းနှစ်ရာနှင့် ခြောက်သိန်း။

ဒီငွေလောက်တော့ ဦးနန္ဒာမိုး မမှုပါ။

ထုတ်ငွေတွေကိုကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ရက်က နှစ်သောင်းကျပ်တိတိ။

ဒုတိယရက်က ကျပ်ငွေသုံးသိန်း။

တတိယရက်က နှစ်သိန်းသုံးသောင်း။

အင်း ... ဒီနေ့တော့ ... ။

သည်ကနေ့တော့ အထုတ်အသွင်းမရှိ။

"ဟုတ်ပြီကွ ... ဒီငွေတွေကိုထုတ်ပြီး ... ဟိုကောင်ကို ဆေးကုပေးနေတာပဲ ... ကဲ ... ကဲထားလိုက် ..."

စာအုပ်ကိုရော လက်ရာမပျက်စေဘဲ လင်မယားနှစ်ယောက်က အိတ်ညိုကလေးထဲ ပြန်ထည့်ထားလိုက်၏။

သည်ညဦး ခြောက်နာရီခွဲတွင် သူတို့သားအမိသားအဖသုံးဦး ထမင်းစားကြသည်။

ဆုရွှေက မျက်လွှာချကာ ဖွန်းခက်ရင်းနှင့် စားနေသည်။

ကြက်ပေါင်းကို မာမီက ခက်ရင်းနှင့်ထောက် ဖွန်းနှင့်ဖဲ့ရင်းပဲ အသားတွေကို ဒက်ဒီကြီးပန်းကန်ထဲ ထည့်ပေး၏။

"ကြက်ပေါင်းက ကောင်းပါရဲ့ ... ဒါပေမဲ့ ကိုယ့်မိသားစုလက်ရာမဟုတ်တော့လည်း စားရတာတစ်မျိုးပဲ ..."

"ရှင်က ခုမှအထူးအဆန်းလုပ်ပြောနေပြီ ..."

"မဟုတ်ဘူးလေ ... တစ်ယောက်ယောက် မီးဖိုထဲဝင်ဖို့ပြောတာ ... မိသက်နဲ့ မိနှင်းတို့လက်ရာက ရိုးနေပြီ ... တစ်နေ့လာလည်း ဒါ ... တစ်နေ့လာလည်း ဒါ ... ပါးစပ်ထဲရိုးနေပြီ ..."

ဦးနန္ဒာမိုးက ထမင်းတစ်လုပ်ကို ပါးစပ်ထဲ မသွင်း



ချင် သွင်းချင်နှင့် သွင်းလိုက်၍ သူ့သမီးကို မျက်နှာချင်းဆိုင်မှပဲ မျက်လွှာပင့်ကြည့်လိုက်၏။

ဆုရွှေကတော့ မျက်လွှာချ၍ ငုံ့စားနေသည်။

ဒက်ဒီတို့ပြောတာ ကြားနေပါသည်။

"ကျုပ်က အသက်ကြီးပြီ ... မီးဖိုထဲဝင်ကို မဝင်ချင်တော့ဘူး တစ်ချိန်က ဝင်ခဲ့ပြီးပြီ ..."

မာမီကြီး၏ နောက်တွန့်သွားသံ။

ဒက်ဒီက ပြုံးလိုက်၏။ မာမီကြီးအား ဆုရွှေမမြင်စေရန် မေးငေါ့ပြလိုက်၏။

"မိဘဆိုတာ သားသမီးလုပ်စာကို မစားရတဲ့တိုင်အောင် သားသမီးချက်စာကို စားချင်ကြတာပဲ ... တို့မှာလည်း သမီးလေးတစ်ယောက်တည်းပဲ ရှိတယ် ... အဲဒီသမီးလေးလည်း တစ်နေ့အိမ်ထောင်ရက်သားကျမှာဆိုတော့ ...အခုကတည်းက ... အချက်အပြုတ် မေ့အလုပ်ကို တတ်ထားသင့်ပြီလို့ထင်တယ် ... ဒီတော့ ..."

စကားကိုဖြတ်ကာ ဆုရွှေကို ကြည့်သည်။

ဆုရွှေက ဖျတ်ခနဲ မော်ကြည့်လိုက်သည်။ မှန်ရာကိုပြောရဲသည့် မျက်နှာမျိုးလေး။

"သမီးကိုတော့ ဝင်မခိုင်းနဲ့နော် ... သမီးက မီးဖိုချောင်အလုပ်ကို ဝါသနာမပါဘူး ..."

"မဟုတ်ဘူးလေ ... သမီးဝင်ရမှာပေါ့ ... အိမ်ထောင်ထိန်းသိမ်းမှုမှာ မီးဖိုချောင်က အရေးအကြီးဆုံးပဲလေ ..."

"သမီး မချက်ပါဘူး ... ဒက်ဒီ ..."

www.burmeseclassic.com

www.burmeseclassic.com



"မိသက်တို့ မိနှင်းတို့ဆီမှာ သင်ပေါ့ ... အချက်အပြုတ်စာအုပ်တွေ ... တိတ်ခွေတွေကို ဒက်ဒီရှာဝယ်ပေးမယ် ... သမီး အိမ်ထောင်ပြုရင် သမီးယောကျ်ားကို ကျွေးရမယ် ... သားသမီးတွေကို ကျွေးရမယ် ... "

"အပြင်မှာစားသောက်ဆိုင်တွေရှိပါတယ် ဒက်ဒီရယ် ... အဲဒီမှာ ဝယ်စားရတာပဲ ... "

မာမီက ဝင်ပြောသည်။

"မဟုတ်ဘူးလေ သမီးရဲ့ ... စားသောက်ဆိုင်တွေရှိတာလည်းရှိတာပေါ့ ... ကိုယ့်ဟာကိုယ် ချက်စားတတ်နေတော့ ပိုကောင်းဘူးလား ... အရသာလည်း ကိုယ့်လက်ရာကိုယ် သိနေတာပဲ ... "

"နီး ... မာမီ ... သမီးမဝင်ပါရစေနဲ့ ... မိသက်တို့ပဲ ... "

"ခက်တာပဲ ... ခုခေတ်မိန်းကလေးတွေဟာ အချက်အပြုတ်ကို သိပ်ပျင်းကြတယ် ... မလုပ်ချင်ကြဘူး ... အိမ်ရှင်မစွမ်းဆောင် မီးဖိုချောင်တဲ့ ... အခုတော့ သူတို့မလုပ်ချင်မကိုင်ချင်တော့ အပြင်ကိုပဲ အားကိုးပြီး ဝယ်စားကြတယ် အိမ်ထောင်ဖြုန်းတွေပဲ ... အပြင်မှာ ထမင်းဆိုင်တွေ ... ဟိုတယ်တွေ ... ရက်စတော့ရင့်တွေ ပွားများလာတာလည်း ဒီအပျင်းမလေးတွေကြောင့်ပဲ ... အားအားရှိ အဲဒီဆိုင်တွေပဲ အားကိုးတော့ ဒီဟိုတယ်တွေ ... ထမင်းဆိုင်တွေက ဖြစ်သလိုချက် ဖြစ်သလိုကျွေး ... ကိုယ်ကိုယ်တိုင်က မချက်ဖူးတော့ မကောင်းတာကိုလည်း ကောင်းတယ် အရသာမရှိတာကိုလည်း ရှိတယ်ထင် ... စားသောက်ဆိုင်



တွေ ကြီးပွားတာကိုလည်း မပြောနဲ့တော့ ... "

"အေးပေါ့ကွာ ... အဲဒီမီးဖိုချောင် မဝင်ချင်တဲ့ အပျင်းမလေးတွေအတွက် ခုခေတ်ယောကျ်ားတွေက နွားကျခံပြီး စီးပွားရှာ ... သူတို့က သူတို့အလှနဲ့ သူတို့ပါးစပ်အတွက် ထင်သလိုသုံး ... "

"ဒါကတော့ ဒက်ဒီရယ် ... ယောကျ်ားတိုင်း မိန်းကလေးတိုင်း မဟုတ်ပါဘူး ... "

"အေး ... ဒက်ဒီကလည်း အားလုံးကို ရည်ရွယ်ပြီး မပြောပါဘူး ... ပေါ့ပေါ့နေ ပေါ့ပေါ့စား ပေါ့ပေါ့ဝတ်တဲ့ မိန်းကလေးတွေ ယောကျ်ားလေးတွေကို ပြောတာပါ ... ဒက်ဒီတို့လိုပိုက်ဆံရှိတဲ့ သားသမီးတွေက အဲဒီအထဲမှာ ပါနေတယ် ... ငါ့သမီးကို အဲဒီလိုမဖြစ်စေချင်ဘူး ... "

"ဆောရီးပဲ ... ဒက်ဒီ ... "

"မိဘခိုင်းတာ လုပ်မှပေါ့ ... "

"ဒက်ဒီတို့ ပညာသင်ဆိုလို့လည်း သမီးဘွဲ့တစ်ခုရအောင်သင်ခဲ့ပြီးပြီ ... သမီးက စာပေဝါသနာပါလို့ စာတွေပေတွေ ရေးမယ်ဆိုတော့ ... ထမင်းအိုးမလုံလောက်တဲ့ အလုပ်ဆိုပြီး ဒက်ဒီတို့တားခဲ့တာ သမီးဘာတစ်ခုပြောခဲ့ဖူးလဲ ... ကုမ္ပဏီမှာ ဝင်လုပ်မယ်ဆိုတော့လည်း စိတ်မချဘူးဆိုပြီး အိမ်မှာပဲ နေခိုင်းတယ် ... ဒီထက် နားထောင်တာ ဘာရှိရဦးမလဲ ... ဒက်ဒီ"

"သမီး ... "

မာမီက သတိပေးသည်။ စကားလွန် နှုတ်ကျွံမှာ

www.burmeseclassic.com



စိုး၏။ မဖေကလည်း ဒါမှဒါ။

သမီးကလည်း စွတ်မှ စွတ်။

ဘယ်လိုဟာကြီးတွေပါလိမ့်။

ဒက်ဒီက ခေါင်းကိုယမ်းလိုက်သည်။

"မဟုတ်ဘူး ... သမီးနားမထောင်တာ ရှိတယ် ... စိုင်းအောင်နိုင်ကို ယူဖို့ပြောတော့ သမီးလက်မခံဘူး ... ဟိုကလိန်ကောင် ဂျက်စနေကိုပဲ သမီးယူချင်နေတယ် ... ဒက်ဒီတို့က သဘောမတူဘူး ... ဒါသမီးနားထောင်သလား ... ခုလည်း မီးဖိုချောင်ဝင်ပါဆိုတာ မဝင်ဘူး ... "

"သမီး မဝင်ဘူး ... ဒက်ဒီ ... "

"ဘာလို့ မဝင်ချင်တာလဲ ... "

"ဝါသနာမပါလို့ ... "

ပြတ်ပြတ်ပဲ ပြောပြီး စိတ်မသက်မသာနှင့် ထမင်းကို ဆုချွေက ငုံ့စားသည်။ မာမီက သက်ပြင်းချ၍ ...

"ကဲ ... ကဲ တော်ကြပါတော့ ... ဒီကိစ္စကို နောက်မှဆက်ဆွေးနွေးရအောင် ... ထမင်းပဲ စားကြ ... "

ဒက်ဒီက မကျေနပ်။ အရှုံးမပေးချင်။ အဲဒါက ဘာလဲဆိုတော့ ငါဖအေဆိုတဲ့ မာန ... ။

"မဟုတ်ဘူး အပြတ်ဆွေးနွေးရမယ် ... သမီး မီးဖိုချောင်မဝင်ချင်ရင် ဘယ်ကိုမှ မသွားရဘူး ... "

"ဒီလိုတော့ မချုပ်ချယ်နဲ့ ဒက်ဒီ ... "

"ဆုချွေ ... သမီး ... သမီး ဘာတွေလုပ်နေတယ်ဆိုတာ ဒက်ဒီသိတယ် ... မီးဖိုချောင်မဝင်ချင်ရင် သမီး ဟိုကောင့်



ဆီကို မသွားရဘူး ... "

"ဒက်ဒီ သိလို့လား ... "

"သိတယ် ... နင့်ကိုမွေးထားတဲ့ အဖေပဲ ... သိတယ် မိဆုချွေ ... နင် ဘယ်ကိုမှ မသွားရဘူး ... ဟိုကောင့်ဆီ နင်သွားတာ ငါသိတယ် ... နင် စုထားတဲ့မုန့်ဖိုးတွေနဲ့ ဟိုကောင့်ကို ဆေးကုပေးနေတာ ငါသိတယ် ... "

ဆုချွေ ငြိမ်နေသည်။

ဒက်ဒီ မိမိငွေစုထားတာ ဘယ်လိုသိထားပါလိမ့်။

လက်တွင်းမှ ဇွန်းနှင့် ခက်ရင်းကို ဒက်ဒီက ထမင်းပန်းကန်ထဲ ချလိုက်သည်။

"ဒီအိမ်မှာ မိဘက အခရာပဲ ... မိဘစကားကို နားထောင် မိဘစကားကို နားမထောင်ရင် ... "

"သမီးမှာ အပြစ်ရှိလို့လား ... "

"မိဘစကား နားမထောင်ရင် အပြစ်ရှိတယ် ... "

မာမီက သက်ပြင်းလေးချလိုက်သည်။ နှမ်ဦးလုံး၏ တိုက်ချက် ခိုက်ချက်တွေက ပြင်းထန်မှန်းမသိ ပြင်းထန်လာချေပြီ။

"ဒက်ဒီကြီး ... ကိုမိုး ... "

မာမီ့အသံက သတိပေးသံ။

ဒက်ဒီက လက်ကာ၍ ...

"နေစမ်း ... မာမီကြီး ... "

သူ့သမီးကိုပဲ စိုက်ကြည့်နေသည်။

ဆုချွေသည် ထမင်းကို ဇွန်းနှင့် မွှေနေသည်။ ခဏ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်၏။ ဒက်ဒီသည် သားသမီးအား နိုင်လိုမင်းထက်လုပ်သည်လို့ပဲ ထင်သည်။ ယခုပဲ ကြည့်ပါလား။

"မိဘစကားကို နားထောင် ... နားမထောင်ရင်တဲ့ ... "

ဒက်ဒီ၏ စကားအသွားအလာကြည့်ရတာ စိုင်းအောင်နိုင်ကို ယူရင်ယူ မယူရင် အိမ်ပေါ်ကဆင်းဆိုတဲ့ အဓိပ္ပါယ်ပဲ။

စိုင်းအောင်နိုင်ကိုတော့ မယူနိုင်။ ကိုဂျက်ကိုပဲ ယူမှာ။

သူမသည် တစ်ခွန်းတစ်ပါဒမှ မပြောဘဲ ထိုင်ရာမှ ထလိုက်၏။ ဘယ်သူ့ကိုမှ မကြည့်ဘဲ ထွက်သွားသည်။

"ငယ်ငယ်ကတည်းက သူ့သဘောဆိုပြီး အလိုလိုက်ထားခဲ့တာပဲ ... အချိုးကို မပြောဘူး ... "

ဒက်ဒီက မကျေမချမ်းအသံ။

ဒါပေမဲ့ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်အကြာတွင် သူတို့ညှော်ခန်းထဲအရောက်မှာ လှေကားမှ ဆင်းလာသော ဆုချွေနှင့် ရင်ဆိုင်တိုးမိကြသည်။

"သမီး ... "

မာမီက ထိတ်လန့်စွာ ခေါ်မိသည်။

ဆုချွေ၏ လက်တစ်ဖက်ထဲမှာ နိုင်ငံခြားဖြစ် အဝတ်ထည့်သေတ္တာတစ်လုံးကိုင်လို့ရယ်။

"သမီး ... ဒါ ... ဘယ်လို ... "

"သမီးအပြင်မှာ သွားနေမယ် မာမီ ... ဒီမှာဆက်နေလို့က ဒက်ဒီနဲ့ အဆင်ပြေမှာ မဟုတ်ဘူး ... သမီးကို ဒက်ဒီက မုန်းနေတာ ... "



"မဟုတ်ပါဘူး သမီးရယ် ... သမီးလိမ္မာအောင် ဒက်ဒီက ဆုံးမနေတာပါ ... သမီးဘယ်ကိုမှ မသွားနဲ့ ... "

"ဟင့်အင်း ... သမီးသွားမယ် ... သမီးကိုယ် သမီး လူတစ်လုံး သူတစ်လုံးဖြစ်မှ သမီးပြန်လာမယ် ... သမီး ကိုစိုင်းအောင်နိုင်ကို မယူနိုင်ဘူး ... "

ဆုချွေ၏အသံမှာ ငိုသံပါနေသည်။ မငိုရအောင် အားတင်းထားပုံပေါ်သည်။

"သမီးရယ် ... မသွားပါနဲ့ ... "

"သွားပါစေ မာမီကြီးရယ် ... အတောင်စုံရင် ပုန်ကန်ကြတာပါပဲ ... သူ့မှာ သိန်းနှစ်ရာရှိနေပြီလေ ... သူ့မှာ အားကိုးရမဲ့ ဟိုအလေနတွေ့ာကောင်ရှိနေပြီလေကွာ ... သွားစမ်းပါစေ ... "

ဒက်ဒီ့အသံက ဒေါသသံ။

သူက ပထမတော့ မသွားပါနှင့် သမီးလို့ တားမည်လုပ်ပြီးမှ ငါဖအေပဲဟူသော မာနနှင့် ထွက်မည့်ဆဲဆဲ စကားလုံးတွေကို နှုတ်ထဲမှ ဟန့်တားပြီး ဒေါသစကားပဲပြောလိုက်မိ၏။

"သမီး ... ဒက်ဒီနဲ့ မာမီကို ကန်တော့ခဲ့ပါတယ် ... "

ငိုသံပါလေးနှင့်ဆို၍ ဒက်ဒီနဲ့ မာမီကိုကန်တော့၏။

သားသမီးတို့ရဲ့ မြန်မာ့ယဉ်ကျေးမှုမဆိတ်သုဉ်းသေးပါ။

"သမီးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေးခဲ့တဲ့ ဒက်ဒီနဲ့ မာမီတို့ရဲ့ ဂုဏ်ကျေးဇူးကို သမီးမမေ့ပါဘူး ... တစ်နေ့ ကျေးဇူးပြန်ဆပ်မှာပါ ... "

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... မသွားပါနဲ့ သမီးရယ် ... ဒက်ဒီစိတ်ဆိုးတုန်းမို့ ပြောတာပါ သမီးရယ် ... "

မာမီက ငိုယိုပြီး ဆုချွေလက်မှ သေတ္တာကို လိုက်လု၏။ ဒက်ဒီက ရင်ထဲမှာ ဆို့လာသော်လည်း ထိုဆို့လာသော ဆို့နင့်မှုကို ဖယ်ရှားပစ်လိုက်သည်။

သည်တစ်ပွဲမှာ ဖခင်နှင့်သမီး လွန်ဆွဲကြခြင်းပါပဲ။

မိမိက မသွားပါနှင့်ဟုပြောလျှင် အရှုံးပေးရာရောက်မည်။ တစ်သက်လုံး ဆုံးမလို့ရတော့မည် မဟုတ်။

ပြီးတော့ သူ့သဘောနှင့် သူအိမ်ပေါ်ကဆင်းသွားတာပဲ။

ဒက်ဒီက သည်အတိုင်းပဲကြည့်နေလိုက်သည်။

ဆုချွေက မာမီ၏လက်ကို အတင်းရုန်းထွက်ကာ အိမ်ပေါ်မှ ဆင်းပြေးသွားသည်။

သူတို့သားအဖ ဆူညံနေပုံကို မိသက်နှင့် မိနှင်းက ဘာမှဝင်မပြောရဲဘဲ ငေးကြည့်နေကြပြီးမှ သူမတို့၏ အစ်မနောက်သို့ ပြေးလိုက်သွားကြသည်။

ဝိုင်းဝန်းဆွဲခေါ်ကြသည်။

မရပါ။

"နေပေ့စေ ... ငါ့ဘဝ ငါထူထောင်မယ် ... ငါလူကြီးဖြစ်နေပြီပဲ ... မိဘအရိပ်အောက်မှာ တစ်သက်လုံးခိုစားနေရင် သူတို့ပေးစားတဲ့လင်ကို ငါယူရတော့မှာ ... မိန်းကလေးပေမဲ့ ... ငါလုပ်တတ်ကြောင်း ပြမယ် ... နင်တို့ ငါ့ကိုမဆွဲကြနဲ့ ... သွားကြ ... အခု ငါဆင်းလာတာ ငါအားခံတာမဟုတ်



ဘူး ... ဒက်ဒီနဲ့ ငါရှေ့လျှောက် ဝိရောဓိတွေဖြစ်နေမှာကို ငါမလိုချင်လို့ပဲ ... "

ဒက်ဒီက ဆုချွေအား ပွါးရိုက်ခဲ့သည်ကိုလည်း သူမတို့သိကြသည်။

အဘိုးကြီးက တစ်ယူသန်။

သမီးက ဇွတ်။

တိုက်အိမ်ခန်းထဲတွင် မာမီက ငိုရင်းမှ ဒက်ဒီအား

"ဒက်ဒီကြီး ... သမီးလေးဆင်းသွားပြီ ... ဒါဟာ ရှင့်လက်ချက်ပဲ ... ရှင်ဟာ အဖေမဟုတ်သလိုဘဲ ... "

"မာမီရယ် ... ဒက်ဒီကြီးစိတ်ထဲမှာလည်း မချည့်အောင် ခံစားရပါတယ် ... ဒါပေမဲ့ တို့က မိဘပါ ... မိဘက သားသမီးကို ဘယ်တော့မှ အရှုံးပေးလို့မဖြစ်ဘူး ... မိဘက သားသမီးကို အရှုံးပေးလိုက်ရင် ... သမိုင်းမှတ်တိုင်တွေ ပြိုလဲကုန်မယ် ... ရာဇဝင်ရိုင်းသွားမယ် ... သွားပါစေ ... သူလူတစ်လုံး သူတစ်လုံးဖြစ်ပါစေလို့ပဲ ဆုတောင်းပေးရမှာပေါ့... "

ဒက်ဒီပြောလိုက်ပုံက ငိုသံပါကြီးနှင့် ပြောလိုက်သံ။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၇)

ခွဲစိတ်ကုသမှုလည်း ပြီးစီးပြီ။

အခြားသောဒဏ်ရာတွေလည်း သက်သာပျောက်ကင်းစပြုလာ၏။

ပေါင်ကိုခွဲစိတ်ပြီး စတီးချောင်းထည့်သည်။

ညှပ်ရိုးကျိုးတာကိုလည်း ရအောင်ပြန်ဆက်ပေး၏။ ကျိုးပေါင်းတက်တော့ တက်မည်။

လည်တိုင်တွင် ဖိုက်ဘာပတ်ခံစွပ်ပေးထားသည်။ ညှပ်ရိုးဆက်လို့ ကောင်းသွားလျှင် သည်လည်တိုင်ပတ် ဖိုက်ဘာကို စွန့်ပစ်ရမည်။

မျက်နှာတွင်ရှိသော အပွန်းအပဲ့များမှာ တဖြည်းဖြည်းနှင့် နဂိုအတိုင်း အကောင်းပြန်ဖြစ်လာ၏။

ဆရာဝန်တွေ တော်ကြပါသည်။ ထက်ကြပါသည်။

လူ၏ခန္ဓာကိုယ်ကြီးသည် တကယ်မှန်းဖို့ကောင်းသည်။ သည်ခန္ဓာကိုယ်ကြီးတည်သရွေ့ ခံစားနေရသည်။ အိပ်နေရ



သည်။ ကျင်ကြီးကျင်ငယ်စွန့်နေရ၏။ ဝေဒနာကို ခံစားနေရသည်။ ချွတ်ယွင်းလျှင် ပြန်ပြင်ရသည်။

ဝိညာဉ်ဘဝနှင့် သွားလာခဲ့သည်ကို အမှတ်ရမိသော ဂျက်စနေသည် ခန္ဓာကိုယ်ကို အထင်မကြီးတော့။ တွယ်တာမှုလည်း မရှိ။

တစ်ခါက သေပြီး လူ့လောကထဲပြန်လာသူမို့ နောက်ထပ်ထပ်မံသေရမှာကို မကြောက်တော့ပါ။

ဝိညာဉ်ဘဝလောက် လွတ်လပ်တာရှိဦးမလား။

ရုပ်မရှိတော့ စားဖို့မလို။ ဝတ်ဖို့မလို၊ အိပ်ဖို့မလို။

သူ နာမ်နှင့် ရုပ်ကိုခွဲခြားသိရှိလိုက်သော်လည်း ရုပ်တရားကို အားထားနေသော လူ့လောကတွင် သူ့အယူအဆကို မပြောရဲပါ။

သူ့ကို အရူးလို့မဲ ပြောကြမည်။

သရဲဘဝက ပြန်လာသူလို့ စွပ်စွဲကြဦးမည်။

ဆုချွေအိမ်ကဆင်းလာတာ သိသည်။ အိမ်ကိုပြန်နိုင်းသော်လည်း ဆုချွေက မပြန်။

နေ့စဉ်ပင် သူ့ဆီလာကာ အားပေးသည်။ ပြုစုသည်။ ပုလေသေးမရှိအောင် စောင့်ရှောက်သည်။

သည်တော့ ဆုချွေကို ချစ်ရာမှ တွယ်တာခဲ့ရလေပြီ။

ဆုချွေသည် သူမ၏သူငယ်ချင်းတစ်ယောက်အိမ်တွင် ခေတ္တနေပြီး စပေါ်သို့မဟုတ် နှစ်ချုပ်ပေးရသောအိမ်ကိုရှာမည်ဟု ဆိုသည်။

www.burmeseclassic.com



အကြံရသော ဂျက်စနေက ဆုချေးအား သူ၏မူရင်း အိမ်ခန်း သွားရောက်နေရန်နှင့် ဧည့်စာရင်းတိုင်ကြားမှုပြုပါရန်ကိုပါ ဆု ချေးအား ပြောလိုက်၏။

သူ့ကိုလာရောက်ကြည့်ကြသော အခန်းနီးနားနေ သူများအားလည်း ဆုချေးကို လိုအပ်သလို အကူအညီပေးပါရန် တောင်းပန်ရ၏။

မိခင်၊ ဖခင်နှင့် နေစဉ်က ဘာတစ်လုံးမှ မပူရသော ဆုချေးသည် ကိုယ်တိုင်နေဖို့ စားဖို့အတွက် ပူလာရ၏။ ဂျက်စနေ၏ အခန်းတွင်နေလို့တော့ ရပါပြီ။

စားဖို့ကတော့ အနီးအနားတွင်ရှိသော ထမင်းဆိုင် များကို အားကိုးစားရသည်။

ထမင်းဆိုင်တွေကို လပေးမှာစားရန်အတွက် ပြော ကြည့်၏။ ဘယ်ထမင်းဆိုင်ကမှ လပေးမှာလို့ မရ။

သူတို့တွင်ရှိသော ဆိုင်အလုပ်သမားတွေက ရှေး ယခင်က ဆိုင်အလုပ်သမားတွေလို ခိုင်းလို့မကောင်းတော့။

လပေးစားသောအိမ်များသို့ ထမင်းချိုင့်ကို မနက် တစ်ခါ ညတစ်ခါပို့ခိုင်းလျှင် မသွားချင်။

အလုပ်သမားမနိုင်လို့ မခိုင်းချင်။

ထို့ပြင် ထမင်းဆိုင်တွေက ဆိုင်မှာစားလာသူတွေ များလာတော့ ကိရိကထများသည်ဆိုပြီး လပေးထမင်းမပေးချင် သော ဆိုင်တချို့လည်းရှိ၏။

ဆိုင်ထမင်း ဆိုင်ဟင်းစားရတာ တစ်ပတ်နှစ်ပတ်



ကြာသော် ဆုချေးအတွက် စားလို့မကောင်းတော့ပါ။ ညီစော်နံလာ သည်။

တချို့ဆိုင်တွေက ညစ်ပတ်သည်။ မသန့်ရှင်း။

မနက်ဟင်းနှင့် ညအကျန်ဟင်းရောတာ ရှိသေး သည်။ တချို့ဆိုင်တွေကျတော့ သန့်ပါရဲ့။ ထမင်းကျတော့ ပျော့လို ပျော့၊ မာလို မာ။ ဟင်းတွေကလည်း အရသာမရှိ။

ဟင်း ... အိမ်ထမင်း ဟင်းနဲ့ ကွာပါပေ့။

သည်တော့မှ အိမ်ထမင်း ဟင်းရဲ့အရသာကို သိလာ သလို ဒက်ဒီ၏ မီးဖိုချောင်ဝင်ခိုင်းသည့် စေတနာပါသိလာ၏။

ဆိုင်ထမင်း ဟင်းငြီးငွေ့လို့ ကိုယ်ဘာသာကိုယ် ချက်ပြုတ်စားမည်ကြံသော်လည်း မီးဖိုချောင်မဝင်ခဲ့မိသည့် မိမိမှာ ခုတော့ ပြဿနာကြုံချေပြီ။

ကိုယ်တိုင် မချက်တတ်တော့ ဘယ်လိုက ဘယ်လို ချက်ရမည်မသိ။

ဆိုင်တွေကို အားကိုးလို့မဖြစ်တော့။

သူ့သူငယ်ချင်းအိမ်ကို ပြန်ပြေးရသည်။ ချက်နည်း ပြုတ်နည်းကို အချိန်ရသရွေ့ သင်ရသည်။

တတ်ပါရဲ့။

ကန်စွန်းရွက်ကြော်၊ ဂေါ်ဖီပန်းပွင့်ကြော်၊ ဘဲဥ ကြက်ဥကြော်၊ ငါးခြောက်ဖုတ်ဆီဆမ်း။

ပေါ့ပေါ့ပါးပါးလေးတွေ တတ်လာ၏။

"ဟင်းဆိုတာ အစပ်တည့်သလို ဉာဏ်ရှိသလို သည့်သုံးရ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ... အရသာရှိဖို့က ကိုယ့်ပါးစပ်ပေါ် မူတည်တယ် အလေးအပေါ့ကောင်းရင် ဟင်းအရသာကောင်းတာပဲ ... ဟင်းအရသာဟာလည်း အလေးအပေါ့မှာ မူတည်တယ်"

ချက်တတ်သော သူငယ်ချင်းက ပြောပြ၏။

သူ့ဟာသူ ဂတ်(စ်)မီးဖိုကလေးနှင့် စမ်းသပ်ချက်ကြည့်၏။ ဟိုဟာထည့်၊ သည်ဟာထည့်။

ချက်ရင်းပင် နားလည်လာသည်။

မီးဖိုချောင်ပညာသည် မိမိတို့သင်ယူလာခဲ့သော စာပညာလိုပင် တန်ဖိုးရှိသော ပညာတစ်ရပ်ပါလားလို့။

ဆုချေးမှာ မိဘနှင့်နေစဉ်ကလို ငွေကိုတရပေါ့ပေါ့မသုံးတတ်တော့။

ချွေတာရေးကို နားလည်လာ၏။

အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းတစ်ခုမဖြစ်မြောက်ခင် ဝင်ငွေအတွက် ဘယ်သို့ချွေတာသုံးရမည်ကို နားလည်သည်။

သူမသည် ဒက်ဒီဝယ်ပေးခဲ့သော ကိုရိုလာအယ်လ်တီကားကလေးကို ထားပစ်ခဲ့၏။

ပထမတော့ တက္ကစီသုံးသည်။

တက္ကစီခက ပေးလိုက်ရတာ နင့်ခနဲ။ နင့်ခနဲ။

သည်တော့ ဘတ်(စ်)ကားကိုပဲ အားကိုးလာ၏။ ဘတ်(စ်)ကားဆိုတာ အများပြည်သူသုံးကြတာ၊ လူတန်းစားမရွေးသုံးကြတာ။



ကားစီးလျှင် ကြပ်ညပ်လို့။

လူစော်နံ၊ ချွေးစော်နံ၊ တစ်ခါတစ်ရံ မသမာသူအကောင်တွေနှင့် တွေ့လျှင် အပွတ်အသပ်ခံ။ တစ်ခါတစ်ရံ မိမိကသူများကို နင်းမိလျှင် တောင်းပန်။ သူများက ကိုယ့်ကိုနင်းလျှင် ကြိတ်ခံ။

ဟင်း ... စစီးတုန်းကများ ငိုချင်လိုက်တာ။

ဒါပေမဲ့ သွားပါ လာပါများတော့ ရိုးလာသည်။ စိတ်ထဲလွတ်လွတ်လပ်လပ်သွားရတာမို့ ပိုပျော်လာသည်။ လူမျိုးပေါင်းစုံနှင့် တွေ့ထိရတော့ လူတွေ၏ အထာကိုသိလာသည်။

အစက မိမိကမ္ဘာကျဉ်းသည်ထင်ရပေမဲ့ လူအများနှင့် တွေ့ထိဆက်ဆံလာသောအခါ ကမ္ဘာကြီးကျယ်ပြန့်ကြောင်း၊ လောကကြီး ကျယ်ဝန်းကြောင်း သိလာသည်။

သူမသည် ကိုဂျက်နေကောင်းလာလျှင် ကိုဂျက်၏ဘီယာဆိုင်လုပ်ငန်းတွင် ရှယ်ယာထည့်ကာ ပူးတွဲလုပ်ကိုင်ဖို့ ရည်ရွယ်ထား၏။

မိမိသည် လူသား။

လူသားဆိုတာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးပွားဖို့ လုပ်ကိုင်နိုင်ဖို့ အားမာန်အပြည့်ရှိရမည်။

အားမာန်ဆိုတာ လူ့လောက၏မီးစင်ကြည့်ကရုခြင်းဖြစ်၏။ ဘဝတွင် ထိုင်မှိုင်နေမည့်အစား၊ ညည်းညူနေမည့်အစား ကိုယ်၏ဉာဏ်စွမ်းအား၊ ကာယစွမ်းအားနှင့် လုပ်ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်းသည် အားမာန်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုသရဖူကို ဆောင်းရမှာပေါ့။

ခုပဲ မိမိချက်တတ်ပြုတ်တတ်လာပြီ။ လူတွေနှင့် ရင်းနှီးလာပြီ။ ဒုက္ခကို ခံစားနိုင်သည့် စွမ်းရည်လည်း ရှိလာပြီ။

တစ်လကျော်ကျော်တွင် ဂျက်စနေ ဆေးရုံမှ ဆင်း လာချေပြီ။

အကောင်းပကတိတော့ မဟုတ်။

ကိုယ်တစ်ဘက်က နံရိုးအခြေအနေကြောင့် မသိ မသာနိမ့်နေသည်။

လည်ပင်းတွင် ဖိုက်ဘာကွင်းစွပ်နှင့်။

ခြေတစ်ဖက်က မသိမသာကလေး တိုပြီး စတီးလ် ချောင်းသွင်းထားရခြင်းကြောင့် လမ်းလျှောက်လျှင် ချိုင်းထောက် နှင့် သွားရ၏။

ယခင် ဂျက်စနေနှင့် တခြားစီ။

ဒါပေမဲ့ ဂျက်စနေက အပြုံးမပျက်။

"ခန္ဓာကိုယ်ဆိုတာ ပိုင်ဆိုင်သရွေ့တော့ သူညှင်းဆဲမှုကို ကိုယ်ခံရမှာပဲ ... ချွတ်ယွင်းရင် သည်းခံပြုပြင်ရမယ် ... အရေးကြီးတာက ခန္ဓာကိုယ်ညှင်းဆဲသရွေ့ကို ကိုယ့်စိတ်က သည်းခံနိုင်ဖို့ပဲ ... "

သေရွာမှ ပြန်လာသူပီပီ ခန္ဓာကိုယ်ဝန်ကို ထမ်းဖို့ သူမကြောက်။

လောကတွင် ခန္ဓာကိုယ်သည် အခရာမဟုတ်။

"စိတ်ဓာတ်"သည်သာ ခရာဟု ပြော၏။



ဆေးရုံမှ မဆင်းမီကတည်းက သူက စီစဉ်ပြီးဖြစ်၏။

"ကိုယ်နဲ့ ဆုချွေက မညားသေးတော့ တစ်အိမ်တည်းမှာ အတူတူနေလို့ မဖြစ်ဘူး ... ဆုချွေက ကိုယ့်အိမ်မှာနေ ... ကိုယ်က တာမွေမှာ ဝယ်ထားတဲ့အိမ်မှာနေမယ် ... "

"မနေပါနဲ့ ကိုဂျက်ရယ် ... ဒီတိုက်ခန်းဟာ ခိုက်နေတဲ့အခန်း ပဲ ... အစကတည်းက မဝယ်ဖို့ ဆုချွေပြောရက်နဲ့ ကိုဂျက် နားမထောင်ဘူး ... ခု ကိုဂျက်ဖြစ်တာ ဒီတိုက်ခန်းကြောင့် ဖြစ်တာ ... ကိုဂျက် အဲဒီအခန်းကို ဝယ်ပြီးတဲ့အချိန်ကစပြီး ကိုဂျက်ကုသိုလ်မကောင်းဘူး ... ဒီအခန်းဟာ ခိုက်နေတဲ့ အခန်းပဲ ... "

"ကံကြမ္မာဆိုတာ အမြဲတမ်းညီးမှိန်မနေပါဘူး ... ကြမ္မာဆိုး ရင် တစ်နေ့ကံကောင်းလာမယ်လို့ ကိုဂျက်ယုံတယ် ... ဒီ တိုက်ခန်းကြောင့်ဆိုတဲ့ အစွဲကို ဂျက်မှာလုံးဝမရှိဘူး ... နိုင်ငံ ခြားပြန်လို့ ကိုဂျက်ကို ဆုချွေတို့ ပြောသလို သေရွာပြန် ဖြစ်တဲ့ ကိုဂျက်ဟာ ပြဿနာတစ်ခုတော့ အဲဒီမှာ နေရင်း ရှင်းရမှာ ... "

"ဘာပြဿနာလဲ ... "

"ဆုချွေရဲ့ ဖခမည်းတော်ကြီးက ကိုယ့်ကို သိန်းနှစ်ဆယ် လိမ်သွားတဲ့ကလိန်ချုံလို့ ပြောတာ ... ကိုယ်ကမခံနိုင်ဘူး"

"ဘာလုပ်မှာလဲ ... "

"ဒီကိစ္စကို ရှင်းရမယ် ... "

"ဘယ်ပုံရှင်းမှာလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကိုယ်တိုင် စုံစမ်းရမှာပေ့ါ ... "

"ကိုဂျက်ရယ် ... ကိုယ်က ဒုက္ခိတဖြစ်နေတဲ့အချိန်မှာ ... "

"ဘာဒုက္ခိတလဲ ... ကိုယ့်ကို ဒုက္ခိတလို့ လာမပြောနဲ့ ... လူမှာ ခန္ဓာကိုယ် ဒုက္ခိတဖြစ်ပေမဲ့ စိတ်ကဒုက္ခိတမဖြစ်ဘူး ငရဲပြည်မှာတောင် ငရဲသားတွေကို ဖိုက်လာတဲ့ကောင် ... လူလူချင်းကျမှ အရှုံးပေးရမလား ... "

ဒေါသနှင့် ပြောလိုက်မိ၏။ ပြီးမှ အသံအုပ်အုပ်နှင့်

"ကိုဂျက် တောင်းပန်ပါတယ် ဆုချေ ... ကိုဂျက် ရုတ်တရက် ဒေါသဖြစ်သွားလို့ပါ ... ဆုချေ ကိုယ့်ကို ချစ်ရင် နောင်မှာ ကိုယ့်ကို ဒုက္ခိတလို့ မပြောပါနဲ့နော် ... ကိုယ် လူကောင်း ပကတိဖြစ်အောင် ကြိုးစားမှာပါ ... "

"ကိုဂျက်ကို သနားလို့ပါ ... ကိုဂျက်က ဘယ်လိုစုံစမ်းမှာလဲ ... "

"ကိုဂျက်ကို မြွေပွေးပြခဲ့တဲ့ မိန်းမကို အရင်ဆုံးစုံစမ်းရမယ် သူက ခရာအမိကပဲ ... "

"သူ ဘယ်မှာနေတယ်ဆိုတာမှ မသိတာ ... "

"တောင်ဥက္ကလာပ မင်းရဲကျော်စွာလမ်းဆို ... "

"ဆုချေကိုယ်တိုင် သွားစုံစမ်းခဲ့ပြီးပြီ ... လုံးဝကိုမဟုတ်ဘူး လိပ်စာအမှားပေးခဲ့တာ ... ပြီးတော့ သူ့ဒဏ်ရာမပျောက်သေးခင် ဆေးရုံက ခွင့်မပြုဘဲ ဆင်းပြေးတယ် ... "

"ဒီမိန်းကို တွေ့ရင်တော့ ပြဿနာရှင်းမယ်ထင်တာပဲ"

ဂျက်စနေမှာ စိတ်အားထက်သန်နေသည်။



ဆေးရုံမှ ဆင်းချိန်မှာ သူက ချက်စာအုပ်ကိုထုတ်ကာ ဆုချေစိုက်ထားသရွေ့ကို ရှင်းမည်လုပ်တော့ ဆုချေက အလျင်မလိုသေးကြောင်း၊ လိုအပ်သည့်အချိန်တွင် တောင်းမည်ဖြစ်ကြောင်း ပြောပြ၏။

ဆေးကုခရော ဆေးစားတာကော အားလုံးကုန်ကျစရိတ်က ရှစ်သိန်းခွဲပဲရှိသည်။ အခန်းခလည်း ပေးပြီးပြီ။

ဆေးရုံမှ ဆင်းတော့ ဂျက်စနေက သူကတာမွေအိမ်မှာပဲနေမည်ဟု အတင်းအကျပ်ပြောသဖြင့် ဆုချေက လိုက်ပို့၏။

အဲသည်မှာ ညနေခင်းဖြစ်တော့ ဆုချေနှင့် ဝိုင်းကဗျာတွေ့ကြသည်။ ဆုချေက အပြင်သို့ထွက်အကြည့် ဆုချေနှင့်ဆုံကြ၏။

"ဘာလာလုပ်တာလဲ ... "

ဝိုင်းကဗျာက အပေါ်မှ အော်မေးသည်။

"မိတ်ဆွေတစ်ယောက်ကို လာပို့တာ ... "

ဆုချေက ဝတ်ကျေတန်းကျေပင် ပြန်ပြောပြီး တက္ကစီကားပေါ်မှ ချိုင်းထောက်နှင့် ဆင်းလာသော ဂျက်စနေကို တွဲကာ သော့ဖွင့်ထားသောအိမ်ခန်းထဲ ပို့သည်။

အထဲမှာ တံခါးတွေပိတ်ထားတာကြောင့် အောက်သိုးသိုးအနံ့ရနေသည်။ စောင်၊ ခြင်ထောင်၊ ဖျာတစ်ချပ်၊ ခေါင်းအုံးတွေကို တက္ကစီနှင့် ယူလာသဖြင့် အခန်းထဲသို့ ဆုချေက သယ်ချလာ၏။

ဝိုင်းကဗျာက ငုံ့ကြည့်နေပြီး လာမလှုပ်။

www.burmeseclassic.com

www.burmeseclassic.com



စကားလည်း မဆက်ပါ။

ဒါပေမဲ့ ချိုင်းထောက်ကြီးနှင့် မြင်ရသော ဂျက်စနေကိုကြည့်ကာ အံ့အားသင့်နေ၏။ ဂျက်စနေကို သူမ မမြင်မတွေ့ခဲ့ရတာ တစ်လခွဲနှစ်လလောက်ရှိနေပြီပေါ့။

ဒီလူကြီး ဘာဖြစ်ပါလိမ့်ဟု တွေးနေသည်။

စပ်စုချင်သောစိတ်လည်းရှိသည်။ ဒါကြောင့် ဆင်းလာ၏။ တိုက်ခန်းထဲ မဝင်ဘဲ အလယ်ခန်းတွင် ဖျာခင်း၊ ခေါင်းအုံးချနေသော ဆုချွေနှင့် ပလတ်စတစ်ခွေးခြေတစ်လုံးတွင် ထိုင်ကာ ကြည့်နေသော ဂျက်စနေကို အကဲခတ်နေ၏။

ဂျက်စနေက အလူမီနီယံချိုင်းထောက်ကို မှေးထောက်ရင်း ဝိုင်းကဗျာကို မြင်သော် ...

"ဟေး ... လာလေ ... ဘာကြည့်နေတာလဲ ... "

ဆုချွေက လှည့်ကြည့်ပြီး အေးစက်စက်အသံနှင့်

"ဝိုင်း ... လာလေ ... "

ဝိုင်းကဗျာဝင်လာသည်။ ယခင်ကသူမနှင့် ဂျက်စနေ ဘုဘောက်ကျခဲ့တာတွေကိုပင် သတိမရဘဲ ...

"မမဆု ... ဒီလူကြီးဘာဖြစ်တာလဲ ... "

"ကားတိုက်လို့ ဆေးရုံတက်ရတာ ... "

"ဟင် ဟုတ်လား ... ထင်တော့ ထင်သား ... ဒီလူကြီး ဒီခန်းဝယ်ကတည်းက တစ်ခုခုဖြစ်တော့မှာပဲလို့ ... အဲဒီအခန်းက ခိုက်တယ် မမဆုရဲ့ ... သူက ဒီမှာနေမှာလား"

"အေး ... ဟုတ်တယ် ... တို့ ဒီမှာနေမှာ ... "



"မကြောက်ဘူးလား ... "

"ဘာကြောက်စရာရှိလဲ ... "

"ညဘက်ဆို အခန်းထဲမှာ ငိုသံလိုလို ကြားရတယ် ... လမ်းလျှောက်သံလိုလို ... "

"ဘယ်သူလဲ ... ခင်စန္ဒာမြိုင်လား ... "

"ရှင် ... ရှင်က ခင်စန္ဒာမြိုင်ကို သိလို့လား ... "

"ဒီမှာ ဖြူတီပါလာဖွင့်တော့ ခေါင်းလျှော်ရင်းသေသွားတဲ့ မိန်းမလေ ... "

"ဟုတ်တယ် ... သူဖြစ်ချင် ဖြစ်မှာ ... "

ပြောပြီးတော့ ဆုချွေအား ...

"မမဆု ... သွားမယ် ... "

"အေး ... အေး ... "

သူမတို့မှာ ညီအစ်မသာဆိုသည်။ ဆက်ဆံမှုက အေးစက်လွန်းသည်။

"ဘယ်လိုလဲ ဆု ... ညီအစ်မနှစ်ယောက် ဆက်ဆံရေးက ပါးလှချည်လား ... "

"ပါးပါးပဲ မောင် ... သူတို့ကတစ်မျိုး ရရင်ကောင်းတယ် မရရင် မကောင်းဘူး ... ပေးပြန်တော့လည်း ကျေးဇူးမတင်ဘူး ... ရတဲ့အခါ ပြုံးပြုံး ... မရတဲ့အခါ မုန်းမုန်းပေါ့ ... အရင်က ပေးခဲ့ ကျွေးခဲ့တဲ့ ကျေးဇူးတွေ သိတာမဟုတ်ဘူး ဒက်ဒီလည်း ခံရပါများတော့ စိတ်ကုန်သွားတယ် ... သူ့ဆိုတာ အမြဲတမ်းပေးနိုင် ကျွေးနိုင်တာမဟုတ်ဘူးလေ ...

www.burmeseclassic.com

www.burmeseclassic.com



မာမီကတော့ ရှင်းရှင်းပြတ်ပြတ်ပဲ … သူတို့က ဆုတို့ချမ်းသာတာကို မနာလိုဖြစ်နေတာပဲ … ကြိတ်မနာလိုတာပေါ့လေ … တစ်ယောက်သဘော တစ်ယောက်သိနေတော့လည်း ဆက်ဆံရေးက သွေးအေးတယ်ပေါ့ … ”

ဂျက်က သက်ပြင်းချ၍ …

“ကိုယ်တို့လည်း ဒီလိုခံခဲ့ရပြီးပါပြီ … ခုခေတ်တွေမှာ ဆွေမျိုးဆိုတာ မရှိမကောင်းရှိမကောင်းဘဲ … ရှိရင်တော့ သူတို့လာတောင်းမယ် … မရှိရင် သူတို့က ကိုယ့်ကိုကျောင်းပဲ”

“မောင်က ဆွေမျိုးတွေကို စိတ်နာတယ်ပေါ့ … ”

“စိတ်မနာပါဘူး … လစ်လျူရှုထားလိုက်တာပါ … ”

“ဦးနန္ဒာဖြိုးတို့က ဘယ်သူ့ဆီက ချူရမလဲလို့ ကြည့်နေတဲ့လူစား … ဒါကြောင့် ဆုတို့က ခပ်တန်းတန်းပဲနေတာ”

“အလုပ်မလုပ်ဘူးလား … ”

“ဦးနန္ဒာဖြိုးလား … ဟင်း … ဘာတွေလုပ်နေမှန်းမသိပါဘူး … ချဲဒိုင်ကိုင်လို ကိုင် … အိမ်ပွဲစားလုပ်လိုလုပ် … ”

“အလုပ်ကြီး အကိုင်ကြီးတွေပေါ့ … ”

ပြောပြီးတော့ ဂျက်စနေရယ်သည်။ ရယ်ရာမှ တည်သွားသည်။

သူပြန်လည် မရှင်သန်မီက သူ့ဝိညာဉ်နှင့် ဦးနန္ဒာဖြိုးတွေ့ဆုံခဲ့ပုံကို ပြန်သတိရမိ၏။

“နေ့တိုင်း ဆုလာမယ်နော် … ထမင်းကို ဆုလာမှပဲ စားဒီမှာ ဂက်(စ်)စတုပ်(GAS STOVE)တစ်ခုဝယ်ထားမယ် …



ဒန်အိုးနှစ်အိုး သုံးအိုးလည်း ဝယ်လာမယ် … စတီးနဲ့ ချက်ရတာ နည်းနည်းကြာတယ် … ဒန်က ပါးတော့ချက်ရတာ မြန်တယ် … ”

ဆုက နားတောင်လှည်လာပြီ။

ဆုရွှေအား ဂျက်ကတစ်ခုမှာသည်။ စတီးလ်ချောင်းတစ်လံလောက်နှင့် သားရေကြိုးများမှာသည်။ စတီးလ်စွပ်ထည့်ရော်ဘာစွပ်ကွင်းကိုလည်း မှာသည်။

သိမ်ကြီးဈေး ဒီရုံနှင့် အနီးပတ်ဝန်းကျင်မှာ ရှာရနိုင်ကြောင်း ပြောသည်။ မရလျှင် နှစ်ဆယ့်ရှစ်လမ်းတွင်ရှာရနိုင်သည်ဟု ဆို၏။

သူမှာတာတွေကို ဆုက ဝယ်ပေးသည်။

အလူမီနီယံချိုင်းထောက်ကို အားပြုပြီး ဂျက်စနေက စတီးချောင်းကို လက်ကိုင်သားရေကြိုးပတ်၊ လက်ကောက်ဝတ်ထဲသားရေကွင်းလက်စွပ်ထည့်ကာ ဓားတစ်လက်နည်းနှင့် ပိုင်ပိုင်နိုင်နိုင်လေ့ကျင့်၏။

သည်ဓားတစ်လက်နည်းက သူ့အားသိုင်းပညာသင်ပေးသော သိုင်းဆရာဦးစန်းမောင်ဆီမှာ သင်ကြားခဲ့သောနည်းဖြစ်၏။

ညဘက် သူအိပ်လျှင် ခင်စန္ဒာမြိုင်အား …

“မခင်စန္ဒာရေ … ကျုပ် ဒီမှာလာနေတာ စိတ်မဆိုးနဲ့ … ကျုပ်ကို ခင်ဗျားသိသလို ခင်ဗျားကိုလည်း ကျုပ်သိသွားတယ် … ကျုပ်ကိုမခြောက်နဲ့ … မနှုတ်ဆက်နဲ့ … ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့လောကကို ဖြတ်သန်းလာခဲ့ဖူးတော့ မကြောက်ဖူးဗျနော် ... ကျူးလွန်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို ခင်ဗျားကို အမျှပေးဝေမယ် ... အမျှယူပါဗျာ ... ”

ထိုသို့ ကြွေးကြော်ပြီးမှ အိပ်လေ့ရှိ၏။

သူ့အဖို့ ငိုကြွေးသံလည်း မကြား၊ ခြောက်လှန့်တာလည်း မတွေ့ရ။

တစ်မနက်တွင် သူက ပဲပြုတ်ထွက်ဝယ်နိုက် သူ့လိုပဲ ပဲပြုတ်ထွက်ဝယ်သော ဝိုင်းကဗျာနှင့် ဆုံမိ၏။

“လူကြီးပဲပြုတ်ဝယ်သလား ... ”

“ပဲပြုတ်ပဲ စားရမှာ ... တခြားဥစ္စာဝယ်ပေးမဲ့လူမှ မရှိဘဲ”

ပြောပြီး ဝိုင်းကဗျာအတွက်ပါ ဂျက်စနေက ပဲပြုတ်ဖိုးရှင်းပေးလိုက်သည်။

“လူကြီး ... ရှင် ဒီမှာနေတာ အေးအေးသက်သက်ပဲလား”

“အေးပါတယ် ... ညီမရယ် ... ”

“သရဲမခြောက်ဘူးလား ... ”

“သရဲ ... ဘာသရဲလဲ ... ဒီမှာ ဘာသရဲမှ မရှိဘူး ... ”

“ဟုတ်ရဲ့လား ... ဝိုင်းတို့ညဘက် တစ်ခါတစ်လေ ... အဲဒီအခန်းရှေ့မှာရပ်မိရင် ငိုသံလိုလိုကြားရတယ် ... လမ်းလျှောက်သံတွေလည်း ကြားရတယ် ... ”

“တို့များ နားပင်းနေသလား မသိပါဘူး ညီမရယ် ... ဘာမှ မကြားရပါဘူး ... ညဘက် တို့အိပ်ပြီဆို သိုးပဲ ... ”

“မမဆု ... ဘာလာလာလုပ်သလဲ ... ”



“သူငယ်ချင်းကောင်း ပီသပါတယ် ... လာလာပြုစုပါတယ်”

“ဟုတ်ရဲ့လား ... ”

မေးပြီး မသက်သာသောအကြည့်နှင့် ကြည့်၏။ ယခင်က မျက်နှာကြောမတည့်ခဲ့သော သူတို့နှစ်ယောက်မှာ ခုတော့ အပေးအယူတည့်နေကြ၏။

“လူကြီးနာမည် ... ”

“ဂျက်စနေ ... ”

“ခေတ်မီတယ်နော် ... ”

“စနေထွန်းလို့လည်း ခေါ်တယ် ... ”

“လှတယ် ... ”

ပြောပြီး လျှာကလေးတစ်ချက် လှစ်ခနဲထုတ်ပြီးမှ

“ဒီက ဝိုင်းကဗျာတဲ့ ... ”

“သိပြီးပြီ ... ”

“မမဆုပြောတာ မဟုတ်လား ... ”

ကိုဂျက်က ခေါင်းညိတ်လိုက်သည်။ ဝိုင်းကဗျာမှာ ကျေနပ်သွားပုံရ၏။

“လူကြီး လိုတာရှိရင် ပြောနော် ... မစွမ်းမသန်ကြီးနဲ့ ကားလမ်းမကူးနဲ့ ... ကားတွေက ရှုပ်နေတာ ... ဒီတစ်ခါတိုက်ခံရရင် ရှောသွားလိမ့်မယ် ... ”

“စိုးရိမ်သလား ... ”

“အင်း ... ”

ဒီကောင်မလေးက ပြောကာ ကိုဂျက်ကိုတင်းချက်နိုး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ ပဲပြုတ်ဖိုးရှင်းပေးခဲ့ရသဖြင့် ကျေနပ်ပုံရ၏။ သူမက အထက်ထပ်သို့ တက်သွားသည်။

လှေကားမှလူနှစ်ယောက်သုံးယောက်ဆင်းလာ၏။ အမျိုးသမီးနှစ်ယောက်၊ အမျိုးသားတစ်ယောက်။

အခန်းနီးနားချင်းအဖြစ် ဂျက်စနေက ဦးစွာပြုံးပြ၏။

သူတို့က မပြုံးချင် ပြုံးချင်ဖြင့် ပြန်ပြုံးပြသွားကြ၏။ ဂျက်စနေ သည်မှာလာနေတာ အကဲခတ်နေကြသည့်လူတွေ။

ဂျက်စနေက ဝယ်လာသည့်ပဲပြုတ်နှင့် ညက ချိုင့်ထဲမှာ ကျန်သည့်ထမင်းကြမ်းကို ဆီအနည်းငယ်လူး၊ ဆားအနည်းငယ် အချိုမှုန့်အနည်းငယ်ထည့်ကာ ကြော်သည်။

ရေနွေးကြမ်းနှင့် ပဲပြုတ်ထမင်းကြော်စားလိုက်သည်။

ဆုက တာမွေဈေး သို့မဟုတ် အခွန်လွတ်ဈေးမှ ကြက်ဝယ်လာမည်ဟု ပြောသည်။

ချက်တတ် ပြုတ်တတ်နေသော ကိုဂျက်က ဆုချွေ အား ဘယ်သို့ဘယ်ပုံချက်ရမည်ကို ညွှန်ကြားပြသပေးသည်။

ကိုဂျက်အတွက် ဆုနှင့် မျက်နှာချင်းဆိုင်စားရသည်မှာ ပျော်သည်။ ဆုကလည်း ကိုဂျက်နှင့် ထမင်းစားရတာကို နှစ်သိမ့်ပုံရ၏။

တစ်ရက်က ဦးနန္ဒာဖြိုးကို တွေ့လိုက်ရ၏။

ဦးနန္ဒာဖြိုးက တိုက်ပေါက်ဝမှာရပ်နေသော ကိုဂျက်ကို ဦးစွာပြုံးပြသည်။ သူ့အပြုံးကိုကြည့်ကာ ကိုဂျက်ဇဝေဇဝါဖြစ်သွား



သည်။

ဦးနန္ဒာမိုးက သူ့အားနှုတ်ဆက်သလားဟု ထင်၏။

ထိုမှ ဝိုင်းကဗျာ၏အဖေ ဦးနန္ဒာဖြိုးမှန်းသိပြီး ဂျက်က ပြန်လည်ပြုံးပြလိုက်သည်။

"မောင်ဂျက် ... ဆုချွေကို ပြောလိုက်စမ်းပါ ... သူ့ဦးလေး တစ်ယောက်လုံးကို မေ့မထားပါနဲ့ဦးလို့ ... "

သည်အချိန်တွင် ဆုချွေမှာ မြို့ထဲသို့ အလုပ်ကိစ္စနှင့် ပြန်ထွက်သွားချိန်ဖြစ်သည်။ ဂျက်စနေမှာ ဦးနန္ဒာဖြိုးကို ကြည့်ကာ စဉ်းစားကျန်နေခဲ့၏။

သူရောက်ပြီး တစ်ပတ်အကြာမှ သည်လူကြီးနှင့် တွေ့ရခြင်းဖြစ်သည်။ ဤစဉ်မှာပဲ လူတစ်ယောက်က ရောက်လာ၏။ သူ့ ကို ဂျက်စနေက မမြင်ဖူးပါ။

သူက ဂျက်စနေအား ရှုသိုးသိုးကြည့်၍ ...

"မင်းနာမည် ဂျက်စနေလား ... "

ဂျက်စနေက တိုက်ခန်းပေါက်ဝမှာရပ်ရင်း ...

"ဟုတ်ပါတယ် ... "

"မင်းကိုငါက သတိလာပေးတာ ... သော်တာဆုချွေ မင်းဆီကိုလာနေတယ်ပြောတယ် ... လက်မခံပါနဲ့ ... "

"ဗျာ ... "

"မဗျာနဲ့ ... သော်တာဆုချွေဟာ မင်းနဲ့မတန်ဘူး ... "

သည်လူကြည့်ရတာ သားသားနားနားမရှိ။ အကျႌ ဟောင်း၊ ဘောင်းဘီဟောင်းနှင့် ရုပ်က တစ်ပြားလောသုံးပဲတန်

www.burmeseclassic.com

www.burmeseclassic.com



သည့်ရုပ်။

ဒီရုပ်ကွက်က လူမိုက်လား။

"ကျုပ်ဟာကျုပ် အေးအေးဆေးဆေးနေတာ ... ဘာလာရှုပ်တာလဲ ... သွားစမ်းပါ ... ခင်ဗျားက ဘယ်သူလဲ ... "

"ငါဘယ်သူလဲဆိုတာ မင်းသိဖို့မလိုဘူး ... ငါပြောသလိုသာ သော်တာဆုရှျေကို လက်မခံပါနဲ့ ... "

"ကျုပ်ဟာကျုပ် လက်ခံရင် လက်ခံမယ် ... လက်မခံချင်ရင် လက်မခံဘူး ... ခင်ဗျားက ဘာမို့လို့ လာပြောနေရတာလဲ ... ခင်ဗျားနဲ့ မဆိုင်ဘူး ... "

ပြောရင်း သတိရလိုက်သည်။

ဒါ ဦးနန္ဒာမိုးရဲ့လက်ချက်။

သည်သို့ ပြောနေစဉ် ဦးနန္ဒာဖြိုး ဆင်းလာသည်။ သူက အပေါ်တက်နေစဉ်မှာ အဲသည်လူ၏ပြောသံဆိုသံတွေကို ကြားပာန်တူသည်။

"ဟေ့ကောင်တွေ ... ဒီဘက်မှာ ဘာလာရှုပ်တာလဲ ... မင်းတို့နဲ့ မဆိုင်ဘူးသွားကြ ... "

ဂျက်စနေအား လာရောက်ခြိမ်းခြောက်ပြောဆိုနေသူသည် ဦးနန္ဒာဖြိုးကိုမြင်လျှင် အံ့အားသင့်သွားပုံရ၏။ နောက်မှ ပေတေတေကြည့်၍ ထွက်သွားလေတော့သည်။

"ဦးလေး ... ဘယ်ကကောင်လဲ ... "

"ဒီကောင်က ပုသိမ်ညွှန့်ဘက်မှာနေတာ ... တစ်ခါက သေသွားတဲ့ လူမိုက်ရေအေးရဲ့ တပည့်တစ်ယောက်ပါ ... ဒီလို



ပဲ ဒီကောင်တွေက အုပ်နဲ့သင်းနဲ့ လူမိုက်လုပ်ချင်တယ် ... သူတို့ဆရာရေအေးကျတော့ သိပ်အေးတဲ့လူ ... သူတို့လို စွာစွာ စွာစွာ မနေဘူး ... "

"လူမိုက်ခေတ်ပြန်ထချင်ပြီနဲ့ တူတယ် ... "

ဂျက်စနေက ပြောပြီးတော့ရယ်သည်။

"ဦးလေး ... အထဲဝင်ပါဦး ... "

"မဝင်တော့ပါဘူးကွာ ... မင်းအကြောင်းကို ငါ့သမီးဝိုင်းကဗျာက ပြောလို့သိနေတာကွ ... သွားမယ် ... မင်းက လူသစ်ဆိုတော့ အကူအညီလိုတော့လည်း ပြောပေါ့ကွာ ငါတတ်နိုင်ရင် ကူညီပါ့မယ် ... "

ဦးနန္ဒာဖြိုး ပြန်တက်သွားသည်။

ပါးနပ်သော ဂျက်စနေက တွေးမိသည်။

စောစောကလာသော လူမိုက်လိုလိုကောင်မှာ ဦးနန္ဒာမိုးသို့မဟုတ် ဆုရှျေ၏ဒက်ဒီက လွှတ်လိုက်သောလူပင်ဖြစ်ပေလိမ့်မည်။

ဦးနန္ဒာမိုးရေ ... ကျုပ်ကို ဂီလာနဆိုပြီး အထင်မသေးလေနဲ့ ... ကျုပ်သေရွာပြန်က ဘာကိုမှမှုတာ မဟုတ်ဘူး ယောကျ်ားမကြီးရဲ့ ... ။

အခန်းဆက်တွဲ(၁၈)

ဆုချွေးရှေ့မှာပဲ ရန်ပွဲလေးဖြစ်ခဲ့ရပါသည်။

အခန်း၏ရှေ့ပိုင်းတွင် ထမင်းဟင်းချက်ဖို့ကိစ္စ ဘာဟင်းချက်မည်ဟု ပြောနေကြစဉ် လူသုံးယောက်ရောက်လာပြီး ပိတ်ထားသော သံတံခါးကို တဝုန်းဝုန်းလှုပ်သည်။

မနေ့ကလာတဲ့ လူမိုက်လိုလိုကောင်နှင့် တခြားလူနှစ်ယောက်။

လူမိုက်လိုလိုကောင်က ဂျက်ထက်ကြီးပြီး အဖော်ပါလာသူနှစ်ယောက်က ဂျက်နှင့်ရွယ်တူ။

"ဟ … လူနွေားတွေ … ရိုင်းလှချည်လား … ဒီမှာ ညှီသည်နဲ့ စကားပြောနေတာ မသိဘူးလား … "

ဒေါသနှင့် ဂျက်စနေက အော်လိုက်သည်။

သံတံခါးမှာ အတွင်းမှသော့ခတ်ထားသည် မဟုတ်ပါ။



"မင်းကို ပြောထားတယ်မဟုတ်လား … သော်တာဆုချွေကို လက်မခံပါနဲ့လို့ … ပြောထားတာ ပြီးတော့ မင်းကတို့ကို လူနွေားတွေတဲ့ … "

ပြောလည်း ပြော့ သံတံခါးကို ဝုန်းဒိုင်းဖွင့်ဝင်လာ၏။

"ဒုတ် … "

"အား … "

ဒုတ် …

ခွပ် …

"အား … အမယ်လေး ကွဲပါပြီ … "

"အား … ခွေး … အား … "

"အားယိုယို့ … "

အသံမျိုးစုံပါပဲ။

အလူမီနီယံချိုင့်ထောက်မှာ ပေ့ါပါးသည့်အပြင် ခိုင်လည်း ခိုင်ခန့်သည်။ လှုပ်ရှားရတာလွယ်ကူသည်။

ချိုင်းထောက်ကို အားပြုပြီး ကြက်ပေါင်သားရေစွပ်ထားသော စတီးချောင်းကို ကိုင်ထားသည့်ဂျက်စနေ၏ လက်ကသွက်လက်လိုက်တာ။

ဝင်လာသူတွေ ဘာမှမလုပ်နိုင်မီ သူတို့၏ခေါင်း၊ ပခုံး၊ ကိုယ်အလယ်ပိုင်းတွေအပေါ်ကို တရစပ်ကျရောက်သွားသည်။

ဓားတစ်လက်နည်းကို သုံးကာ ထိုး၊ ခုတ်၊ ပက်၊ ပိုင်းတွက်နှင့်ပင် ပွဲပြီးသွားသည်။ ကွဲသူကွဲ၊ လဲသူ လဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်နေ့က အဲသည်နေရာမှာတော်တော်ကလေး ဆူဆူညံညံဖြစ်သွားကြသည်။

ငနဲသုံးကောင် အကွဲကွဲအပြဲပြဲနှင့် ပြန်သွားကြ၏။

ဂျက်စနေတဲ့ ... ။

မြွေပွေးထက် ဆိုးသွားမယ် ... မှတ်။

ပတ်ဝန်းကျင်မှာ ဂျက်စနေအကြောင်း သိသွားကြ၏။

ခေါင်းမပါဘဲ ပြန်ထွက်လာရင် ကံကောင်း။

သည်လက်ချက်သည် ဦးနန္ဒာမိုး၏လက်ချက်သာ လျှင်ဖြစ်နိုင်ကြောင်း ဂျက်စနေက ပြောသည်။

ဖြစ်ချိန်တွင် ဦးနန္ဒာမိုး၏ညီ ဦးနန္ဒာဖြိုးတို့ မိသားစု မရှိကြပါ။ နောင်သိလာတော့ ဒီအတိုင်းပြောခဲ့၏။

"နန္ဒာမိုးတို့ ခြေပုန်းခုတ်တာ ကြောက်စရာကောင်းတယ် ဟေ့ ... မင်းအတွက် ရှေ့လျှောက် မလွယ်ကြောပါဘဲကွာ"

အတော်အားရှိလိုက်တဲ့ စကား။

ဦးနန္ဒာမိုးလက်ချက်ဆိုတာသိပြီးနောက်တွင် ဆုချေ က စိတ်ဆိုးမာန်ဆိုးနှင့် သူမ၏ဒက်ဒီထံ ဖုန်းဆက်သည်။

မိမိကို မနှောင့်ယှက်ဖို့အကြောင်းနှင့် မိမိနှင့်ဂျက် စနေတို့၏ ထာဝရနိုင်မြဲသော မေတ္တာသည် ဘယ်လိုမှ ဖျက်လို့ရ လိမ့်မည် မဟုတ်ကြောင်းပြောသည်။

ဒက်ဒီ့ဆီက စကားကိုတောင် နားမထောင်တော့ လက်ကိုင်ဖုန်းကို ဖြတ်တောက်၍ ပိတ်ပစ်လိုက်သည်။ ကိုဂျက်က



ဒါကိုသိတော့ ...

"ဆုရယ် ... ဘာလို့သွားပြောရတာလဲ ... ဆုဒက်ဒီက ဆုကို သူ့ဆီပြန်လာစေချင်လို့ဖြစ်မှာပေါ့ ... "

"ဒက်ဒီက မတရားပါဘူး ... ဆုအိမ်ပေါ်က ဆင်းခဲ့ပြီပဲ ... ဆုဘဝ ဘယ်လိုနေနေပေါ့ ... ဒက်ဒီတို့နဲ့ မဆိုင်တော့ဘူး လေ ... "

"မဟုတ်ဘူးလေ ဆုရဲ့ ... ဆုကို သူတို့က သွနုသသမီး အဖြစ် ကြေညာသေးတာမှ မဟုတ်ဘဲ ... မိဘမေတ္တာဆို တာ ဒီလိုပဲ ... ကိုယ့်သားသမီးကို စိတ်ဆိုးလည်း ခဏပဲ သားသမီးတွေက သူတို့ကို ဖြတ်နိုင်ပေမဲ့ သူတို့ရဲ့ မေတ္တာ စေတနာ ... သံယောဇဉ်က ကြီးမားတယ်လေ ... ဆု အခု ဆင်းလာတာ အန်ကယ်(လ်)က နှင်ချလို့ ဆင်းလာတာမှ မဟုတ်ဘဲ ... ဆု သဘောနဲ့ ဆုဆင်းလာတာ ... ဒီတော့ ဘယ်ဖြတ်ပုံမလဲ ... "

"အခုဟာက ဆုနဲ့ မောင်နဲ့ ဆက်သွယ်နေတာကို သူတို့က မလိုလားတာ ... "

"သူတို့လို မပြောပါနဲ့ ဆုရယ် ... ဒက်ဒီတို့လို့ ပြောလိုက်ပါ"

ဆု၏ မှန်ကုပ်ကုပ်မျက်နှာကလေးက ကိုဂျက်ကို မျက်စောင်းထိုးလိုက်ပြီး ...

"သူက ခုမှမတော်ရတဲ့ ယောက္ခမဘက်က နာနေလို့ တာ ... "

ကိုဂျက်က ရယ်သည်။ ပလတ်စတစ်ကွေးခြေပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော ဆု၏ လက်ကလေးတွေကိုဆွဲပြီး လက်ဖမိုးနုနုဖတ်ဖတ်ကလေးတွေကို နမ်းသည်။

သူ၏အနမ်းပန်းတွေကတစ်ဆင့်တက်ကာ ရွှေပါးပြင်ပေါ်သို့ ... ။

ဆုက ရှောင်တိမ်းရင်း ...

"ဟင့် ... လမ်းမပေါ်မှာ လူတွေသွားနေတယ် ... လှမ်းကြည့်လိုက်ရင် ... မလုပ်နဲ့ကွာ ရှက်စရာ ... "

"ဂျက်စနေတို့ ခြေသာကျိုးတယ် ... နှာခေါင်းမကျိုးသေးဘူးဆိုတာ သိစေချင်လို့ပါ ... "

"နှာဘူး ... "

သူမက မျက်စောင်းကလေးမဝင့်တဝင့်ထိုး နှုတ်ခမ်းတော်မှ ခပ်ဆောင့်ဆောင့်လေး ကျူးရင့်သည်။

ကိုဂျက်က ရယ်နေသည်။ ဆုချွေက ယခုမှ တစ်ခုခုကို သတိရသလို ကိုဂျက်လက်ကို ပြန်ညှစ်၍ ...

"ကိုဂျက် ... ဟိုကောင်မလေးကို သတိထားနော် ... "

"ဘယ်ကောင်မလေးလဲ ... "

"ဝိုင်း ... "

"ဝိုင်းကဗျာလား ... ဘာဖြစ်လို့လဲ ... "

"အဲဒီကောင်မလေးက အလိုက်သိပ်သိတာ မဟုတ်ဘူး ... တော်ကြာ ... "

ဝိုင်းမှာ ယခင်လိုမဟုတ်။

ဂျက်စနေအိမ်ခန်းသို့ လာလည်တတ်သည်။ ဟို



စကား သည်စကားပြောတတ်သည်။ သူများအကြောင်းတွေလည်း ပါတတ်၏။ ဆုချွေက သူ့ညီမဝမ်းကွဲကို သိပ်မနှစ်သက်။

"ကိုယ့်အတွက် ဆုချွေမှ ဆုချွေပါ ... ဆံဖြူသွားကျိုးရိုးမြေကျတောင်မဟုတ်ဘဲ နှောင်ဘဝဆက်တိုင်း ဆက်တိုင်း ဆုချွေကို ပေါင်းမဲ့ ကိုဂျက်ပါ ... "

"သတိထားပြောနော် ... အဲဒီအခါကျ ဆုချွေက ယောကျ်ားဖြစ်နေရင် ... "

"ဒီလိုတော့လည်း အခြောက်ကြီးလုပ်ပြီး ပေါင်းမှာပေါ့"

သူတို့နှစ်ယောက် ပျော်ရွှင်စရာ စကားလေးတွေအဖြစ်ရယ်မောဖြစ်ကြသည်။

ညဘက်တွင် စိတ်ကူးတစ်ခုရသော ဂျက်စနေက အိပ်ရာထဲတွင် သမထထိုင်ပြီးနောက် ခင်စန္ဒာမြိုင်ကို ရည်စူးပြီးပြော၏။

"မခင်စန္ဒာမြိုင်ရေ ... ခင်ဗျား မခြောက်မလှန့်တာ ကျေးဇူးတင်ပါတယ်... ကျွန်တော် ခင်ဗျားအတွက် ကုသိုလ်ကောင်းမှုတွေပြုပေးပါမယ် ... ဒါပေမဲ့ ကျွန်တော့်မှာ လတ်တလော ပြဿနာတစ်ခုရှိနေလို့ ခင်ဗျားအတွက် ကုသိုလ်ကောင်းမှုလုပ်ပေးဖို့ရာ နှောင့်နှေးနေတယ် ... ဒီပြဿနာကို ခင်ဗျားကူညီပါဗျာ ... ကျွန်တော် မော်တော်ဆိုင်ကယ်မတိုက်မိမိန်းကလေးတစ်ယောက်နဲ့ မော်တော်ဆိုင်ကယ်စီးခဲ့တယ် သူက ကျွန်တော့်ကို မြွေပွေးနဲ့ကိုင်ပြီး ခြိမ်းခြောက်လို့ မော်တော်ဆိုင်ကယ်မှောက်ခဲ့ရတာပါ ... အဲဒီမိန်းကလေးက

www.burmeseclassic.com

www.burmeseclassic.com



အရုပ်အမောင်းကောင်းကောင်း ... အသားညိုညို ... မျက်နှာလေးထောင့်ပုံစံပဲ ... ကျစ်ဆံမြီးနှစ်ဖက်ရှေ့ချထားတာပဲ သိတယ် ... သူ ဘယ်မှာရှိနေတယ်ဆိုတာ ခင်ဗျားရှာပေးပါလား ... "

သူက ပရလောကထဲရောက်ခဲ့ဖူးသော သေရွာပြန်ဆိုတော့ ဝိညာဉ်တွေက သိကောင်းသိမည်လို့တော့ ထင်သည်။

ပေါက်ကရတွေ လျှောက်လုပ်၏။

လူတွေ့လျှင် ရယ်မှာပါပဲ။ သူလုပ်ပုံကြီးက တကယ့်ရယ်ပေါက်မှ ရယ်ပေါက်။

တကယ်တော့ မစွမ်းမသန်ဖြစ်နေတာမို့ အကြံကုန်ဂဏ္ဍန်ဆားချက်ခြင်းသာ ဖြစ်သည်။

ဆိုးတော့ မဆိုး။

အဲဒီလိုချည်း ပြောတာ နှစ်ရက်သုံးရက်အကြာညတစ်ညတွင် သူအိပ်စက်နေချိန်တွင် သူ့အိပ်မက်ထဲ၌ ခင်စန္ဒာမြိုင်နှင့်တွေ့၏။

ခင်စန္ဒာမြိုင်သည် လှလှပပကလေးဝတ်ထား၏။

သည်အခန်းထဲမှာပဲ ဂျက်စနေကိုပြောသည်။

"မင်းဟာ မသေလို့ လူပြည်ပြန်ရောက်တဲ့လူ ... ငါနဲ့လည်း စကားပြောဖူးတယ် ... မင်းလိုချင်တဲ့ အကူအညီကို ငါတိုက်ရိုက်မပေးနိုင်ဘူး ... ဒီတော့ ငါတို့ရဲ့ အိမ်အထက်ထပ်မှာရှိတဲ့ ဦးနန္ဒာဖြိုးကို လိုက်ကြည့်ပါ ... မင်းပြဿနာ ပြေလည်သွားပါလိမ့်မယ် ... "



သူက သည်အိပ်မက်နှင့် သည်စကားတွေကို အထင်အရှားမှတ်မိ၏။

ဦးနန္ဒာဖြိုး။

သူက စဉ်းစားလျှက်၏။

ဦးနန္ဒာမိုးနှင့် ဦးနန္ဒာဖြိုးက ညီအစ်ကို။ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် တူနေကြသည့် အမြွှာပူးတွေ။

အဲသည်ငွေသိန်းနှစ်ဆယ်ပျောက်ဆုံးသွားသည့်ညက ဦးနန္ဒာမိုးက မိမိကိုခေါ်သွားသည်။

ထိုသည့်နောက် ပန်းတိုင်သို့ ရောက်သည်။ ပန်းတိုင်သို့ မရောက်မီ ဦးနန္ဒာမိုးက မိမိအား 'မောင်ဂျက် ... မောင်ဂျက်' နှင့် ခေါ်ခဲ့သည်။ ဦးနန္ဒာမိုးက မိမိကို 'ကိုဂျက် ... 'လို့ပဲ ခေါ်သည်။

ယခု မိမိဆုံတွေ့ခဲ့ရသည့် ဝိုင်းကဗျာ၏ဖခင် ဦးနန္ဒာဖြိုးကလည်း မိမိကို မောင်ဂျက်ကိုလို့ပဲ ခေါ်သည်။

ဒါဆို ဦးနန္ဒာမိုးနေရာမှ ဦးနန္ဒာဖြိုးက ဝင်ရောက်အသုံးတော်ခံပြီး ဒီငွေတွေကို ဦးနန္ဒာဖြိုးက အပျောက်ရိုက်လိုက်လျှင်ကော မဖြစ်နိုင်ဘူးလား။

တွေးပြီး ဂျက်စနေလက်ဖျောက်တီးလိုက်သည်။

သူက အိပ်မက်နှင့် ပတ်သက်၍ ဆုရွှေကိုပြောပြသည်။ ဆုရွှေက စဉ်းစားပြီး ရယ်သည်။ ဂျက်စနေအား ကလေးတွေး တွေးပြီး ဦးနှောက်မကောင်းဟုဆို၏။

"ဆု မယုံဘူးလား ... ကိုယ်က ဝိညာဉ်တွေရှိတဲ့ ပရလောကကို ရောက်ခဲ့ဖူးတဲ့လူ ... ရေကိုတောင် ရောက်ခဲ့တာ ...

www.burmeseclassic.com



ဝိညာဉ်လောကမှာ သူတို့ဟာ တစ်ဖက်ဂြိုဟ်သားတွေလိုပဲ ဆန်းပြားတာတွေ အများကြီးရှိတယ် ... လူသားနဲ့ ဝိညာဉ်ဟာ ဆက်နွယ်နေတော့ ပရလောကက ဝိညာဉ်တွေက သူတို့ခင်မင်တဲ့လူဆိုရင် အကျိုးပေးနိုင်တယ် ... "

"ဒါတွေဟာ စိတ်ကူးယဉ်တွေပါ ကိုဂျက်ရယ် ... ဆု အတွေး တစ်ခုတော့ပြောမယ် ... လူဟာ စိတ်ပဲ ... ကိုဂျက်တွေ့ကြုံရတာတွေလည်း စိတ်ပဲ ... စိတ်ဟာ ဆန္ဒပြင်းပြလွန်းအားကြီးရင် မသိစိတ်က ကိုယ့်ကို အကျိုးပေးတတ်တယ် အဲဒီညက ကိုဂျက်သမထထိုင်တယ် ... စိတ်ကငြိမ်သက်နေပြီ ... မသိစိတ်မှာက ကိုဂျက်ရဲ့ပြဿနာအတွက် ဖြေရှင်းလိုတဲ့ ဆန္ဒက ငြိတွယ်နေတော့ ဒီမသိစိတ်ကပဲ ကိုဂျက်ကို အိပ်မက်အဖြစ် ပြန်အိပ်မက်ပေးမယ် ... ဒါပဲ ... "

"ထားပါတော့ ... ဦးနန္ဒာဖြိုးကို လိုက်ကြည့်စေချင်တယ်"

"ဘယ်သူက လိုက်ကြည့်ရမှာလဲ ... "

"ဆုပေါ့ ... "

"ဘုရားရေ ... "

"ဘုရားရေ ... မလုပ်နဲ့ ... ဒီအမှုဟာ ရဲတိုင်တဲ့အမှုတောင် ဖြစ်နိုင်တယ် ... ဆုရဲ့ဖားသား မားသားကြီးတွေ ငြိမ်နေလို့သာပဲ ... ကိုယ့်စိတ်ထင် ဦးနန္ဒာဖြိုးက ဦးနန္ဒာမိုးနေရာဝင်ပြီး တစ်ပတ်ရိုက်ငွေယူလိုက်တယ်လို့ ထင်တာပဲ ဆုရာ"

အိမ်ခန်းထဲတွင် ဆုချော့က တွေတွေကလေး ငေးနေသည်။ ချက်ပြုတ်ပြီးစီးလို့ စကားပြောခြင်းဖြစ်၏။



သည်စဉ် အိမ်ရှေ့မှ ...

"ဟော့ ... ဘယ်သူတွေလဲဟော့ ... စကားပြောနေကြတာ"

ပြောပြီး သံတံခါးအပြင်ဘက်မှ ဝိုင်းရပ်နေသည်။ ဆု ဝိုင်းကိုကြည့်ပြီး စိတ်ကူးတစ်ခုဖျော်က်သွားသည်။

"ဟဲ့ ... မိဝိုင်း ... လာလေ ... "

သွားရောက် တံခါးဖွင့်ပေးသည်။ တံခါးကို လူမိုက်သုံးယောက်လာရှုပ်သွားပြီးကတည်းက အတွင်းမှ သော့ခတ်ခတ်ထားရ၏။

ဝိုင်းကဗျာက လက်ထဲမှ မုန့်ဟင်းခါးမုန့်ထုပ်နှင့်ခင်းရည်ထုပ်။

"အစ်ကိုမနေ့က မုန့်ဟင်းခါးစားချင်တယ်ပြောလို့ ... လမ်းမှာတွေ့တဲ့ဆိုင်က ဝယ်လာခဲ့တာ ... "

"ကျေးဇူးပါပဲ ... ဝိုင်းရာ ... "

"ပိုက်ဆံပြန်မပေးနဲ့တော့ ... ဝိုင်းဝယ်ကျွေးတာ ... "

"မလုပ်နဲ့လေ ... ဝိုင်းက အလုပ်ရှိတာမဟုတ်ဘူး ... "

ဂျက်စနေက ပြောပြီးတော့ ငါးရာတန်တစ်ရွက်ကို ထုတ်၍ ဝိုင်းကိုပေးလိုက်၏။ ဝိုင်းက မျက်လုံးလေးပြူးပြရင်း ...

"ဝိုင်းဝယ်ကျွေးတာပါဆို ... "

"အေး ... ဝိုင်းကို ကျေးဇူးတင်တဲ့အနေနဲ့ တို့က မုန့်ဖိုး ပြန်ပေးတာ ... "

ဝိုင်းက ဆုချော့ကို လှမ်းကြည့်၏။ ဆုချော့က ပြုံး၍

"ဝိုင်း ... ညီမလေး ယူလိုက်လေ ... "

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ဝိုင်းယူသည်။ မိဝိုင်းလုပ်တာ ဆုရှေ သဘောပေါက်သည်။ လက်ဖွာသော ကိုဂျက်ကို မုန့်ဟင်းခါးဝယ် ကျွေးလိုက်လျှင် သူမအတွက် မုန့်ဟင်းခါးဖိုးထက်မက ပြန်ရမယ် ဟု ဝိုင်းသိထားပြီးဖြစ်ပါသည်။

"အန်တီရော ... "

"ဟင်းချက်နေတုန်း ... "

"ချာတိတ်ရော ... "

"ကျောင်းသွားပြီလေ ... "

"အန်ကယ်(လ်)ဖြိုးတစ်ယောက်လည်း မမြင်ပါလား ... "

သည်သောအခါဝိုင်းကဗျာမှာ ဒေါသဖြစ်သည့်အသွင် မျက်နှာလေးအသွင်ပြောင်းလာသည်။

"အဖေ့အကြောင်း မမဆု မသိသေးဘူးလား ... "

"ဟဲ့ ဘာဖြစ်လို့လဲ ... "

သူမက ကိုဂျက်ကိုလှမ်းကြည့်သည်။ ကိုဂျက်က သူမကို ပြုံးကြည့်နေ၏။ ချက်ချင်း ကိုဂျက်ရော ဆုရော အံ့အားသင့် သွားကြသည်။ အကြောင်းကတော့ ဝိုင်း၏မျက်လုံးလေးတွေထဲမှ မျက်ရည်တွေ ပေါက်ပေါက်ကျလာခဲ့၏။

"ဟဲ့ ... ဟဲ့ ... ဝိုင်း ဘာဖြစ်တာလဲ ... "

"အဖေ ... အဖေ ... သိပ်ရက်စက်တယ် ... မယားငယ်ယူ ထားတယ် ... "

"ဟုတ်လား ... "

"သူ ဒီမိန်းမကို တိတ်တိတ်ပုန်း ပေါင်းနေတာ အတော်ကြာ



ပြီ ... ခုတော့ အတိအလင်းယူထားတယ် ... ဟင့် ... "

ပြောရင်းပဲ ဝိုင်းကဗျာရှိုက်လိုက်၏။

"ဟယ် ... ငါတို့ မသိပါလား ... အန်ကယ်(လ်)ဖြိုးက တော်တော်ဆိုးတာပဲ ... ဘယ်ကဟာလဲ ... "

"သူ ဘယ်လိုတွေ့လာသလဲ မသိပါဘူး ... ကောင်မက ခပ်လည်လည်လို့ စုံစမ်းကြည့်ရာမှာ ဝိုင်းတို့သိရတယ် ... ဖျက်လို့လည်း မရဘူး မမဆုရဲ့ ... ငယ်လည်း ငယ်တယ်"

"ဒါတွေ ဝိုင်း ဘယ်လိုလုပ်သိသလဲ ... "

"မြို့ထဲက ဝိုင်းသူငယ်ချင်းတွေနဲ့အသွားမှာ သူတို့နှစ်ယောက် တွဲလာတာ သိရတယ်လေ ... "

ပြောရင်း သူမ၏လက်ခုံနှင့် ဝိုင်းက မျက်ရည်သုတ် သည်။

"မိန်းမနာမည်က ဘယ်သူလဲ ... "

"မြမြလွင်ယ်တဲ့ ... "

"ဘယ်မှာနေသလဲ ... "

ဆုကပဲ မေးနေသည်။ ဝိုင်းက ခဏတွေးနေပြီးမှ

"ရွှေပေါက်ကံမှာလို့ ပြောတယ် ... အဖေက ဝိုင်းတို့မိသားစုကိုပြောတယ် ... နင်တို့ကို လုပ်ကိုင်ကျွေးနေရင် ပြီးရောတဲ့ ... ဝင်မရှုပ်နဲ့တဲ့ ... တို့ဘယ်မှာနေတယ်ဆိုတာလည်း မသိချင်နဲ့တဲ့ ... ဒါပေမဲ့ ကျုပ်တာပါပဲ ... "

"အန်တီက ဘာပြောလဲ ... "

"မေမေက ပထမတော့ အကြီးအကျယ်ဒေါပွတာပေါ့ ... ခု

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း သွေးအေးသွားပြီ ... အိမ်မှာဝင်ငွေကျပ်တာပဲ အဖတ်တင်တယ် ... "

"အဲဒီမယားငယ်ကို နင်သွားပါးရိုက်လိုက်ပါလား ... နင်က တခြားနေရာမှာစွာပြီး ဒီနေရာကျတော့ ... "

ဆုက စိတ်ပေါက်လာသည်။ ပြောမိသည်။ သြော် သွေးက စကားပြောပြီကိုး။

"ဒီမိန်းမက မြွေအလှပွာယ်ဆရာမပဲ ... မြွေကိုကောင်းကောင်းနိုင်တယ် ... သူ့သွားလုပ်လို့ မြွေနဲ့တိုက်ရင် ဘယ့်နှယ့်လုပ်မလဲ မမဆု ... "

သည်ကောင်မလေးက စွာပေမဲ့ သူမဘေးကိုတော့ သူမအသိသား။

သူမ၏စကားကြောင့် ကိုဂျက်နှင့် ဆုရွှေတို့တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်ပါပါနှင့် ကြည့်ကြသည်။

ဒါကို ဝိုင်းကဗျာက မရိပ်မိပါ။

"အန်ကယ်(လ်)ဖြိုး နင်တို့ဆီပြန်မလာတော့ဘူးလား ... "

"ပြန်လာတယ် ... သူပြန်လာတာ ဗုဒ္ဓဟူးနေ့ပြန်လာပြီး ကြာသပတေးနေ့ဆယ်နာရီဆို ပြန်သွားပြီ ... "

"ငါစိတ်မကောင်းပါဘူးဟယ် ... ငါ ဒီအကြောင်းတွေ ဒက်ဒီကို တိုင်မယ် ... ဒါမှ သူ့ညီအကြောင်း သူသိမယ် ... "

"မတိုင်ပါနဲ့ မမဆုရာ ... တိုင်လည်း ဘာထူးမှာလဲ ... သူ့ညီကိုမှ သူမနိုင်တာ ... သူတို့နှစ်ယောက်က အမြွှာပူးမိနစ်ကလေးပဲခြားတော့ ... တစ်ယောက်ကိုတစ်ယောက် ရို



သေကြတာမဟုတ်ဘူး ... "

ပြောပြီး ဝိုင်းကဗျာထလိုက်သည်။

"ဝိုင်း ပြန်တော့မယ် ... "

"အေး ... အေး ... သြော် နေဦး ... "

ဆုက စိတ်မကောင်းပါ။ သူမ၏ ပိုက်ဆံလက်ပွေ့အိတ်ကလေးကိုဖွင့်၍ တစ်ထောင်တန်ငါးရွက်ပေးလိုက်သည်။

"အန်တီ့ကိုပေးလိုက် ... နင် အဲဒီထဲက ငါးရာယူလိုက်... "

ကောင်မလေးက လက်ခံပြီး ...

"မမဆုလည်း အိမ်လာခဲ့ဦးလေ ... "

ဆုရွှေသည် ထိုရောက်တိုင်း ဘယ်တော့မှ သူမ၏ ဦးလေးအိမ်သို့မတက်ပါ။

"အေး ... တစ်ရက်လာခဲ့မယ် ... နင်လည်း လိမ်လိမ်မာမာနေနော် ... ဖအေမရှိတဲ့အခါ ကိုယ့်စည်းကမ်းကိုယ်ထိန်း"

အစ်မမို့ ဆိုဆုံးမရသည်။

ဝိုင်းဆီက အကျိုးအမြတ်တော့ရလိုက်ချေပြီ။

ဝိုင်းထွက်သွားတော့မှ ဂျက်စနေက ...

"နေတော့ ခပ်တန်းတန်းဆိုပြီး တကယ့်တကယ်ကျတော့ မနေနိုင်ဘူး မဟုတ်လား ... တစ်ထောင်တန်ငါးရွက်ပါသွားပြီ ... "

"သွေးကိုး ... မြင်တော့လည်း သနားတယ် ... ဆုတို့က သူတို့ကို ခပ်တန်းတန်းနေမှန်းသိလို့ ... သူတို့က ဆုတို့ကို မခေါ်ရဲဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ ... အခု ဝိုင်းပြောတဲ့အတိုင်းဆိုရင် အဓိကတရားခံက ဦးနန္ဒာဖြိုးဖြစ်နေပြီ ... "

"ငွေသိန်းနှစ်ဆယ်ပျောက်တဲ့နေ့က မောင်နဲ့ တွေ့တာ ဒက်ဒီလား ... ဦးနန္ဒာဖြိုးလား ခွဲခြားမရဘူး ... "

"ပထမတော့ ဆုရဲ့ဒက်ဒီပါပဲ ... ဒါပေမဲ့ ဒုတိယတွေ့တာတော့ ဦးနန္ဒာဖြိုးပဲဖြစ်မယ် ... သူက ကိုယ့်ကိုအန်ကယ်ဦးနန္ဒာမိုးလို့ ကိုဂျက်လို့မခေါ်ဘဲ ... မောင်ဂျက်လို့ခေါ်ခဲ့တယ်လေ ... အခုလည်း မောင်ဂျက်ပဲ ... "

"ဒါဆို ... ဘယ်လိုဦးနန္ဒာဖြိုးဖြစ်လာတာလဲ ... "

"ဒီရန်ကုန်ထဲကအထွက် ... လှိုင်သာယာအိမ်ရာတစ်ခုကိုရောက်တော့ ဦးနန္ဒာမိုးက အဲဒီအိမ်ရာမှာရပ်ပြီး မိတ်ဆွေတစ်ယောက်ကိုဆင်းတွေ့တယ်လေ ... အဲဒီမှာ ဦးနန္ဒာဖြိုးက ငွေသိန်းနှစ်ဆယ်ပါလာတာသိလို့ ဦးနန္ဒာမိုးကိုတစ်ခုခုလုပ်ထားခဲ့ပြီး သူက ဦးနန္ဒာမိုးယောင်ဆောင်လိုက်မှာပေါ့ ဒီလိုလုပ် ... အကြောင်းသိရအောင် ဦးနန္ဒာဖြိုးနောက်ကိုကိုယ်နဲ့ ဆုနောက်ယောင်ခံလိုက်ကြည့်မယ် ... ဒီနေ့ ဘာလဲဆု ... နေဦး ဒီနေ့ဗုဒ္ဓဟူးပဲ ... အတော်ပဲ ... ဦးနန္ဒာဖြိုးလာလိမ့်မယ် ... မနက်ဖြန်ရှစ်နာရီကို ဆု ဒီကိုရောက်အောင်လာခဲ့ ... ဟင်းချက်ဖို့ ဘာဖို့တွေဝယ်မနေနဲ့ ... "

"ကားမှမရှိတာ ဘယ်လိုလုပ်လိုက်မှာလဲ ... တက္ကစီငှားမလား ... "

"ဆုသူငယ်ချင်းတွေဆီမှာ ကားငှားလို့မရဘူးလား ... "



"အေးချမ်းသီတာ့ကားကို သွားငှားလိုက်မယ် ... ကောင်မက ပေးမှာပါ ... သူ့မှာ နှစ်စီးတောင်ရှိတာ ... လေးကကြီးတစ်စီးနဲ့ အောက်အကျရာဆလွန်းကားတစ်စီးရှိတယ်"

"ရတာ ယူခဲ့ ... စက်ကောင်းဖို့ပဲ ... မောင်းတော့ ဆုပဲမောင်းတော့နော် ... "

ဆုရွှေ တော်ပါပေရဲ့။

နောက်တစ်နေ့ ရှစ်နာရီထိုးကာနီးတွင် အ အကျရာဝါသော ဆန်နီဆလွန်းကားဖြူကလေးနှင့် ရောက်လာ၏။

ဦးနန္ဒာဖြိုးထွက်ခွာဖို့ကိုပဲ စောင့်ကြည့်ရန်လိုတော့၏။ သူတို့နှစ်ယောက်လုံး စိတ်ထက်သန်နေကြသည်။

ဒါမှလည်း ပြဿနာပြေလည်မှာကိုး။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစဥ်(၁၉)

ဆန်နီစလွန်းကားဖြူကလေးနှင့် ခပ်ခွာခွာမှ လိုက်သွားကြသည်။

ရှေ့တွင် တက္ကစီကားတစ်စီးပေါ်၌ ဦးနန္ဒာဖြိုးရှိ၏။ ဦးနန္ဒာဖြိုးက ၄င်းစီးသောတက္ကစီကားနောက်မှ ဂျက်စနေနှင့် ဆုရှေ တို့ လိုက်ပါလာသည်ကို မသိချေ။

တက္ကစီကားနံပါတ်ကို ဂျက်စနေက မှတ်ထား၏။ သူထိုင်သောခုံတွင် ဆုရှေက ထိုင်ပြီးမောင်းသည်။

တက္ကစီကားနံပါတ်ကို မှတ်ထားရခြင်းမှာ မီးပွိုင့် မီးနီမိ၍ တက္ကစီကားနှင့် ကွဲကွာခဲ့သော် တက္ကစီကားနံပါတ်မှတ်ထားခြင်းဖြင့် အခြားသောတက္ကစီကားများနှင့် မမှားဘဲ လွယ်လင့်တကူ လိုက်နိုင်၏။



ရှေ့ကားမှ ယာဉ်တွေ၊ လူတွေ၊ လမ်းတွေကိုဖြတ်ကျော်ပြီး မြောက်ဥက္ကလာထဲ ဝင်သွားသည်။

ခပ်ခွာခွာမှနေပြီး ရှေ့ကားရှိလူများ မရိပ်မိအောင် ဆုရှေက မောင်းသည်။

မီးပွိုင့်တစ်ခုတွင် အမိခံလိုက်ရသည်။

မယ်လမုဘုရားအကျော်မှာဖြစ်သည်။

"ဟာ ... သွားပါပြီ ... "

တက္ကစီကားက မီးနီမမိမီ အဝါမှာကျော်သွားနိုင်သည်။ အဝါပြကတည်းက သူမ၏ကားစက်ကို ဆုရှေက လျှော့ချ၏။ မီးနီပြတော့ ရှေ့ကားက ဝေးသွားသည်။

ကားရပ်ထားရသော စက္ကန့်သုံးဆယ်သည် အရေးကြီးသော အချိန်တွင် ကြာလှချည့်အောက်မေ့ရသည်။

မီးစိမ်းလွှတ်သည်နှင့် ဆုရှေက လီဗာကိုဖိနင်း၍ အရှိန်တင်ပေးလိုက်သည်။

ကားကမူလကထက် မြန်သည်။

ရှေ့မှ တက္ကစီကားကိုတွေ့၏။

"မဟုတ်ဘူး ... "

နံပါတ်မှတ်ထားသော ဂျက်စနေ၏ ဆို၏။ တွေ့သောကားမှာ ဦးနန္ဒာဖြိုးစီးသောကားမဟုတ်ပါ။

ဒါပေမဲ့ ခြောက်ကွေ့မရောက်မီမှာ တက္ကစီကား တစ်စီးကို မီလိုက်၏။

"ဟုတ်ပြီ ... ဟုတ်ပြီ ... အဲဒီကားပဲ ... "

တက္ကစီကားနံပါတ်ကို နောက်ဘက်မှမြင်တာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေက ပြောသည်။

တက္ကစီက ခြောက်ကွေ့၏ ညာဘက်သို့ကွေ့သည်။

ဂျက်စနေတို့ကလည်း လိုက်ကွေ့၏။ မကြာမီ ရွှေပေါက်ကံထဲ ဝင်လာသည်။

ရွှေပေါက်ကံမှာ အေးဆေးငြိမ်သက်၍ ခြောက်သွေ့၏။

ထိုမြို့၏ ထူးခြားချက်မှာ ဆိုက်ကားအနေးယာဉ်များလုံးဝမရှိခြင်းဖြစ်၏။

ဆိုက်ကားမရှိသဖြင့် တစ်ရပ်ကွက်မှ တစ်ရပ်ကွက်သို့ သွားရန်မလွယ်ကူပါ။ ခြေထောက်ကိုပဲ အားကိုးရ၏။

ညနေ ခြောက်နာရီဆို ကားမရှိတော့။

ဂျက်စနေ ရောက်ဖူးသဖြင့် သိသည်။ အတော်ဝေးဝေးမောင်းလာရပြီး ဆေးရုံရှိသောလမ်းဘက်ကို ကွေ့လိုက်၏။

ရှေ့မှ ကားကမ်းအဆုံးထိသွားသည်။ လမ်းဆုံးရောက်တော့ အစွန်ဆုံးသော ရပ်ကွက်ကိုရောက်နေ၏။

အိမ်ကလေးတွေမှာ ကိုယ့်ဝင်းကိုယ့်ခြံနှင့်ဖြစ်၏။

အဲသည်ဘက်မှာ ကွင်းပြင်နှင့် ချုံပုတ်တွေများသည်။

လမ်းကျဉ်းကလေးတစ်ခုထဲကို ရှေ့မှတက္ကစီကား ဝင်သွားတာကို မြင်သည်။ အိမ်တွေက တစ်အိမ်နှင့်တစ်အိမ် ကွာလှမ်းသည်။

"ရပ် ... ရပ် ... ဒီမှာပဲ ရပ် ... "

ဂျက်စနေ၏စကားကြောင့် ဆုချွေက ရပ်ပေးသည်။ တက္ကစီကားက ရှေ့သို့မောင်းထွက်သွား၏။ တစ်ဘက်လမ်းသို့ ချိုး



ပြီး ကားလမ်းဘက်ပြန်ထွက်ရန်ဖြစ်သည်။

ဂျက်စနေနှင့် ဆုချွေသည် ကွန်မြူမပျက် လျှောက်လာကြ၏။ ဂျက်စနေက ချိုင်းထောက်အားကိုးနှင့် လျှောက်၏။ ခပ်မှန်မှန်ပဲ သွား၏။

"ခြေထောက်နှစ်ချောင်းနဲ့သွားနေကျဟာ ခုလိုချိုင်းထောက်နဲ့သွားရတာ တစ်မျိုးကြီးပဲ ... "

ဂျက်က ညည်းသည်။ ဆုချွေက ကရုဏာမျက်လုံးများနှင့် ကြည့်၍ ...

"မောင်ရယ် ... ခြောက်လလောက်တော့ သည်းညည်းခံလိုက်ပါ ... ဒေါက်တာသိန်းထိုက်လူကပြောတော့ ... မောင့်ခြေထောက်ခြောက်လနေရင် ပြန်ကောင်းမှာတဲ့ ... "

ဂျက်စနေက မပြောဘဲ ဦးနန္ဒာဖြိုးဝင်သွားသည့် အိမ်ကို အိမ်ပြင်ရှိလမ်းကလေးပေါ်မှရပ်၍ သုံးသပ်သည်။

ခြံဝင်းဖြစ်သည်။

ပျဉ်ထောင်အိမ်ဖြစ်သည်။

သပ်သပ်ရပ်ရပ်ပဲ။

အိမ်ထဲမှာ ဦးနန္ဒာဖြိုးရောက်နေကာ မိန်းမတစ်ဦးနှင့် ရပ်စကားပြောနေ၏။

အသက်သုံးဆယ်လောက်ရှိသော ထိုမိန်းမကို ခြံဝမှမြင်တာနှင့် ဂျက်စနေမှတ်မိ၏။

ခြံသဲသို့ ချိုင်းထောက်နှင့် ဝင်လာသော ဂျက်စနေကို အိမ်ထဲမှ ဦးနန္ဒာဖြိုးနှင့် အမျိုးသမီးက ရုတ်တရက်မမြင်။

"ဘာကိစ္စလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြားနှင့် မြေကြီးကို ပေါက်နေသူက လှမ်းဖေးသည်။ ဂျက်စနေက ချိုင်းထောက်ကိုအားပြုကာ တစ်လှမ်းချင်း သွားနေရင်းမှ ထိုလူကို လက်ကာပြ၏။

ဂျက်စနေနောက်မှ ဆုရွှေပါလာသည်။

မေးလိုက်သံကြောင့် အိမ်ပေါ်မှ ဦးနန္ဒာဖြိုးရော အမျိုးသမီးပါ လှမ်းကြည့်၏။ သူမမှာ ဂျက်စနေအား ရန်ကုန်ထဲသို့ လိုက်ရန် လှိုင်သာယာနှင့် ညောင်တုန်းသွား ကားလမ်းမကြီးပေါ်မှ အကူအညီတောင်းခံခဲ့သူဖြစ်၏။

ဂျက်စနေသည် အုတ်လှေကားတစ်သုံးလေးထစ်ကို ဖြတ်ကျော်ပြီး အိမ်ပေါ်သို့ တက်လာ၏။

"ဟာ ... မောင်ဂျက် ... "

ဦးနန္ဒာဖြိုးက လွှတ်ခနဲ့ခေါ်မိ၏။ မျက်နှာလည်း ပျက်သွားသည်။ ဆုရွှေကိုပါမြင်သောအခါ အံ့အားသင့်နေ၏။

"အိမ်ရှင်တွေက မဖိတ်ခေါ်ဘဲ လာရတာ အားနာပါတယ် ရှင်းစရာလေးရှိလို့ပါ ... မောင်ဂျက်လို့ခေါ်လိုက်ကတည်းက ရှင်းဖို့ ပိုလွယ်သွားပါပြီ ... "

ဂျက်စနေက ဣန္ဒြေမပျက်ပြောကာ သူ့ကိုကြည့်ပြီး ထိုင်ရမလို ထရမလို ထွက်ပြေးရမလို ဣန္ဒြေပျက်နေသည့် မိန်းမငယ်ကို ပြုံးပြပြီးလျှင် ...

"အစ်မ ... ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လား ... မော်တော်ဆိုင်ကယ် လျှော်ကြေးလာတောင်းတာမဟုတ်ဘူး ရှင်းစရာရှိလို့ပါ အစ်မ ... "

"မင်း ... မင်း ... ဘယ်သူလဲ ... ငါမသိဘူး ... "



"သြော် ... အစ်မရယ် ... ပြီးခဲ့တဲ့ နှစ်လနီးပါးက ညောင်တုန်းကားလမ်းမမှာ ကျွန်တော့်မော်တော်ဆိုင်ကယ်ကို လိုက်စီးပြီး ကျွန်တော့်ကို မြွေပွေးပြပြီး ခြိမ်းခြောက်ခဲ့တယ်လေ ... ပြီးတော့ အဲဒီမတိုင်မီညက အစ်မပဲ ပန်းတိုင်နားက ကားလမ်းမပေါ်မှာ ဆလွန်းကားတစ်စီးထဲမှာ မြွေတွေနဲ့ သေချင်ယောင်ဆောင်နေတာ ... "

"မင်းရူးနေသလား ... မင်းကို ငါမသိဘူး ... သွား ... သွား ထွက်သွား ... "

"ဒါလောက်လဲ လောမကြီးပါနဲ့ အစ်မရော ... အစ်မက ကျွန်တော့်ကို မမှတ်မိပါဘူး ... မသိပါဘူးဆိုရင် ကျွန်တော်ရော အစ်မပါတက်ခဲ့တဲ့ ဆေးရုံမှာ သွားရှင်းကြမယ်လေ ... ကျွန်တော့်ကို အစ်မမသိပေမဲ့ သူတို့က အစ်မကိုသိမှာပါ ... "

မိန်းမပျိုမှာ မျက်နှာကလေးပျက်နေပြီး ဦးနန္ဒာဖြိုးအား ...

"အစ်ကိုကြီး ... ကြည့်ပါဦး ... "

"မောင်ဂျက် ... မင်း ... "

"မပြောပါနဲ့ ဦးလေး ... ကျွန်တော် သိပါပြီ ... ကျွန်တော့် သိန်းနှစ်ဆယ်သာ ပြန်ပေးပါ ... မပေးလို့ကတော့ ရဲစခန်းမှာ ရှင်းရလိမ့်မယ် ... "

"သိန်းနှစ်ဆယ် ... ဘာသိန်းနှစ်ဆယ်လဲ ... "

"အိပ်နေတဲ့လူ အနှိုးရခက်တဲ့ စကားပုံမျိုး မဆောင်ပါနဲ့ ဦးလေး ... ကျွန်တော်နဲ့ ဦးလေး လွန်ခဲ့တဲ့ နှစ်လနီးပါးက ညောင်တုန်းလမ်းက ပန်းတိုင်ကိုသွားတော့ ဦးနန္ဒာမိုးယူ

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ သိန်းနှစ်ဆယ်လေ ... ဒါကို ဦးလေးက ဦးနန္ဒာမိုး ယောင်ဆောင်ပြီး ယူသွားတာ ... ”

“ဟာကွာ ... မင်း ... ”

“မငြင်းချင်စမ်းပါနဲ့ဗျာ ... ပြီးတော့ ကျွန်တော့်ကို အစ ဖျောက်ဖို့ ဒီမိန်းမနဲ့ လွှတ်ပေးတယ် ... တော်ပါရဲ့ ... ဒါပေမဲ့ ကျွန်တော်သေရွာက ပြန်လာတာက ခက်တယ် ... ”

“ကိုကြီးရေ ... ကိုကြီး လုပ်ပါဦး ... ဒီမှာ ဓားပြ ... ဓားပြ”

မိန်းမပျိုက အော်သည်။ မြေပေါက်နေသူက အဲ သည့်အသံလည်း ကြားရော ပေါက်ပြားကြီးကိုကိုင်၍ အိမ်ပေါ်ပြေး တက်လာပါလေရော။

သူ့တစ်ကိုယ်လုံးမှာ အပေါ်အကျီမဲ့ဖြစ်ကာ လုံချည် ကို တိုတိုဝတ်ထားသည်။ ခန္ဓာကိုယ်မှာတောင့်၍ ဗလတောင့်၏။

မျက်နှာကိုမြင်တာရယ်၊ ဆံပင်တိုတိုရယ်ကြောင့် တပ်ထွက်တစ်ယောက်မှန်း သိသာ၏။

“ဘာလဲ ... မင်းတို့ ဓားပြလား ... ဓားပြကလည်း သေနတ် တွေ ဓားတွေမပါပါလား ... မိလွယ် ဘာတွေအော်နေတာ လဲ ... ”

“သူ... သူတို့က ညီမလေးတို့ကို ခြိမ်းခြောက်ပြီး ငွေတောင်း နေတာ ကိုကြီးရဲ့ ... ငွေသိန်းနှစ်ဆယ်ပေးရမယ်တဲ့ ... ”

“ကျွန်တော်တို့ ဓားပြမဟုတ်ဘူးအစ်ကို ... ဓားပြဆိုလည်း ဒီလိုမိန်းကလေးတစ်ယောက်ပါလာပါ့မလား ... ငွေသိန်း နှစ်ဆယ်ဆိုတာ... ဒီကဦးနန္ဒာဖြိုးကယူထားတာပါ... ဒါကို လာတောင်းတာ ... ”



“မင်းလွန်ပြီနော် ... ငါ့မှာ ဘာမှပေးစရာ မရှိဘူး ... မင်းနဲ့ လည်း ဘာမှမပတ်သက်ဘူး ... ”

“ဟုတ်တယ် ... ကျွန်မလည်း မသိဘူး ... ရှင်နဲ့လည်း ပတ် သက်စရာအကြောင်းမရှိဘူး ... ”

ဦးနန္ဒာဖြိုးက ငြင်းတော့ မြမြလွယ်ဆိုသည့် မိန်း မကပါ ငြင်းချက်ထုတ်လေတော့၏။

“ကဲပါ မောင်ရယ် ... သွားကြရအောင် ... ”

ဆုရွှေကဆို၍ ဦးနန္ဒာဖြိုးကို စေ့စေ့ကြည့်ကာ ...

“အန်ကယ်(လ်)... ဒီကိစ္စမှာအန်ကယ်(လ်)နဲ့အန်ကယ့်(လ်) မယားငယ်က အမိကပဲ ... အန်ကယ်(လ်)မပေးချင်ရင် ... ကျွန်မဒက်ဒီ့ကို လှမ်းအကြောင်းကြားပြီး ဒီအရှုပ်ထုတ်ကို ဖြေရမယ် ... ရဲကိုလည်း တိုင်မယ် ... ”

“အောင်မာ ... မိဆုရွှေ နင်က ဘာစကားပြောလဲ ... နင် က ငါ့တူမအရင်းခေါက်ခေါက်ကြီးပါ ... နင့်အကောင်နဲ့ နင် မညားသေးဘူး ... နင့်အကောင်ဘက်က လိုက်မပြောနဲ့”

“အမှန်ကို ပြောတာ အန်ကယ်(လ်) ... အန်ကယ်(လ်) အဲဒီညက ဒက်ဒီ့ယောင်ဆောင်တာ သေချာတယ် ... အဲဒီ ညက မောင့်ကို မောင်ဂျက်လို့ခေါ်ခဲ့တယ်မဟုတ်လား ... ခုပဲ မောင်ဂျက်နဲ့ ခေါ်နေတာကြည့် ... ဒက်ဒီက မောင့်ကို ဘယ်တော့မှ ဒီလိုမခေါ်ဘူး ... ”

“ဟာ ... စကားများတယ် သွားကြ ... သွားကြ ... ရှုပ်ရှုပ် ယှက်ယှက်တွေ ငါမလိုချင်ဘူး ... မိလွယ် ... နင် ငါ့အိမ် ပေါ်မှာ ဘာအမှိုက်တွေလာရှုပ်တာလဲ ... ဦးလေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးမှ ကျွန်တော့်ညီမကို ယူထားပြီး ဘာတွေလာရှုပ်နေတာလဲ ... ”

“ဘာမှ မရှုပ်ရပါဘူး မောင်ဘလွယ်ရယ် ... သူတို့က တို့ကိုလာရှုပ်တာ ... သူတို့ပြောတဲ့ သိန်းနှစ်ဆယ်ဆိုတာလည်း မသိဘူး ... ဒီကောင့်ကိုလည်း မသိဘူး ... ”

“ဘာမသိရမှာလဲ ... ခင်ဗျားကြီးညာတာ ... ”

ဒေါသဖြစ်လာတာမို့ ဂျက်စနေက အော်လိုက်၏။ ဒါကိုကြည့်နေသည့် မြမြလွယ်ရဲ့ အစ်ကို ကိုဘလွယ်မှာ ဒေါပွသွား၏။

“ဟေ့ကောင် ... မိုက်ရိုင်းလှချည်လား ... လူကြီးကို ဒီလိုပြောရသလား ... မင်း ဘာကောင်လဲ ... ”

“လူကြီး ဘာလူကြီးလဲ ... ကျုပ်ရဲ့သိန်းနှစ်ဆယ်လည်း ယူထားသေး ... မယားငယ်ငယ်ကိုလည်း လူကြီးတန်မဲ့ ယူထားသေး ... ဒါလူကြီးလား ... ”

ကိုဘလွယ် မျက်နှာကြီးညိုပုတ်လာ၏။ သူကလက်တွင်းမှ ပေါက်ပြားကြီးကိုပြ၍ ...

“ဟေ့ကောင် ... မင်း လူပါးဝစကားမပြောနဲ့ ... ငါ သတ်မိတော့မယ် ... အခုပဲ အိမ်ကထွက်သွား ... ”

“မထွက်ဘူးဗျာ ... ခင်ဗျား ဘာလုပ်ချင်သလဲ ... ”

ဂျက်စနေကလည်း ကိုဘလွယ်မျက်နှာကို စေ့စေ့ကြည့်ကာ ပြန်ပြောသည်။

ကိုဘလွယ်မှာ စကားထက် မျက်နှာကိုစေ့စေ့ကြည့်ခံရတာ အခံရခက်ပုံရ၏။ မျက်နှာကြီးခက်ထန်နီရဲလာကာ သူ့



ပေါက်ပြားနှင့် ခုတ်သတ်တော့မည်ကဲ့သို့ တရှူးရှူးဖြစ်လာပြီး လက်လွန်ခြေလွန်မလုပ်ကောင်းဟု စဉ်းစားမိဟန်နှင့် ပေါက်ပြားကိုပစ်ချလိုက်သည်။

အကြောင်းက ဂျက်စနေက ချိုင်းထောက်နှင့် ဒုက္ခိတဖြစ်ကာ လည်ပင်းတွင် ဖိုက်ဘာနှင့် သားရေရောယှက်ထားသော လည်စွပ်ရှိနေသောကြောင့်ဖြစ်၏။

သူက ဒေါသကိုချုပ်တည်းပြီး ဂျက်စနေအနားတိုးကာ ဂျက်စနေ၏ရင်ဘတ်မှအင်္ကျီတွေကို စုကိုင်အုပ်ဆွဲလိုက်၍ ရင်ဘတ်ကို ခါယမ်းကာ သွားကြီးတွေစေ့၍ ...

“မင်းကွာ ... မင်း ... ငါလုပ်လိုက်ရင် သေတော့မယ် ... ဒုက္ခိတဖြစ်နေလို့ ... မင်းမသေချင် ... အခုထွက်သွား”

“ဦးနန္ဒာဖြိုးက ကျွန်တော့်ငွေသိန်းနှစ်ဆယ်ကိုပေးရင် ကျွန်တော်သွားမယ် ... ”

“မင်းပြောနေတာ ... သယ်လေ ... ”

ကိုဘလွယ်က သူ့ညာလက်သီးကို ရွယ်လိုက်၏။

“အွန့် ... ”

ကိုဘလွယ်ပါးစပ်မှ အသံတစ်ချက်ပဲထွက်သွား၏။ ဂျက်စနေ၏ ဘယ်ထောက်လက်သီးက ကိုဘလွယ်ရင်ဝထဲကို ထောက်လက်သီးအဖြစ် ဝင်သွားသည်။

“ကျွန်တော့်ကို လာမကြမ်းနဲ့ အစ်ကို ... သေရွာက ပြန်လာတဲ့ ကျွန်တော့်အဖို့ ထပ်သေရမှာ မကြောက်ဘူး ... ဒါပေမဲ့ ကိုယ်မယူတဲ့ ငွေသိန်းနှစ်ဆယ်ကိုယူပါတယ်ဆိုတဲ့ မဟုတ်မတရားစွပ်စွဲချက်ကိုတော့ ကျွန်တော့်အသက်နဲ့လဲပြီး ဖြေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသွားရမှာပဲ … ဒီငွေဟာ ဦးနန္ဒာဖြိုးယူသွားတာ အမှန်ပဲ … ”

“ငါ … မယူဘူး … ”

စိတ်ဆိုးမာန်ဆိုးနှင့် ဦးနန္ဒာဖြိုးက အော်သည်။

ဂျက်စနေက ကိုဘလွယ်ခံရတာကိုကြည့်၍ စိတ်မကောင်းဖြစ်နေ၏။

ကိုဘလွယ်မှာ ဝမ်းဗိုက်ကို လက်နှစ်ဖက်နှင့် နှိပ်၍ ကုန်းကုန်းကြီးဖြစ်နေသည်။

◈ ◈ ◈



အခန်းဆက်(၂၀)

ဂျက်စနေက ကိုဘလွယ်ကို လက်အုပ်ချီလိုက်၏။

“ကျွန်တော် အစ်ကိုအိမ်ပေါ်လည်း တက် … အစ်ကို့ကိုလည်း စော်ကားသလိုလည်း ဖြစ်နေပြီ … ဒီအတွက် ကျွန်တော်ကန်တော့ပါတယ် … ကျွန်တော်ဂါရဝတရားရှိပါတယ် အစ်ကို … ရန်သူက ဝင်တိုက်တော့မယ်ဆိုရင် ပြန်လည်ခုခံရတာဟာ မမှားတာပါ အစ်ကို … ”

တပ်ထွက်တစ်ယောက်ဖြစ်သော ကိုဘလွယ်မှာ ဂျက်စနေ၏ ပြောစကားမှာ သဘာဝကျသည်ဟု တွေးတော၏။

ဝေဒနာကြားမှ သူစဉ်းစား၏။

ဒုက္ခိတတစ်ယောက်ကို သူက လက်လွန်ခြေလွန်အပိုင်းမှာ ဒုက္ခိတအနေနှင့် ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ဟု သူ…

www.burmeseclassic.com

www.burmeseclassic.com



လည်း၏။

ဒေါသက တစတစပျောက်ကွယ်သွား၏။

သည်စဉ်မှာပင် တတီတီမြည်သော ပလွေသံက်

ကြားရ၏။ မြမြလွယ်သည် အိမ်အလယ်ခန်းထဲ ပြေးဝင်သွားက

ပလွေတစ်ချောင်းကိုယူလာ၍ တတီတီမှုတ်လေတော့၏။

ပလွေမှုတ်သံနှင့် မရှေးမနှောင်းပင် အိမ်ဘေးချုံ

တောတွေဆီမှ ရှည်ရှည်မြောမြောအကောင်တွေ ထွက်လာသည်၊

"ဟာ ... မြွေတွေ ... မြွေတွေ ... "

ဆုရွှေ၏ နှုတ်မှ အလန့်တကြားအော်ဟစ်သံများ

နှင့်အတူ သူမ၏လက်နှစ်ဖက်က ဂျက်စနေ၏လက်မောင်းကို ကိုင်

တွယ်လိုက်သည်။

မျက်နှာတွင် ကြောက်လန့်သော အမူအရာပေါ်လာ

၏။

ချုံတောအတွင်းမှ မြွေတွေမှာ မြွေပွေး၊ မြွေဟောက်

သုံးလေးကောင်ဖြစ်သည်။ တွန့်တွန့်တွန့်တွန့်နှင့် ပလွေသံကြားရာ

သို့ လာသည်။

"ညီမလေး ... နင့်ပလွေကို ရပ်လိုက်စမ်း ... ပြဿနာတွေ

ဖြစ်ကုန်တော့မယ် ... "

ဝေဒနာခံစားနေရသည့်ကြားမှ ကိုဘလွယ်က ကုန်း

အော်၏။ ဂျက်စနေက အလူမီနီယံချိုင်းထောက်တွင် တပ်ထား

သော သူ့စတီးချောင်းကို ဖြုတ်လိုက်၏။

"အစ်မ ... ခင်ဗျားက သက်တော်စောင့်တွေ ဘာတွေနဲ့

ပါလား ... ကျွန်တော် အသေနဲ့မှာနော် ... "



ပလွေသံရပ်သွားသည်။ သူမ၏ ပလွေကို ဦးနန္ဒာဖြိုး

က လုယူလိုက်ခြင်းဖြစ်သည်။

"အပ်နဲ့ ထွင်းရမဲ့ကိစ္စကို ပေါက်ဆိန်နဲ့ပေါက်တဲ့ကိစ္စတွေဖြစ်

ကုန်တော့မှာပဲ ... ပြဿနာကြီး ကြီးကုန်တော့မယ် ... "

"ခင်ဗျားတို့အားလုံး ကျွန်တော့်အိမ်လာပြီး ရှုပ်တယ်ဗျာ

ကျွန်တော် ရပ်ကွက်ကောင်စီလူကြီးတွေကို ခေါ်လိုက်တော့

မယ် ဦးလေး ... ဘာတွေရှုပ်ထားသလဲ ... "

"ရပ်ကွက်လူကြီးတွေ လာမှပြဿနာရှင်းမှာ မဟုတ်ပါဘူး...

ဒီပြဿနာကို ရှင်းရမဲ့ကိစ္စက ကိုမိုးပဲ ... ကိုမိုး ဆီရောက်မှ

အေးမယ် ... ကိုမိုးဆီ အားလုံးသွားကြမယ်"

ကိုဘလွယ်၏ စကားအဆုံးတွင် ဦးနန္ဒာဖြိုးက ပြော

၍ ကိုဘလွယ်အား ...

"ကျုပ် ရှုပ်တာမဟုတ်ဘူး ... ကျုပ်ရဲ့ အမြွာညီအစ်ကို

ကိုနန္ဒာမိုးက ရှုပ်တာ ... ကိုဘလွယ် ... "

သူက ဂျက်စနေကို ကြည့်ကာ ခပ်တည်တည်နှင့်

"သိန်းနှစ်ဆယ်ကို မင်းလည်းမယူဘူး ... ငါလည်း မယူဘူး

တကယ်ယူတာက ကိုနန္ဒာမိုးပဲ ... မောင်ဂျက် ... "

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစဉ်(၂၁)

သူမ ဒက်ဒီဘယ်မှာရှိနေကြောင်း ဖုန်းဆက်မေး၏။

ဆုချွေ၏ ပြန်ပြောချက်အရ ယခုအချိန်တွင် ဦးနန္ဒာမိုးမှာ အိမ်တွင် ထမင်းပြန်စားကြောင်း၊ ထမင်းချိုင့်လာမပို့ကြောင်း ဂျက်နှင့် ဦးနန္ဒာဖြိုးတို့ကို ပြောလိုက်၏။

ဆုချွေယူလာသော ကားနှင့်ပဲ သူတို့အားလုံး ရန်ကုန်ထဲကို ပြန်လာကြသည်။

လမ်းတွင် ဦးနန္ဒာဖြိုးက ဘာမှမပြောပါ။

ဂျက်ကလည်း ဘာမှမမေးပါ။

မြမြလွယ်နှင့်ကိုဘလွယ်တို့ မောင်နှမနှစ်ယောက်က နောက်ဘက်တွင် ဦးနန္ဒာဖြိုးနှင့်အတူ ထိုင်ပြီးလိုက်ပါလာသည်။

ကုက္ကိုင်းရှိနေအိမ်ထဲသို့ သူတို့တစ်ပြုံတစ်သိုက်ကြီး ဝင်သွားကြသောအချိန်မှာ ဦးနန္ဒာမိုးထမင်းစားပြီးအချိန်ပဲဖြစ်၏။

ညှော့ခန်းတွင် လိုင်ကာ ဆယ်လူလာနှင့် စကားပြော



နေစဉ် အနီးတွင် မာမီက မတ်တပ်ရပ်နေသည်။

လူတွေတစ်ပြုံတစ်သိုက်ကြီးဝင်လာတာတွေ့လျှင် 'ဟောတော့ ... 'ဟု အသံထွက်သွားသည်။ ဦးနန္ဒာမိုးက လူတွေဝင်လာတာကိုမြင်သော်လည်း စကားပြောမပျက်။ အရေးလည်း မစိုက်။

စကားပြောလို့ပြီးမှ ဆယ်လူလာဖုန်းကိုပိတ်၍ စားပွဲပေါ်ချလိုက်ပြီး ခပ်တည်တည်နှင့် ...

"ဆို ... "

"သမီးလေး ... သမီးလေးလာတယ် ... အမယ်လေး မာမီ ဝမ်းသာလိုက်တာ သမီးလေးရယ် ... "

သူမစိတ်ထဲ သမီးလေးကို လာပို့ကြတာပဲဟု မာမီ ထင်သည်။ ဦးနန္ဒာမိုးက ဆိုဟုပြောလိုက်သောအခါ ဦးနန္ဒာဖြိုးက

"ငမိုးရေ ... ဒီမှာကွ .... ပြဿနာတွေဖြစ်ကုန်ပြီ ... "

"အေး ... တစ်နေ့နေ့တော့ မင်းတို့ ဒီလိုပဲငါ့ဆီလာကြမှာပဲလို့ တွေးပြီးသားပဲ ... "

"မင်းကိစ္စ မင်းရှင်းကွာ ... မင်းမရှင်းရင် တို့အားလုံးထောင်ထဲ ရောက်လိမ့်မယ် ... "

"ဘာလို့ ထောင်ထဲရောက်ရမှာလဲ ... ဘယ်သူ ဘာသေလို့လဲ ... "

"ကျွန်တော်က သေမှာ အန်ကယ်(လ်) ... '

ဒေါ်သင်းသင်းလှိုင်က မျက်လုံးပြူး၍ ...

"ဘာတွေဖြစ်ကုန်ကြတာလဲ ... ဘယ်သူတွေသေလို့ပဲ ပြောလိုက်စမ်းပါဦး ... "

www.burmeseclassic.com



"ကျွန်တော်သေမလို့ပေါ့ အန်တီ ... ကျွန်တော်သေခဲ့ပြီးပါပြီ ... ကုသိုလ်ကံကောင်းလို့ ပြန်ရှင်လာတာ ... အဲဒါ ဘယ်သူ့လက်ချက်လဲလို့ အန်တီ့ယောက်ျားကြီးကို မေးကြည့်စမ်းပါ ... "

မာမီဒေါ်သင်းသင်းလှိုင်က သူမ၏ ယောက်ျားကြီးကို တစ်လှည့် ကိုဂျက်ကိုတစ်လှည့်ကြည့်၍ ...

"မင်းကကော ဘယ်လိုလဲ ... ဆေးရုံက ဆင်းလာတာ ချိုင်းထောက်တွေ ဘာတွေနဲ့ ... "

"မသေကောင်း မပျောက်ကောင်းလို့ပေါ့ အန်တီရာ ... အန်ကယ်(လ်)ကို မေးကြည့်ပါ ... ကျွန်တော့်ကို ဘာတွေလုပ်ခဲ့သလဲလို့ ... သူသိပါတယ် ... သိလို့ရှင်းရအောင် ဒီကိုလာခဲ့တာ ... "

"ကိုမိုး ရှင်ဘာတွေ လုပ်ခဲ့တာလဲ ... "

"ငါ့သမီးနဲ့ သူ့ကိုမညားစေချင်လို့ ... ငါစဉ်းလုံးလုပ်လိုက်တာပါ ... ဒါပေမဲ့ မအောင်မြင်ပါဘူးကွာ ... "

"အန်ကယ်(လ်)လုပ်တာ အရေးမကြီးဘူး ... ကျွန်တော်မသေခဲ့တာ ကံကောင်း ... "

ဂျက်စနေအသံက အေးဆေးသော်လည်း စိတ်ဆိုးသံဖြစ်နေသည်။

"မင်းဒီလိုဖြစ်လာလိမ့်မယ်လို့ အစက ဘယ်ထင်မလဲကွာ ဉာဏ်စဉ်တုန်းက မင်းသိက္ခာကျရုံပါပဲ ... ဒါပေမဲ့အလုပ်ကလုပ်ရင်း လုပ်ရင်း လေးနက်လာတယ် ကိုဂျက် ... ငါလည်း ကံကြမ္မာရဲ့ အလှည့်အပြောင်းတွေကို မတွေးမိခဲ့ဘူး ... မင်း



ကိုသေတဲ့ထိအောင်လုပ်ဖို့ ... မစဉ်းစားခဲ့ပါဘူး ... "

"ဒက်ဒီသိပ်ရက်စက်တာပဲ ... ဒီလိုမလုပ်သင့်ဘူး ... ကိုဂျက်အခုလိုဖြစ်သွားတာ ဒက်ဒီ့အဖြစ်ပဲ ... "

"သမီးရယ် ... ဒက်ဒီပြောခဲ့ပြီ မဟုတ်လား ... သူ့ကိုသေအောင် မကြံစည်ခဲ့ပါဘူးလို့ ... ဒါပေမဲ့ ကံကြမ္မာအပြောင်းအလဲကြောင့် မောင်ဂျက်ဖြစ်သွားတာ ... မော်တော်ဆိုင်ကယ်ကို အရှိန်မြှင့်ပြီး ... ဒက်ဒီလည်း မောင်းကွေ့ပစ်တော့ လာတဲ့ကားနဲ့ တိုက်မိတာပေါ့ ... "

"ကျွန်မတောင် ကံကောင်းလို့ မသေခဲ့တာ ... ဒါတောင် ကံကြီးလို့ ဆေးရုံမှာ နှစ်ရက်သုံးရက်လောက်ပဲ နေခဲ့ရတာ"

ဘေးမှ မြမြလွယ်က ပြောလျှင် ဦးနန္ဒာမိုးက နှာခေါင်းရှုံ့၍ ...

"မင်းကို ဒီအတွက် လျော်ကြေးငွေ ငါးသောင်းပေးခဲ့ပြီးပြီ မဟုတ်လား ... "

"အန်ကယ်(လ်) ... အန်ကယ့်(လ်)ကိစ္စကို ပွင့်ပွင့်လင်းလင်း ရှင်းပါ ... မရှင်းရင်တော့ ကျွန်တော်ကတော့ တရားဥပဒေနဲ့ လုပ်ရလိမ့်မယ် ... "

တရားဥပဒေစကားပြောလာသည့် ဂျက်စနေကို ငိုင်ကြည့်နေပြီးမှ ဦးနန္ဒာမိုး သက်ပြင်းချလိုက်သည်။ အားလုံးကိုလည်း သိမ်းကျုံးအကဲလိုက်ပြီးမှ ...

"ဟုတ်တယ် ... ငါက မင်းနဲ့ ဆုချွေကို သဘောမတူဘူး ငါ့သမီးက ဂဏန်းတွက်ရေရှိတယ် ... မင်းက သူညပဲ တကယ်ရှိတောင်ဒသမသုညလောက်ပဲရှိမယ်... ဒါကြောင့်

www.burmeseclassic.com



ငါက မင်းကိုတစ်မျိုးမြင်ခဲ့တယ် ... အခုလည်း မြင်တာပဲ ဒါက ဘာလဲဆိုတော့ ငါ့သမီးကိုမင်းယူတာဟာချစ်လို့ယူတာ မဟုတ်ဘဲ ... ငါ့လုပ်ငန်းတွေ ငါ့ပစ္စည်းတွေကို လိုချင်တယ်လို့ပဲ ထင်တယ် ... ”

ဂျက်စနေက မှိုတ်မသုန်နားထောင်နေသည်။

“ဒီတော့ မင်းနဲ့ ငါ့သမီးကွဲအောင် လုပ်ဖို့လိုတယ် ... အဲဒါက ဘာလဲဆိုတော့ ငါ့သမီးက မင်းကိုအထင်သေး အမြင်သေးဖြစ်သွားစေဖို့ပဲ ... ဒါကြောင့် မင်းကို ငါကလီဆယ်ပြီးတော့ မှောင်ခိုပစ္စည်းတစ်ခုဝယ်မယ်ဆိုပြီး သိန်းနှစ်ဆယ်ကို ကားထဲထည့်လာတယ် ... အဲဒီအတိုင်းမှာ ငါက ငါ့ရဲ့ဟောဒီ ညီအမြွှာပူးနန္ဒာဖြိုးနဲ့ တိုင်ပင်ပြီး လိုင်သာယာမှာ လူချင်းလဲမယ် ... နန္ဒာဖြိုးက သူ့ကောင်မလေးကို ကားတစ်စီးထဲမှာထားပြီး မြွေတွေနဲ့ သေချင်ယောင်ဆောင်ခိုင်းမယ် ... မင်းတွေ့တော့ လန့်ဖြန့်ကြောက်ရွံ့သွားရင် အဲဒါနဲ့ပတ်သက်ပြီးတော့ မင်းကိုဆုချေးနားမကပ်အောင် ခြိမ်းခြောက်မယ် ... တို့အကြံက ဒါပဲ ... သိန်းနှစ်ဆယ်ကိုတော့ နန္ဒာဖြိုးက လမ်းတစ်ဝက်မှာ လဲလိုက်ပြီး ဒီငွေတွေကို မင်းယူပါတယ်ဆိုပြီး မြမြလွှယ် သေဟန်ဆောင်ပြီး သွားကြည့်တဲ့အချိန်မှာ သူက ငွေတွေကို စက္ကူကတ်ပြားတွေထည့်ထားတဲ့ အက်တက်ချီကေ့(စ်)နဲ့ လဲခဲ့တယ် ... သော့ကတော့ မင်းဆီမှာပဲ ... ”

“ဘယ်လိုလဲခဲ့တာလဲ ... ဦးနန္ဒာမိုး ... ”

ဂျက်စနေ၏ အသံက မာလာသည်။

“ဘယ်လိုလဲခဲ့သလဲဆိုတာ ငြိုး ... မင်းပဲဆက်ပြောလိုက်”



ဦးနန္ဒာမိုးက ဦးနန္ဒာဖြိုးကို ပြောတော့ ဦးနန္ဒာဖြိုးက “ဒီကိစ္စကို ငမိုးက သူတစ်ယောက်တည်းလုပ်ဆောင်ရင် ရပါတယ် ... ဒါပေမဲ့ ငါ့မှာလည်း ငွေလိုနေတော့ ငါက ငမိုးယောင်ဝင်ဆောင်ပေးရင် ငါးသောင်းရမယ်ဆိုတာသိလို့ လိုင်သာယာအိမ်ရာတိုက်ခန်းမှာ ငါနဲ့သူ လူချင်းလဲခဲ့ကြတယ် ... မင်းက ပစ္စည်းပေးမဲ့လူသွားကြည့်မယ်ဆိုပြီး မြွေတွေနဲ့ သေချင်ဟန်ဆောင်တဲ့ အဲဒီမြမြလွှယ်ဆီအသွားမှာ ငါက ငွေသေတ္တာကို သေတ္တာချင်းလဲလိုက်တယ် ... အက်တက်ချီကေ့(စ်)ချင်း လဲလိုက်တယ် ... အရောင်လည်းတူတယ် ... သော့က မင်းဆီမှာဆိုတော့ မင်းဆီကရတဲ့ မူလသော့နဲ့ ဒုတိယသေတ္တာရဲ့သော့ကို သော့ချင်းလဲလိုက်တယ် ပြီးတော့ မင်းကိုစက္ကူကတ်ပြားတွေပါတဲ့ သေတ္တာကိုပြပြီး ငွေသေတ္တာအစစ်ကိုတော့ ထိုင်ခုံအောက်က အံဝှက်ထဲမှာ ထည့်ထားလိုက်တယ် ... ”

ဦးနန္ဒာမိုးက စကားကိုရပ်ကာ ဂျက်နှင့် ဆုချေးကို ထပ် အကဲခတ်လိုက်သည်။ ဂျက်စနေက ခပ်အေးအေးနေသည်။

ဆုချေး၏ နှုတ်ခမ်းလေးတွေက စေ့ပြီး မျက်မှောင်ကုပ်နေ၏။ မာမိကတော့ နှုတ်မှုတစ်ခုခုကို တိုးတိုးရေရွတ်နေ၏။

နန္ဒာဖြိုးက ဆက်ပြော၏။

“ငွေသေတ္တာကို ငမိုးလက်ထဲ အပ်လိုက်တယ် ... ငမိုးက ငါ့ကိုပြောတယ် ... ဂျက်စနေဟာ စေ့စပ်သေချာတဲ့ကောင် နောက်တစ်နေ့မှာ သူ့တုန်လှုပ်ခြောက်ခြားသွားတယ်ဆက် အဲဒီမြွေပေါက်သေတဲ့ မိန်းမအလောင်းကို သူ့ဆီစမ်းရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲတဲ့ … အလုပ်လုပ်တာ အစကောင်းရင် အနှောင်းသေချာဖို့ အရေးကြီးတယ်လို့ ပြောလိုက်ခဲ့တဲ့ ငါက ငါ့ဟောဒီမြမြလွယ်ကိုပဲ အသုံးချခဲ့တယ် … မင်းကို ဆုရွှေနဲ့ ပတ်သက်ပြီး ခြိမ်းခြောက်ဖို့အတွက် မင်းရိုက်လွှတ်ခဲ့တဲ့ ပုသိမ်ညွှန့်ရပ်ကွက်ထဲက လူမိုက်တွေကို ငါငှားခဲ့တယ် မြမြလွယ်က မင်းကိုခြိမ်းခြောက်ခေါ်လာပြီး ဒီလူမိုက်သုံးယောက်နဲ့ တွေ့ပေးဖို့ပဲလေ … ဒါပေမဲ့ ဖြစ်ချင်တော့ ကံကြမ္မာက တစ်မျိုးပြောင်းသွားခဲ့တယ် … မင်းမော်တော်ဆိုင်ကယ်ကို ကားကဝင်တိုက်ပြီး မင်းသေခဲ့တယ် … မြမြလွယ် ဒဏ်ရာပဲရခဲ့တယ် … အဲဒီအကြောင်းတွေ ပေါ်မှာစိုးလို့ မြမြလွယ်က ဆေးရုံက ဆရာဝန်တွေမသိအောင် အစောကြီးဆင်းသွားတာပဲကွ … ”

“ဒါဆို … ကျွန်တော့်ကို လူမိုက်သုံးယောက်လာနှောင့်ယှက်တာ … ခင်ဗျားလက်ချက်ပေါ့ … ”

“ဒါပဲပေါ့ … အဲဒီလိုလုပ်ဖို့ကို ငမိုးကလည်း သဘောတူတယ်လေ … ”

“ဟုတ်တယ် … ဆုရွှေ မင်းဆီသွားတာ ငါမလိုချင်ဘူး”

“ကျွန်တော်ပြောမယ် အန်ကယ်(လ်) … ကျွန်တော်ဟာ အစကတည်းက အန်ကယ့်(လ်)ကို အထင်အမြင်ကြီးခဲ့ပါတယ် … ဆုရွှေကို ကျွန်တော်ချစ်တာ လူကိုချစ်တာပါ အန်ကယ့်(လ်)လုပ်ငန်းတွေ … စည်းစိမ်တွေဆိုတာ စဉ်းကို မစဉ်းစားဘူး … အန်ကယ်(လ်)ရဲ့ တစ်ဖက်သတ်အတွေးဟာ အတော်အောက်တန်းကျတာပဲ … ကျွန်တော့်အပေါ်



အန်ကယ်(လ်)နဲ့အန်ကယ့်(လ်)ညီလုပ်လိုက်တာဟာလည်း မတရားဘူး … အခု ကျွန်တော့်မှာ လူလုံးပျက်သွားပြီ”

“ဟုတ်တယ် … ဒက်ဒီတို့ မတရားဘူး … ”

“ဒီတော့ ကျွန်တော့်ဘက် အခုဖြစ်စဉ်ကို ရဲကိုတိုင်မယ် … အန်ကယ်(လ်)တို့ဖွင့်ဟဝန်ခံတာဟာ သက်သေအဖြစ် ဆုရွှေရှိတယ် … မဟုတ်ဘူးလား ဆုရွှေ … ”

“ဟုတ်တယ် … မောင် … ”

“ခြော် … နင်က အဖေကိုထောင်ကျအောင် လုပ်မယ်ပေါ့”

“ဒက်ဒီတို့လုပ်တာ ဟုတ်မှမဟုတ်ဘဲ … ”

“သမီးရယ် … သမီးဒက်ဒီ မှားတာဟာတကယ်မှားခဲ့တာပါ … ကိုဂျက်လည်း ဒီ့အတွက် ခွင့်လွှတ်စေချင်တယ် … ပြီးခဲ့တာတွေပြီးပါစေတော့ … ”

“ကျွန်တော်ခံရတာ မနည်းဘူး အန်တီ … အခု ကျွန်တော့်ခန္ဓာကိုယ်ဟာ အကျိုးအပဲ့တွေဖြစ်နေပြီ … ”

“မာမီရယ် … သူလုပ်ချင်တာ လုပ်ပါစေတော့ … ကိုမိုးက သမီးဖောနဲ့မှားခဲ့တာကိုး … တကယ်တော့ သမီးက မလိမ္မာဘူး … မိဘစကားသာ နားထောင်ရင် ဒီလိုဖြစ်မယ် မထင်ဘူး … ကိုမိုးက ကိုဂျက်နဲ့သူ့ကို ကွဲချင်ဖောနဲ့ လုပ်ခဲ့တာကိုး … ”

ဆုရွှေသည် ကိုဂျက်ကိုတောင်းပန်သော မျက်နှာကလေးနှင့် ကြည့်လိုက်သည်။ ဆုရွှေမှာ ဒက်ဒီ့စကားကြောင့် ခက်နေသည်။ ချစ်သူဘက်လိုက်လျှင် မိဘကိုကျေးဇူးကန်းရာရောက်မည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘဘက်လိုက်လျှင်လည်း ချစ်သူအတွက် အခက်ဖြစ်မည်။

သည်စဉ် ကိုဘလွယ်က ဝင်ပြောၡ၏။

သူ့စကားမှာ ဖြန်ဖြေစကားပဲဖြစ်၏။

"ကျွန်တော် တစ်ခုပြောချင်ပါတယ် ... အခု ကျွန်တော့်စကားက နှစ်ဦးနှစ်ဖက်အကျိုးရှိစေမဲ့ စကားပါ ..."

"မင်းက ဘယ်သူ့လဲ ..."

"ဦးတို့ခိုင်းတဲ့ မြမြလွယ်ရဲ့ အစ်ကိုပါ ... အခု ကျွန်တော် ပြောချင်တာက နှစ်ဦးနှစ်ဖက်ပြေလည်မဲ့ ကိစ္စပါ ... ဒါက ဘာလဲဆိုတော့ ဦးနန္ဒာမိုးက မမျှော်လင့်ဘဲဖြစ်ရတဲ့ ဂျက်စနေရဲ့ အခြေအနေကိုထောက်ထားပြီး ဆုချွေနဲ့ ဂျက်စနေကို မပေးစားချင်ဘူးဆိုတဲ့ စိတ်ဆန္ဒတွေကို လျှော့ပေးလိုက်ရုံပါပဲ ... ကိုဂျက်စနေအနေနဲ့ကလည်း ဖြစ်ပြီးတဲ့ကိစ္စတွေကို မေ့ပစ်ပြီး ... ရဲကိုမတိုင်ဘဲ မိသားစုချင်း နားလည်မှုယူလိုက်စေချင်တာပါပဲ ..."

"ဒါသိပ်ကောင်းတယ် ... ငမိုး ... မင်းအတွက် ဒီသမီးလေးရဲ့ဆန္ဒကို လိုက်လျောပေးလိုက်ပါ ..."

ဦးနန္ဒာဖြိုးက ကိုဘလွယ်ရဲ့စကားကို ထောက်ခံလိုက်၏။

ဆုချွေသည် ဖြည်းညင်းစွာပဲ ဒက်ဒီ့အနားသို့ ကပ်သွားသည်။ လေးဆေးစွာ ဒက်ဒီ့ခြေရင်းနားထိုင်ချကာ ခြေစုံဖက်၍ တောင်းပန်တိုးလျှိုးသံလေးနှင့် ...

"ဒက်ဒီရယ် သမီးမိုက်ခဲ့တာတွေ ရှိပါတယ် ... အဲဒီ့အတွက်



ခွင့်လွှတ်ပါ ဒက်ဒီ ... မိဘမေတ္တာကို သမီးနားလည်ပါတယ် သဘောပေါက်ပါတယ် ... ဒါပေမဲ့ ဒီဘဝ ဒီတစ်သက်မှာ ကိုဂျက်ကိုပဲ ချစ်ခဲ့ရတာကြောင့် သူ့ကိုတော့သမီး မစွန့်လွှတ်နိုင်ဘူး ဒက်ဒီ ... သမီးမစွန့်လွှတ်ပါရစေနဲ့ ... ကိုဂျက်ဟာ အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ဒက်ဒီမကြာခင် သိလာမှာပါ ဒက်ဒီရယ် ... သမီးတို့ရဲ့ ချစ်ခြင်းကို မခွဲပါနဲ့ ဒက်ဒီရယ် ..."

တတွတ်တွတ်ပြောကာ ဆုချွေက အိခနဲ အိခနဲအသံထွက်အောင် ငိုရှာသည်။ လူတွေမှာ စိတ်မကောင်းခြင်းနှင့် သူမကို ကြည့်နေကြ၏။

ဂျက်စနေ၏ အသံက ချည့်နဲ့စွာ ထွက်လာ၏။

"ကျွန်တော့်ကို အန်ကယ်(လ်)သမီးနဲ့ ပေးစားသည်ဖြစ်စေ မပေးစားသည်ဖြစ်စေ ကျွန်တော် ရဲကိုမတိုင်တော့ပါဘူး ... အားလုံးဟာ ကံကြမ္မာရဲ့ အပြောင်းအလဲကြောင့်ဖြစ်လာရတော့ ကျွန်တော် အန်ကယ်(လ်)ရဲ့သားသမီးကို ကောင်းစားစေချင်တဲ့ စိတ်စေတနာကိုကြည့်ပြီး ခွင့်လွှတ်ပါတယ် အန်ကယ်(လ်) ..."

ငိုရှိုက်နေသော ဆုချွေ၏ ကျောပြင်သိမ့်သိမ့်တုန်နေမှုကို ဦးနန္ဒာမိုးက အပေါ်မှကြည့်နေ၏။

သည်သမီးကလေးကိုချစ်ခဲ့လို့ တစ်သက်လုံးအရှုံးပေးလိုက်ခဲ့တာပဲ။

သူပါးရိုက်ခဲ့တာကို သတိရမိ၏။

သည်တုန်းက သူ့ရင်ကို နာကျင်စေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ယခုလည်း သမီးကလေး ငိုနေချေပြီ။

ယခုလည်း သူ့ရင်ထဲမှာ မချည့်မဆန့်နာကျင်နေ၏။

အမုန်းကြောင့် မဟုတ်ပါ။ သမီးကလေးကိုချစ်သော သံယောဇဉ်ကြီးမားသော မေတ္တာဖြင့် နာကျင်နေခြင်းသာ။

အဲသည်နာကျင်မှုကြောင့် မျက်ရည်တစ်ပေါက်သည် ဦးနန္ဒာမိုး၏ မျက်လုံးတစ်ဖက်မှ ယိုစီးပြီး ဆုချွေး၏ကျောပြင်ပြည့်ပြည့်ကလေးပေါ်သို့ တောက်ခနဲကျသွားတော့သည်။

ထိုကျသွားသောမျက်ရည်တစ်ပေါက်သည် ခွင့်လွှတ်သော ခွင့်လွှတ်ခြင်းနှင့် တူညီသောစိတ်ဆန္ဒရှိသည့် မျက်ရည်တစ်ပေါက်ဖြစ်ပါစေလို့သာ ... ။

ဆုံကြဦးမယ်ကွယ်။

စောညို

23-1-2004

www.burmeseclassic.com